
# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့


# ဆဋ္ဌပဝတ္တိသမိုင်း


သာသနာ့ရိပ်သာ–ကုတ်ဘိုင်း–ရန်ကုန်စာနုပြည်ထောင်


သာသနာ ၂၅၀၂ မြန်မာ ၁၃၂၀ ခရစ် ၁၉၅၈




ရန်ကုန်မြို့-လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးပုံ



၁၉၄၉-ခု တိပိဋကဓရရွေးချယ်ပွဲအဖွဲ့၏နာယက
နော်မန်ကျောင်းကြီးဆရာတော်ဘုရားပုံ



တိပိဋကဓရရွေးချယ်ပွဲအဖွဲ့၏နာယက
အဂ္ဂမဟာပဏ္ဍိတ
ရန်ကုန်မြို့- ခြောက်ထပ်ကြီးဘုရားကြီးတိုက်ဆရာတော်ပုံ



ပြည်ထောင်စုမြန်မာနိုင်ငံတော်၏- အစဦး သမ္မတကြီး
အဂ္ဂမဟာသီရိသုဓမ္မ-စောရွှေသိုက်ပုံ



ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ
အဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌ
သတိုးသီရိသုဓမ္မ-သူဌေးကြီးဆာဦးသွင်၏ပုံ



ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏
နိုင်ငံတော်ဝန်ကြီးချုပ်-ဦးနုပုံ

၂၁၉၇၁

၁၃၅၃-ခုနှစ်

# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့

# အဋ္ဌုပ္ပတ္တိသမိုင်း

သာသနာ့ရိပ်သာ–ကုတ်ကိုင်း–ရန်ကုန်နေပြည်တော်

သာသနာ ၂၅၀၂ မြန်မာ ၁၃၂၀ ခရစ် ၁၉၅၈

# နိဒါန်း

## **မဟာဘဏ်၊ တိုက်-အမြိုက်မြုတေ**

ထုံးတမ်းစဉ်လာ၊ ဘာသာစာရိတ္တ စသောဆိုင်ရာ ယဉ်ကျေးမှု အသီးသီးတို့ဖြင့်၊ အနည်းနည်း အဖုံဖုံ၊ လွှမ်းခြုံတည်ဆောက်လျက် ရှိနေကြသော၊ ဤကမ္ဘာလောကကြီးတွင်၊ **စာပေကျမ်းဂန် ဂန္ထန္တရ စာအုပ်ပေချပ် ကျမ်းမြတ် ကျမ်းကောင်း**တို့ဟူသည်၊ အထက်ပါ ထုံးတမ်းစဉ်လာ၊ ဘာသာစာရိတ္တ၊ ကမ္ဘာ့ယဉ်ကျေးမှု အနုပညာ၊ ရတနာအသီးသီးတို့၏ သိုမှီးသိမ်းဆည်းရာ၊ ရတနာအမြုတေ၊ ရွှေငွေကျောက်သံ၊ ဘဏ်တိုက်ကြီးများသဘွယ် ဖြစ်ကြပေသည်။

ထိုအမြုတေရတနာ၊ ကမ္ဘာ့တန်းဆာတို့ကို၊ ဝတ်ရုံဆင်မြန်း တင်လွှမ်း တင့်တယ်လိုသူတို့သည်၊ အဆိုပါရတနာဘဏ်တိုက်ကြီးများကို ရှာဖွေတူးဖော်ကြရမည်သာဖြစ်ချေသည်။

အဋ္ဌုပ္ပတ္တိကျမ်း ဆိုသည်မှာလည်း၊ ထုံးတမ်းစဉ်လာ၊ ဘာသာစာရိတ္တ၊ ယဉ်ကျေးမှုတည်းဟူသော ကမ္ဘာ့တန်းဆာ ရတနာအမြုတေတို့ကို နောင်လာနောက်သားတို့၊ အလွယ်တကူ နိူက်ယူဆင်မြန်းနိုင်ကြစေရန်အတွက်၊ ထိုထိုသော **ကမ္ဘာကျော်၊ ပုဂ္ဂိုလ်ကျော်၊ အသင်းအဖွဲ့**စသည်တို့၏၊ မဖြစ်ဘူးမြဲ၊ ထူးကဲ သာလွန်၊ အမွန်အမြတ်၊ ဖြစ်ရပ်ဖြစ်စဉ်၊ ရာဇဝင်တို့ကို၊ စာတင်စုရုံး၍၊ သိုကုံးထားကြသော၊ အမြုတေရတနာ၊ ဘဏ္ဍာတိုက်ကြီးများပင် ဖြစ်ကြပေသည်။

## **အဋ္ဌုပ္ပတ္တိ-များရှိထွေထွေ**

ထိုအဋ္ဌုပ္ပတ္တိကျမ်း များစွာတို့တွင်လည်း လောကနှင့်နိဗ္ဗာန်၊ နှစ်တန်သော ချမ်းသာမြတ်ကို ဆတ်ဆတ်ကေန် အမှန်အကျိုးပြုသော တကယ့်ယဉ်ကျေးမှု အမြုတေတို့ကိုသာ မနောမယ၊ အနဂ္ဃတံခွန်၊ ရတနာမွန်၊ ရတနာနှစ်၊ ရတနာစစ်ဟူ၍ အထူးသတိချပ်ကာ သိမှတ်အပ်ကြပေသည်။

ထို့ကြောင့်သာလျှင် ဗုဒ္ဓုပ္ပတ္တိ၊ ထေရုပ္ပတ္တိ၊ ရာဇုပ္ပတ္တိ တည်းဟူသော **ဗုဒ္ဓဝင်, မဟာဝင်, ရာဇဝင်**-စသည်၊ ထိုဤမြတ်ရာ၊ ရတနာအမြုတေတို့သည် သာလျှင်၊ တို့နေရာ လောကအလယ်တွင်၊ တင့်တယ်ပြောင်ဝင်း၊ အမှောင်ခွင်း၍၊ အလင်းကိုဆောင်လျက် ရှိနေကြသည်မဟုတ်ပါလော။

ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဆိုသည်မှာလည်း၊ ကျွန်ုပ်တို့၏ သာသနဒါယကာ၊ မြန်မာမင်းမျိုး၊ ထီးညွန့်ကျိုး၍၊ နန်းရိုး နန်းဆက်၊ ပြိုပျက်တိမ်းပါး ခဲ့ကြပြီးသည့်

နောက်ကာလတွင်၊ ဗုဒ္ဓမြတ်စွာ၊ သာသနာတော်မြတ်ကြီးကို၊ အသက်တမျှ ကြည်ညိုလေးစား၊ အားထားမြတ်နိုးကြကုန်သော၊ တိုင်းပြည်ခေါင်းဆောင်ကြီး များ၊ တဖြစ်ကျူး၍၊ မဖြစ်ဘူးမြဲ၊ ထူးကဲသာလွန်၊ အမွန်အနှစ်၊ ဖွင့်ကာလှစ်၍၊ ပွင့်သစ်လာသော၊ **တိုင်းပြုပြည်ပြုသာသနာပြုအဖွဲ့ကြီး** တဖွဲ့ဖြစ်သည်ဟုဆိုပါက မည်သူမျှ ငြင်းနိုင်ကြမည်မဟုတ်ချေ။

**မဖြစ်ဘူးမြဲ-ထူးကဲဖြစ်စေ**

ထိုသို့မဖြစ်ဘူးမြဲ၊ ထူးကဲသာလွန်သည့် အချက်တို့ကို၊ အမြွက်မျှ ပြရမည် ဆို သော်၊ အချုပ်အခြာ၊ အာဏာပိုင်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သစ်ကြီးကို၊ ပြန်လည်သိမ်းပိုက် တည်ဆောက်မိကြသည်နှင့်တပြိုင်နက်—

၁။ **သာသနာတော်ကို အလွန်ထူးကဲစွာ ကြည်ညိုမြတ်နိုးလှသော တိုင်းပြည်** ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးက နိုင်ငံတော်အုပ်ချုပ်ရေး၏ အချက်အချာ ဖြစ်သော၊ အဂ္ဂမဟာမဏ္ဍ၊ ဝန်ကြီးချုပ်ရာထူးကို၊ အနှုးအညွတ်လက်ခံရရှိခြင်း၊

၂။ ထိုနိုင်ငံတော် ဝန်ကြီးချုပ်၏အကြံပေးချက်အရ၊ သာသနာပြုအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်၍၊ **နိုင်ငံတော်သမတကြီး၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ နိုင်ငံ တော်ဝန်ကြီး**များနှင့် နိုင်ငံတော် **သူဌေးသူကြွယ်**ကြီးများ၊ သာသနာတော် တိုးတက်ရေးကို ဆောင်ရွက်လိုကြသော ပုဂ္ဂိုလ်များကိုယ်တိုင် ပါဝင်ရွေ့ဆောင် လျက်ရှိကြခြင်း၊

၃။ မြန်မာနိုင်ငံတော်တွင် ရှေးရှေးက မပေါ်ပေါက် ခဲ့ဘူးသေးသော ပြည် တွင်း ပြည်ပ သာသနာပြု သာသနမိမာန် သာသနသိပ္ပံ **သာသနာ့ရိပ်သာ** မဟာဌာနကြီးကို ထွန်းပေါ်စေခဲ့ကြခြင်း၊

၄။ သင်ရိုးပိဋကတ်တော် သုံးပုံကို အာဂုံနှင့် ရေးဖြေ နှစ်ထွေ နှစ်ခန်း ဂုဏ် ရည်လွှမ်းလျက် အထက်တန်းအကျဆုံးသော၊ **တိပိဋကစရရွေးချယ်ပွဲကြီး**ကို နှစ် စဉ်နှစ်စဉ်၊ ဆင်ယင်ကျင်းပ စွမ်းနိုင်လျက်ရှိကြခြင်း၊

၅။ အထက်ပါ တိပိဋကဓရ ရွေးချယ်ပွဲကြီးဖြင့်၊ ပိဋကတ်တော် တပုံအောင် နှစ်ပုံအောင် သုံးပုံအောင် ဂုဏ်ထူးအောင် မထေရ်ထူးများနှင့်တကွ၊ **တိပိဋက- ဓရ-ဓမ္မဘဏ္ဍာဂါရိက** ဝိသိဋ္ဌမထေရ်ကျော်တို့ကို၊ထုတ်ဖော်ပေးစွမ်းနိုင်ကြခြင်း၊

၆။ အဆိုပါ ဝိသိဋ္ဌမထေရ်ကျော်၏ စွမ်းရည်တော် ဝိသေသ မဟာဏ္ဍ-ကို၊ ခ-ယပိုင်းစု၊ အားကိုးပြုလျက်၊ ဓမ္မပဒေသ၊ အက္ခရဝိသောဓန မူလပါဝစန၊

အာဘော်ကျအောင်၊ **ဆဋ္ဌသံဂါယနာ မဟာသဘင်** တင်ယင်ကြရန်၊ အကြီးပဋ္ဌမ၊ မူလပဘာဝ၊အစရှေ့ပြေး၊ ဆွေးနွေးတိုင်ပင်ရာ၊မဟာဝိသိဋ္ဌ၊ဌာနထူးကြီးဖြစ်ခဲ့ခြင်း၊

၇။ ဆဋ္ဌမဟာသဘင် တင်ယင်ကျင်းပကြရာတွင် အစမှအဆုံးတိုင် မေးစွမ်းနိုင်သော **ဆဋ္ဌပုစ္ဆက မဟာထေရ်** မြတ်နှင့် အစမှအဆုံးတိုင် ဖြေစွမ်းနိုင်သော **အန္တရိယ အဘ္ဘုတ ဝိသဇ္ဇက မထေရ်**ထူးတို့ကို အံ့ကျူးအံ့ဖွယ်အောင် ထုတ်ဖော်ပေးစွမ်းနိုင်ကြခြင်း၊

၈။ မျှော်ရှေးကမဖွဲ့စည်းခဲ့ဘူးသေးသော**နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး**ကို **အစိုးရ အက်ဥပဒေ**ဖြင့် ဖွဲ့စည်းရန်အတွက် အစစ္စာ တိုင်ပင်ဆွေးနွေး၍ **မွေးထုတ်ရာ (ချက်မြှုပ်ရာ) ဌာနထူး**ကြီးဖြစ်ခဲ့ခြင်း၊

၉။ ခေတ်မှီနည်းပြ စံနစ်ကျသော ကမ္မဋ္ဌာနာစရိယ ဆရာတော်များနှင့် ဝိပဿနာစံပြကမ္မဋ္ဌာနသိပ်ပွဲကြီးကို ကြီးကျယ်စွာတည်ဆောက်၍ ပြည်တွင်းပြည်ပ **ကမ္ဘာ အရပ်ရပ်သို့** ကမ္မဋ္ဌာန်းဌာနခွဲပေါင်း များစွာ ကမ္မဋ္ဌာနာစရိယမေ့ဒူတပေါင်းများစွာတို့ဖြင့် တိုးချဲ့ဖွင့်လှစ်ပေးလျက် ရှိကြခြင်း၊

စသည် စသည် အတည်တည်အမျိုးမျိုး အဘိုးအနဂ္ဃ ဗုဒ္ဓအမြုတေ ရွှေငွေရတနာ ဘဏ္ဍာတော် အထပ်ထပ်တို့ဖြင့် ပြည့်ကြပ်လျှံထွက်လျက် ရှိနေသော **ကမ္ဘာ့ ဗုဒ္ဓသာသနာပြုအဖွဲ့ကြီးအစစ်**ဖြစ်ကြီး ဖြစ်ပေတော့သည်။

## တိုက်တွန်းချက်–ပန်ရွက်တည်ဆောက်ပေ

အထက်ပါအဖွဲ့ကြီး၏ ရာဇဝင်စာတင်လောက်သော တိုင်းပြုပြည်ပြု သာသနာပြု ဘာသာစာရိတ္တ ဗုဒ္ဓယဉ်ကျေးမှုတည်းဟူသော ကျောက်သံရွှေငွေ အမြုတေ ရတနာ ဘဏ္ဍာတော်အရပ်ရပ်တို့ကို ဖရိုဖရဲ ပြန့်ကြဲပျောက်ပျက်၍ မသွားစေဘဲ၊ နောက်သား နောင်သာတို့အတွက် **ကျမ်းတစောင်တဖွဲ့** ရေးသားပြုစုခြင်း တည်းဟူသော ဘဏ်တိုက်ကြီးကို ဘည်ဆောက်၍ စောင့်ရှောက်သိမ်းဆည်းသိုမှီးရမည့် တာဝန်သည် ထိုအမြုတေရသတို့ကို မရမနေ ရှာဖွေတူးဖော်သူများနှင့် ထိုအမြုတေရသာ ရတနာ အမြိုက်ကိုနှစ်ခြိုက်မြတ်နိုးသူတို့၏ **မရှောင်သင့်သော တာဝန်ကြီး**ဘရပ်ပင် ဖြစ်ပေတော့သည်။

ထိုသို့ မရှောင်ရှားထိုက်သော တာဝန်ကြီးတရပ် ဖြစ်သည့် အားလျော်စွာ ထိုအဖွဲ့၏ အဋ္ဌုပ္ပတ္တိသမိုင်းတစောင်ရေးသားရန်ကို အဖွဲ့ဥက္ကဋ္ဌကြီး၏ အကြံပေးချက်အရ ထိုအဖွဲ့၏အမှုဆောင်အစည်းအဝေးမှ အတိအလင်းဆုံးဖြတ်ခဲ့ကြလေသည်။ ထိုဆုံးဖြတ်ချက်အရ အဖွဲ့ဥက္ကဋ္ဌကြီး၏ **တိုက်တွန်းမိန့်မြွက် မေတ္တာရပ်ခံချက်**ကို

## နိဒါန်း

လေးနက်စွာ ပန်ဆင်ရသောအားဖြင့် ထိုအဖွဲ့ကြီး၏ သာသနာပြုနည်းအသီးသီး အသက အသက အနဂ္ဃအမြုတေတို့ကို စုဖွဲ့ပေါင်းစည်း သိုမှီးရာဖြစ်သော **ဤဗုဒ္ဓသာသနာနုဂ္ဂဟအဋ္ဌုပ္ပတ္တိသမိုင်း**တည်း ဟူသော**အမြုတေရတနာ မဟာ ဘဏ်တိုက်**ကြီးကို အခန်းပေါင်းများစွာ အထပ်ပေါင်းများစွာ ပုံတော်ပေါင်း များစွာ အံ့ဘွယ်သွေရာ ဝေဆာဆာ ဆိုင်ရာဆိုင်ရာ အကန့်အကန့် ခြားသန့်တည် ထွင်၍ စီရင်တည်ဆောက် အပ်ပါသည်။

ထွန်းရွှေ(ဓမ္မာစရိယ)

# အမှီပြုသောအထောက်အထားများ

ဤ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ အဋ္ဌုပ္ပတ္တိသမိုင်းကို ပြုစုရေးသားရာတွင် အမှီပြုသော အထောက်အထားများမှာ—

၁။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ လစဉ် အစည်းအဝေးမှတ်တမ်းများ။

၂။ ၎င်းအဖွဲ့၏ နှစ်ချုပ်အစီရင်ခံစာများ။

၃။ ၎င်းအဖွဲ့၏ ယောဂီထောက်ပံ့ရေး အဖွဲ့ငယ် မှတ်တမ်းနှင့် အစီရင်ခံစာများ။

၄။ ၎င်းအဖွဲ့၏ တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ငယ်မှတ်တမ်းနှင့် အစီရင်ခံစာများ။

၅။ ကျန်အဖွဲ့ငယ်များ၏မှတ်တမ်းအစီရင်ခံစာများ။

၆။ မှန်နန်းရာဇဝင်တော်ကြီး။

၇။ ဇိနတ္ထပကာသနီကျမ်း။

၈။ သာသနာလင်္ကာရကျမ်း။

၉။ သာသနဗဟုဿုတပကာသနီကျမ်း။

၁၀။ ဒုတိယကမ္ဘာ့စစ်မှတ်တမ်းများ။

၁၁။ မြန်မာနိုင်ငံတော်သမိုင်းသစ်။ (ဗိုလ်မှူးဘရှင်)

၁၂။ ဆဋ္ဌသံဂါယနာတင်မော်ကွန်း။

၁၃။ သံဂါယနာဖြစ်စဉ်ကျမ်း (ဦးထွန်းရွှေ)

၁၄။ ကမ္ဘာ့စွယ်စုံကျမ်းကြီး (ဦးထွန်းရွှေ)

၁၅။ ဆဋ္ဌလိုက်ဂူတော်သမိုင်းနှင့် သက်ဆိုင်ရာပိဋကတ်တော်၊ သက်ဆိုင်ရာသမိုင်း၊ သက်ဆိုင်ရာအဋ္ဌုပ္ပတ္တိစသော အထောက်အထားများကို အမှီပြု၍ ပြုစုရေးသားပါသည်။

## ပြင်ဆင်တည်းဖြတ်ကြသောပုဂ္ဂိုလ်များ

ရေးသားပြီးစာမူများကို၊ ရှေးဦးစွာ ဤဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်ထံသို့ ၃-ရက် တကြိမ်ခန့် စာရေးသူကိုယ်တိုင် ဘတ်ကြားတင်ပြရပါသည်။

ထိုသို့ ဘတ်ကြား တင်ပြသော အခါတွင် ဥက္ကဋ္ဌကြီးက အထူးဂရုစိုက် နားထောင်၍—

၁။ မိမိတို့ကိုယ်တိုင်- ကြုံစီ- ပြောဆို- တိုင်ပင်- လုပ်ကိုင် ဆောင်ရွက်ခဲ့ကြသော ဖြစ်စဉ်ဖြစ်ရပ်များနှင့် ညီ-မညီ။

၂။ ဖြစ်စဉ်ဖြစ်ရပ်ဆိုင်ရာများနှင့် အတွေးအခေါ်၊ အသုံးအနှုန်း၊ အနေအထား၊ သဘာဝကျ-မကျ၊ စသည်များကို အကြိမ်ကြိမ် အထပ်ထပ် သုံးသတ် လဲလှယ် ပြင်ဆင်ခဲ့ပါသည်။ (နောက်) **ဟံသာဝတီ ပါဠိ ဆရာကြီး ဦးခင်စိုးက တကြိမ်၊ မြန်မာ့အလင်း ပါဠိဆရာကြီး ဦးအောင်တင်က** တကြိမ် တည်းဖြတ်ပြင်ဆင်ကြပြီးလျှင် လက်နှိပ်စက် ရိုက်စေခဲ့ကြပါသည်။

၎င်းလက်နှိပ်စက်ရိုက်ပြီးစာမူများကို ကျမ်းဆရာနှင့် ဥက္ကဋ္ဌကြီးတို့က နောက်ဆုံး စစ်ဆေးပြင်ဆင်ကြပြီးလျှင် စက်တင်ပုံနှိပ် ထုတ်ဝေလိုက်ပါကြောင်း။

## ကျေးဇူးတင်စကား

ဤ အဋ္ဌုပ္ပတ္တိသမိုင်း၏ ယထာဘူတ ဖြစ်စဉ်ဖြစ်ရပ် အမှန်ကန်ဆုံး ဖြစ်စေရန် နေ့စဉ်မပြတ် တိုင်ပင်ဆွေးနွေး ညွှန်ပြပေးပေသော အဖွဲ့ဥက္ကဋ္ဌကြီးအား၎င်း၊ အဓိပ္ပါယ်သဘာဝ-သတ်ပုံ-သတ်ညွှန်း-အနေအထား-မှားမစောင်း၊ အကောင်းဆုံးဖြစ်စေရန် ကူညီတည်းဖြတ်ပေးကြသော (၁) ဟံသာဝတီ ပါဠိ ဆရာကြီး ဦးခင်စိုးနှင့် (၂) မြန်မာ့အလင်း ပါဠိဆရာ ဦးအောင်တင်တို့အား၎င်း၊ ဆိုင်ရာ စာရင်းအင်း မှတ်တမ်း ဓာတ်ပုံ ဘလော့က် စသည်များကို ရှာဖွေကူညီပေးကြသော သာသနာ့ရိပ်သာ ရုံးအုပ်စာရေးကြီး ဦးမောင်ဟန်နှင့် ကိုစိုးတို့အား၎င်း အထူးကျေးဇူးတင်ပါကြောင်း။

စာပြုသူ····

**ထွန်းရွှေ (ဓမ္မာစရိယ)**

၁၅-၇-၅၇

(အယ် ဒီ တာ)

ဗုဒ္ဓဓမ္မလောကစာစောင်။

# မာတိကာ


(အကြောင်းအရာ) (စာမျက်နှာ)

**ကျမ်းဦး** .... .... .... .... .... .... .... **၁-၃**

**အခန်း-၁**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးပေါ်လာပုံ .... .... .... .... ၇-၁၇

**အခန်း-၂**

သာသနာ့ရိပ်သာကြီးနှင့် သာသနာ့အဆောက်အဦများ.... .... ၂၁-၅၁

**အခန်း-၃**

တိပိဋကဓရရွေးချယ်ပွဲကြီးဖြစ်ပေါ်လာပုံနှင့်အောင်မြင်ပုံများ .... ၅၆-၉၀

**အခန်း-၄**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့်အခြားဗုဒ္ဓသာသနာပြုအဖွဲ့ကြီးများ .... ၁၀၁-၁၁၅

**အခန်း-၅**

ပြည်တွင်းပြည်ပ ပဋိပတ္တိသာသနာပြုလုပ်ငန်းများ .... .... ၁၁၉-၁၄၉

**နောက်ဆက်တွဲ**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့-နှင့်
မူလသာသနာ့ရိပ်သာတည်ပုံ သံပိုင်းမော်ကွန်း .... .... ၁၅၃-၁၆၂

## ပြည်ထောင်စုမြန်မာနိုင်ငံတော်

# ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

## အဋ္ဌုပ္ပတ္တိသမိုင်း

---

## ကျမ်းဦး

နမော တဿ ဘဂဝတော အရဟတော နာနာဋ္ဌုပ္ပတ္တိ ဒေသကဿ။

(၁) မဟာဒ္ဓနော စလသဒ္ဓေါ၊ ဒီဃာယုကော တိမာနိတော။
ဆာသွင်တိအတိဝိဿုတော၊ သတိုးသီရိသုဓမ္မော စ။

(၂) အဇ္ဈေသိတော တေနာဒရံ၊ နာနာ ဋ္ဌုပ္ပတ္တိဒေသကံ။
ဝိစိတ္တဝါစကံ နာထံ၊ အဘိဝန္ဒိယ ယံပုဂံ။

(၃) ဦးနုတိ ဘိဓေယျေနဂ္ဂ၊ မဟာမတ္တေန ဗန္ဓိတံ။
ရဋ္ဌသမ္မတပမုခံ၊ မန္တာမစ္စေဟိ ဝါရိတံ။

(၄) ဆာသွင် ဟသ်ာတဦးမြာဒိ၊ မဟာသေဋ္ဌီဟိ သင်္ဂမံ။
တိပိဋကဓရာဒိဇံ၊ ဗုဒ္ဓသာသနနုဂ္ဂဟံ။

(၅) တဿုပ္ပတ္တိံ လိခိဿာမိ၊ ထွန်းရွှေတိ ဓမ္မာစရိယော။
သာသနမနုပါလေန္တု၊ နယမာဒါယ တာဒိသန္တိ။

၁။ ။မဟာဒ္ဓနော စ၊ တိုက်တာလယ်မြေ၊ စက်ရုံတွေနှင့်၊ ဆန်ရေစပါး၊ ကျိုကြွ ထား၍၊ ပေါများသော ဥစ္စာဓနလည်း ရှိပေထသော။ အစလသဒ္ဓေါစ၊ ဗုဒ္ဓ မြတ်စွာ၊ သာသနာ၌၊ စေတနာလှိုင်ကဲ၊ ယိုင်မလဲဘဲ၊ ခိုင်မြဲသော သဒ္ဓါတရား လည်းရှိပေထသော။ ဒီဃာယုကော စ၊ နိုင်ငံစိုးချက်၊ မင်းငါးဆက်သို့၊ မပျက် တည်ငြား၊ မိုသောအားဖြင့်၊ ရှည်လျား သော အသက်လည်း ရှိပေထသော။ အတိမာနိတော စ၊ အံ့ဘွယ်ရှစ်ဖြာ၊ သာသနာ၏၊ စည်ကာတိုးတက်၊ ပြုရေး ဘက်၌၊ အသက်ဥစ္စာ၊ ထိုနှစ်ဖြာတွင်၊ လိုရာကိုစွန့်၊ နောက်မတွန့်ဘဲ၊ အလွန်

မြတ်နိုးသော စေတနာလည်း ရှိပေထသော။ ဆာသွင်တိ အတိ ဝိသုတော စ၊ ဂရိတ်ဗြိတန်၊ အိုင်ယာလန်နှင့်၊ အင်္ဂလန်မျိုးများ၊ အစိုးရတို့၊ ချီးပအပ်သော (ဆာ)ဘွဲ့ထူးကြောင့်၊ ကွန့်မြူးထင်ရှား၊ ကျော်ကြားခြင်းလည်း ရှိပေထသော။ သတိုးသီရိသုဓမ္မော စ၊ မြန်မာမျိုးမြင့်၊ တန်ခိုးတင့်၍၊ စိုးလင့်ပြုလာ၊ ခုအခါတွင်၊ မှုတာမိုးချင့်၊ ဂုဏ်ကြီးရင့်၍၊ ချီးမြှင့်အပ်သော (သတိုးသီရိသုဓမ္မ) ဟူသော မြင့်မြတ်သော ဘွဲ့ထူးလည်းရှိပေထသော။ ယောမဟာသေဋ္ဌီ၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၊ စသည်အမျိုးဘာသာ၊ တတ်ပညာနှင့်၊ သာသနာသင်းမ၊ အဇ္ဈဝဝ၌၊ ဥက္ကဋ္ဌဟူဟူ၊ အလေးမူ၍၊ ပြည်သူအလုံး၊ မှီယူသုံးလျက်၊ ပြည်လုံးညွှတ်ခ၊ ပြည်ကြီးဖဟု၊ နာမကျော်ဟီး၊ အကြင်သူဌေးကြီးသည်။ အတ္တိ၊ ပြည်တွင်းပြည်ပ၊ တိုင်းဌာနသို့၊ နာမကျော်လွှား၊ အမြင်အားဖြင့်၊ ထင်ရှားရှိပါပေ၏။

၂။ ။တေနမဟာသေဋ္ဌိနာ၊ များပြားသင်းထုံ၊ ဂုဏ်ပေါင်းစုံသည့်၊ အဟုန်ရင့်သီး၊ ထိုသူဌေးကြီးသည်။ အဇ္ဈေသိတော၊ သာသနာ့ရိပ်သာ၊ အောင်မြေချာ၏၊ နေခင်လာကျိုးမြော်၊ တန်ခိုးပေါ်ဘို့၊ နှိုးဆော်တိုက်တွန်းအပ်သည်ဖြစ်၍။ အဟံ၊ အကျွန်ုပ်သည်၊ နာနာ ဋ္ဌပ္ပတ္တိ ဒေသကံ၊ သဒ္ဒါမြူးဝေ၊ ကြည်နူးစေဟု၊ ထူးထွေမြုပ်ဇာတ်၊ အဋ္ဌုပ္ပတ်ကို၊ နှုတ်မြွက်ဇောမြော်၊ သဘောပေါ်အောင်၊ ဟောတော်မူပေထသော။ ဝိစိတ္တဝါစကံ၊ အံ့ဘွယ်ရှစ်ခန်း၊ သံစုံပြွမ်းလျက်၊ အနွမ်းအနယ်၊ လှမ်းစဘွယ်နှင့်၊ ဆန်းကြယ်သော စကားကိုလည်း ဆိုတော်မူထသော။ နာထံ၊ သုံးလူထွတ်တင်၊ ဘုရားရှင်ကို။ အာဒရံ၊ ရိုသေစွာ။အဘိဝန္ဒာမိ၊ ရှိခိုးဦးတင်၊ ဖူးမြင်ပါ၏။ အဘိဝန္ဒိယ၊ ရိုသေညွတ်နူး၊ ရှိခိုးဦး၍။

၃။ ။ဦးနုတိအဘိမေယျေန၊ ပြင်သစ် အင်္ဂလန်၊ အမေရိကန်နှင့်၊ ဂျပန်ရပ်ရှား၊ ကမ္ဘာ့တ လွှားသို့၊ ကျော်ကြားကျူးမှု၊ အထူးပြုလျက် (ဦးနု ဦးနု)ဟူ၍ ထင်ရှားသော အမည်ရှိသော။ အဂ္ဂမဟာမဏ္ဍောန၊ သီလ-သမာဓိပညာနှင့် သာသနာကျိုး၊ လွန်သည်ပိုးသည့်၊ စိုးရခေါင်းအုပ်၊ နိုင်ငံတော်ဝန်ကြီးချုပ်သည်။ ဗန္ဓိတံ၊ သာသနာပြုပေး၊ မှုအရေး၌၊ ရှုတွေးထင်ထင်၊ စုဝေးဆင်၍၊ စီစဉ်ဖွဲ့စည်းအပ်ထသော။ ရဋ္ဌသမ္မတပမုခံ၊ နိုင်ငံတော်၏ အစစ္စာသော သမ္မတကြီး စပ်ရွှေသိုက်ကိုယ်တိုင်၊ သဒ္ဒါရွှင်မြူး၊ အသွင်ထူးဖြင့်၊အမှူးပြုထသော။မစ္စာမဋ္ဌေဟိ၊ ဦးဘင်, ဦးဗဂျန်း, ဗိုလ်ဖိုးကွန်း, ဦးဘခင်, ဦးစံသိမ်း အစရှိကုန်သော ဝန်ငယ်ဝန်ကြီး၊ အသီးသီးတို့သည်။ဝါရိတံပဝါရိဘံ၊ ရွှေဆောင်နွားလား၊ဖြောင့်ဖြောင့်သွားက၊ နောက်နွားတသိုက်၊ ဖြောင့်ဖြောင့် လိုက်သို့၊ သိုက်မြိုက်တန်တန်၊ ဝန်းရံခြင်းလည်းရှိထသော။

၄။ ။ဆာသွင်ဟသ်ာတဦးမြာဒိမဟာသေဠီဟိ၊သတိုးသိရိသုဓမ္မသူဌေးကြီး ဆာဦးသွင် မဟာသိရိသုဓမ္မသူဌေးကြီး ဟသ်ာတဦးမြ၊ ကျောင်းကုန်းမြို့ စက်သူဌေး ဦးသာဒက် အစရှိကုန်သော။ ဥစ္စာဓနေ၊ ပေါကြွယ်ဝသည့်၊ ဘောဂခိုင်ဖြိုး၊ သူဌေးကြီးတို့သည်။ သဂ်မံ၊ သာသနာတည်ရာ၊ ကြည်သဒ္ဓါဖြင့်၊ ညီညာစုရုံးအပ်ထသော။ တိပိဋကဓရာဒိဇ်၊ တိပိဋကဓရေ၊ ဝိသိဋ္ဌဟု၊ နာမထွန်းပေါ်၊ မထေရ်ကျော်တို့ကို ထုတ်ဖော်မွေးဘွားရာလည်း ဖြစ်ပေထသော။ ဆဋ္ဌသင်္ဂီတိပဘာဝံ၊ ဆဋ္ဌသံဂါ၊ ပွဲမဟာသို့၊ နွဲ့ရာကြံရာ၊ ဖန်ရာအစ၊ ပဘာဝလည်းဖြစ်ပေထသော။ ဗုဒ္ဓသာသနာနုဂ္ဂဟံ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအမည်ရှိသော။

၅။ ။ယံ ပုဂံ၊ သာသနာစက်၊ ငါးထောင်ဝက်၌၊ ထွန်းတက်သာသနာ၊ ထိန်လင်းသာဘို၊ ညီသာစုစည်း၊ အကြင်အသင်းအဖွဲ့ကြီးသည်။ အတ္တိ၊ ဆဋ္ဌအောင်ပန်း၊ ဘဝဂ်လွှမ်းအောင်၊ တက်လျှမ်းဇောတိ၊ ရှိကြီးရှိပါပေ၏။ တဿ၊ ထို ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းကြီး၏။ ဥပ္ပတ္တိ ံ၊ တင့်ထူးသစ်လွင်၊ စံနစ်ထွင်သည့်၊ ဖြစ်စဉ်ဖြစ်ရပ်၊ အဋ္ဌုပ္ပတ်ကို။ ထွန်းရွှေတိဓမ္မာစရိယော၊ပါဠိမြန်မာ၊ ဂန္ထန္တရာနှင့်၊ ဓမ္မာစရိ၊ စာကဝိဟု၊ နှံ့သိညွှန်းချွေ၊ ရွှမ်းရွှမ်းဝေလျက်၊ ထွန်းရွှေဟူသော အမည်ရှိသော။ အဟံ၊ အောတွင်ဗကပ်၊ ဓအိထပ်သည့်၊ ဆုမြတ်ပန်ဆင်၊ ဉာဏ်အမြင်ဖြင့်၊ ကြံအင်ကျိုးကုတ်၊ အကျွန်ုပ်သည်။ လိခိဿာမိ၊ တိုက်တွန်းပေးသူ၊ ဖွဲ့စည်းမှုသို့၊ ရွှေရှုလေးစား၊ အရေးထားလျက်၊ ရေးသားပေတော့အံ့။ ။သာသနတ္ထိကာ၊ သာသနာပြန့်မွေး၊ စည်ပင်ရေးသို့၊ မျှော်တွေးငံ့ယူ၊ များနောက်လူတို့သည်။ တာဒိသံနယံ၊ ထိုသို့သဘောရှိသော၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏၊ အံ့ချီးဘွယ်ရာ၊ထူးကဲစွာဖြင့်၊သာသနာပြုနည်း၊ နိဿယည်းကို။အာဒါယ၊စံထားနမူ၊ အတုယူ၍။ သာသနံ၊မဟာအတုလ၊သမ္ဗုဒ္ဓ၏၊ဆုံးမဩဝါ၊ သာသနာကို။ အနုပါလေန္တု၊ အစဉ်စောင့်ရှောက်ကြကုန်လော့။ အနုပါလေန္တု၊ သားစဉ်မြေးညွှန့်၊ ဆက်ကာကွန့်လျက်၊ အဓွန့်ရှည်ကြာ၊ ညီတညာဖြင့်၊ မှီကာပွါးထောက်၊ တအားမြောက်အောင်၊ စောင့်ရှောက်ရစ်ကြပါကုန်လော့။ ဣတိ၊ ဤသည်လျှင် ရတနတ္တယပဏာမ စသည်ကိုဆိုရာစကားတရပ် အပြီးသတ်သတည်း။ ။

ကျမ်းဦး ပြီး၏။

# အခန်း—၁

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး စတင်ပေါ်လာပုံ

၁။ ဗုဒ္ဓသာသနာဝင်နှင့် မြန်မာရာဇဝင်ချုပ်

၂။ နု–အက်တလီ စာချုပ်–ချုပ်ဆို၍အပြီး၌ တိုင်းသစ် ပြည်သစ် ထူထောင်ရေးအတွက် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု ဥပုသ် ဆောင်ဝင်ခြင်း

၃။ ကေလာသ-မြသပိတ်စေတီတော်သမိုင်းချုပ်

၄။ ဥပုသ်ဆောင်ဝင်အပြီးတွင် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကို စတင်တည်ထောင်ခြင်း

၅။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ရည်ရွယ်ချက်နှင့်အဖွဲ့ဝင်များ

# မြန်မာ့သာသနာ့သမိုင်းချုပ်

## မြန်မာအစနှင့် သာသနာအဆက်

"မြန်မာအစ တကောင်းက"ဟူသော ရာဇဝင်ဆောင်ပုဒ်အရ၊ ကမ္ဘာဦးအစ မဟာသမ္မတမင်းမှစ၍ ကျွန်ုပ်တို့၏ ဂေါတမဘုရားအလောင်းတော် သိဒ္ဓတ္ထမင်း အထိ မင်းပေါင်း (၃၃၄၅၆၉) သုံးသိန်း သုံးသောင်း လေးထောင် ငါးရာ ခြောက်ဆယ့်ကိုးဆက်တို့အနက်၊ ဥက္ကာကရာဇ်မင်းမှစ၍ (၈၂၀၀၀)ရှစ်သောင်း နှစ်ထောင်ကုန်သော၊ သကျသာကီဝင် ဘုရင်မင်းဆက်တို့တွင်၊ သိဒ္ဓတ္ထမင်းမဖြစ်မီ နှစ်ပေါင်း(၃၀၀)မင်းပေါင်း(၂၅)ဆက်မြောက်၊ နောက်ဆုံး နရိန္ဒရာဇာ မင်းပြု လေသည်။

ထိုနရိန္ဒရာဇာမင်း၏ သားတော် အဘိရာဇာမင်းသားသည်၊ ခြွေရံသင်းပင်း ဆင်မြင်းဗိုလ်ပါ နောက်တော်ပါများနှင့်တကွ မဇ္ဈိမဒေသ မိဘရပ်ထံမှ တနိုင်ငံ တဌာန အရှေ့မြောက်ဒေသသို့ ပြောင်းကြွထွက်ခွါလာခဲ့ကြရာ၊ မြန်မာပြည် မြောက်ပိုင်း မြန်မာအခေါ် (တကောင်း) ပါဠိအခေါ် (သင်္ကဿ)ပြည်သို့ရောက်၍ပြီး (ရဋ္ဌပူရသောမနဿတိုင်း) ဟူသောအမည်ဖြင့် ပြည်သစ်တည်၍ နိုင်ငံစိုးအုပ် မင်းလုပ်နန်းစံခဲ့လေသည်။ ထို့ကြောင့် (မြန်မာအစ တကောင်းက)ဟူ၍ ဆိုရိုး တခု အစဉ်ပြုခဲ့ကြလေသည်။

**ထိုအချိန်ထိုအခါမှစ၍ မြန်မာဘုရင် အဆက်ဆက်တို့သည်၊ ကိုယ့်ထီး ကိုယ့် နန်း ကိုယ့်ကြငှန်းဖြင့် ထီးနန်းစိုးစံ၍၊ ကမ္ဘာတွင် မြန်မာဟူ၍ ထင်ရှားခဲ့ကြ လေသည်။**

## သာသနာအစ သထုံက

အလောင်းတော် သုမေဓာသည် ဒီပင်္ကရာ မြတ်စွာဘုရားထံ၌ နိယတ ဗျာဒိတ်ပန်းကို ဆင်မြန်းခံယူတော်မူပြီးနောက်၊ ဘုရားဖြစ်ကြောင်း ကောင်းမြတ်သော ပါရမီဆယ်ပါး အပြားသုံးဆယ်တို့ကို လေးသင်္ချေနှင့် ကမ္ဘာတသိန်းတို့ ကာလပတ်လုံး ငြီးဆုံးအောင် ဖြည့်ကျင့်တော်မူလျက်၊ ဘိုးတော်အဉ္ဇနမင်း ဖြိုကြွင်းဖြစ်သော မဟာသက္ကရာဇ် (၆၈) ခုနှစ် ကဆုန်လပြည့် သောကြာနေ့တွင် ကပိလဝတ်ပြည် သုဒ္ဓေါဒနမင်းကြီးနှင့် မယ်တော်မာယာ မဟာဒေဝီတို့၏ ပဒုမာရှေကြာတိုက်မှ သိဒ္ဓတ္ထအလောင်းတော်ကို မီးရှူးသန့်စင် ဘွားမြင်တော်မူ

သည်။ သက်တော် ၁၆-နှစ်တွင် ယသောဓရာ ဗိမ္ဗာဒေဝီနှင့်လက်ထပ်၍ နန်းရပ်ထီးဖြူ စိုးစံတော်မူပြီးလျှင် သက်တော် ၂၉-နှစ်တွင် မဟာဘိနိက္ခမ တောထွက်တော်မူ၍၊ ဒုက္ကရစရိယာ ၆-နှစ်ကျင့်ပြီးနောက်၊ သက်တော် ၃၅-နှစ်၊ ၎င်းသက္ကရာဇ် (၁၀၃) ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့တွင် **သမ္မာသမ္ဗုဒ္ဓ ဘုရားအဖြစ်** သို့ ရောက်တော်မူသည်။ (၄၅)ဝါကာလပတ်လုံး တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးတော်မူပြီး၊ သက်တော်(၈၀) ဝါတော် (၄၅) ဝါမြောက်မဟာသက္ကရာဇ် (၁၄၈)ခုနှစ် ကဆုန်လပြည့်သောကြာနေ့တွင် မဟာပရိနိဗ္ဗာန်စံသွန်တော်မူပြီးနောက်၊ သာသနာသက္ကရာဇ် (၂၃၅) ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့တွင်၊ သုဝဏ္ဏဘူမိတိုင်း သထုံပြည်သို့ ရှင်သောဏထေရ်, ဥတ္တရထေရ်မြတ်များ သာသနာပြု ကြွရောက်လာကြသော အချိန်မှစ၍ မြန်မာဘုရင်များနှင့်တကွ တိုင်းသူပြည်သားအားလုံးတို့သည် သာသနာတော်ကို အလွန်ကြည်ညိုလေးစားကြကုန်လျက် **ဗုဒ္ဓဘာသာ နိုင်ငံတော်ကြီး တည်ဆောက်ပြီး** အတိုင်းမသိ အားပေးချီးမြှောက်တော်မူခဲ့ကြလေသည်။

တကောင်းအဘိရာဇာမင်းမှဆင်းသက်၍ မြန်မာမင်းဆက် (၂၁၁) နှစ်ရာတစ်ဆယ့်တစ်ဆက်တို့တိုင်တိုင် ဗုဒ္ဓမြတ်စွာ သာသနာတော်သည် **တက်သစ်စနေ, ထွန်းသစ်စလ ပမာဏကဲ့သို့ ပပဝင်းဝင်း ထိန်ထိန်လင်းလျက် လွန်မင်းစွာစည်ပင်ထွန်းကားလာခဲ့ရာ။**

မြန်မာသက္ကရာဇ် ၁၂၄၇-ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၈-ရက်နေ့တွင် အထက်ပါ သာသနာ့ဒါယကာ မြန်မာမင်းမျိုး ထီးညွန့်ကျိုး၍ နန်းရိုးနန်းဆက်ပြိုပျက်တိမ်းပါးခဲ့ကြသော အချိန်မှစ၍ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည်လည်း၊ အမိမဲ့သား ရေနည်းငါးသို့၊ အင်အားသေးသိန် မှေးမှိန်ဆုတ်ယုတ်လာခဲ့ကြရရှာလေသည်။

**ကမ္ဘာစစ်မီး-ညီးညီးထိန်ထိန်**

ခရာစ်သက္ကရာဇ် ၁၉၃၉-ခုနှစ် စက်တဘ်ာလ ၃-ရက်နေ့တွင် အင်္ဂလိပ်နှင့် ဂျာမဏီတို့ကစ၍၊ အနောက်ဥရောပတခွင်တွင် ဒုတိယကမ္ဘာစစ်မီးကြီး ထ တောက်ကြစဉ်အတွင်း၊ မြန်မာသက္ကရာဇ် ၁၃၀၃-ခုနှစ် နတ္တော်လပြည့်ကျော် ၆-ရက် (၇-၁၂-၄၁) တနင်္ဂနွေနေ့တွင်၊ ဂျပန်တို့ကလည်း အင်္ဂလိပ်အမေရိကန်သို့ စစ်ကြေညာ၍ နိုးစပ်ရာ အင်္ဂလိပ်အမေရိကန်လက်အောက်ခံ နိုင်ငံများသို့ စတင်ချီတက်တိုက်ခိုက်ကြလေတော့သည်။

ထိုစဉ်အတွင်း မြန်မာပြည်၏ လွတ်မြောက်ရေးကို မရမနေ ရှာဖွေကြိုးပမ်းလျက်ရှိနေကြကုန်သော မျိုးချစ်ခေါင်းဆောင်များစွာတို့တွင်,သခင်အောင်ဆန်း,

သခင်ထွန်းအုပ်, သခင်ရှုမောင် (ယခု ဗိုလ်မှူးချုပ်ကျော်ဇော) စသော ကျောင်းသားခေါင်းဆောင် ရဲဘော် ၃၀-ကျိပ် ၃-ယောက်တို့သည်၊ ဂျပန်ပြည်သို့ တိတ်တဆိတ် သွားရောက်ခိုဝင်၍၊ ဂျပန်အကူအညီကို ရယူကြလျက် အင်္ဂလိပ်တို့ကို မြန်မာပြည်မှတိုက်ထုတ်ရန် ရှေးရှုချီတက်လာကြလေသည်။

**ဗိုလ်တေဇအမည်ခံ ဗိုလ်ချုပ်အောင်ဆန်း** ခေါင်းဆောင်သော ဂျပန် တပ်မတော်ကြီးသည်၊ တရုပ်ပြည်တောင်ပိုင်းနှင့် ယိုးဒယားနယ်ပေါ်မှ ဖြတ်ကျော် တိုက်ခိုက်လျက် အင်္ဂလိပ်ဘုရင်ခံတို့စိုးစံရာ မြန်မာပြည် ရန်ကုန်မြို့တော်ကြီးကို ၁၃၀၃-ခုနှစ် တပေါင်းလဆုတ် ၇-ရက် ၁၉၄၁-ခုနှစ် မတ်လ ၇-ရက်နေ့တွင်၊ အောင်နိုင်သိမ်းပိုက်မိကြလေသည်။

အင်္ဂလိပ်တပ်မတော်များ ဆုတ်ခွါပြေးရာ၊ မဏိပူရ, အိန္ဒိယပြည်ဘက်သို့ ချီတက်တိုက်ခိုက်နေဆဲ၊ ၁၉၄၃-ခုနှစ် ဩဂုတ်လ ၁-ရက်နေ့တွင် ဂျပန်စစ် အစိုးရတို့က မြန်မာအစိုးရဖွဲ့စည်းစေပြီး၊ မြန်မာပြည်ကို ပဋ္ဌမဆုံး လွတ်လပ်ရေး ပေးခဲ့ကြလေသည်။ သို့သော် ထိုလွတ်လပ်ရေးကား-ရွှေရည်စိမ်လွတ်လပ်ရေး ဖြစ်၍ မြန်မာတို့က လုံးဝမကျေနပ်ကြဘဲ ဂျပန်စစ်တပ်ကို တော်လှန်တိုက်ထုတ်ကြပြန်လေသည်။

မြန်မာ့မြေပေါ်တွင် (၃)နှစ်ကျော် (၄)နှစ်ခန့် စစ်မြေပြင်-စစ်တလင်း-စစ်ပွဲကြီး-ခင်းခဲ့ကြပြီးနောက်၊ မဟာမိတ်စစ်သည်တော်တို့က စစ်ရေးသာလျက်၊ ၁၉၄၅-ခုနှစ် မေလ(၂)ရက်၊ ကဆုန်လပြည့်ကျော် (၉)ရက်နေ့တွင် ရန်ကုန်မြို့တော်ကို တဖန်ပြန်လည်သိမ်းပိုက်အနိုင်ရရှိဆဲ၊ အမေရိကန်တို့က ဂျပန်ကျွန်းပေါ်သို့ အနုမြူဗုံးနှစ်လုံး အသုံးပြုလိုက်သဖြင့် ၎င်းနှစ် ဩဂုတ်လ (၁၄)ရက်နေ့တွင် ဂျပန်တို့ကလက်နက်ချ၍ စစ်ရှုံးပေးခဲ့ကြလေသည်။

### မြန်မာမျိုးမြင့်-တန်ခိုးတင့်ချိန်

ထို ဒုတိယကမ္ဘာစစ်ကြီး-ပြီးမြောက်စ အချိန်တွင်၊ မြန်မာတိုင်းရင်းသားတို့ အားလုံး အကြီးဆုံးသော အမျိုးသားညီညွတ်ရေး စည်းရုံးမှုကြီးကြောင့် မြန်မာပြည်အား ဆက်လက်အုပ်ချုပ်ရန်မလွယ်ကူတော့သဖြင့် ၁၉၄၆-ခုနှစ် ဒီဇင်ဘာလ (၂၀)ရက်နေ့တွင်ဗြိတိသျှအစိုးရတို့၏ဘိတ်ခေါ်ချက်အရ-ဗိုလ်ချုပ်အောင်ဆန်း, သခင်မြ, သခင်ဗစိန်, ဦးဘဖေ စသော မြန်မာ့ကိုယ်စားလှယ်တော်ကြီးများသည် ၁၉၄၇-ခုနှစ် ဇန္နဝါရီလ (၂၇)ရက်နေ့တွင် လန်ဒန်မြို့တော်၌ မြန်မာ့လွတ်လပ်ရေးအတွက် (အောင်ဆန်းအက်တလီ) စာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြလေသည်။

၁၉၄၇-ခုနှစ် ဇူလိုင်လ (၁၉)ရက် (၁၃၀၉)ခုနှစ် ဝါခေါင်လဆန်း(၂)ရက် နေ့ နံနက် (၁၀)နာရီ····အချိန်တွင် အတွင်းဝန်များရုံး ခန်းမဆောင်ကြီး၌၊ ဗိုလ်ချုပ်အောင်ဆန်း အမှူးရှိသော ဝန်ကြီးများအဖွဲ့ အစည်းအဝေး ကျင်းပနေကြဆဲ၊ ရန်သူတို့၏လက်ချက်ဖြင့် ဝန်ကြီးများတဖွဲ့လုံး ကျဆုံးကြသောအခါတွင် တိုင်းပြုပြည်ပြု လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ သခင်နု(ယခုနိုင်ငံတော်ဝန်ကြီးချုပ်)သည် အလွန်ထူးခြားလှသော ကုသိုလ်စွမ်းကြောင့် သာသနာတော်စောင့် နတ်မင်းများက စောင့်ရှောက်ဖုံးကွယ်ပေးထားသကဲ့သို့၊ လူသတ်ကောင်တို့က တွေ့လျက်မမြင်-ဖဲကြိုးကွင်းရှောင်ကာ ထူးဆန်း အံ့ဩဘွယ် လွတ်မြောက်ခဲ့ရလေသည်။ သခင်နုအစိုးရအဖွဲ့သစ်ကို ခဏချင်းဖွဲ့စည်း၍ ဖရိုဖရဲပြိုကွဲပျက်စီးအံ့ဆဲဆဲ နိုင်ငံတော်ကြီးကို အချိန်မှီ ထိန်းသိမ်းအုပ်ချုပ်လိုက်လေသည်။

၁၉၄၇-ခုနှစ် အောက်တိုဘာလ (၁၇)ရက်နေ့တွင် သခင်နု ခေါင်းဆောင်သော မြန်မာ့ကိုယ်စားလှယ်တော်ကြီးများသည် ဘိလပ်သို့ တဖန် သွားရောက်ကြ၍ (နု အက်တလီ)စာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြပြန်လေသည်။

ထိုစာချုပ်အပိုဒ်(၁)တွင်(ပြည်ထောင်စု မြန်မာနိုင်ငံတော်အား ၁၉၄၈-ခုနှစ် ဇန္နဝါရီလ (၄)ရက် တနင်္ဂနွေနေ့နံနက် (၄)နာရီ မိနစ်(၂၀)အချိန်တွင် အချုပ်အချာ အာဏာပိုင် လွတ်လပ်ရေး ပေးရန်) ဟူ၍ ကမ္ဘာသို့ ကျေညာကြလေသတည်း။

## နိုင်ငံတော်ဝန်ကြီးချုပ်-ဥပုသ်ဆောင်ဝင်ခြင်း

**သုဝဏ္ဏဘူမိ°ဂန္ဓာန**

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ အခေါင်အအုပ် အချုပ်အချာ အဂ္ဂမဟာမဏ္ဍ ဖြစ်သော နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုသည်၊ တိုင်းရေး ပြည်ရေး နိုင်ငံတော် အရေးတို့၌၊ အပြေးအလွှား မနားမနေ အစွမ်းကုန် အားထုတ်ဆောင်ရွက်လျက်ရှိသည်နှင့်အမျှ ဗုဒ္ဓမြတ်စွာ သာသနာတော် အရေးဘက်တွင်လည်း နက်နက်လေးလေး တွေးတွေး ခေါ်ခေါ် မြော်မြော် မြင်မြင်နှင့် ဆင်ခြင်စူးစမ်း၍ အထူးကြိုးပမ်းပြုစုလျက်ရှိလေသည်။

အစတွင် ပြခဲ့သည့်အတိုင်း နိုင်ငံတော် လွတ်လပ်ရေး အတွက် တဘက်မှ စိတ်အေး လောက်အောင် ဗြိတိသျှ အစိုးရတို့နှင့် (နု အက်တလီ) စာချုပ်ကို ချုပ်ဆိုပြီးစီးခဲ့ကြပြီးဖြစ်ရကား၊ မြန်မာပြည်သို့ ပြန်လည်ရောက်ရှိ၍ မကြာဖြင့်မီ ခေတ္တအနားယူ၍ ဥပုသ်ဆောင်ဝင်ရန် ကြံစည်ဆုံးဖြတ်ခဲ့လေသည်။

သုဝဏ္ဏဘူမိံ ဂန္တွာန၊
သောဏုတ္တရာ မဟိဒ္ဓိကာ၊
ပိသာစေ နိဒ္ဓမေတွာန၊
ဗြဟ္မဇာလ မဒေသိသုံ။ ။

မဟိဒ္ဓိကာ၊ ချာန်သမာပတ်၊ ဣဒ္ဓိပါဒ်နှင့်၊ ကြီးမြတ်သော တန်ခိုးအဘိညာဏ်ရှိတော်မူကုန်သော။ သောဏုတ္တရာ၊ သောဏထေရ်, ဥတ္တရထေရ်အမှူးရှိကုန်သော၊ ရဟန္တာအရှင်မြတ်ကြီးတို့သည်။ သုဝဏ္ဏဘူမိံ၊ သုဝဏ္ဏရွှေဘုံ၊ မြေသထုံသို့။ ဂန္တွာန၊ ဝေဟင်ထက်နန်း၊ ဈာန်ယာဉ်လမ်းဖြင့်၊ ကြွလှမ်းတော်မူလာကြ၍။ ပိသာစေ၊ မြို့သူမြို့သား၊ လူအများကို၊ ဘမ်းစားကျော်ကျူး၊ ရေဘီလူးတို့ကို။ နိဒ္ဓမေတွာန၊ မနုဿီဟ၊ ကိုယ်နှစ်ခုဖြင့်၊ ကြီးလှဖန်ဆင်း၊ နှိမ်နင်းခြောက်လှန့်တော်မူကြကုန်ပြီး၍။ ဗြဟ္မဇာလံ၊ ဗြဟ္မဇာလ၊ အဋ္ဌဇာလ၊ ဓမ္မဇာလ၊ ဒိဋ္ဌိဇာလ၊ သင်္ဂါမဝိဇယ၊ ငါးမည်ရသော၊ သုတ်တော်မြတ်ကို။ အဒေသိသုံ၊အန္တရာယ်ရှား၊ မဂ်ဉာဏ်ပွါးဘို့၊ ဟောကြားတော်မူကြလေကုန်ပြီ။ ။

အထက်ပါ ဂါထာအရ၊ သီရိဓမ္မာ သောကမင်းကြီး လက်ထက် ၉-တိုင်း ၉-ဌာနသို့ သာသနာပြုစေလွှတ်ဘော်မူစဉ်အခါက၊ ကောင်းကင်အာကာ၊ ထက်အဇ္ဈောတွင်၊ ကြယ်တာရာ၊ အစုံစုံ တို့ဖြင့်၊ အဖုံဖုံကွန့်မြူး၍၊ အထူးထူး တင့်တယ်၊ ကြည်နူးဘွယ်ကောင်းလှသော၊ ကျတ္တိကာပုဏ္ဏမီ၊ စုံညီမာသ၊ တန်ဆောင်မုန်းလပြည့်နေ့တွင်၊ သုဝဏ္ဏရွှေဘုံ၊မြေသထုံသို့၊ ထေရ်အစုံအရှင်မြတ်တို့သည်၊ အထက်ကောင်းကင်၊ဝေဟင်စခန်း၊ဈာန်ယာဉ်လမ်းဖြင့် ကြွမြန်း၍၊ သာသနာပြုကြွရောက်တော်မူခဲ့ကြပြီးလျှင်၊ ဘီလူးတို့ကိုနှိမ်နင်းအောင်မြင်တော်မူခဲ့ကြပါသည်။

ထိုသို့သာယာကြည်နူး၊ ရွှင်မြူးဘွယ်ရာ၊ရာသီမာသ၊ တန်ဆောင်မုန်း လပြည့်နေ့၊သာသနာပြုကြွရောက်တော်မူခဲ့၍၊ ဘီလူးတို့ကိုအောင်မြင်ရာဌာန၊သာသနာ့အောင်မြေ အခြေမူလ သုဝဏ္ဏဘူမိကို၊ ရွှင်ပြုံးနှစ်ချိုက် နှစ်လုံးပိုက်၍ သာသနာ့အောင်လံစိုက်လိုလှသော၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည်၊ (၁၃၀၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့တွင်၊ သုဝဏ္ဏဘူမိတိုင်း၊ မွန်သုံးရပ်အပါအဝင်၊ အကြြင်သို့သော၊ ဘီးလင်းမြို့နယ်၊ ကေလာသတောင်၊ မြသပိတ် စေတီတော်စခန်းသို့၊ ကြွမြန်းသွားရောက်၍၊ ဥပုသ်ဆောင်ဝင်လေသည်။

## ကေလာသတောင်

## မြသပိတ်စေတီတော် သမိုင်းချုပ်

သီရိဓမ္မာသောကမင်းကြီး လက်ထက်တော်တွင်၊ ရှင်သောဏထေရ်, ဥတ္တရထေရ် စသော၊ ရဟန္တာအရှင်မြတ်များ၏ မြန်မာပြည်သို့ အစစွာ သာသနာပြု

ကြွရောက်တော်မူရာ ဒေသထူးဖြစ်၍၊ မြန်မာပြည် လွတ်လပ်ရေး ရအံ့ဆဲဆဲတွင်လည်း နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ အထူး ဝိသေသ ဥပုသ်ဆောင် ဝင်ရာ ဖြစ်သော အဆိုပါ ဘီးလင်းမြို့နယ် ကေလာသတောင် မြသပိတ်စေတီတော် အကြောင်းကို အထူးတလည် သိရှိသင့်ကြပါသဖြင့် ထိုဘီးလင်းမြို့နယ်နှင့် ကေလာသတောင် မြသပိတ်စေတီတော်မြတ်အကြောင်းကို အတန်ငယ် ထည့်သွင်း ဖော်ပြလိုပါသည်။

**ဘီလင်းမြို့**

၎င်းဘီးလင်းမြို့သည် သုဝဏ္ဏဘူမိတိုင်း သထုံမြို့၏မြောက်ဘက် ၃၂-မိုင်ကွာ ဘီးလင်းမြစ်ကမ်းပါးတွင် တည်ရှိ၍ ရှေးရှေးက မင်းညီမင်းသား မြို့စားများ၏ နေထိုင်ရာ မြို့ကြီး တမြို့ ဖြစ်ပေသည်။

တဘက်မှ တောင်တန်း-တောတန်း၊ သစ်တော- ဝါးတော- ထန်းတောကြီးများနှင့် တဘက်မှ မြစ် အကြားတွင် တောင်ယာ ပဲခင်း ဆေးခင်း ကြံခင်း လယ်ယာကိုင်းကျွန်း, သစ်သီးဝလံတို့ဖြင့် အလွန်သာယာ စိမ်းစိုလျက်ရှိပေသည်။

၎င်းမြို့၏ အရှေ့မြောက်ဘက် ၄-မိုင်ကွာတွင် မြတ်စွာဘုရား၏ ဆံတော်စေတီမြတ် ကိန်းဝပ်တော်မူရာ တြိပဗ္ဗတတောင် ရှိသည်။


သုဝဏ္ဏဘူမိတိုင်းသို့အစစွာ သာသနာပြုကြွရောက်လာကြသော ရှင်သောဏနှင့် ရှင်ဥတ္တရ ရဟန္တာနှစ်ပါးတို့သည်၊ ထို တြိပဗ္ဗတတောင်ရှိ မြတ်စွာဘုရား၏ ဆံတော်ဓာတ်မြတ်ကို ဦးခေါင်းထားလျက် တောင် နှင့် မြောက် ရဟန္တာနှစ်ပါး ဦးခေါင်းချင်းဆိုင်၍ တပြိုင်နက် ပရိနိဗ္ဗာန်စံဝင်တော်မူရာဌာန ဖြစ်သည်။ ၎င်းတောင်ကို ယခုအခါ ကုသိနာရုံတောင်ဟု ခေါ်ဝေါ်ကြသည်။

**ကေလာသတောင်**


ကေလာသတောင်သည် အထက်ပါ ဘီးလင်းမြို့၏ အနောက် မြောက်ဘက် (၁၈)မိုင်ကွာ ၎င်းဘီးလင်းမြစ်ဝ၏ မြောက်ဘက်နား ပင်လယ် ကမ်း ပါးတွင် ခံ့ညား မြင့်မောက်စွာ တည်ရှိလေသည်။

တောင်လျှဉ်တောင်ဖွမ်း၊ တောင် တန်း တောင် စွယ်၊ တောင် ရံ ငယ် တို့ ဖြင့် အသွယ်သွယ်ပတ်ဝိုင်းလျက်၊ မှိုင်းမှိုင်းညှို့ညှို့၊ စို့စို့ဆိုင်းဆိုင်း၊ ရှုတိုင်းတင့်တယ်၊ ကြည်နူးဘွယ် သာယာဘွယ်ကောင်းလှသော တောင်ကြီးတတောင် ဖြစ်လေသည်။


ငှက်ပျောထန်းအုံး၊ သရက်ပိန္နဲ၊ နန္တဲထောက်ရှာ၊ မာလကာ ဒူးရင်း၊ မင်းဂွတ် သတွတ်သတက်၊ ဖက်သက်သဖန်း၊ မရမ်းမှန်ကူ အစရှိသော တောပင်သစ်သီး၊




သထုံမြို့ ကေလာသတောင် မြသပိတ်
စေတီတော်မြတ်ပုံ



နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု
ပုသ်ဆောက်တည်စဉ် တည်းခိုရာဇရပ်ပုံ



နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု
ပြင်ဆင်ခဲ့သော ဇရပ်ပုံ



၁၉၄၉-ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁-ရက်နေ့တွင် တိပိဋကဓရရွေးချယ်ပွဲ
ဗုဒ္ဓသာသနာနုဂ္ဂဟ အမှုဆောင်လူကြီးများနှင့် စာထောက်စာမ
ဆရာများအား ရိုက်ကူးထားပုံ

လုံးကြီးလုံးငယ် အသွယ်သွယ်တို့ဖြင့်၊ ဆယ့်နှစ်ရာသီ၊ ပွင့်သီးမှည့်ရွှမ်းလျက်၊ တရွှမ်းရွှမ်း ဝေဆာလျက်ရှိပေသည်။

စကားဝါ၊ စကားစိမ်း၊ ဇလပ်စကား၊ ဆပ်သွားစွယ်တော်၊ ကန့်ကော်ရင်ကပ်၊ အင်ကြင်း အစရှိသော တောပန်းတောင်ပန်း တို့ဖြင့်လည်း တမွှမ်းမွှမ်း ကြိုင်သင်းမွှေးထုံ၊ ယနံ့လှိုင်လျက်ရှိပေသည်။

ဥဒေါင်း ဥဩ၊ ကြက်တော ဖိန်ညှင်း၊ အောက်ချင်း လင်းပြာ သာလိကာနှင့် တမာဂျိုးဆက်ရက် စသော ငှက်အများတို့၏ ကျက်စားမြူးပျော် ကြွေးကြော်သံတို့ဖြင့် သာယာလျက်ရှိပေသည်။

ရဟန်းရသေ့၊ ဈာန်မွေ့ဇော်ဂျီ၊ တပသီနှင့် ယောဂီအပေါင်း၊ သူတော်ကောင်းတို့၏ ကိန်းအောင်းမွေ့လျော်၊ စံပျော်ရာ တရားကျင့်သုံးရာ မဟာတောင်မြတ်ကြီးလည်း ဖြစ်ပေသည်။

**မြသပိတ်စေတီတော်**

သုဝဏ္ဏဘူမိတိုင်း၊ ပစ္စန္တဒေသ၊ တခုသော တောအုပ်သို့၊ မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူလာစဥ်၊ ထိုတောအုပ်၌နေသော တိဿ ရသေ့ကြီး အား၊ ဆံတော်သုံးဆူကိုသနားချီးမြှင့်တော်မူခဲ့ပါသည်။

ထို တိဿ ရသေ့ကြီး၊ စုတေခါနီးလတ်သော်၊ သိကြားမင်း၏ အကူအညီဖြင့်၊ မိမိ၏ ဦးခေါင်းနှင့် တူသော၊ ကျောက်လုံးကြီး ၃-လုံးတွင်၊ ဆံတော်တဆူစီ၊ ဌာပနာခဲ့လေသည်။ ထိုဆံတော်သုံးဆူတို့တွင်၊ ပထမဆံတော်ကား၊ ကျိုက်ထီးရိုးတောင်တွင်။ ဒုတိယဆံတော်ကား၊ ဘီးလင်းမြို့အနီး၊ တြိပဗ္ဗတကုသိနာရုံတောင်တွင်တည်ရှိ၍၊ တတိယ ဆံတော်ကား အထက်ပါ၊ ကေလာသတောင်တွင် မြသပိတ်စေတီတော်ဟု ထင်ရှားစွာတည်ရှိတော်မူခဲ့ပါသည်။

ထိုဆံတော် စေတီတော်များကို အစစ္စာ တည်ထားပူဇော်သော မင်းကား၊ ထိုတောင်တန်းတွင် နဂါးမ နှင့် ဝိဇ္ဇာခိုရ်သင့်၍ရသော ဝိဇ္ဇာနာဂမင်းတည်း။

အဘာဝိဇ္ဇာခိုရ်က၊ တနယ်လုံးကို ရွှေအဆင်းကဲ့သို့ ဘန်ဆင်းတည်ထောင်ပေးခဲ့သောကြောင့် သုဝဏ္ဏဘူမိတိုင်း တွင်သတည်း ဟု ရွှေမော်ဓော သမိုင်း နှင့် ကျိုက်ထီးရိုး သမိုင်းတို့တွင် ပါရှိပါသည်။

**ဆုကြီးပန်လောင်းလျှာ**

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း၊ သမိုင်းရာဇဝင် သာသနာဝင်အားဖြင့် အလွန်ထင်ရှားထူးမြတ်စွာသော၊ သုဝဏ္ဏဘူမိတိုင်း၊ မွန်သုံးရပ်အပါအဝင်အကြင်

သို့သော ဘီးလင်းမြို့နယ်၊ ကေလာသတောင်၊ ရှင်တော်ဘုရား၏ ဆံတော် ဓာတ်မြတ်၊ ကိန်းဝပ်တော်မူရာ၊ မြသပိတ်စေတီတော်၏ ထံတော်မှောက်တွင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု သည်၊ ရှေးရှေးသော သာသနာပြု မင်းမြတ် မင်းကောင်း အလောင်းအလျာ၊ ဆုကြီးပန်တို့၏၊ မြင့်မြတ်သော ကျင့်စဉ် အား လျော်စွာ—

၁။ ၉-ရက်တိုင်တိုင်၊ နဝင်္ဂသီလတော်မြတ်ကိုဆောက်တည်ခြင်း။

၂။ အရဟံစသော၊ ဗုဒ္ဓဂုဏ်တော်များကိုအထူးအောက်မေ့ခြင်း။

၃။ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းတို့ကိုအထူးစီးဖြန်း ပွါးများခြင်း။

၄။ စေတီတော် ပတ်ဝန်းကျင်ရှိ၊ ဇရပ်တန်ဆောင်း၊ အဟောင်းအနွမ်း၊ လမ်းပမ်းအဆက်အသွယ်တို့ကို၊ တင့်တယ်သပ်ရပ်စွာ၊ အထူးသန့်ရှင်း မွမ်းမံပြင်ဆင်ခြင်း စသည်ကောင်းမှု၊ အစုစုတို့ကို၊ အထူး ဝိသေသ အားဖြင့်၊ ပွါးများအားထုတ်ဆောင်ရွက်ခဲ့ပါသည်။

**တိုင်းသစ်ပြည်သစ်-ထူထောင်ရန်-အကြံထူးဉာဏ်ထူး အသင့်-ပေါ်ပေါက်လာခြင်း**

ထိုသို့ ဗုဒ္ဓရှင်တော် ဘုရား၏၊ ဆံတော်ဓာတ်မြတ်၊ ကိန်းဝပ်စမ္ပယ်တော် မူရာ မြသပိတ်စေတီတော်၏ ထံတော်မှောက်တွင်၊ ဒါန,သီလ, ဘာဝနာတရား တို့ကို ထူးခြားစိတ်သန် အဓိဋ္ဌာန်ဖြင့်၊ အားထုတ်လျက် နေစဉ်တွင်၊ အောက် ဘော်ပြပါ၊ အကြံထူးဉာဏ်ထူးတို့သည်၊ ကွန့်မြူးဝေဆာ၍၊ ထွက်ပေါ်လာကြ ပါသည်။

ဗုဒ္ဓဘာသာ၊ မြန်မာနိုင်ငံတော်ကြီးအား၊ ရေမြေမတူ၊ အယူကွဲပြား၊ လူမျိုး ခြားတို့၏လက်အောက်မှ ထွက်မြောက်လွတ်ကင်း၍ ကိုယ့်မင်းကိုယ့်ချင်း၊ ကိုယ့် သမတ ကိုယ့်အစိုးရနှင့် လွတ်လပ်စွာ အုပ်ချုပ်ရတော့မည်ကား ကေန်ဖြစ်သည်။ လူမျိုးခြား ဘာသာခြားလက်အောက်သို့ နှစ်ပေါင်း ၁၀၀-ခန့်ကျရောက်ခဲ့ကြရ သည့်အပြင်၊ နောက်ဆုံးတွင် စစ်ဘေးစစ်ဒဏ်တို့ကိုလည်း နှစ် ကြိမ် တိုင် တိုင် ခံလိုက်ရပြန်သဖြင့်—

၁။ မြန်မာတပြည်လုံး၌ အသက်အိုးအိမ် စည်းစိမ် ဥစ္စာများလည်း ပြာပုံ အတိလွှမ်းခဲ့သည်။

၂။ ဘာသာ စာရိတ္တမှစ၍၊ သာသနာနှင့် ဘာသာရေးဘက်တွင်လည်း ဖရိုဖရဲ ပျိုကွဲပျက်စီး မှေးမှိန်ခဲ့ကြသည်။

ဤကဲ့သို့ လောကီရေး လောကုတ္တရာရေး၊ နှစ်ဘက်စလုံး ကျဆုံး ပြိုပျက်လျက် ရှိနေသော လွတ်လပ်ရေးရခါစ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လောကီရေးသက်သက် ထူထောင်ပေးကာမျှဖြင့် အခြေခံ ခိုင်မြဲလိမ့်မည် မဟုတ်ချေ။

လောကုတ္တရာ သာသနာရေးဘက်မှ အထူးတလည် ပြန်လည် ထူထောင်ပေးမှသာလျှင် နိုင်ငံတော်၏အခြေခံဖြစ်သော ငြိမ်ဝပ်ပိပြားရေး, ငြိမ်းချမ်းသာယာရေး, ကိုယ်ကျင့်တရားလုံခြုံရေး, စည်ပင် ဝ ပြောရေးတို့ပါ အောင်မြင်မည် ဖြစ်ကြောင်းကို ကောင်းမြတ်ထူးခြားသော အကြံထူး-ဉာဏ်ထူးများ ပေါ်ပေါက်ခဲ့ပါသတည်း။

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး စတင်ဖွဲ့စည်းပုံ

အထက်တွင် ပြခဲ့သည့်အတိုင်း၊ စစ်ဘေးစစ်ဒဏ် အတန်တန်တို့ကြောင့် ကောင်းကင်းယံတွင် ငုပ်ဖမ်းသောလ တိမ်ခသောနေမင်းကဲ့သို့၊ အရောင်အဆင်း၊ မပြောင်လင်းဘဲ၊ မှောင်အတွင်းသို့ သက်ဆင်းကျရောက်နေသော၊ ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီးကို၊ စည်ပင်ပြန့်ပွါး၊ ထွန်းကားထိန်လင်းတောက်ပစေခြင်းအကျိုးငှါ၊ အစွမ်းကုန် အားပေးချီးမြှောက်လိုသော သာသနာနုဂ္ဂဟ ဗလဝစေတနာ သဒ္ဓါတရားတို့သည်၊ ထွားထွားရင့်ရင့်၊ မြင့်မြင့်မြတ်မြတ်ကြီး ပေါ်ပေါက်လာသည့်အလျောက်၊ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည်၊ နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်နှင့်တပြိုင်နက်၊ သာသနာတော်ဘက်၌၊ ချက်ချက်ချာချာ အရေးပါလှသော၊ သာသနာပြုပုဂ္ဂိုလ်ကြီးများနှင့် အစိုးရဝန်ကြီးအချို့တို့ကို ဘိတ်ကြား၍၊ ၁၃၀၉-ခုနှစ် နတ်တော်လဆန်း (၁)ရက်၊ ၁၉၄၇-ခုနှစ် နိုဝင်ဘာလ ၁၃-ရက်နေ့တွင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏ နေအိမ်၌ အညီအညွတ် စည်းဝေးတိုင်ပင်ကြလေသည်။

ထိုအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော လူကြီးမင်းများမှာ—

၁။ နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု
၂။ သူဌေးကြီး ဆာဦးသွင်
၃။ ကျောင်းကုန်းမြို့ စက်သူဌေး ဦးသာဒင်
၄။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟသ်ာတ ဦးမြ
၅။ ကုန်သည်ကြီး ဦးအုန်းဆိုင်
၆။ ကုန်သည်ကြီး ဦးထင်ဘွား

၇။ ငွေစာရင်းမင်းကြီး ဦးဘခင်
၈။ အမြတ်တော်ခွန်မင်းကြီး ဦးစံသိမ်းနှင့်
၉။ မြန်မာ့အလင်း ဝန်ကြီးဦးတင် (၎င်းမှာ နိုင်ငံခြားသွားခိုက်ကြုံနေ၍ ဆန္ဒပေးခဲ့ပါသည်)။

အထက်ပါပုဂ္ဂိုလ်ကြီးများ ကြွရောက်တိုင်ပင်ဆွေးနွေးကြပြီးလျှင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး (Union of Burma Buddha Sasana Nuggaha Organization)ကို စတင်ဖွဲ့စည်းတည်ထောင်ကြပါသည်။

အထက်ပါအဖွဲ့ကြီးတွင်—

၁။ သူဌေးကြီး ဆာဦးသွင်(ဥက္ကဋ္ဌ)
၂။ ဦးစံသိမ်း (အကျိုးတော်ဆောင်)
၃။ ဦးအုန်းဆိုင် (ငွေထိမ်း)
၄။ ဦးဘခင် (စာရင်းစစ်)နှင့် ကျန်လူကြီးများအား အမှုဆောင်လူကြီးများအဖြစ် တင်မြှောက်ကြပါသည်။

မှတ်ချက်။ ။အထက်ပါ အမှုဆောင်အဖွဲ့တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနုအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်ကြရာ၊ မိမိမှာ နိုင်ငံတော် အစိုးရတာဝန်ကို ခေါင်းဆောင်နေရသူတဦးဖြစ်ပါ၍၊ ဥက္ကဋ္ဌအဖြစ်မှ ခွင့်ပြုပါရန်နှင့် သူဌေးကြီး ဆာဦးသွင်အား ဥက္ကဋ္ဌ တင်မြှောက်ရန် ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်က တောင်းပန်ပါသည်။ သူဌေးကြီး ဆာဦးသွင်ကလည်း၊ ဝန်ကြီးချုပ် ဦးနုကိုပင် ဥက္ကဋ္ဌပြန်၍ တင်ပြန်သည်။ နောက်ဆုံးတွင် အသင်းကိစ္စ၌ ဝန်ကြီးချုပ်၏တာဝန် ပေါ့ပါးစေခြင်းငှါ ဝန်ကြီးချုပ်၏ဆန္ဒအတိုင်း လိုက်လျောကာ သူဌေးကြီး ဆာဦးသွင်ကပင် ဥက္ကဋ္ဌအဖြစ် လက်ခံလိုက်ပါသည်။

#### ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ ရည်ရွယ်ချက်များ

(က) ဗုဒ္ဓသာသနာတော်၏ ကြီးပွါးစည်ပင်ပြန့်ပြော တည်တန့်စေခြင်းငှါ ဆောင်ရွက်ရန်။
(ခ) ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာတော်ကြီးများကို အစွမ်းကုန်ချီးမြှင့်ဆောင်ရွက်ရန်။
(ဂ) ဘာသာပေါင်းစုံ ဗုဒ္ဓဘာသာ ပိဋကတ်တိုက်တော်ကြီး တည်ဆောက်ရန် ရည်ရွယ်၍ ဖွဲ့စည်းကြလေသည်။

## ၂။ အဖွဲ့ဝင်ဖြစ်ထိုက်သော အင်္ဂါများ

(က) သာသနာတော်မြတ်၌ လေးနက်စွာကြည်ညိုခြင်း။
(ခ) လောကီလောကုတ္တရာ လျောက်ပတ်သောဗဟုသုတနှင့် ပြည့်စုံခြင်း
(ဂ) သေရည်သေရက် ရှောင်ကြဉ်ခြင်း။
(ဃ) လောင်းတန်းကစား ရှောင်ကြဉ်ခြင်း။
(င) တလလျှင် အနည်းဆုံး လပြည့် လကွယ်နေ့များ၌၎င်း, အခြားနှစ်သက်ရာ နှစ်ရက်၌၎င်း ဥပုသ်သီတင်းဆောက်တည်ခြင်း။

## ၃။ ဤအဖွဲ့ချုပ်တွင်

၁၊ နာယက။ ၂၊ ဥက္ကဋ္ဌ။ ၃၊ ဒုဥက္ကဋ္ဌ။ ၄၊ ငွေထိန်း။ ၅၊ အကျိုးဆောင်။ ၆၊ စာရင်းစစ် စသည်တို့ကိုထားရှိရန်။ × × × × စသည်တို့ဖြစ်သည်။

# အခန်း — ၂

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ တည်ရာ သာသနာ့အောင်မြေ–သာသနာ့ရိပ်သာကြီးနှင့် သာသနာ့အဆောက်အဦများကို စတင် တည်ဆောက်ပုံ။

၁။ ရန်ကုန်နေပြည်တော်အတွင်း သာသနာ့အောင်မြေကို ထူးဆန်းအံ့ဖွယ်ရရှိခြင်း။

၂။ ဗုဒ္ဓသာသနာနုဂ္ဂဟ၏အရေးကြီးသောဆုံးဖြတ်ချက်များ။

၃။ သာသနာ့ရိပ်သာ–ဟုမှည့်ခေါ်ရန်ဆုံးဖြတ်ကြခြင်း။

၄။ အာရာမ–ဝတ္ထု–ဘူမိသောဓနပရိတ်ပွဲကြီး။

၅။ စံကျောင်းတော်, ကမ္မဋ္ဌာန်းကျောင်းတော်, ဓမ္မာရုံတော်, ပိဋကတိုက်တော်, သိမ်တော် စသော အဆောက်အဦများနှင့် ကောင်းမှုရှင်များ။

# မြေနေရာရွေးချယ်ရေး

**ရိပ်သာနေရာ ရှာလည်ရှာ**

ဤ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ မူလရည်ရွယ်ချက်(ခ)အရ၊ ရန်ကုန်မြို့အနီးအနားတွင်၊ အသင်း၏တည်ရာ ဌာနကြီးတခုဖွင့်လှစ်ရန် နေရာရရှိရေးအတွက်၊ ၁၃၁၀-ခုနှစ် နယုန်လပြည့်ကျော် တရက် (၂၃-၅-၄၈) နေ့တွင် ဝန်ကြီးချုပ်နေအိမ်၌ကျင်းပသော ၆-ကြိမ်မြောက် အမှုဆောင် အစည်းအဝေးမှ ကော်မီတီ တခုဖွဲ့၍၊ နေရာရှာမှီးစေခဲ့ကြပါသည်။

**အင်းလျားကန်လယ် မတင့်တယ်**

ထိုကော်မီတီမှ စုံစမ်းရှာဖွေတွေ့ရှိ၍ တင်ပြသော၊ အင်းလျားကန် အလယ်ရှိ သူဌေး ချင်းချောင်းခြံဖြစ်သော အလည်ကျွန်းနေရာကို (၇-၈-၄၈)ရက် နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၏အိမ်၌ ကျင်းပသော ၈-ကြိမ်မြောက် အမှုဆောင် အစည်းအဝေး၌ တိုင်ပင်ဆွေးနွေးကြရာ၊ မြို့နှင့်အလှမ်းဝေးလှသည်တကြောင်း၊ ရေလည်ကျွန်းဖြစ်၍ အသွားအလာ မလွယ်ကူသည်တကြောင်း၊ သူခိုးခားပြစသည့်အန္တရာယ် မကင်းတတ်သည်တကြောင်းတို့ကြောင့်၊ ၎င်းနေရာထက် ပိုမိုလျောက်ပတ်သောနေရာတခုခုကို ရန်ကုန်မြို့ အနီးအနားတွင်ပင်၊ ထပ်မံရှာဖွေရန် ဆုံးဖြတ်ကြပါသည်။

**ကန်တော်ကြီးစောင်း သိပ်မကောင်း**

တဖန် ထိုနေရာရှာဖွေရေး ကော်မီတီမှပင် ထပ်မံ စူးစမ်းရှာဖွေ၍၊ ဒုတိယ အကြိမ်တင်ပြသော (၁) ကန်တော်ကြီးစောင်းအရှေ့မြောက် အိုရီရင်ကလပ်နှင့် မျက်စောင်းထိုးရှိ နေရာကွက်လပ်ကြီး မြေတကွက်နှင့် (၂) ဟာမစ်တိတ်လမ်းရှိ ဦးဘထွန်းပိုင် မြေနေရာတကွက်၊ ပေါင်း မြေနေရာ(၂)ကွက်ကို ဆင်းဒဝစ်လမ်း အဖွဲ့ရုံးတွင်(၂၆-၉-၄၈)နေ့ကျင်းပသော ဆယ်ကြိမ်မြောက် အမှုဆောင် အစည်း အဝေး၌ ဆွေးနွေးစဉ်းစားကြရာ။

အမှုဆောင်လူကြီးမင်းတို့က၊ ဟာမစ်တိတ်လမ်းရှိ ဦးဘထွန်းမြေနေရာကိုသာ အထူးနှစ်ချိုက်ကြသော လက္ခဏာဖြင့်၊ စိတ်ဝင်စားစွာ ဆွေးနွေးကြပါသည်။

## ဦးဘထွန်းပိုင် မြေတည်နေပုံ

ဟာမစ်တိတ်လမ်းရှိ ဦးဘထွန်းပိုင် မြေနေရာကို၊ အမှုဆောင်များက အထူး နှစ်ချိုက်စွာ ဆွေးနွေးကြသံကို ကြားသိနေရသော ဥက္ကဋ္ဌကြီးမှာ၊ စစ်မပြေးမီ

နောက်ဆုံးနေထိုင်ရာ မိမိပိုင်ခြံအိမ်နေရာနှင့်နီးကပ်နေပါသဖြင့်၊ သာသနာတော် မြတ်အား အစွမ်းကုန်ပြုစုရတော့မည်ဟု တွေးမြော်ကာ၊ ရုတ်တရက် မည်သို့မျှ ဖွင့်ဟ၍မပြောသေးဘဲ၊ မိမိအတွက် ဆန်းကြယ်ထူးမြတ်လှသော ပုဗ္ဗေစကတဗုညတာ၊ သဒ္ဓါပီတိ၊ တအိအိယိုဖိတ်ကာ၊ တစိမ့်စိမ့် ဝမ်းမြောက်လျက်၊ ဆိတ်ဆိတ် နားထောင်၍သာ နေပါသည်။

အထက်ဖော်ပြခဲ့သည့် ဟာမစ်တိတ်လမ်းရှိဦးဘထွန်း၏ခြံမြေနေရာသည်။

(၁) ရန်ကုန်မြို့တွင်း နှင့် မနီးမဝေးဖြစ်၍ သွားလာဝင်ထွက်ရန် လွယ်ကူသည်တကြောင်း။

(၂) သူခိုးခားပြစသည် ဘေးရန်အတွက် စိုးရိမ်ဘွယ်မရှိသည် တကြောင်း။

(၃) နောင် အနာဂတ် သာသနာရေး အတွက် တိုးချဲ့ရန် အလားအလာ ကျယ်ပြန့်၍၊ သူတော်သူမြတ်တို့၏မွေ့လျော်ရာ၊ သုညာဂါရ၊ ဆိတ်ငြိမ်ရာ ဌာနဖြစ်သည်တကြောင်း။

အထက်ပါအကြောင်းကြောင်းတို့နှင့်ပြည့်စုံသော ဌာနကြီးတခုဖြစ်ပါသဖြင့်။

ဝန်ကြီးချုပ် ဦးနု၊ ဝန်ကြီးဦးတင်၊ ဝန်ကြီး ဦးဗဂျမ်းနှင့်ဝန်ကြီး ဟသ်ာတ ဦးမြ စသော အမှုဆောင်လူကြီးများကပါ၊ အထူးစိတ်ဝင်စားစွာ အသေးစိပ်ဆွေးနွေး ကြပါသည်။

ထိုအခါဥက္ကဋ္ဌကြီးက၊ အမှုဆောင်လူကြီးမင်းတို့သည်၊ ထိုဟာမစ်တိတ်လမ်းရှိ ဦးဘထွန်းမြေနေရာကို၊အကယ်၍သာ နှစ်ချိုက်အလိုရှိကြပါလျှင်၊ ၎င်းဦးဘထွန်း ပိုင် မြေကွက်၏ အနောက်ဘက်၌ ကပ်လျက်တည်ရှိနေသော မြေသည်၊ မိမိပိုင် မြေပင်ဖြစ်ကြောင်း၊အမှုဆောင် လူကြီးမင်းတို့က၊ သာသနာရေး အတွက် အသုံး ပြုလိုကြပါလျှင်၊ မိမိကလှူဒါန်းရန်အသင့်ရှိကြောင်းဖြင့် ဖွင့်ဟမိန့်ကြားလိုက်ရာ။

အမှုဆောင် လူကြီးမင်းအားလုံး တို့က၊ အတိုင်းမသိ ဝမ်းမြောက် ကြလျက် အကြိမ်ကြိမ်သာဓုခေါ်၍ လက်ခံကြပါသည်။ ထိုမြေကို အမှုဆောင် လူကြီးများ သွားရောက်ကြည့်ရှုကြရာ။

၁။ လမ်းမကြီးနှင့်ခို၍ နီးကပ်စွာတည်ရှိခြင်း။

၂။ အဝင်အထွက် အသွားအလာ ခိုခိုလွယ်ကူခြင်း။

၃။ စည်မျက်နှာကဲ့သို့ ညီညာသော မြေမျက်နှာ များစွာကျယ်ပြန့်ခြင်း။

၄။ ရေကောင်းရေသန့်ရရှိရန်၊ ရေတွင်း ရေကန်များအဆင်သင့်ရှိခြင်း။

၅။ ကျမ္မာရေးအတွက် ဓိလ္လာပိုက်များအသင့်ရှိခြင်း။

၆။ သစ်သီးဝလံပန်းမာလ်ဥယျာဉ် အရိပ်အာဝါသတို့ဖြင့်အစုံအလင်တည်ရှိခြင်း။

စသည်ပြည့်စုံမှုတို့ကို တွေ့ရှိကြသဖြင့် အလွန် နှစ်ထောင်းအားရရှိကြပါသည်။

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ သာသနာတော်ကို ချီးမြှောက်ပြုစုကြရာတွင် အရေးကြီးသော-ဆုံးဖြတ်ချက်များ

ဉက္ကဋ္ဌကြီးက၊ လှူဒါန်းသော ဟာမစ်တိတ်လမ်းရှိ(၅၊၄၀၀)ကေရှိ ထိုခြံမြေကို၊ ထိုနေ့အစည်းအဝေးမှာပင် လက်ခံအတည်ပြုကြပြီးလျှင်၊ အဖွဲ့၏ မူလရည်ရွယ်ချက်အရ၊ သာသနာရေးဆိုင်ရာ အဆောက်အဦများ ဆောက်လုပ်ကြရန်၊ အောက်ပါ မှတ်တမ်းအတိုင်း ဆွေးနွေးအတည်ပြုကြပါသည်။

## ဗု-နု-ဟ-အဖွဲ့ချုပ်၏ ၁၀-ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၏ ၁၀-ကြိမ်မြောက်အမှုဆောင်အစည်းအဝေးကို ၁၃၁၀-ခုနှစ် တော်သလင်းလပြည့်ကျော် ၉-ရက် (၂၆-၉-၄၀) တနင်္ဂနွေနေ့ နေ့လည် ၂-နာရီအချိန်တွင် ဝန်ကြီးချုပ်ဦးနု၏ နေအိမ်တွင် ကျင်းပရာ။

အောက်ပါလူကြီးမင်းများ ကြွရောက်ကြပါသည်။

၁။ ဆာဦးသွင် ဉက္ကဋ္ဌ။
၂။ ဝန်ကြီးချုပ်သခင်နု။
၃။ ဝန်ကြီး ဦးတင်။
၄။ ဟသ်ာတဦးမြ။
၅။ ဝန်ကြီး ဦးဗဂျမ်း။
၆။ ဦးစံသိမ်း။

### ဆုံးဖြတ်ချက်များ

(၁) ကိုးကြိမ်မြောက် အစည်းအဝေး မှတ်တမ်းကို ကြားနာ အတည်ပြုကြပါသည်။

(၂) တိပိဋကခရ ရွေးချယ်ပွဲ စည်းမျဉ်းဥပဒေကြမ်းကို၊ ဆွေးနွေး ဝေဘန်၍ ပြင်ဆင်ကြသည်။ ။အောင်မြင်သောပုဂ္ဂိုလ်များကို နိုင်ငံတော်အစိုးရက၊ အသိအမှတ် ပြုသင့်သည်ဟူသော အချက်၌၊ ဥပဒေ အားဖြင့် မည်သို့ သက်ဆိုင် ထိရောက်သည်ကို၊ ဦးဗဂျမ်းက စုံစမ်းပြီးလျှင် အကြောင်းပြန်ကြားမည်ဖြစ်၍ စည်းမျဉ်းများကို၊ အသစ် ပြင်ဆင်ပြီးသောအခါ၊ အစည်းအဝေးသို့ အတည်ပြုရန် ထပ်မံ တင်ပြသင့်ကြောင်းဆုံးဖြတ်ကြပါသည်။

(၃) (က) ဥက္ကဋ္ဌကြီး ဆာဦးသွင်က၊ မိမိပိုင် (ဟာမစ်တိတ်) ဓမ္မာရုံလမ်း ၅°၄၇၇-ဧကရှိခြံမြေကို သာသနာတော်ကိစ္စအတွက်၊ ဤအဖွဲ့အား၊ မွန်မြတ်လှသောစေတနာဖြင့်လှူဒါန်းခြင်းကို နှစ်ထောင်းအားရ အနုမောဒနာပြု၍ လက်ခံအတည်ပြုကြပါသည်။

(ခ) ၎င်းဓမ္မာရုံလမ်း ခြံမြေ၌ အဖွဲ့၏ရည်ရွယ်ချက်များအရ—

(၁) ဘာသာပေါင်းစုံ ဗုဒ္ဓဘာသာ ပိဋကတ်တိုက်ကြီး ဆောက်လုပ်ရန်။

(၂) တိပိဋကဓရ ရွေးချယ်ရာ၌ ပေါ်ပေါက်သော တိပိဋကဓရပုဂ္ဂိုလ်များ သီတင်းသုံးရန်အတွက် ကျောင်းတော်များ လိုအပ်လျှင် ဆောက်လုပ်ရန်။

(၃) ကမ္မဋ္ဌာန်းတရား လက်ထပ်သင်ပြနိုင်သော ပုဂ္ဂိုလ်မြတ်များနှင့် ကမ္မဋ္ဌာန်းအားထုတ်မည့် ပုဂ္ဂိုလ်များအတွက် ကမ္မဋ္ဌာနာစရိယကျောင်းနှင့် ကမ္မဋ္ဌာန်း အဆောက်အဦများ ဆောက်လုပ်ရန်။

(၄) နိုင်ငံခြားသားများသည်၊ ရန်ကုန်မြို့သို့ လာရောက်၍၊ ပရိယတ္တိ၊ ပဋိပတ္တိများကို လေ့လာဆည်းပူးနိုင်ရန်၊ တကြိမ်လျှင် ပုဂ္ဂိုလ် ၁၀-ဦးခန့် နေထိုင်နိုင်လောက်သော၊ တထပ်အဆောက်အဦငယ်ပေါင်း ၁၀-ဆောင်ခန့် ဆောက်လုပ်ရန်။

(၅) တိပိဋကဓရ ပုဂ္ဂိုလ်များ ပေါ်ထွန်းလာသော အခါ၌၊ စာချတန်းသင်ကျောင်းကိုလည်း လိုအပ်လျှင်ထူထောင် ဆောက်လုပ်ရန် ဆုံးဖြတ်ကြပါသည်။

(ဂ) ခြံမြေကိုထူထောင်မွမ်းမံ၍၊ အဆောက်အဦများစတင်ဆောက်လုပ်ရန်အတွက်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ သာသနာ ထောက်ပံ့ရေး ရံပုံငွေ များမှ ဗုဒ္ဓသာသနာတော် ထောက်ပံ့ရေးအတွက် ငွေ ၅၀၀၀၀ိ-ကို တောင်းယူ သုံးစွဲရန် သဘောတူကြသည်။

ပိဋကတ်တိုက်ဆောက်လုပ်ရန်မှာ၊ ဇေယျဝတီ သကြားစက်သူဌေးလှူသော ငွေ ၁၀၀၀၀၀ိ-တသိန်းနှင့် တကျပ်ဖြင့် သုံးစွဲရမည်ဖြစ်၏။

(ဃ) ၎င်း သာသနာ့ရိပ်သာ ထူထောင်ရေးကိစ္စ၌၊ ဥက္ကဋ္ဌကြီး ဆာဦးသွင်၊ ဟသ်ာတ ဦးမြနှင့် ဦးစံသိမ်းတို့ပါဝင်သောအဖွဲ့ခွဲအား တာဝန်ဝတ္တရားများကို လွှဲအပ်သည်။ ၎င်းအဖွဲ့ခွဲသည် လိုအပ်လျှင်၊ အခြားပုဂ္ဂိုလ်များကို အဖွဲ့ခွဲ၌ ပါဝင်ဆောင်ရွက် စေရန် ထည့်သွင်း ခန့်အပ်၍ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

(၄) အဖွဲ့၏ စည်းမျဉ်းဥပဒေတွင်၊ အောက်ပါအချက်ကို ဥပဒေ ပါရဂူနှင့် တိုင်ပင်၍ ဖြည့်စွက်ထည့်သွင်းစေရန် သဘောတူ ဆုံးဖြတ်ကြသည်။ တစုံတခုသော အကြောင်းကြောင့် အဖွဲ့ပျက်စီးသွားခဲ့သော်၊ နိုင်ငံတော်သမတ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ လွှတ်တော် တရားဝန်ကြီးချုပ်နှင့် ဥက္ကဋ္ဌကြီး ဆာဦးသွင်၏ အရင်းဆုံး ဆွေမျိုးတယောက် ပါဝင်သည့် ထိန်းသိမ်းရေးအဖွဲ့ (Board of Trustees)က အဖွဲ့၏ အရပ်ရပ်သော ပစ္စည်းအားလုံးကို ဆက်လက် ထိန်းသိမ်းနိုင်ခွင့်ရှိ၍၊ မူလ ရည်ရွယ်ချက်များအရ၊ သာသနာတော်ပြုစုရေးကို ဆက်လက် စီမံဆောင်ရွက်နိုင်စေရမည်။ ၎င်း ထိန်းသိမ်းရေးအဖွဲ့ဝင် ဆာဦးသွင်၏ အရင်းဆုံးသော ဆွေမျိုးသည်၊ ယင်းသို့စီမံဆောင်ရွက်အပ်သောကိစ္စကို စတင်နှိုးဆော်ခွင့်လည်း ရှိစေရမည်။

(၅) (က) တောင်တန်းသာသနာပြုအဖွဲ့က(၂၅-၉-၄၈)နေ့စွဲပါစာအရ၊ ထောက်ပံ့ကြေးငွေ တောင်းဆိုချက် စာရင်းကို ဆွေးနွေးကြပြီးလျှင်၊ ယခင်က ထောက်ပံ့ကြေး ငွေပေါင်း ၂၂၅၀၀ိ-နှစ်သောင်း နှစ်ထောင်-ငါးရာကျပ် ပေးပြီးဖြစ်ရာ၊ နောက်ထပ်မံ၍ စာရင်းအရ တောင်းဆိုငွေ ၇၈၁၀၀ိ- ခုနစ်သောင်း ရှစ်ထောင် တရာကျပ်ကို အကြောင်းအားလျော်စွာ သုံးစွဲရန် လိုအပ်သောငွေစာရင်း ရရှိသောအခါ၌၊ အလီလီ ထုတ်ပေးသင့်ကြောင်း ဆုံးဖြတ်ကြသည်။

(ခ) တောင်တန်းသာသနာပြုခြင်းကိစ္စမှာ မည်မျှ အောင်မြင် ခရီးရောက်ခဲ့သည်ကို သိရှိအပ်သည် အားလျော်စွာ၊ ဤအဖွဲ့မှ တောင်တန်းနယ်များသို့ အခြေ အနေ အကြောင်း အရာများ စုံစမ်းစေရန် သင့်လျော်သည့် အထောက်တော်များ စေလွှတ်သင့်သည်ဟု သဘောရသည်။ ရွေလာမည့် ဆောင်းရာသီတွင် အထောက်တော် ၃-ဦးကို ရွေးချယ်ခန့်အပ်၍။

(၁) ဘုန်းကြီးကျောင်းများ အခြေအနေ။
(၂) သာသနာတော်ကိစ္စများ အခြေအနေ။

စသည်တို့ကို သွားရောက်စုံစမ်းစေပြီးလျှင်အစီရင်ခံစာတင်သွင်းစေသင့်ကြောင်း။ ၎င်းအထောက်တော်များ ခန့်အပ်စေလွှတ်ရန်အတွက် ဥက္ကဋ္ဌကြီး ဆရာဦးသွင်၊ ဟသ်ာတ ဦးမြ၊ ဦးစံသိမ်းတို့က တာဝန်ယူကြပါသည်။

၎င်းအထောက်တော်များအား ပဌမအကြိမ်၌ ၆-လခန့်ထားစေ၍၊ ၎င်းတို့၏ ရှားပါးစရိတ် ပါဝင်ပြီးဖြစ်သော လစာငွေမှာ ၂၀၀-ကျပ်ထက်မပိုစေဘဲ၊ ခရီးစရိတ်မှာ တောင်တန်းအဖွဲ့၏ ခရီးစရိတ် စားစရိတ်ပေးသော မှုအတိုင်း ဖြစ်စေရမည်။ ကုန်ကျသော စရိတ်ကို တောင်တန်း ရံပုံငွေမှ ကျခံစေရမည်။ ထိုမှတပါး ချင်းရေးရာဝန်ကြီးနှင့် ကချင်ပြည်နယ် ဝန်ကြီးဌာနတို့နှင့် ဆက်သွယ်၍၊ တောင်တန်းသာသနာတော် အခြေအနေနှင့် လိုအပ်ချက်များကို စုံစမ်းသင့်သည်ဟု ညွှန်ကြားကြသည်။

(၆) × × × × ×

(၇) × × × × ×

(၀) × × × × ×

(၉) × × × × ×



သာသနာ့ရိပ်သာ (သာသနာပြေ)အဖြစ် မလှူဒါန်းမီ ထိုနေရာ၌တည်ရှိသော သတိုးသီရိသုဓမ္မ ဆာဦးသွင်၏ ငါးဆောင်ပြိုင်အိမ်ကြီးပုံ။
(ဓာတ်ပုံအမှတ် ၁၃-၏ အောက်ရှိဓာတ်ပုံစာကို သာသနာ့ရိပ်သာရှိ ဥက္ကဋ္ဌကြီးဆာဦးသွင်၏
ဓမ္မရိပ်သာနှင့်သုခရိပ်သာ အဆောက်အဦးများပုံ ဟုပြင်ဖတ်ပါ။

## အဆောက်အဦများ

အထက်ပါ ဆုံးဖြတ်ချက်များအရ၊ ဥက္ကဋ္ဌကြီး လှူဒါန်းသော အထက်မြေပုံပါ ခြံမြေတွင် သာသနာ့အဆောက်အဦများ စတင်ဆောက်လုပ်ကြရန်အတွက်—

၁။ ဥက္ကဋ္ဌကြီး ဆာဦးသွင်။
၂။ ဟာသ်ာတ ဦးမြ။
၃။ ဦးစံသိမ်းတို့ပါဝင်သော အဖွဲ့ခွဲအား လွှဲအပ်ကြပါသည်။

**အဆောက်အဦ အဖွဲ့ခွဲ တိုးချဲ့ခြင်း**

အထက်ပါအဆောက်အဦဆောက်လုပ်ရေးအဖွဲ့ခွဲသည်၊ခြံမြေများကို သုစ်သင်ရှင်းလင်း၍ မြေယာညှိကြပြီးနောက်၊အဆောက်အဦ နေရာချထား စီစဉ်ရေး နှင့် ပတ်သက်၍ မီးသတ်မိုလ်ချုပ်ကြီး ဦးလှကျော်အား ၎င်းအဖွဲ့ခွဲဝင်အဖြစ် ထည့်သွင်းရန် (၁၇-၁၀-၄၇) နေ့ ကျင်းပသော ၁၁-ကြိမ်မြောက် အမှုဆောင် အစည်းအဝေးတွင် တင်ပြဆွေးနွေး၍လက်ခံအတည်ပြုကြသည်။

သပ်ရပ် ခန့်ညား၍ ခေတ်မှီသော အဆောက်အဦ များနှင့် ရေချိုးခန်း၊ နောက်ဖေးခန်း၊ ရေ၊ မီး၊ လမ်းပန်း၊ တံတိုင်း စသည် အဝဝတို့ကို စီမံခန့်ခွဲရေးအတွက်၊ ယခင်ရှိပြီး အဖွဲ့ခွဲတွင်၊ အောက်ပါအတိုင်း (၁) ဥက္ကဋ္ဌကြီး ဆာဦးသွင် (၂) ဟာသ်ာတဦးမြ။(၃)မီးသတ် ဦးလှကျော်(၄) ဦးဘခင်(၅)ဦးစံသိမ်းတို့ကိုပါ တိုးချဲ့ဖွဲ့စည်းကြပါသည်။

**သာသနာ့ရိပ်သာဟူ၍ မှည့်ခေါ်ရန်ဆုံးဖြတ်ခြင်းနှင့် အာရာမဝတ္ထု ဘူမိဝိသောဓနခေါ်-အန္တရာယ်ကင်း-ပရိတ်ရွတ်ပွဲတော်ကြီးကို ၄၉-ရက် တိုင်တိုင် ကျင်းပကြခြင်း။**

**သာသနာ့ရိပ်သာအမည်**

မြေနေရာအားလုံးပြေပြစ် ညီညာစွာပြုပြင်ကြပြီးနောက်၊ အဆောက် အဦများ မဆောက်လုပ်မီ အန္တရာယ်ကင်း ပရိတ်တော်များ ၇-ရက် ၇-လီ၊ ၄၉-ရက်တိုင်တိုင် ရွတ်ဘတ်ပူဇော်ကြရန်နှင့်ထိုနေရာကို(သာသနာ့ရိပ်သာ) ဟူ၍မှည့်ခေါ်ရန် (၁၄-၁၁-၄၇)နေ့ ထိုခြံမြေ၌အစစွာကျင်းပသော ၁၂-ကြိမ်မြောက် အမှုဆောင် အစည်းအဝေး၌ ဆုံးဖြတ် အတည်ပြုခဲ့ကြပါသည်။

**အာရာမဝတ္ထုဘူမိ ဝိသောဓနအန္တရာယ်ကင်း ပရိတ်ပွဲများကျင်းပခြင်း**

အထက်ပါ သာသနာ့ရိပ်သာခြံမြေအတွင်း၌၊ အနိဋ္ဌအင်္ဂါ အဖြာဖြာတို့သည်၊ ဝေးရာရှောင်ကွင်း သန့်ရှင်းပါစေခြင်း အကျိုးငှါ၊ (အာရာမဝတ္ထု ဘူမိဝိသော

ဓနု)အန္တရာယ်ကင်း ပရိတ်တော်၊ ရွတ်ဘတ်နာယူပူဇော်ပွဲကြီးကို ၁၃၁၀-ခုနှစ်၊ ကြက်သရေမင်္ဂလာအခါကောင်း အခါမြတ် ဖြစ်သော တန်ဆောင်မုန်း လပြည့်ကျော် တရက်နေ့ နံနက် ၇-နာရီအချိန်မှစ၍ စတင်ကျင်းပကြပါသည်။

ထို အန္တရာယ်ကင်းပရိတ်တော် ရွတ်ဘတ်ပွဲ ပဌမနေ့တွင် သိက္ခာကာမ၊ လဇ္ဇီပေသလ၊ ဝိနယပိဋက၊ ပိဋကတ္တယဆောက၊ မဟာထေရ် ဆယ်ပါးတို့က ဓမ္မစကြာသုတ်၊ အနတ္တလက္ခဏာသုတ်၊ မဟာသမယ သုတ်တော်များနှင့် ရတနသုတ်စသော ပရိတ်တော်များကို ဌာန်ကရိုဏ်းညီညွတ်စွာ ရွတ်ဘတ်သရဇ္ဈာယ်တော်မူကြရာ။ ခြိမြေပတ်ဝန်းကျင် ရှင်လူအများ၊ နာကြား ကြည်ညိုနိုင်ကြပါစေရန်၊ အသံချဲ့စက်ကြီးများ တပ်ဆင်၍၊ ကြည်ရွှင်ညွတ်နူး သဒ္ဓါမြူးလျက် အထူး နာယူကြပါသည်။

အထက်ပါအစီအစဉ်အတိုင်း နေ့စဉ်နေ့စဉ် နံနက် ၇-နာရီမှ ၈-နာရီခွဲအထိ၊ ဆရာတော်ဆယ်ပါး ဆယ်ပါးတို့က အလှည့်ကျပရိတ်တော်များကို ၇-ရက် ၇-လီ၊ ၄၉-ရက် တိုင်တိုင် ရွတ်ဘတ်သရဇ္ဈာယ်တော်မူကြပါသည်။

ထိုအန္တရာယ်ကင်းပရိတ်တော် နာယူပူဇော်ပွဲသို့ ဥက္ကဋ္ဌကြီးဆာဦးသွင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ အစရှိကုန်သော အမှုဆောင် လူကြီးများသည် ပရိတ်ပွဲအစမှအဆုံးတိုင်၊ အထူး လေးစားစွာ ကြွရောက် ကြည်ညိုနာယူ ပူဇော်ကြပါသည်။


ထိုသို့ ခြိမြေ အန္တရာယ်ကင်း ပရိတ်တော် ပူဇော်ပွဲကို၊ နေ့စဉ် နေ့စဉ်ကျင်းပကြရာ၊ ၇-ရက် ၇-လီ၊ ၄၉-ရက်မြောက်ဖြစ်၍၊ နိုင်ငံတော် လွတ်လပ်ရေး ပဌမအကြိမ်မြောက် နှစ်ပတ်လည် အစရက်ဖြစ်သော ထိုနှစ် ပြာသိုလဆန်း ၅-ရက် (၃-၁-၄၉)တနင်္ဂနွေနေ့တွင်၊ချောမောစွာ အောင်မြင်ပြီးမြောက်ကြပါသတည်း။

## ထူးခြားချက်တရပ်

ဤပရိတ်တော်ရွတ်ဘတ်ပွဲအစရက်ကို၊ လွတ်လပ်ရေးကိစ္စဆိုင်ရာများနှင့် မည်သို့မျှ တိုင်ပင်ချိန်းချက်ခြင်းမရှိပါဘဲ၊ အမှတ်မထင် ကျင်းပလာကြရာ၊ ၄၉-ရက် မြောက်ပရိတ်ပွဲပြီးဆုံးသောရက်နှင့် လွတ်လပ်ရေးနှစ်ပတ်လည်အစရက် ကြိမ်ကြိုက်တိုက်ဆိုင်ရခြင်းမှာ၊ အနာဂတ်သာသနာတော် စည်ပင်ပြန့်ပွါးထွန်းကားရေးအတွက် ရှေ့ပြေးနိမိတ်ထူးတရပ်ဟူ၍ပင် ယူဆထိုက်ပါကြောင်း။

စံကျောင်းတော် ကမ္ဘဌာန်းကျောင်းတော်စသော သာသနာ့အဆောက်အဦ
ပန္နက်ချပွဲတော်များ ကျင်းပခြင်း


အထက်ပါ မြေရာ သန့်ရှင်းရေး အန္တရာယ်ကင်းပရိတ်တော်ရွတ်ဘတ်ပူဇော်ပွဲများ ကျင်းပဆဲတွင်ပင်၊ ရက်ကောင်း အခါကောင်းများ အသီးသီး ရွေးချယ်တော်မူကြပြီးလျှင်။



သာသနာ့ရိပ်သာ မြေတွင် ဘုမိဝိသောဓန
ပရိတ်ရွတ်ပွဲကြီး ၄၉-ရက် ကျင်းပနေစဉ်




ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်က သာသနာ့ရိပ်သာအတွက်
ခြံမြေကို လက်မှတ်ထိုး လှူဒါန်းနေပုံ



(ပုံအမှတ်-၁၃)။ ။သာသနာ့ရိပ်သာတွင် အုပ်ချုပ်တော်မူသည့်
ဆရာတော်ဘုရားများအတွက် အစဉ်အမြဲ ဆောက်လုပ်သည့် စံကျောင်းတော်ပုံ



သာသနာ့ရိပ်သာအတွင်း၌ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်၏
ငါးဆောင်ပြိုင် အိမ်ကြီးပုံ



(ပုံအမှတ်–၁၄)။ ။ဆွမ်းစားကျောင်းအုတ်တိုက်ပုံ
(အကြောင်းအရာကို စာမျက်နှာ ၂၉-တွင်ရှုပါ)



(ပုံအမှတ်–၁၅–က)။ ။ကမ္မဋ္ဌာန်းနည်းပြဆရာတော်များသီတင်းသုံးရန် ကမ္မဋ္ဌာန်းကျောင်း
၄-ဆောင်အနက် နှစ်ဆောင်။ (အကြောင်းအရာကို စာမျက်နှာ ၂၉-တွင် ရှုပါ)

B



(ပုံအမှတ်-၁၅-ခ)။ ။ပုံအမှတ် ၁၅-ကနှင့် နည်းတူပင် ကမ္မဋ္ဌာနာစရိယများအတွက်
အဆောက်အဦးဖြစ်ပါသည်



(ပုံအမှတ်-၁၆)။ ။ဘိသိက္ခာခံရစာပြန်ပွဲအတွက် ယာယီကျောင်းတော်ကြီးပုံ
(စာမျက်နှာ ၃၀-တွင် ရှုပါ)

၁။ စံကျောင်းတော်။
၂။ ကမ္မဋ္ဌာန်းကျောင်း ၄-ဆောင်။
၃။ ဆွမ်းစားကျောင်း။
၄။ ယာယီမဏ္ဍပ်တော်ကြီး

စသည်တို့ကိုလည်း၊ ပန္နက်တော်များအသီးသီးချ၍၊ တိပိဋကဓရ ရွေးချယ်ပွဲအမှီ၊ မရှေးမနှောင်းစတင်ဆောက်လုပ်ကြပါသည်။

မှတ်ချက်။ ။တိပိဋကဓရ ရွေးချယ်ပွဲဆိုသည်မှာ၊ ဤအဖွဲ့ချုပ်၏ (၃) ကြိမ်မြောက် အမှုဆောင် အစည်းအဝေးမှ အတည်ပြု ဆုံးဖြတ်ခဲ့သော တိပိဋကဓရရွေးချယ်ပွဲကိုဆိုလိုပါသည်။ ။

## သာသနာ့အဆောက်အဦ-အသီးသီးနှင့် ဆိုင်ရာကောင်းမှုရှင်များ

ပုံနံပါတ် ၁၃-သည် ဤသာသနာ့ရိပ်သာတွင် အုပ်ချုပ်တော်မူမည့်ဆရာတော်များအတွက် အစစွာဆောက်လုပ်အပ်သော စံကျောင်းတော်ကြီးပုံ ဖြစ်သည်။ ၁၃၁၀-ခုနှစ် နတ်တော်လ ၁၉၄၈-ခုနှစ် ဒီဇင်ဘာလအတွင်း၊ ဥက္ကဋ္ဌကြီး ဆာဦးသွင်-လေဒီသွင်နှင့် သားဖြစ်သူ တရားဝန်ကြီး ဦးစန်မောင်၊ သမီး ဒေါ်ခင်ခင်ကြီးတို့က စေတနာထက်သန်စွာဖြင့် ငွေ(၂၁၀၀၀ိ)အကုန်အကျခံ၍၊ အမြန်ဆုံးပြီးစီးအောင်စတင်ဆောက်လုပ်လှူဒါန်းထားသောစံကျောင်းတော် ဖြစ်ပါသည်။

ပုံနံပါတ် ၁၄-သည်၊ ဆွမ်းစားကျောင်းအုဋ်တိုက်ပုံ ဖြစ်သည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ရံပုံငွေဖြင့် ဆောက်လုပ်ရာ (၂၄၀၀၀ိ)ကုန်ကျပါသည်။ နောက်ထပ်တိုးချဲ့၍(၂၁၇၂၇-ကျပ် ၀၅-ပြားတိတိ)ကုန်ကျပါသည်။

သာသနာ့ရိပ်သာ ရာထမ်းမှုထမ်းများနေထိုင်ရန် အဆောက်အဦကို အဖွဲ့ငွေဖြင့် ဆောက်လုပ်၍ (၁၀၁၇၆-၅၀ပြား) ကုန်ကျပါသည်။

ပုံနံပါတ် ၁၅ (က) နှင့် ၁၅ (ခ) တို့ပါ ကမ္မဋ္ဌာန်းကျောင်း ၄-ဆောင်ကို၊ ကမ္မဋ္ဌာန်း နည်းပြဆရာတော်များ သီတင်းသုံး နေထိုင်တော်မူရန် အတွက်၊ ဥက္ကဋ္ဌကြီးဆာ ဦးသွင်-လေဒီသွင် နှင့် သားဖြစ်သူ တရားဝန်ကြီး ဦးစန်မောင်၊ သမီး ဒေါ်ခင်ခင်ကြီး တို့ကပင်၊ ကျောင်းတဆောင်လျှင် (၃၅၂၂-ကျပ်) ကျဖြင့်။ ငွေပေါင်း (၁၄၀၈၈-ကျပ်)အကုန်အကျခံ၍ ၁၃၁၂-ခု၊ ကဆုန်လဆန်း ၂-ရက် ၁၉၅၀-ခု ဧပြီလတွင် ဆောက်လုပ်လှူဒါန်းကြပါသည်။

ပုံနံပါတ်-၁၆ သည်၊ ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၆-ရက် (၃-၂-၄၉)နေ့တွင် အစစ္စာ စတင်ကျင်းပလတံ့သော တိပိဋကဓရရွေးချယ်ပွဲကြီးအမှီ အဖွဲ့ချုပ်ရုံးပုံငွေ (၉၂၀၇-ကျပ်-၂၅-ပြား)ဖြင့်ဆောက်လုပ်သောသံဖြူကာ ယာယီမဂ်လာမဏ္ဍပ်တော်ကြီးပုံဖြစ်သည်။

ထိုမဏ္ဍပ်တော်ကြီးကား သာမန်မဏ္ဍပ်မဟုတ်ပါ။

၁။ အစစ္စာသော တိပိဋကဓရရွေးချယ်ပွဲ။

၂။ အစစ္စာသော တိပိဋကဓရပူဇော်ပွဲ။

၃။ ကျေးဇူးရှင် စွန်းလွန်း ဆရာတော်၏ ရန်ကုန်တွင်အစစ္စာ ကမ္မဋ္ဌာန်းတရားပွဲ။


၄။ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ ဖွဲ့စည်းရန် အစစ္စာစည်းဝေးပွဲ။

၅။ ဆဋ္ဌသံဂါယနာတင်ရန်အစစ္စာစည်းဝေးပွဲ။


စသည့်ကြီးကျယ် မွန်မြတ်လှသော သာသနာရေးရာအချက်အချာတို့ကို၊မွေးထုတ်ရာ သာသနောပကာရဋ္ဌာနထူးကြီးဖြစ်၍။ သာသနာကြည်ညိုသူတိုင်း လေးစားသော မဏ္ဍပ်တော်ကြီးဖြစ်ပါကြောင်း။

ပုံ-နံပါတ် ၁၇ (က) ပါ ဓမ္မာရုံတော်ကြီးကို (၂၉-၂-၅၂) ၁၃၁၂-ခုနှစ် တပေါင်းလဆန်း ၅-ရက်နေ့တွင် အဖွဲ့ ဥက္ကဋ္ဌကြီး ဆာ ဦးသွင်-လေဒီသွင်နှင့် သား တရားဝန်ကြီး ဦးစန်မောင်၊ သမီး ဒေါ်ခင်ခင်ကြီးတို့က—၁-ပလ္လင်တော်၊ ၂-ဆင်းတုတော်၊ ၃-နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွါးတော်၊ ၄-ခေတ်မီး၊ ၅-ကော်ဇောကြီး စသော ပရိဘောဂများ အတွက် အစုစုငွေ ပေါင်း ၂-သိန်းကျော်ဖြင့် ဆောက်လုပ်လှူဒါန်းကြပါသည်။

မှတ်ချက်။ ။ထိုဓမ္မာရုံကြီးကို (ဖလ်ယဉ်ဓမ္မာရုံ) ဟူ၍ မှည့်ခေါ် ရခြင်းမှာ၊ ဓမ္မာရုံ၏တဦးတည်းသော ဒါယကာ ဖြစ်သူ သူဌေးကြီး ဆာဦးသွင်၏ ကောင်းမှုအဆောက်အဦများစွာ ရှိကြရာတွင်။ ဤဓမ္မာရုံကြီးမှာ၊ သူဌေးကြီး ဆာဦးသွင်၏ မိဘများကို ရည်မှန်း၍ ၂-ခုမြောက်ဆောက်လုပ် လှူဒါန်းအပ်သောဓမ္မာရုံကြီးဖြစ်သောကြောင့်၊ အဖ ဦးဖန် အမိဒေါ်ဒေါ်ရင်တို့၏အမည်များကို အစွဲပြု၍ (ဖလ်ယဉ်ဓမ္မာရုံ)ဟူ၍ မိဘ မြတ်နိုး ကမ္မည်းထိုးလျက် ရိုကျိုးစွာ မှည့်ခေါ် အပ်သော အနွတ္ထ အမည်ထူးဖြစ်ပါသည်။




(ပုံအမှတ် ၁၇-က)။ ။ဖလ်ယဉ်မမ္ဘာရုံကြီးပုံ (အကြောင်းအရာကို စာမျက်နှာ ၃၀-၌ရှု)



(ပုံအမှတ် ၁၇-ခ)။ ။ဖလ်ယဉ် မမ္ဘာရုံကြီးဆောက်ရန် ပန္နက်ရိုက်နေပုံ



(ပုံအမှတ် ၁၇-ဂ)။ ။ဖလ်ယဉ်ဓမ္မာရုံကြီး အုတ်မြစ်ချနေပုံ
(၁—ဆာဦးသွင်။ ၂—ဝန်ကြီးချုပ် ဦးနု။ ၃—တရားဝန်ကြီး ဦးစန်မောင်။)



(ပုံအမှတ် ၁၇-ဃ)။ ။ဖလ်ယဉ်ဓမ္မာရုံကြီး အုတ်မြစ်ချပြီးနောက် ပရိတ်ရွတ်ပွဲ ကျင်းပနေပုံ

ပုံနံပါတ် ၁၈-သည်၊ တောင်ငူခရိုင် ဇေယျဝတီမြို့၊ အိန္ဒိယလူမျိုး သကြားစက်သူဌေးကြီး ဟာရိဂျီက၊ မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသောအထိမ်းအမှတ်ဖြင့်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု အား၊အလိုရှိရာသုံးစွဲရန် အလှူတော်ငွေတသိန်းနှင့် တကျပ်ကို လှူဒါန်းပါသည်။

ထိုအလှူတော်ငွေများကို မြန်မာနိုင်ငံတော် မည်သည့်ကိစ္စတွင် အသုံးပြုသင့်ကြောင်းကို၊ ဝန်ကြီးချုပ်က၊ ဥက္ကဋ္ဌကြီးဆာဦးသွင်ထံမေးမြန်းတိုင်ပင်ရာ၊ ဥက္ကဋ္ဌကြီး၏အကြံပေးအချက်အရ၊ အထက်ပါသကြားစက်သူဌေးကြီး၏အလှူတော်ငွေများဖြင့်၊ (၄-၈-၅၈) ရက်တွင် ဆောက်လုပ်သော ဇေယျဝတီဟာရိဂျီ ပိဋကတ်တိုက်တော်ကြီးဖြစ်ပါသည်။ ငွေပေါင်း (၁၂၂၄၉၂-ကျပ်-၁၃-ပြား) ကုန်ကျရာ လိုငွေများကိုလည်းနောက်ထပ်လှူဒါန်းပါသည်။

ထို ပိဋကတ် တိုက်တော်ကြီး၏ အသုံးအဆောင် ပရိဘောဂများ အတွက်၊ ထို သူဌေးကြီးကပင်၊ နောက်ထပ် ငွေ ၅၀၀၀ ဝ-လှူဒါန်းပြန်ပါသည်။

မှတ်ချက်။ ။အထက်ပါပိဋကတ်တိုက်ကို၊ ကမ္ဘာပေါ်တွင် အကြီးဆုံးသော အင်တာနေရှင်နယ်-ဗုဒ္ဓဘာသာသာအမျိုးသားပေါင်းစုံ ပိဋကတ်စာကြည့်တိုက်ကြီး ဖြစ်မြောက်ရန်- ပဌမရည်ရွယ်၍-ဆောက်လုပ်ခဲ့ကြပါသည်။ သို့သော်-နောက် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ကမ္ဘာအေးတွင် အလားတူ ဆောက်လုပ် နေပြီဖြစ်၍ ဤ သာသနာ့ရိပ်သာ၌-သာမန်ပိဋကတ်တိုက် အဖြစ်ဖြင့်သာ ဖွင့်လှစ်ထားရပါတော့သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးရပြီးစခေတ်တွင် အစဦးပေါ်လာသော ဝိနယာနုရူပ စံပြသိမ်တော်ကြီးအကြောင်း

**စကားပလ္လင် ရှေ့ဦးတင်**

အထက်တွင်ပြခဲ့ပြီးသည့်အတိုင်း၊ အသီးသီးသော သာသနာ့ အဆောက်အဦတို့ဖြင့် စည်ကားဝေဆာလျက်ရှိနေသော၊ ဤသာသနာ့ရိပ်သာ မဟာအောင်မြေအတွင်း၌၊ မင်္ဂလာသိမ်တော်ကြီး တဆောင်၊ သမုတ်တည်ဆောက်ရေးအတွက် စီစဉ်ကြသောအခါတွင်—

ဤ သာသနာ့ရိပ်သာခြံမြေ၏ မူလဒါယကာများဖြစ်ကြကုန်သော သူဌေးကြီး ဆာဦးသွင်-လေဒီသွင်နှင့် သား တရားဝန်ကြီး ဦးစန်မောင်၊ သို့မီး ဒေါ်ခင်ခင်ကြီး

တို့ကပင် သာသနာနုဂ္ဂဟ၊ အသင်္ဂါရိက ဗလဝသဒ္ဓါ စေတနာဥက္ကဋ္ဌ ဆင့်ဆင့် ထပ်၍ မြင့်မြတ်သော သိမ်ဒါယကာအဖြစ်ကိုခံယူ၍ ဆောက်လုပ်လှူဒါန်းကြ ပါသည်။

သို့မနိမိတ္တ၊ သီမဥဗ္ဗာဟန၊ သီမသမူဟနန၊ စသော သီမသမုတိကံဟူသည်။

(၁) ကျမ်းကြီးပဋ္ဌာန်း၊ ကျမ်းငယ်ဆန်း၊ ကျမ်းလတ်ခေတုကထာ။

(၂) သဒ္ဒါတွင်လိုင်၊ ဝိနည်းသိမ်၊ ဉာဏ်ထိမ်မသက်ရာ။

ဟူသော ပိဋကတ်တော် ဥဒါန်းဆိုရိုး အခက်ဆုံး ၅-မျိုးတို့တွင်၊ တမျိုး အပါ အဝင်ဖြစ်သဖြင့်—

ပိဋကတ္တယ ကောဝိဒ၊ ဝိနယဆေက၊ ဝိနယဗျတ္တ၊ စသည်ရင့်ညောင်း၊ ဂုဏ် အပေါင်းတို့နှင့် ပြည့်စုံတော်မူကုန်သော၊ ဂဏာစရိယ၊ ဂဏပါမောက္ခ၊ မဟာ ထေရ်တို့၏ အရာသာ ဖြစ်ရကား၊ ရန်ကုန်မြို့ ရွှေဂုံတိုင်လမ်း ဘုရားကြီးကျောင်း တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အရှင်ကောဏ္ဍညာဘိဝံသ မထေရ်မြတ်အား အကြီးအမှူး ဦးစီးနာယကအဖြစ် စီမံ ဆောင်ရွက်တော်မူပါရန်၊ သိမ်ဒါယကာ ဖြစ်သူ အဖွဲ့ဥက္ကဋ္ဌကြီး ဆာဦးသွင်ကလျှောက်ထားပါသဖြင့်၊ ထိုဆရာတော်အရှင် မြတ်က ဦးစီးရွှေဆောင်တော်မူလျက်၊ သာသနာ့ဝေဟင်၊ ထက်ကောင်းကင်တွင် နေအသွင်လအတူ၊ ထင်ရှားတော်မူကြကုန်သော—

ရန်ကုန်နေပြည်တော် အတွင်းရှိ၊ ဂိုဏ်းချုပ် ဂိုဏ်းအုပ် မ ဟာ ထေရ် ပေါင်း ၁၂၀-ကျော်တို့နှင့် သိမ်နှုတ်အရံသံဃာ၊ ငါးရာငါးရာစီ၊ အလီလီသော ထောင် ပေါင်းများစွာတို့ဖြင့် ၁၃၁၂-ခုနှစ် တပို့တွဲလဆန်း ၁၁-ရက်နေ့မှစ၍၊ ၎င်းနှစ်ဦး တံခူးလပြည့်ကျော် ၅-ရက်နေ့အထိ၊ ရက်ပေါင်း (၆၉)ရက်တိုင်တိုင်၊ သီမပရိ ကမ္မ၊ ပုဗ္ဗကိစ္စများမှစ၍ အထူးဝိသေသ၊ စီမံကြပ်မတ် ဆောင် ရွက် တော် မူ ကြ ပါသည်။

ထိုသို့ စီမံဆောင်ရွက် အောင်မြင်ခဲ့ကြသော ဝိနည်းတော်ဆိုင်ရာ ပြဿနာ အခက်ဆုံး၊ စီမံထုံးတရပ်နှင့်ပတ်သက်၍၊ လွတ်လပ်သောသမတခေတ်သစ်တွင်-

(၁) ဝိနည်းတော်နှင့်အညီ သိမ်အမိန့်ခံယူပုံ။

(၂) ဝိနည်းတော်နှင့်အညီ သိမ်အမိန့်ပေးပုံ။

(၃) ဝိနည်းတော်နှင့်အညီ ပျားကြီးစွဲ၊ ပတ်ပတ်လည်၊ ထောင့်တန်းဖြတ်၊ ရက်ကန်းခတ်၊ ညောင်စောင်းကွက်၊ စသည်အမျိုးစုံ သိမ်နှုတ်ကြပုံ။

(၄) အရှေ့အရပ်မှစ၍ လက်ျာရစ်ပတ်၊ လေးရပ်စပ်အောင်၊ နိမိတ်ကြားပုံ။

(၅) သမာနသံဝါသ၊ အဝိပ္ပဝါသ၊ စသည်ဆင့်ဆင့်၊ သိမ်သမုတ်ပုံများနှင့် တကွ။

(၆) ပြည့်တွင်းပြည်ပ၊ ဗုဒ္ဓသာသနာ၊ ညီညာထွန်းလင်းမည့်နိမိတ်ဖြင့်၊ သီမသမုတိကံ ပြီးသည်နှင့်တပြိုင်နက်၊ သိမ်တော် အသစ်စက်စက်တွင် အာသံ-ချင်း-ကချင်-မြန်မာ စသော လူမျိုးပေါင်းစုံ (၃၃)ယောက် ပါဝင်သော နာနာကုလပဗ္ဗဇ္ဇမင်္ဂလာ၊ ရှင်သာမဏေအဖြစ် ခံယူကြခြင်း။

(၇) အထက်ပါလူမျိုးပေါင်းစုံ (၅)ယောက် ပါဝင်သော နာနာကုလ ဥပသမ္ပဒကံ တပြိုင်တည်း ရဟန်းအဖြစ် ခံယူကြခြင်း။

(၈) အထက်ပါမင်္ဂလာသုံးရပ် အပြီးသတ်တွင်၊ ထူးမြတ်သောအောင်နိမိတ်ဖြင့် (အကာလမေဃော)အခါမဲ့မိုးကြီး သည်းထန်စွာ ရွာချ၍ ခဏဖြင့် ရပ်စဲခြင်း။

စသော သာသနစိရဋ္ဌိတိ၊ သာသနဝိရူဠှိ၊ သာသနဝုဍ္ဎိ၊ သာသနဝေပုလ္လ၊ ပုဗ္ဗနိမိတ်၊ ဝိသိဋ္ဌများစွာ၊ အံ့ဘွယ်ရာတို့ကို၊ နောက်သားနောင်လာ၊ သာသနာဝင်၊ အစဉ်အဆက်၊ လေ့ကျက်မှတ်သားနိုင်ကြပါစေခြင်းအကျိုးငှါ—

ထိုသိမ်သမုတ်ပွဲကြီးတွင် အစမှအဆုံးအထိ ကိုယ်တော်တိုင်ပါဝင်၍ ထို သိမ်အောင်ပွဲ အခမ်းအနားဦ၊ ကိုယ်တော်တိုင် စီကုံးရေးသား ဘတ်ကြားတော်မူခဲ့သော တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိကနှင့် ဆဋ္ဌသံဂါယနာဝိသဇ္ဇကလောင်းလျာ (ယခု)တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကနှင့် ဆဋ္ဌသံဂါယနာဝိသဇ္ဇက၊ အရှင်ဝိစိတ္တသာရာဘိဝံသ၏၊ သာသနမလဝိသောဓနီ၊ ဂဏ်မဟီဖြင့် စုံညီတောက်ပ၊ သီမဝိဇယ၊ ဝိသိဋ္ဌနယာလက်ာရ ဂဏရှိန်ရောင် ထိန်ထိန့်ပြောင်သည့်၊ သိမ်အောင်မင်္ဂလာ၊ သိမ်မော်ကွန်းစာကို၊ ဤနေရာတွင် အထူး ထည့်သွင်း ဘော်ပြအပ်ပါသတည်း။

သိဒ္ဓန်....

သောခေတ္တေ ဇောတေတ္တိ ဇိန၊
စက္ကဿာယံ မလံ ပဘံ။
သီမာ အနာကုလာ ဌာတု၊
သာစု သာစုတိ သမ္မတာ။ ။

**သိမ်အောင်မင်္ဂလာမော်ကွန်းစာ**

သာရသာရဘိ····၊မဟာသာရ၊ ဂုဏ်လျှံထုဖြင့်၊ ဇမ္ဗူကြက်သရေ၊ လက်လက် ဝေသား၊ ထေရ်ကျော်အပေါင်း၊ အရှင်ကောင်းတို့သည်။ သမ္မတာ····၊ဆယ်ဖြာ သော ဗျဉ္ဇနဗုဒ္ဓိ၊ စောင်းကြိုးကိုညှိဘိသကဲ့သို့၊ ထိမိမှန်ကန်၊ ကရိဏ်းနှင့် ပယတ် ဌာန်တို့ကို မလွန်မယုတ်ရအောင်၊ နှုတ်တော်ရွတ်ဘတ် သမုတ်အပ်သော။ (၀၁) သာရသာရဘိသမ္မတာ၊ ပြည်ထောင်တည်လစ်၊ ဤတခေတ်ဝယ်၊ စနစ်ပုံမှီး၊ ခုံကြီး တည်လောက်အောင်၊ ကောင်းသည် မြတ်သည်၊ လျောက်ပတ်သည်ဟု၊နှုတ်ရည် ဝိညတ် ထေရ်ကျော်မြတ်တို့၊ အမှတ်တခု၊ အသိပြုအပ်သော။ အယံသီမာ····၊ သာသနမလဝိသောဓနီ····ဘွဲ့မည်ထိန်လျှပ်၊ ဤမင်္ဂလာ သိမ်တော်မြတ်သည်။ ဇိနစက္ကဿ····ဘုရားမြတ်စွာသာသနာသုံးရပ်၊ စက်တော်မြတ်၏။ မလံ၊ ပြင်ပ ဗာဟိ၊ ဝိတက္ကတို့၊ ဝါဒီရစ်မွေး၊ အညစ်အကြေးကို။ သောဓေန္တီ····၊ နေလျှံရှိန် ကြောက်၊ ဆီးနှင်းပေါက်သို့၊ ပျောက်စေပယ်နှင် ရှင်းလင်း သုမ်သင်လျက်ငင်း။ ပဘံ၊သီလ သမာဓိ ပညာသိက္ခာတန်ဆောင် အလင်းရောင်ကို။ ဇောတေန္တီ····၊ တက်စနေဝန်း၊ ထွန်းစသော်တာ၊ ကဲ့ပမာသို့၊ လျှံဖြာရွှန်းဝေ၊ တောက်ထွန်းစေ လျက်ငင်း။အနာကုလာ····၊နှောက်ယှက်ပိတ်ပင်၊ရန်မထင်သည်ဖြစ်၍။ဌာတု····၊ ပဉ္စသဟဿ၊ နှစ်တိုင်လတ်အောင်၊ မတ်မတ်ခိုင်ကျည်တည်ပါစေသတည်း····။ ။

အောင်သူတကာတို့၏ မဟာအဂ္ဂန္တာဓိပတိ၊ သီရိမကုဋ၊ အတုလတူလာ အ ဒုတိယာဒိစ္စ၊ သုံးလောကဝယ်၊ မောဟတိုက်မှောင်၊ အမိုက်ခေါင်ကို၊ မြိုက်လှောင်ရှင်းချွေ၊ လင်းပစေသဖြင့်၊ တစင်းနေစစ်၊ ကေန်ဖြစ်သော၊ရှင်ချစ် ဥသျှောင်၊ ဘုရားငါးမာရ်အောင်သည်၊ ရွှေဖောင်ဌာ်မာ၊ ယာဉ်နာဝါဖြင့်၊ သသ်ရာကြော၊ မြစ်အပြောဝယ်၊ နစ်မြောကုန်သူ၊ ဝေနေလူကို၊ ဆယ်ယူကယ်မ၊ မြိုက်ဆုငှ၍၊ ရာဇဂြိုဟ်မည်၊ ထိုရွှေပြည်ဝယ်၊ သိလုစ္စယ၊ ဂိဇ္ဈကုဋ်၊ တောင်ဗွေယံ၌၊ လေးတန်ယာပထ၊ ဝိဟာရဖြင့်၊ မျှတတင့်တယ် စံပါယ်ကိန်းမွေ့ တော်မူ သောအခါ—

တွောဝတာ သာမဂ္ဂီ၊ ယာဝတာ ကောဝါသော····

ရှင်စောမိန့်ဖော်၊ တရားတော်၌၊ အာဘော်ခဲကြိတ်၊ ဉာဏ်မစိတ်နိုင်သဖြင့်၊ ကိတ္တာဝတာ နု ခေါ၊ ကောဝါသော ဟောတိ — အဘယ်မျှ အပိုင်းအခြားရှိမှ၊ သာမဂ္ဂီအရာ၊ ကောဝါသအမည်ရသနည်းဟု၊ တည်းလည်းပုစ္ဆာ၊ ဤအရာဝယ်၊ ပြဿနာစကား၊ ရဟန်းများတို့၊ တရားအခြေပြု၊ မေးလျှောက်သော ဝတ္ထုဝယ်၊ အနုဇာနာမိ ဘိက္ခဝေ၊ သိမံ သမ္မန္နိတုံ — ရွှေခွန်းစုံကို၊ သုံးဘုံလူ့ထိပ်၊ ဟော

ဘော်ညိတ်၍၊ ဘိက္ခုတွင်မည်၊ ထိုထိုထေရ်တို့၊ လေးလီသော သံဃာ့ကံကို၊ စီမံပြုစု လွယ်ကူမှုဖြင့်၊ ဖာသုဝိဟာရ၊ သံဃသုဋ္ဌုအရေး၊ မြှော်တွေးထွန်းထိန်၊ ရှေ့ညဏ်ချိန်၍၊ သိမ်သမုတ်ရန်အရေးကို၊ ခွင့်ပေး ပညတ်တော်မူခဲ့ပါသည်။ အင်္ဂီရသ၊ စောဇိနသည်၊ သီမသမ္မုတိကံ၊ ပြုနိုင်ရန်ကို၊ နှုတ်သံငြိမ့်လေး၊ အခွင့်ပေးသည့်တွင်၊ ရှေးရှေးသာသနာဝင်၊ သူတော်စင်အမျိုးသား၊ သာသနာ့ဒါယကာအများတို့သည်။

၁။ ဘုရားမြတ်စွာ၊ သာသနာသည်၊ သံဃာတော် အရှင်မြတ်တို့သည်သာလျှင် မချွတ်မူလ၊ ပဘာဝရှိချေ၏။

၂။ သံဃာ့ဂိုဏ်းဝင်၊ ထေရ်သခင်တို့သည်လည်း၊ ရှင်ပင်ဆုမ္မ၊ ဟောဘော်ပြသော၊ သံဃာ့ကံ လေးပါးသာလျှင်၊ ထင်ရှားမူလ၊ ပဘာဝအမွန်ရှိကုန်၏။

၃။ သံဃာ့ကံလေးပါးတို့သည်လည်း၊ ပိုင်းခြား ညွှန်ပြ၊ ခဏ္ဍမဟာ၊ သိမ်နှစ်ဖြာလျှင်၊ ပဌမာဒိက၊ မူလအမွန်ရှိကုန်၏။

ထို့ကြောင့်ရကား။ ···· ဗုဒ္ဓသြဝါ၊ သာသနာသည်၊ မဟာခဏ္ဍ၊ သိမ်နှစ်ဝလျှင်၊ မူလပဒဋ္ဌာန်၊ အခြေခံအကြောင်းရင်းရှိသဖြင့်၊ သီမသမ္မုတိကံ၊ ဒါယကာခံရသော်၊ ဘုန်းလျှံမြတ်စွာ၊ သာသနာကို၊ ပဌမာဒိက၊ ရင်းမူလမှ၊ အနုဂ္ဂဟပြုရာရောက်ချိမ့်မည်ဟု ကြည်ရွှင်မောသ၊ နှစ်လိုဇောဖြင့် မုနောတင့်စံ၊ သိမ်ဒါယကာ ခံကြ၍၊ နိုင်ငံတော် အရပ်ရပ်ဝယ်၊ ပြသာဒ်ရောင်မောင်း၊ သိမ်တန်ဆောင်းတို့ဖြင့်၊ မညောင်းရှုဘွယ်၊ ကုသိုလ်ခေတ် နယ်ကျယ်၍၊ ဘုန်းကြွယ်မြတ်စွာ၊ "သာသနာသည်၊ အခါ မျက်မှောက်၊ ယနေ့ ရောက်အောင်၊ ထွန်းတောက် ထိန်လင်းဆဲ ရှိပါသတည်း....။ ။

မဟာမဏ္ဍလီ၊ ရာရံသီဖြင့်၊ ဖလိခြည်ထိန်လက်၊ ရဝိန်စက်သို့၊ ပြိုးပြက်လျှံဝါ၊ သာသနာသည်၊ မင်္ဂလာရှိန်ကြွေ၊ ထွန်းထိန်လေသဖြင့်၊ ယနေ့မျက်မှောက် ရောက်လတ်သောကာလဝယ်။

အဇာရံ ဇိရ မာနေန၊
တပမာနေန နိဗ္ဗုတိံ။
နိမေယျံ ပရမံ သန္တိံ၊
ယောဂက္ခေမ မနုတ္တရံ။

ဓမ္မခန်ဂိုဏ်း၊ ဟောမိန့်တိုင်းကို၊ ကသိုဏ်းစွယ်စုံ၊ သတိဉာဏ်ငုံမိကြသဖြင့်၊ ရန်ကုန်နေပြည်တော်၊ ရွှေတိဂုံစေတီတော်မြတ်၊ ဘဏ္ဍာတော်ထိန်း လူကြီးမင်း၊ ဗိုလ်တထောင်စေတီတော် ပြန်လည်တည်ထောင်ရေး အဖွဲ့ကြီး၏ ဥက္ကဋ္ဌ၊ ဗုဒ္ဓ

ဘာသာအဖွဲ့ချုပ်ကြီး၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးတို့၏ ဦးစီးဥက္ကဋ္ဌ၊ သူဌေးကြီး (ဆာ) ဦးသွင်၊ သူဌေးကတော် ဒေါ်ဒေါ်သိန်းနှင့်၊ သား-တရားလွှတ်တော် တရားဝန်ကြီး ဦးစန်မောင်၊ သမီး တရားဝန်ကြီးကတော် ဒေါ်ခင်ခင်ကြီးတို့သည်၊ မြိုက်သီးဆွတ်ခြူ၊ ချွေအံ့ဖွယ်၊ ရည်တူဆန္ဒ အလုံးစုံညီမျှ၍။

၁။ ဓမ္မသာလာ၊

၂။ မင်္ဂလာသိမ်မြတ်၊

၃။ ပိဋကတ်ရွှေတိုက်၊

၄။ တလိုက်မျှော်စဉ်၊

၅။ ထွက်ဝင်ရပ်ခြား၊ တိုင်းတပါးမှ၊ တရားနက်လေး၊ ဆွေးနွေးနိုင်ရန်၊ ရည်စိတ်သန်၍၊ ဧည့်ခံဝတ်ရုံ။

၆။ ရွှေဘုံစံကျောင်း၊

၇။ မြေညွှတ်စောင်းမျှ၊ အပေါင်းကမ္မဋ္ဌာန်း၊ ကျောင်းသင်္ကန်းဟု၊ ပြဋ္ဌာန်းညွှန်ပြ၊ ခုနစ်ဌာနတို့ဖြင့်၊ သာသနာ့ရိပ်သာ၊ ဖြစ်စိမ့်ငှါလျှင်၊ သဒ္ဓါနှလုံး၊ လက်လက်ငြိ၍၊ မိမိတို့၏နေဟောင်းဌာန၊ မောရဂိဝါ၊ ကုန်းမြေသာဟု၊ ဟာမစ်တစ်လမ်းရှိ၊ (၅) ကေခွဲခန့်ကျယ်ပြန့်သောမြေအရပ်ကို၊ မကပ်မချွေ၊ ကင်းစင်စေ၍၊ သုံးထွေစေတနာ၊ ဖြောင့်ညီစွာလျှက်....၁၃၁၀-ခုနှစ်၊ နတ်တော်လဆုတ် ၅-ရက်နေ့ဝယ်၊ လွှ လွှ သဒ္ဓါ၊ လှူဆော်ကာဖြင့် မဟာဗောဓိ၊ ပဏိဓာန၊ အာသီသလျှင်၊ ပြည့်ဝစေရေး၊ မျှော်ထောက်တွေး၍၊ သူဌေးကြီး(ဆာ)ဦးသွင်၏ ခုနစ်ဆယ်ပြည့်မွေးနေ့အထိမ်းအမှတ်၊ သတိချပ်ပြီးလျှင်၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးသို့ လှူဒါန်းအပ်နှင်းခြင်းဖြင့် သေဌ္ဌနင်းမြတ်စွာ၊ သာသနာဝယ်၊ ရိပ်သာ ထွန်းတောက်၊ အထမြောက်အောင်၊ တည်ဆောက်စဖန်ကြပါသတည်း။

ရိပ်သာဘုံပျံ၊ ဆောက်လုပ်ရန်ကို၊ တည်ဖန်သည်မှ၊ လက်မွှန်စ၍၊ နဝတာလီ၊ ဂဏ်ပြည့်ညီအောင်၊ ဗျာဂီလေးနက်၊ ဓမ္မစက်ကို၊ သကျပုတ္တိယော်၊ ထေရ်ကျော်အများ၊ ရှင်တို့အားလျှင်၊ ရွတ်ပွါးသရဇ္ဈာယ်တော်မူစေခြင်းစသည်တို့ဖြင့်၊ ပုဗ္ဗပရိကံ၊ စီမံပြီးပြေလည်သောအခါ၊ သာသနာ၏ မဟာပဓာန။ မူလအချုပ်၊ သိမ်သမုတ်ရန်၊ အချိန်တန်ပြီကို၊ ဝေဘန်ပိုင်းခြား၊ အသင်းသားတို့၊ မပြားနှလုံး ရွှင်ပြုံးကြည်မော၊ သဘောတူညီခွင့်ပြုချက်အရ၊ ဥက္ကဋ္ဌကြီး (ဆာ) ဦးသွင်ကပင်၊ သိမ်ဒါယကာပြုလုပ်ရန်နှစ်သက်စွာတာဝန်ယူ၍....

နိုင်ငံတော် သမတကြီးထံသို့
၁၉၄၉-ခု၊ ဖေဖော်ဝါရီလ (၂၄)ရက်
ဗုဒ္ဓသိမ်သမုတ်ရန် လျှောက်လွှာ

ထံသို့ ....

(မြေအရေးပိုင်မင်း)
စည်ပင်သာယာရုံးတော်

ဗုဒ္ဓသိမ်သမုတ်ရန် ပူးတွဲပါမြေပုံအရ၊ ရန်ကုန်မြို့ တာမွေတိုက်နယ်၊ ရပ်ကွက် (၃၅-အီ ၁)မြေရေိယာ အလျားပေ(၆၀) အနံပေ(၅၀)ရှိ၊ ပိုင်းခြားသတ်မှတ်အပ်ပြီးသောအရပ်ကို၊ ပကတိဂါမမူလရွာမှထုတ်၍၊ ဝိသုံဂါမဘောဇက အသီးအခြား ရွာစားခန့်အပ်ပေးသနားရန် လျှောက်လွှာတင်သွင်းပါသည်။

| **အခွင့်ပြုသူလက်မှတ်** | **လျှောက်လွှာတင်သူလက်မှတ်** |
| --- | --- |
| (ပုံ) ဦးတင်(ဘဏ္ဍာရေးဝန်ကြီး) | (ပုံ) ဆာဦးသွင် |
| ဒုတိယ ဥက္ကဋ္ဌ | အမှတ် ၂၆-ဝင်ဒါမီယာကရိဆင့် |
| ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့။ | ရန်ကုန်မြို့။ |

ဤ မိတ္တူလွှာစာပါအတိုင်း ဂိုဏ်းပေါင်းစုံ မဟာနာယကဆရာတော်ကြီးတို့ ဝိနည်းတော်နှင့်အညီ စီမံရေးဆွဲအပ်သော လျှောက်လွှာပုံစံအရ၊ ဝိသုံဂါမဘောဇက ခံယူသောအခါ၊ သာသနာတော်အရေး ဖင့်မနေးဘဲ၊ အားပေးပြုစုတော်မူလေ့ရှိသော နိုင်ငံတော်၏အစစ္စာ သမတကြီး စပ်ရွေသိုက်ကလည်း—

**ဗုဒ္ဓသိမ်သမုတ်ရန် မြေပေးအမိန့်တော်**

မြန်မာနိုင်ငံတော်အထက်ပိုင်း မြေခွန်တော် နည်းဥပဒေ(၅၃-က) မြန်မာနိုင်ငံတော် အောက်ပိုင်းနည်းဥပဒေ ၃၄(က)၊ မြန်မာနိုင်ငံတော် အောက်ပိုင်းမြို့ရွာရှိ မြေရာနည်းဥပဒေ ၅၂။

ရန်ကုန်မြို့ ဝင်ဒါမီယာကရိဆင့် အမှတ် ၂၆-နေ၊ လျှောက်ထားသူ ဆာဦးသွင် နာခံရမည်မှာ····ရန်ကုန်မြို့ တာမွေတိုက်နယ် မြေတိုင်း ရပ်ကွက် အမှတ်(၃၅) (အီ၊၁) မြေကွက် အမှတ် ၅၅-(အေ)တွင် တည်ရှိ၍ ပူးတွဲပါမြေပုံအရ၊ အောက်ပါနိမိတ်များအတွင်း ပိုင်းခြားသတ်မှတ်ထားသော ဧက(၀·၆၉)ရှိမြေသည်၊ ပကတိဂါမမူလ ရွာမှ

ဝိသုံဂါမ အသီးအခြားရွာတခုဖြစ်စေ၊ ဤ ပိုင်းခြားသတ်မှတ်ပြီးသော အသီးအခြားအရပ်ကို လျှောက်ထားသူ ဆာဦးသွင်အား ဝိသုံဂါမ ဘောဇက အသီးအခြား ရွာစားအဖြစ်ဖြင့် ခန့်အပ်ပေးသနားတော်မူသည်။

လျှောက်ထားသူ ဆာဦးသွင်က၊ ဝိသုံဂါမဘောဇကအသီးအခြား အသနားတော်ခံစေ····

**နယ်နိမိတ်များ**

မြောက်အလား··· ····
တောင်အလား···· ····
အနောက်အလား- ····
အရှေ့အလား···· ····

အသနားခံရသည့်မြေကို ဗုဒ္ဓသိမ်သမုတ်ရန် အသုံးမပြုလျှင် အသနားတော် မူရင်းအတိုင်း အမိန့်တော်မှာပျက်စေ။

စပ်ရွှေသိုက်
နိုင်ငံတော် ယာယီသမတ
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရက်စွဲ ၁၃၁၀-ခုနှစ်၊ ၁၉၄၉-ခုနှစ် မတ်လ ၁၆-ရက်နေ့။

ဤ မိတ္တူလွှာစာပါအတိုင်း မဆိုင်းပြည့်စုံ အချိန်ကိုမကုန်စေဘဲ ဝိသုံဂါမ ဘောဇက သီးခြား၊ ရွာစားစင်စစ်၊ ဖြစ်ပစေတည့်၊ စိတ်တော်ရှိ၍၊

အယမ္ပိ ဝိသုံဂါမော ဟောတုတိ ရာဇာ ကသ္မိ ဒေတိ။

ပါဠိဝဏ္ဏနာ အဋ္ဌကထာပါဌ် ကျမ်းဂန်နှင့်ညီညွတ်အောင် ခန့်အပ်ပေးသနားတော်မူပါသတည်း။

အင်္ဂါစုံညီ၊ ဂဏ်ပြည့်ညီ၍၊ ပြည်ထောင်တည်လစ်၊ ဤတခေတ်ဝယ်၊ စံနစ်ပုံမှီ၊ ခုံကြီးတည်လောက်အောင်၊ ပီပြင်နက်လေး၊ ဝိသုံဂါမ အမိန့်တော်ပေးသဖြင့် ရှေးမဆွကပင်၊ သီမာယ သီမံ သမ္ဘိန္ဒန၊ သီမာယ သီမံ အဇ္ဈောတ္ထရဏ ဒေါသ မသင် ပြစ်ကင်းစင်အောင်၊ အရှင်ကောဏ္ဍညာဘိဝံသ၊ အမည်တော်ရသော၊ သံဃနာယက၊ သံဃဥက္ကဋ္ဌ၊ ရန်ကုန်နေပြည်တော်၊ ဘုရားကြီးကျောင်းတိုက်

မထေရ်မြတ် စောင့်ကြပ်မတ်၍၊ ခရုပတ်ပျားကြီး၊ တနည်းခြင်္သေ့တိုင်၊ ခရိုင် နယ်ပြတ်၊ ထောင့်တန်းပြတ်၊ ရက်ကန်းခတ်၊ မှတ်ဘွယ်အသီးသီး၊ သိမ်နုတ်နည်းတို့ဖြင့် နုတ်ပြီးနှင့်သော မြေအရပ်ဝယ်၊ ထပ်လှောက်ဆင့်ကာ၊ ဝိနယာလက်ာရ ဋီကာအထွက် ညောင်စောင်းကွက်တို့ဖြင့်၊ လက်ျာရစ်ခွေပတ် သုံးကြိမ်စပ်အောင်၊ ရွတ်ဘတ်ညီညာ ကမ္မဝါဖြင့်၊ သီမာသမုဟနန၊ ပုဗ္ဗဘာဂပရိကံ၊ စီမံပြီးပြေလတ်သည်ရှိသော်။

နေပြည်တော်အရပ်ရပ်၊ ကိန်းပျော်လတ်သား၊ တိုက်ကြပ်တိုက်အုပ်၊ ဂိုဏ်းချုပ်စာချ၊ နာယကဟု၊ သာသနာဘာရဝါဟီ၊ အာဇာနည်ဇာတ်(၁၂၀)သောမထေရ်မြတ်တို့ကို၊ ရှိညွတ်ခြေင်၊ လျှောက်တောင်းပန်၍၊ သိမ္မလူလင်၊ မြေအပြင်၌၊ စုံလင်တပြေး၊ စည်းဝေးတော်မူကြသောအခါ၊ ဦးစွာမဆွ၊ ပဌမ၌၊ သံဃပုဂ်ပေါ်၊ ကျေးဇူးကျော်သော။

(၁) နော်မံကျောင်းကြီးတိုက်ဆရာတော် ဦးဉာဏမထေရ်မြတ်သည်၊ အရှေ့အရပ်၊ လက်မွှန်စ၍ ပါသာဏနိမိတ္တ၊ ပုဗ္ဗကိတ္တိက၊ ဌာနတိုင်လတ်လက်ျာပတ်၍၊ လေးရပ်နယ်တောင်၊ စပ်အောင်နိမိတ်ကြားခြင်း။

ထို့အတူ····

(၂) တောင်အရပ်မှစ၍ တာမွေသိမ်ကုန်းဆရာတော် ဦးရေဝတ။
(၃) အနောက်အရပ်မှစ၍ ဥယျာဉ်တိုက် လေသာဆရာတော် ဦးမေ္ဓက။
(၄) မြောက်အရပ်မှစ၍ သရက်တောတိုက် သာသနာလက်ာရဆရာတော်။
(၅) ‐ အလယ်အရပ်မှစ၍ အလုံ ဇောတနာရာမ ဆရာတော်။

နိမိတ်စောင့်····

(၁) အရှေ့မှ ဘုရားကြီးတိုက် ဦးကုသလ။
(၂) တောင်အရပ်မှ ဘုရားကြီးတိုက် ဦးအာဒိစ္စ။
(၃) အနောက်အရပ်မှ ဘုရားကြီးတိုက် ဦးသာဂရ။
(၄) မြောက်အရပ်မှ ဘုရားကြီးတိုက် ဦးကောသလ္လ။

ဤမထေရ်မြတ်တို့လည်း စပ်အောင် နိမိတ်ကြားခြင်းတို့ဖြင့် သေဌ်နင်း ဘုန်းလျှံ၊ ဟောမိန့်ညွှန်သော....ပဌမံ နိမိတ္တာ ကိတ္တေတဗ္ဗာ။

ဒေသနာတော်အရ၊ နိမိတ္တကိတ္တနအမှုကို ပြုလုပ်ပြီး ပြေ အောင်မြင်စေ၍၊ နိမိတ္တေ ကိတ္တေတွာ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော။ ခန္ဒကအလာ ဒေသနာတော်မြတ်၊ ပါဠိရပ်နှင့် သမသတ်ညီလျော်အောင်........

(၁) နော်မံကျောင်းကြီးဆရာတော် ဦးဉာဏ။
(၂) ဥယျာဉ်တိုက် လေသာဆရာတော် ဦးဓမ္မိက။
(၃) တာမွေ သိမ်ကုန်းဆရာတော်။

ဤဆရာတော် မထေရ်မြတ်တို့သည်၊ ဆယ်ရပ်သောဗျူဠနဗုဒ္ဓိ အက္ခရာတိုင်း မိစေလျက်၊ ဥတ္တိ ဒုတိယ ကမ္မဝါစာဖြင့် ဦးစွာအစ၊ သမာနသံဝါသက သိမ် သမုတ်ခြင်း။

ထို့အတူ····

**ဒုတိယအကြိမ်**

(၁) ကြည့်မြင်တိုင် ပြည်လုံးချမ်းသာ ဆရာတော်။
(၂) ကြည့်မြင်တိုင် ဝေဠုဝန် ဆရာတော်။
(၃) ဗဟန်း ဝေဠုဝန် ဆရာတော်။

**တတိယအကြိမ်**

(၁) သပြေတောရ ဆရာတော်။
(၂) မြန်အောင် ဆရာတော်။
(၃) ကျားကူး ဆရာတော်။

**စတုတ္ထအကြိမ်**

(၁) ပါဠိ ဆရာတော်။
(၂) ဒေးဒရဲ ဦးသီဟ ဆရာတော်။
(၃) ရွှေဘုန်းပွင့် ဆရာတော်။

**ပဉ္စမအကြိမ်**

(၁) အလယ်တောရ ဆရာတော်။
(၂) သရက်တောတိုက် ပိဋကတ်တိုက်သစ် ဆရာတော်။
(၃) ကြည့်မြင်တိုင် ဇေယျဝတီ ဆရာတော်။

**ဆဋ္ဌမအကြိမ်**

(၁) အောင်မြေဘုံစံ ဆရာတော်။
(၂) ဗားကရာတောရ ဆရာတော်။
(၃) ဗဟန်း မစိုးရိမ်ကျောင်း ဦးမေဓာဝီ။

**သတ္တမအကြိမ်**

(၁) သရက်တောတိုက် တောင်ဘီလူး ဆရာတော်။
(၂) မလွန်ကုန်း မင်္ဂလာသုခ ဆရာတော်။
(၃) ပုဇွန်တောင် မြသိန်းတန် ဆရာတော်။

**အဋ္ဌမအကြိမ်**

(၁) အရှင်အာဒိစ္စဝံသကျောင်းတိုက် ဆရာတော်။
(၂) သရက်တောတိုက် ဓမ္မာလင်္ကာရ ဆရာတော်။
(၃) ဘောက်ထော် ဦးဝဏ္ဏ ဆရာတော်။

**နဝမအကြိမ်**

(၁) စလင်း ဆရာတော်။
(၂) ဘုရားကြီးတိုက် ဦးအာစိဏ္ဏ ဆရာတော်။
(၃) ပဌာန်းဆရာတော် ဦးနာရဒ။

ဤသို့လျှင် (၉)ကြိမ်(၉)ထပ် ခိုင်မြဲလတ်အောင်၊ စောင့်ကြပ်သတိ၊ လုံးတိုင်းမိစေ၍၊ အာဒိကမ္မ၊ သမာနသံ၊ သိမ်သမုတ်ခြင်းကိစ္စကို (၈)နာရီ ၃၅-မိနစ်အချိန်ထမြောက်ပြီးပြေ အောင်မြင်စေ၍၊ အဝိပ္ပဝါသ သိမသမုတိကံ ဆောင်တော်မူသောအခါ၌လည်း—

**ပဌမအကြိမ်**

(၁) သရက်တောတိုက် သာသနာလင်္ကာရ ဆရာတော်။
(၂) သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဆရာတော်။
(၃) သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဦးသြဘာသ။

**ဒုတိယအကြိမ်**

(၁) ဦးအရိယတိုက် ဦးပညာဝံသ ဆရာတော်။
(၂) ကန်ဦးကျောင်း ဆရာတော်။
(၃) သရက်တောတိုက် နှစ်ကျိပ်ရှစ်ဆူ ဦးသောဘဏ။

**တတိယအကြိမ်**

(၁) နော်မံကျောင်းကြီး ဆရာတော်။
(၂) လေသာ ဆရာတော်။
(၃) တာမွေ သိမ်ကုန်းဆရာတော်။

ဤသို့လျှင် သုံးထပ်သုံးကြိမ် (၉)နာရီ ၅-မိနစ် ပြီး၏။ အဝိပ္ပဝါသ သိမ်သမုတ်ခြင်းတို့ဖြင့် လူမင်းမြတ်စွာ၊ သာသနာဝယ်၊ မဟာရထ၊ ဒုတိယကလျာဏီ၊ ခေါ်တွင်ညီလောက်သော ဤသာသနမလဝိသောခနီ၊ ဘွဲ့မည်ထိန်လျှပ်၊ သိမ်တော်မြတ်သည်၊ လူနတ်နမော်၊ ကောင်းကြီးခေါ်၍၊ သာသနာတော်နှစ် ၂၄၉၃-ခု၊ ကောဇာသက္ကရာဇ် ၁၃၁၀-ခုနှစ်၊ ဦးတန်ခူးလဆုတ် ၅-ရက်နေ့နံနက် စက် (၉) နာရီ ၅-မိနစ်အချိန်ဝယ်၊ ဒါယကာတို့ပက္ခ လူဘက်မှလည်း—

(၁) မူလသိမ်ဒါယကာသူဌေးကြီး(ဆာ)ဦးသွင်-သူဌေးကတော် ဒေါ်ဒေါ်သိန်း သားသမီးတစုတို့ကလည်း၊ နိဗ္ဗူခေမာ၊ ဆုရွေကာဖြင့်၊ ပူဇာဝိသေသ ဒါနမင်္ဂလာ၊ ဖြစ်စိမ့်ငှာဟု၊ ပင့်သံဃာ (၁၂၀)တို့အား နိကာယ်မဋ္ဌိမ မူလပဏ္ဏာသဋ္ဌကာ၊ ကျမ်းရွှေစာနှင့် နာရီ ခါးပိုက်ဆောင်၊ သံဃာစေ့အောင် လှူဒါန်းခြင်း၊

(၂) ဆွမ်း ခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် သဒ္ဓါလှလှ ဆွမ်းပြုစုခြင်း၊

(၃) သိမ်တော်မြတ်၏ မြောက်အရပ် အရှေ့အရပ်တို့၌ အမှတ်အသား၊ နယ်အလားကို၊ နယ်ခြားပိုင်ပိုင်၊ သိစေနိုင်အောင်၊ ကျောက်တိုင်မော်ကွန်း စိုက်ထူခြင်း၊

(၄) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးမှလည်း တောင်အရပ်၌ အမျိုးသားတို့၏ ကောင်းမှု၊ အနောက်အရပ်၌ အမျိုးသမီးတို့၏ ကောင်းမှု၊ မော်ကွန်း ကျောက်စာတိုင် စိုက်ထူခြင်း၊

တို့ဖြင့် လင်းလင်းသမ္ဘဇဉ်၊ ကိုယ်စီယှဉ်၍၊ ခေမင်ကြငှန်း၊ နိရော်နန်းသို့၊ စောင်းတန်းလှေခါး သွယ်ကြသတည်း။

**ဆုတောင်းနှင့် အမျှဝေ**

စေတနာစဉ်စီ၊ သမ်ဂီတည့်၊ ပါရမီစိတ်သန်၊ တိဟိတ်ဉာဏ်ဖြင့်၊ နိဗ္ဗာန်လှေခါး၊ ပွင့်စေသားဟု၊ ပွါးများလေ့လာ၊ ပြုခဲ့ပါသော၊ သာသနာနုဂ္ဂဟ၊ မြတ်ပုညကြောင့်၊ ဆန္ဒရှိရှိ၊ အားသစ်ဘိသား၊ ဗောဓိဆုကြီး၊ ရွယ်တိုင်းပြီး၍၊ ရှစ်ထီးမင်္ဂိုလ်၊ ဖွင့်ရလို၏၊ ထိုကုသလ၊ ဘို့ဘာဂကို၊ သမ္မတရာဇာ၊ ဗောဓိလျာလျှင်၊ ပဌမာဒိက၊ လက်မွန်စ၍၊ မြန်မာ့ပြည်ထောင်၊ တိုင်းရပ်ဘောင်၌၊ တောင်ပေါ်တခွင်၊ မြေပြန့်လွင်ဝယ်၊ လူရှင်အပေါင်း၊ ရစေကြောင်းဖြင့်၊ နှစ်ထောင်းကြည်ဧ၊ အမျှပေး၏၊ တေးဘုံရပ်သူ၊ နတ်နှင့်လူလည်း၊ ထပ်တူကြည်ဖြူ၊ ရစေဟူ၍၊ နိဗ္ဗူဗီဇ၊ မျိုးစေ့ငှာသည်၊ အမျှ....အမျှ....အမျှ ရကြသည်ဖြစ်စေသောဝ်။

**လှူဘွယ်ပစ္စည်းတို့ဖြင့် လှူဒါန်းခြင်း**

သာသနမလဝိသောဓနီ သိမ်တော်ကြီး အောင်မြင်ပြီးစီးပါကြောင်း။ ဇေယျမင်္ဂလာ ထောမနာစာတမ်းကို ဘတ်ကြားပြီးသည်နှင့်တပြိုင်နက်၊ ရှင်ရောလူရော၊ သောသောခြိမ့်ခြိမ့်၊ နတ်ဒေဝါမကျန်၊သာခုသံဟစ်ကြွေးကြ၍၊ ကြေးစည်ခရုသင်းတို့ဖြင့် တီးမှုတ်ကြကာ ကြွရောက်လာတော်မူကြကုန်သော သံဃာတော် အရှင်မြတ်တို့အား သိမ်ဒါယကာ သူဌေးကြီး (ဆာ) ဦးသွင်-သိမ်အမကြီး သူဌေးကတော် ဒေါ်ဒေါ်သိန်း၊ သား တရားဝန်ကြီး ဦးစန်မောင်၊ သွေး တရားဝန်ကြီးကတော် ဒေါ်ခင်ခင်ကြီးတို့က ပိဋကကျမ်းစာများနှင့် ခါးပိုက်ဆောင်နာရီ အစရှိသော လှူဘွယ်ပစ္စည်းတို့ကို သံဃာစေ့ လှူဒါန်းကြပါသည်။

သံဃာတော် အရှင်မြတ်များနှင့် ကြွရောက်လာကြကုန်သော ပရိသတ်ထောင်ပေါင်းများစွာတို့အားလည်း ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ်ရသာတို့ဖြင့် ဆက်ကပ်ကျွေးမွေးပြီးကာ၊ သိမသမ္မုတိမင်္ဂလာကို အောင်မြင်စွာ နိဂုံးချုပ်ခဲ့ကြပါသည်။

**သိမ်တိုက်ကြီး တည်ဆောက်ခြင်း**

သိမ်ဒါယကာ သိမ်ဒါယိကာမဖြစ်ကြကုန်သည့် သူဌေးကြီး (ဆာ) ဦးသွင်အိမ်သားတစုတို့က ၁၃၁၂-ခုနှစ် တပေါင်းလမှစ၍ သိမ်တော်အုဋ္ဌတိုက်ကြီးကို စတင်တည်ဆောက်ခဲ့လေသည်။

၎င်းသိမ်တော်အုဋ္ဌတိုက်ကြီးမှာ သိမ်ဘုရားနှင့် တံကဲအပါအဝင် ကျပ်ပေါင်း (ခြောက်သောင်းခန့်) ကုန်ကျခဲ့လေသည်။

## သိမ်နိမိတ်တိုင် ဌာပနာခြင်း

**နိမိတ်လေးလီ မြတ်စေတီ**

အလျားပေ(၆၀) အနံပေ(၅၀)ရှိသော သာသနမလဝိသောဓနီ သိမ်တော်ကြီးကို သမုတ်ခဲ့စဉ်က သိမအဇ္ဈောတ္ထရဏ၊ သိမသမ္ဘေဒ အပြစ် ဒေါသတို့မှကင်းလွတ်ရန်အလို့ငှာ၊ သာသနာ ၅၀၀၀-မက တည်မြဲစေရန် ကွန်ကရစ်ကျောက်တိုင်တို့ဖြင့် အတွင်း၌ ဌာပနာတိုက် ၃-ဆင့်စီ အထူးစီမံစိုက်ထူအပ်ကုန်သော ထောင့်လေးထောင့်ရှိ သိမ်နိမိတ်တိုင်ကြီး လေးတိုင်ထိပ်တို့၌ ရွှေတိဂုံစေတီကဲ့သို့သော စေတီတော်များမတည်မီ အတွင်း၌ ဌာပနာသည့် ဌာပနာပွဲတရပ်ကို ၁၃၁၃-ခု၊ တန့်ခူးလဆန်း ၅-ရက်(၁၁-၄-၅၁)နေ့တွင် အတီးအမှုတ်အကအခုန် တူရိယာမျိုးစုံတို့ဖြင့် တင့်တယ်လျောက်ပတ် ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပြန်လေသည်။

ဤ သိမ်နိမိတ်မှတ်တိုင်များ စိုက်ရာတွင် သိမ်၏မြောက်အရပ် ထောင့်နိမိတ်မှတ်တိုင်နှင့် စေတီတော်ကို အမျိုးသားတို့အားငှင်း၊ သိမ်၏အရှေ့အရပ် ထောင့်နိမိတ်နှင့် စေတီတော်ကို အမျိုးသမီးတို့အားငှင်း၊ တည်ထား ပူဇော်ကြစေရန်နှင့် တောင်အရပ်နှင့် အနောက်အရပ်တို့၌ တည်ရှိသော နိမိတ်မှတ်တိုင်များ ထိပ်ရှိ စေတီတော်တို့ကို သိမ်ဒါယကာ သိမ်ဒါယိကာမများ ဖြစ်ကြသော သူဌေးကြီး (ဆာ) ဦးသွင်၊ သူဌေးကတော် ဒေါ်ဒေါ်သိန်းနှင့် သား-သမီးတို့က တည်ထား ပူဇော်ရန် ရည်သန်ခဲ့သည်အတိုင်းသိမ်၏ တောင်အရပ်ရှိစေတီတော်တွင်—

(၁) ဓာတ်တော် သုံးဆူနှင့် ရွှေကြုတ်၊
(၂) သဗ္ဗဌာနရုပ်ပွါးတော်များနှင့် နတ်မြဟ္မာများ၊
(၃) ကျောက်ဆင်းတုတော်လေးဆူ၊
(၄) ယိုးဒယားရုပ်ပုံနှင့် စေတီတော်၊
(၅) ဗုဒ္ဓပါဝစန ရေးထွင်းထားသောကြေးပြား၊
(၆) ဘုရားနှင့်အလောင်းတော်ပုံကား၊
(၇) ဗောဓိညောင်ရွက်၊
(၈) အရှင်ဥပဂုတ်၊
(၉) ယိုးဒယားအင်း၊
(၁၀) ခေတ်သုံး ငွေ ဒင်္ဂါးကျပ်ပြား၊ ငါးမူးပြား၊ မတ်စေ့၊ မူးစေ့၊ ပိုက်ဆံပြားတို့ကို ဌာပနာ ခဲ့လေသည်။

ဤဓာတ်တော်စသည်ကို ဌာပနာ သွင်းထားခြင်းကြောင့် ဤစေတီတော်ကို ဖူးမျှော်ပူဇော်ကြသော ပုဂ္ဂိုလ်များအား ကောင်းမှုအထူး ထက်သန်စွာ ဖြစ်စေနိုင်လိမ့်မည်ဟူ၍ငှင်း။ရှည်လျားစွာသော နောင်ခေတ်ကာလ၌ ဤဌာပနာပစ္စည်းများကို တွေ့ကြရသဖြင့် ယခုခေတ်ကာလ၏ အခြေအနေကောင်းကို ပြန်ပြောင်းလွမ်းတကာ မှန်းဆနိုင်ကြလိမ့်မည် ဟူ၍ငှင်း ရည်ရွယ်မြော်လင့်ကြောင်း ဖြစ်ပါသတည်း။

ဤသို့ ဌာပနာပွဲ ကျင်းပပြုလုပ်ပြီးနောက်၊ သိမ်နိမိတ်မှတ်တိုင်လေးတိုင် တို့၏၊ ထိပ်ထက်တွင်၊ ရွှေတိဂုံစေတီကဲ့သို့သော၊ ရွှေစေတီလေးဆူကို၊ သိမ်ဒါယကာ သူဌေးကြီး (ဆာ) ဦးသွင်ကိုယ်တိုင် ကြပ်မတ်၍ တည်ထား ကိုးကွယ်ခဲ့ပါသတည်း။

အံ့ဘွယ် ငါးဖြာ ဤသိမာ

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးရပြီးစ ခေတ်သစ်တွင်၊ နိုင်ငံတော်၏အစစွာ သမ္မတကြီးက အစစွာ ဂါမဘောဇက၊ သိမ်အမိန့်ပေး၍၊ ဝိသုံဂါမသိမ် အစစွာပေါ်ပေါက်လာခြင်း။

၂။ ပိဋကတ္တယ ကောဝိဒ၊ ဝိနယ ဆေက၊ ဝိနယဗျတ္တ၊ ဂိုဏ်းချုပ် ဂိုဏ်းအုပ် မဟာထေရ်ပေါင်း ၁၂၀-ကျော် ကြီးမှူး ခေါင်းဆောင်၍ အရံသံဃာတော် ထောင်ပေါင်းများစွာတို့ဖြင့် သမုတ်ခြင်း။

၃။ သိမသမုတိကံ အောင်မြင်ပြီးသည်နှင့် တပြိုင်နက်၊ ထိုသိမ်တော်အသစ် စက်စက်တွင် အာသံ-ချင်း-ကချင်-မြန်မာစသော လူမျိုးပေါင်းစုံ (၃၃) ပါး ပါဝင်သော၊ နာနာကုလပဗ္ဗဇ္ဇမင်္ဂလာ ရှင်ပြုပွဲကြီး ကျင်းပခြင်း။

၄။ ၎င်းလူမျိုးပေါင်းစုံ (၅) ယောက် ပါဝင်သော၊ နာနာကုလဥပသမ္ပဒကံ၊ ရဟန်းခံပွဲကြီး ကျင်းပကြခြင်း။

၅။ အထက်ပါမင်္ဂလာသုံးရပ်၊ အပြီးသတ်တွင်—

အကာလမေဃော၊အခါမဲ့မိုး၊သည်းထန်စွာ၊ရွာဖြိုးသွန်းချ၍၊ခဏနှင့်ရပ်စဲခြင်း စသော၊ သာသနစိရဋ္ဌိတိ၊ သာသနဝုဍ္ဎိ၊ သာသနဝိရုဠ္ဟိ သာသနဝေပုလ္လ၊ ပုဗ္ဗနိမိတ် ဝိသိဋ္ဌငါးဖြာ၊ အံ့ဘွယ်ရာတို့ဖြင့် မဖြစ်ဘူးမြဲ ထူးကဲဆန်းကြယ်စွာ ပေါ်ပေါက်လာကြပါသတည်း။

## နာနာကုလပဗ္ဗဇ္ဇာ

# တောင်တန်းသာသနာပြု အဖွဲ့ကြီးမှ ပြုလုပ်ကျင်းပသည့် ရဟန်းခံ ရှင်ပြုပွဲကြီးကို ဖွဲ့ချီးထောမနာအပ်သော စာတမ်း

(မင်းကွန်း ပဌမကျော် အရှင်ဝိစိတ္တသာရာဘိဝံသ
သကျသီဟ ပရိယတ္တိဓမ္မာစရိယ ဝင်္ဂသကာ ရေးသားတော်မူသည်)

သိဒ္ဓမ်—

အောင်သူတကာတို့၏၊ မဟာဝိဇယိန္ဒာဓိပတိ၊ သီရိပဝရ၊ တြေလောက ဝင်္ဂသကာ၊ ဝိဇယာဒိစ္စ၊ ဝိစိတ္တမှန်ကင်း၊ သုံးတိုက်တွင်းဝယ်၊ မင်းဆုံးဓမ္မရာဇ်၊ ဘုန်းလျှံသစ်သော၊ ရှင်ချစ်ပရမေ၊ ဘုရားသုံးလူ့ဆွေသည်····အောင်မြေမာရ်နှင်၊ ဗွေပလ္လင်၌၊ သံထင်ရိုက်ချုန်း၊ ယမိုက်ဘုန်းဖြင့်၊ တိုက်လုံးငြိမ့်တော၊ ကောင်းတင်းချွေစေလျက်၊ ဇေယျာဘိဇေယျ ဇေယျုက္ကဋ္ဌ၊ တေဇာဓိတေဇ တေဇုတ္တမ၊ အနုတ္တရဘွဲ့နံ၊ အောင်ပွဲခံ၍၊ ပလ်,နိမ်,စင်,ဃ၊ အ,မု,ရ,ဟ၊ သတ္တခုနစ်လီ၊ နောစာလီဝယ်၊ ယာယီမျှတ၊ မြိုက်သုခကို၊ နွေညသုံးဆောင်၊ ကိုယ်ကျိုးအောင်ခဲ့၍၊ သုံးဘောင်ရပ်သူ၊ နတ်နှင့်လူကို၊ ခေငူကြွင်နှန်း၊ နိဗ္ဗာန်နန်းသို့၊ ကိုယ်စွမ်းစိုက်ဆောက်၊ ဒယာထောက်၍ အရောက်ပို့ဆောင်တော်မူအံ့သောငှာ····ဗာရာဏသီ၊ အောင်ရပ်ပြည်သို့၊ ယာယီစက်ပန်း၊ ကွန့်ချီမြန်း၍၊ ငါးခမ်းဝဂ္ဂီ၊ မထေရ်တို့ကိုအစ၊ လက်မွန်ပြ၍၊ ယသသူဌေးသား၊ အမှူးထားသော၊ ငါးကျိပ်ငါးပါး၊ အမျိုးသားတို့ကို၊ တရားနက်လေး၊ မြိုက်ဆုပေးမှ၊ ဧဟိဘိက္ခု၊ ရဟန်းပြုပြီးလျှင်၊ နဒယာတော်၊ နှိုးပင့်ဆော်၍၊ နာပျော်ချီမြဲ၊ အင်္ဂါဖြင့်။ ။(စရထ ဘိက္ခဝေ စာရိကံ) မိန့်တော်ပြန်၍၊ နိုင်ငံထိုထို၊ ဥဒဟိုသို့၊ မင်္ဂဖိုလ်ရသ၊ မြိုက်ဩဇကို၊ ဝေငှပေးသနားတော်မူလိုရကား····တပါးတလမ်း၊ ကြွစေမြန်း၍၊ ရှစ်ခမ်းဒိသာ၊ ရပ်မျက်နှာမှ၊ ပဗ္ဗဇ္ဇာပေက္ခ၊ ဥပသမ္ပဒါပေက္ခ၊ ကုလပုတ္တအပေါင်း၊ ရှင်ရဟန်းလောင်းတို့ကို၊ လမ်းကြောင်းခေမာ၊ ရောက်စိမ့်ငှာဟု၊ ရဟန္တာမြတ်၊ ထေရ်ဥက္ကဋ္ဌတို့သည်၊ စောင့်ကြပ်ပိုက်ဖျား၊ မေတ္တာထား၍၊ ဘုရားထံမှောက်၊ စက်ရိပ်အောက်သို့၊ အရောက်ပို့ဆောင်ကြကုန်သတည်း။

ထိုရော်အခါ၊ မဟာမုနိ၊ တုမရှိသည်၊ ဒိသာတလင်၊ ရှစ်ရပ်ခွင်မှ၊ ရှင်ရဟန်းလောင်း၊ အမျိုးကောင်းသားတို့ကို၊ ဘုရားထံမှောက်၊ ရောက်အောင်ဆက်နှင်း၊ ပို့ဆောင်ကြဦးရသဖြင့်၊ ပဉ္စင်းလောင်းရှင်လောင်းတို့နှင့်တကွ၊ ဒီဃာသဝဘုန်း

ဇွန်း၊ ထေမွန်ရဟန်းတို့၊ ပင်ပန်းသည့်အရေး၊ မြော်ထောက်တွေး၍၊ ငြိမ်းဧ
ချမ်းသာ၊ ရောက်လေရာဝယ်၊ သာမဏေရ၊ ပဗ္ဗဇ္ဇနှင့်၊ ဥပသမ္ပဒကံ၊ ဆောင်နိုင်
ရန်အမှု၊ အခွင့်ပြုလိုသဖြင့်၊ ၊(အနုဇာနာမိ ဘိက္ခဝေ တုမှေ၀ ဒါနိ တာသု
တာသု ဒိသာသု တေသု တေသု ဇနပဒေသု ပဗ္ဗာဇေထ ဥပသမ္ပာဒေထ)
ရွှေနှုတ်တော်မြွက်ဟ၍၊ သာ၀ကတို့ကိုယ်တိုင်၊ ထိုထိုခရိုင်၌၊ ရှစ်ဆိုင်မဂ်ဖိုလ်၊
ထိုးရိပ်ညိုကို၊ လှုံခိုလိုတောင်း၊ ရှင်ရဟန်းလောင်းတို့အား၊ ဖြောင်းဖျသွန်သင်
ကာ၊ သာသနရိပ်သာ၌၊ သာမဏေရ၊ ပဗ္ဗဇ္ဇနှင့် ဥပသမ္ပဒဘုံရောက်၊ ခရီး
မြောက်အောင်၊ ချီးမြှောက်နိုင်ရေး၊ အခွင့်တော်ပေးလတ်သော်။

ရှေးရှေးသော သာသနာပြုဂိုဏ်းဝင်၊ အရှင်မြတ်တို့နှင့်တကွ၊ သာသန ဒါ
ယကာ၊ သာသနာပြု အမျိုးကောင်းသားသမီး၊ အသီးသီးတို့သည်၊ မီး ၁၁-တန်၊
ငြိမ်းရာမှန်သား၊ နိဗ္ဗာန်ရွှေဘုံ၊ ဆုညွှတ်ကုန်၍၊ ရှစ်စုံပရိက္ခရာ၊ ပစ္စည်းလေးဖြာကို၊
ဒါယကာတို့တာဝန်း၊ ဆက်လှူဒါန်း၍၊ ရဟန်းတို့ပက္ခ၊ ရှင်ဘက်မှလည်း၊ ဥတ္တိ
စတုတ္ထကမ္မ၀ါ၊ မဟာသရဏဂုံ၊ ဆယ်ပုံဗုဒ္ဓိ၊ လုံးတိုင်းမိအောင်၊ သတိမကွာ၊
ဘတ်ရွတ်ကာဖြင့်၊ ပဗ္ဗဇ္ဇာပေက္ခ၊ ဥပသမ္ပန္နအလျှာ၊ သမ္ဘာရင့်ညောင်း၊ ရှင်
ရဟန်းလောင်းတို့ကို၊ တောင်းတိုင်းကုံလုံ၊ အင်ပြည့်စုံ၍၊ ရှင်ဘုံသို့အရောက်၊
ရဟန်းအဖြစ်သို့တိုင်မြောက်အောင်၊ ချီးမြှောက်နဂ္ဂဟ၊ ထောက်ပံ့ကြသဖြင့်၊
ကာလမျက်မှောက်၊ ယနေ့ရောက်အောင်၊ ဘုန်းတောက်မြတ်စွာ၊ သာသနာ
သည်၊ ဘာရဝါဟ၊ သာသနာ့ဝန်ထမ်း၊ ရှင်ရဟန်းအဆက်ဆက်တို့ဖြင့်၊ တက်
သစ်နေဝန်း၊ ထွန်းစသော်တာ၊ ကဲ့ပမာသို့၊ ရှည်ကြာလေးမြင့်၊ အံ့ဘွယ်ဆင့်၍၊
တင့်တယ်ထိန်ဝင်းခဲ့ပါသတည်း။

ဤသို့လျှင်တည့်၊ ရှင်တော်မြတ်စွာ၊ သာသနာသည်၊ ခါတော်ခွန့်ရှည်၊
ကွန့်ကွန့်စည်၍၊ တည်နိုင်ရန်အကြောင်း၊ ကောင်းသောပစ္စည်း၊ နိဿရည်း
ကား၊ သိမ်းဆည်းကိုယ်နှုတ်၊ စိတ်ကိုချုပ်၍၊ သုဒ္ဓိသီလ၊ လွလွဖြူလွင်၊ သန့်သန့်
စင်သော၊ သံဃာတော်အရှင်မြတ်တို့၊ မပြတ်ထွန်းပေါ်၊ နွယ်တော်သက်ဆင်း၊
စောင့်ရှောက်ခြင်းလျှင်၊ ကြောင်းရင်းစစ်စစ်၊ ဧကန်ဖြစ်သည်ကို၊ နစ်နစ် နော
နော၊ သဘောပိုက်မိကြပါသော၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဂိုဏ်း
ပေါင်းစုံ မဟာသံဃာအဖွဲ့ချုပ်ကြီးနှင့်၊ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ကြီးတို့၌၊ ဦးစီးဂဏ်
အင်၊ ခံကြီးတင်ရသော အရှင်ဆရာတော်အပေါင်း ဒကာကောင်းတို့သည်၊
သောင်းသောင်းညီညာ၊ တိုင်ပင်ကာဖြင့်၊ သဒ္ဓါပြဋ္ဌာန်း၊ သာသနာပြုလုပ်ငန်း
ကို၊ စွမ်းစွမ်းတမန်၊ အားသန်ကြိုးကုတ်၊ ချွထွင်ပြုလုပ်လိုရကား ....

တောင်တန်းသာသနာပြုအဖွဲ့ကြီးကို၊ ဖွဲ့စည်းတည်ထောင်ကြပြီးခါ၊ အသော
ကရာဇာ၊ ကဲ့ပမာသို့၊ မြန်မာပြည်ထောင်စုအတွင်း၊ ချင်းနှင့်ကချင်၊ ကရင်

တောင်တန်း၊ ထိုထိုစခန်းသို့၊ ရဟန်းတော်ထေရ်၊ အာဇာနည်တို့ကို၊ သာကြည်နူးညွတ်၊ သာသနာပြုစေလွှတ်၍၊ ဝင့်မှထွက်ကြောင်း၊ တရားကောင်းတို့ကို၊ ဖြောင်းဖြောင်းဖျဖျ၊ ဟောညွှန်ပြသဖြင့်၊ လေးသောင်းမျှသော ပြည်ထောင်စုဘွား၊ တောင်ပေါ်သားတို့အား၊ ဘုရားမြတ်စွာ၊ သာသနာဝယ်၊ ဘာသာနက်စံ၊ အမြင်မှန်ကို၊ အမြန်ရစေ၊ ဖြန့်ချီဝေ၍၊ ခေမာခရိုင်၊ ရောက်သည့်တိုင်အောင်၊ ကြံ့ခိုင်တည့်ရိုး၊ မြန်မာလူမျိုးတို့၏၊ အဘိုးမပြတ်နိုင်သောမေတ္တာ၊ သဒ္ဓါစိတ်ရင်း နှလုံးသွင်းကို လင်းလင်းပြသခဲ့ပါသတည်း။

မဟာမြဟ္မစိုရ်၊ မေတ္တာပို၍၊ ကြည်ညိုလေးစား၊ မြန်မာများလျှင်၊ ဘုရားမြတ်စွာ သာသနာကို၊ သဒ္ဓါရှင်ပျို၊ ဖန်ဖန်ပိုလည်း၊ ငါတို့ရင်ဘွား၊ တောင်ပေါ်သားတို့၊ ဘုရားသာသနာ၊ ကြိမ်ခဲစွာဝယ်၊ သဒ္ဓါလှုလှု၊ ရဟန်းပြုမှ၊ မုနိဩဝါ၊ သာသနာသည်၊ ညွှန့်ဖြာဝေစည်၊ ငါတို့ပြည်၌၊ အရှည်ခိုင်ခံ့၊ တည်လတ္တံ့ဟု၊ ကြံ့ကြံ့စိတ်ထား၊ သဒ္ဓါပွါးကြသော၊ တောင်ပေါ်သား အမိအဘတို့သည်၊ ဩရသနှစ်ရင်မှဖြစ်သော၊ ချစ်ညွှန့်သည်းဖျား၊ သတို့သားတို့ကို၊ ဘုရားသာသနာတော်အတွင်း၊ သွတ်သွင်းချီးမြှောက်လိုမှုဖြင့်၊ သာသနာပြုအရှင်တို့ထံ၊ အပ်နှံနှင်းထား၊ လိုက်သည်များကို၊ ပိုက်ဖြားယုယ၊ စောင့်ရှောက်ကြ၍၊ မူလတည်ရာ၊ သာသနာပြုတောင်တန်းအဖွဲ့ကြီးသို့၊ ခရီးဝေးကွာ၊ ရောက်ဆိုက်လာကြသော၊ သာသနာဝံသ၊ ပဗ္ဗဇ္ဇအလျာ၊ သင်္ချာအပြား၊ (၃၃) ယောက်သော ကျောင်းသားတို့ကို၊ သီးခြားစာသင်ကျောင်း ဆောက်လုပ်၍၊ အုပ်ချုပ်ရေး ဆရာတော် ၁၀-ပါး၊ ရွေးချယ်ခန့်ထားပြီးလျှင်၊ စားသောက်ဝတ်ရေး၊ ကျန်းမာရေးအဝဝတို့ကို၊ အဖွဲ့မှတာဝန်ယူ၍၊ စင်ဖြူသော သမ္မာဒိဋ္ဌိ၊ ဇာတိအာစရ၊ ကုလပုတ္တတို့အား၊ ပို့ချရိုးအစဉ်အလာ၊ မဟာမင်္ဂလသုတ္တ၊ မဟာနမက္ကာရ ဤသို့စသား၊ ဗုဒ္ဓဘာသာသင်္ဂဟစာတို့ကို၊ အခါစာရင်း (၂)နှစ်တွင်းဝယ်၊ ချင်းနင်းပေါက်ရောက်၊ သင်ကြားတတ်မြောက်စေ၍၊ မျက်မှောက် ကြိမ်တွေ့၊ ဤယနေ့မှာမူ၊ ဘုန်းဟေ့ မြတ်မွန်၊ သာသနာဝန်ကို၊ အားသွန်ကြိုးပမ်း၊ ထမ်းနိုင်လောက်ပြီ၊ စွဲယုံကြည်လောက်သော၊ ပြည်ထောင်စုတောင်ပေါ်သား၊ ရဟန်းလောင်းသာမဏေ ၄-ပါး၊ ရှင်လောင်း ၂၉-ပါး တို့ကို၊ ထင်ရှားမျက်မြင်၊ သူတော်စင်တို့အား၊ လက်ငင်းဒိဋ္ဌ၊ ပစ္စက္ခပင်တင်ပြနိုင်သော အခြေသို့ရောက်၊ ပြီးမြောက်အောင်မြင်ခဲ့ပါသတည်း။

အဘိတ္ထရေထ ကလျာဏေ၊ ပါပါစိတ္တံနိဝါရယေ။ ။ဗျာဒွေးတော်စက်၊ ဟောမိန့်ချက်ကို၊ ထိပ်ယက်ရွှင်လန်း၊ ပန်ဆင်မြန်းကြသော၊ တောင်တန်းသာသနာပြုအဖွဲ့ဝင်၊ လူရှင်ပက္ခ၊ နှစ်ဘက်သော ဥက္ကဋ္ဌ တို့နှင့်၊ ဟိတကာရီ၊ သမ္မာဝသီဖြင့်၊ ဝါဒီမပြား၊ အမှုဆောင်အများတို့သည်၊ ဘုရားဇိနေ၁်၊ သာသနာတော်လျှင်၊ တောင်ပေါ်ဒေသ၊ ရပ်ဌာနတို့၌၊ မူလပင်စည်၊ အစွန့်ရှည်အောင်၊

တည်လိမ့်မဝေး၊ အနာဂတ်အရေးကို၊ တွေးတိုင်းကြည်လင်၊ တညီတညွတ်တည်း တိုင်ပင်၍၊ နောက်တွင် ဖော်ပြလတ္တံ့သော၊ သာသနာ့ဒါယကာ၊ သဒ္ဓါဖြူစင်၊ ကုသိုလ်ရှင်အပေါင်း၊ သူဟောင်ကောင်းတို့၊နှစ်ထောင်းအားရမ်း၊စိတ်ရွှင်လန်း၍၊ သက်န်းစသောပစ္စည်း၀တ္တု၊ ထောက်ပံ့မှုကို၊ ကုသိုလ်ကိုယ်ပွါး၊ စောင့်ရှောက်ထား၍၊ ၂၉-ပါး သော သာမဏေ လောင်းတို့ကို၊ ဗောင်းနားဒွောင်း စုံလင်၊ တန်ဆာဆင်ပြီးမှ၊သာဘင်ညိုးညံ၊ မိုးသို့လျှံမျှ၊အောင်သံနက်လေး၊မြဟ္မာတိုင်ကြွေး လောက်အောင်၊ လေးဆူဓာတ်ပို၊ ရွှေတိဂုံစေတီတော်မြတ်၊ ကိုးထပ်ကြီးဘုရား၊ ရုပ်ပွါးမာရ်အောင်၊ မိုလ်တထောင်–ဆူးလေ၊ စေတီလေးပါး၊ ရှင်တို့အားလည်း၊ ၀ပ်တွားကော်ရော်၊ ပူဇော်ကန်တော့ကြစေပြီးလျှင်။

ကြီးကျယ်ဆန်းပြား၊ ခမ်းအနားတို့ဖြင့်၊ လေးပါးသေနင်္ဂ၊ စစ်ကြီးချီသကဲ့သို့၊ ဤသာသနာ့ရိပ်သာ၊ မင်္ဂလာမဏ္ဍပ်၊ အောင်မြေရပ်သို့၊ ချဉ်းကပ်ရောက်အောင်၊ ကြဉ်းခဲ့ဆောင်၍၊ ပြည်ထောင်တည်လစ်၊ ဤတခေတ်၀ယ်၊ စံနစ်ယုံကြည်၊ ခံ့ကြီး တည်လောက်အောင်၊ ဤ ယခုနေ့မှ၊ သမုတ်၍ ပြီးသစ်စဖြစ်သော၊ (သာသနမလ ၀ိသောဓနီ) ဘွဲ့ထူးချီသား၊ ဤသာသနာ့ရိပ်သာ၊ မင်္ဂလာ သိမ်တော်မြတ်၀ယ်၊ လေးရပ်မြို့ပေါ်၊ ကိန်းမွေလျော်သည့် ထေရ်ကျော်သံဃာ (၁၂၅) ပါးမျှရှိသော အရှင်မြတ်တို့သည်၊ ဥတ္တိစာဘုတ္တ၊ ဥပသမ္ပဒကံ၊ စီမံစိုင်းပြင်း၊ ချီးမြှောက်ခြင်း ဖြင့်၎င်း၊ မဟာသရဏဂုံမြတ်၊ စလွယ်တပ်၍၊ ပဗ္ဗဇ္ဇသဘင်၊ ဆင်ယင်ကျင်းပခြင်း ဖြင့်၎င်း၊ တောင်တန်း သာသနာပြုအဖွဲ့ကြီးမှ၊ ဦးစီးစိုးကွပ်၊ စောင့်ကြပ်မတ်၍ ပဗ္ဗဇိတ ပရိက္ခရာလှူဘွယ်ရာတို့ကို၊ သဒ္ဓါပြဋ္ဌာန်း လှူဒါန်းဆက်ကပ်ခြင်း ဖြင့်၎င်း၊ စာရင်းဖော်ပြရာပါ၊ သာသနာပြု ကျောင်းတော်သား၊ ရှင်လောင်း ၂၇-ပါး၊ ရဟန်းလောင်း ၄-ပါးတို့ကို။ ဘုရားသာသနာတော်တွင်း၊ သွတ်သွင်းချီးမြှောက် ကြသော သာသနာနုဂ္ဂဟ ပုညမင်္ဂလာ။ မဟာကုသိုလ်မြတ်၊ အရပ်ရပ်သည်၊ လျောက်ပတ်အင်္ဂါ၊ ဘေးရန်ကွာ၍ (၁၃၁၁) ခု နှစ်ဦး၊ တန်ခူးလဆုတ် ၅-ရက် ၀ယ်၊ အထက် ယာမာ နတ်ခြောက်ရွာနှင့်၊ မြဟ္မာမဟာဂ္ဂုတ်၊ ဘ၀ဂ်လှုပ်မျှ၊ အုတ်အုတ်ထွေငေါ်၊ ကောင်းကြီးခေါ်လျက်၊ ဇေယျော်ဥဒါန်း၊ နှုတ်သံပြွမ်း၍၊ ဆုံးခန်းတိုင်လတ်ပါသတည်း။

## ရှစ်ခန်းတွဲအမျိုးသမီးယောဂီတိုက်တန်းလျား

တခန်းလျှင် ယောဂီ နှစ်ယောက်ကျဖြင့်၊ ယောဂီ ၁၆-ယောက် အတွက်၊ ရှစ်ခန်းတွဲ ကမ္မဋ္ဌာန်း တိုက်တန်းလျားကြီး တဆောင်ကို၊ ၁၃၁၀-ခု နှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သည်၊ ကုန်ကျငွေ ပေါင်း မှာ(၁၂ဂ၁၃-ကျပ်) ဖြစ်၍။

အောက်ပါဒါယကာရှစ်ဦးတို့က တခန်းစီ၊ တခန်းစီ ဒါယကာ ခံယူကြပါသည်။

၁။ ဟသ်ာတ ဦးမြနှင့်သားများကုမ္ပဏီ တခန်း။
၂။ ဦးဆင် ဒေါ်ငွေး ကုမ္ပဏီပိုင်ရှင် ဦးမောင်မောင် တခန်း။
၃။ ဦးမြရင်ကုမ္ပဏီ ဦးမြရင် ဒေါ်ဒေါ်ထွေးတို့က တခန်း။
၄။ ဦးဘိုးငြိမ်းကုမ္ပဏီပိုင်ရှင် ဦးသံဒိုင် ဒေါ်ဒေါ်တင်။
၅။ ချပ်သင်းသူဌေး ဦးဘတင် ဒေါ်ဒေါ်သိန်း။
၆။ စိန်ဘရားသားကုမ္ပဏီ ဦးဘိုးသီ ဒေါ်ငွေခင်။
၇။ ဆန်းကုမ္ပဏီ ဦးညွန့် ဒေါ်မြညွန့်။
၈။ ခူစွန်ဆိုင် လင်ကျိုကျန် တခန်းစီ။

အသီးသီးဒါယကာခံယူကြပါသည်။

## ဆယ်ခန်းတွဲကမ္မဋ္ဌာန်းတိုက်ကျောင်း (၁)


ရဟန်း ယောဂီ၊ လူယောက်ျား ယောဂီများ တရားအားထုတ် သီတင်းသုံး နေထိုင်ကြရန်အတွက်၊သိမ်တော်ကြီးတောင်ဘက်ရှိဆယ်ခန်းတွဲအလည်၌စင်္ကြံပါ ကမ္မဋ္ဌာန်း တိုက်ကျောင်းကြီးကိုလည်း ဆောက်လုပ်ခဲ့ပေသည်။ ငွေ ပေါင်း (၁၆၀၀၀)-ကုန်ကျ၍၊ရန်ကုန်မြို့ ကုန်ဈေးတန်း ဦးမြနှင့် သားများကုမ္ပဏီပိုင်ရှင် သူဌေး ဟသ်ာတဦးမြနှင့် ဒေါ်ဒေါ်ပု သားသမီး တစုတို့က ဆောက်လုပ်လှူဒါန်း ကြပါသည်။

## ဆယ်ခန်းတွဲတိုက်ကျောင်း (၂)


ရဟန်းယောဂီ၊ လူယောက်ျား ယောဂီများ တရားအားထုတ် သီတင်းသုံး နေထိုင်ကြရန် အတွက်၊ သိမ်တော်ကြီး တောင်ဘက်ရှိ ဆယ်ခန်းတွဲ (အလယ်၌ စင်္ကြံပါ) ကမ္မဋ္ဌာန်း တိုက်ကျောင်းကြီးကိုလည်း ဆောက်လုပ်ခဲ့ကြပါသည်။ ငွေပေါင်း (၁၇၀၀၀) ကုန်ကျ၍ ရန်ကုန်မြို့၊ ဆင်းဒဝစ်လမ်း အမှတ် ၂၆-နေ ကုန်သည်ကြီး ဦးချစ်မောင်နှင့် ဒေါ်သန်းမြင့် သား-သမီး တစုတို့က ဆောက်လုပ် လှူဒါန်းကြပါသည်။

## ဆယ်ခန်းတွဲအုဋ္ဌဂူအဝိုင်းကြီး

မိန်းမယောဂီများ တရားအားထုတ် နေထိုင်ရန် အတွက်၊ စံကျောင်းတော်၏ တောင်ဘက်အောက်ချိုင့်၌ ၁၃၁၂-ခုနှစ်တွင် ဆယ်ခန်းတွဲအုဋ္ဌဂူအဝိုင်းကြီး တဆောင်ကိုလည်း ဆောက်လုပ်ပြီးစီးခဲ့ကြရာ။ ငွေပေါင်း (၁၉၉၉၁-ကျပ်) ကုန်ကျခဲ့ကြပါသည်။




(ပုံ—၁၈)။ ။ဇေယျဝတီ သကြားစက်သူဌေးကြီး ကောင်းမှု ပိဋကတိုက်တော်ကြီး
(အကြောင်းအရာကို စာမျက်နှာ ၃၁-တွင်ရှုပါ)




C သာသနမလဝိသောဓနီ သိမ်တော်ကြီးပုံ (စာမျက်နှာ ၃၁-မှ ၄၅-အထိ ရှုပါ)




၁၀-ခန်းတွဲ ကမ္မဋ္ဌာန်းတိုက်ကျောင်း (၁) နှင့် (၂)
(အကြောင်းအရာကို စာမျက်နှာ ၅၀-တွင် ရှုပါ)



၁၀-ခန်းတွဲ (အမျိုးသမီး ယောဂီများအတွက်) အုတ်ဂူအဝိုင်းကြီး
(အကြောင်းအရာကို စာမျက်နှာ ၅၀-တွင် ရှုပါ)



နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ မော်ကွန်းတင် ဓမ္မာရုံကြီး



သာသနာ ၂၅၀၀–ပြည့် အထိမ်းအမှတ် ဥက္ကဋ္ဌကြီး ဆာဦးသွင်နှင့် လေဒီသွင်တို့
ကောင်းမှု ဆေးပေးဌာန အဆောက်အဦး ဖွင့်ပွဲ



သာသနာ့ရိပ်သာရှိ ရဟန်း၊ ရှင်လူ သူတော်သူမြတ်တို့အား အခမဲ့ ဆေး
ဝါးကုသ လှူဒါန်းလျက်ရှိသော ဆရာဝန်ကြီး၀ဏ္ဏကျော်ထင်ဦးမြင့်ဆွေ
(အမ်၊ဘီ၊ဘီ၊အက်စ်)အား ဆေးရုံဖွင့်ပွဲတွင် ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ
ဆာဦးသွင်က ရွှေတံဆိပ် ချီးမြှင့်နေပုံ

၃-၄-အခန်း နှစ်ခန်းအတွက် ဟသ်ာတမြို့ သံနှင့်သစ်ကုန်သည် အမိဒေါ်ဖွားအုံ၊ သား ကိုကျော်သာ၊ သ္မီးဒေါ်သစ်၊ ညီမ-မချစ် တို့က လှူဒါန်းကြပါသည်။

၅-အခန်းအတွက် ရန်ကုန်မြို့ ရွှေတောင်တန်း ဦးစစ်ကြူ၏ သား ဥက္ကံမြို့ ဦးဘမောင် ဒေါ်ကျင်ဝမ်တို့က လှူဒါန်းကြပါသည်။

၆။၇။၈။၉။၁၀။ အခန်းပေါင်း ၅-ခန်းအတွက် ဝါးခယ်မမြို့။ သင်္ဘောပိုင်သူဌေးကြီးဦးထော်ကင်း ဒေါ်မိနှင့်သ္မီး မမြင့်မြင့်၊ မခင်ခင်၊ သားမောင်ခင်အောင်တို့က လှူဒါန်းကြပါသည်။

## အနောက်ဘက်ဆယ်ခန်းတွဲ အုဋ္ဌတန်းလျား

မိန်းမယောဂီများ တရားအားထုတ် နေထိုင်ရန်အတွက် ၁၃၁၃-ခုနှစ်တွင် အုဋ္ဌဂူ အဝိုင်းကြီးဘက်သို့ မျက်နှာမူလျက် ဆယ်ခန်းတွဲ အုဋ္ဌတန်း လျားကြီးကို ဆောက်လုပ်ရာဝယ်၊ ငွေပေါင်း(၁၇၇၇၁-ကျပ် ၉-ပြား) ကုန်ကျပါသည်။

၎င်းကုန်ကျငွေများအနက်—

၁။ ရန်ကုန်မြို့ ဒါလဟိုဇီလမ်း အမှတ် ၇၇၀-၇၇၂- ဦးစစ်ကြူ၏ သ္မီး ဒေါ်အုံသူ-ဒေါ်ကြင်-သား မောင်သန်းထွင်တို့က တခန်း။

၂။ ၃။ ကြို့ပင်ကောက်မြို့ ဦးချက် ဒေါ်စောညောင်တို့က နှစ်ခန်း။

၄။ ရန်ကုန်မြို့ ဟာမစ်တိတ်လမ်း သာသနာ့ရိပ်သာ အနီး သခင်အုန်းနှင့် မအေးသင် သားသ္မီးတစုတို့က တခန်း။

၅။ ရန်ကုန်မြို့ ဘုန်းကြီးလမ်း၊ သစ်ကုန်သည် ဦးစံမောင်-ဒေါ်ဒေါ်စု တို့က တခန်း။

၆။ လေးမျက်နှာမြို့၊ ဒေါ်ဒေါ်သန်း က တခန်း။

၇-၈။ ပုသိမ်မြို့၊ ဒေါ်ဒေါ်မေက နှစ်ခန်း။

၉။ ရန်ကုန်မြို့ ဘုန်းကြီးလမ်း၊ဦးညွန့် ဒေါ်ချိချိတို့က တခန်း။

အသီးသီးကုသိုလ်ပါဝင်လှူဒါန်းကြပါသည်။

# အခန်း—၃

## တိုင်းကစရေ ရွေးချယ်ပွဲကြီး ပေါ်လာပုံနှင့် အောင်မြင်ပုံများ

၁။ တိုင်းကစရေ ပုဂ္ဂိုလ်ကျော်-ပေါ်ပေါက်လာရေးကို အဖွဲ့ဥက္ကဋ္ဌကြီးက ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီကပင် စီမံ စိုင်းပြင်ခဲ့ပုံ။

၂။ ပါဝဝစနဖြစ်သော ပိုင်ကတော်၏ ကျယ်ဝန်းနက်ရှိုင်းလှပုံ။

၃။ တိုင်းကစရေနှင့် အရိယာရဟန္တာတို့၏ ခြားနားချက်များ။

၄။ တိုင်းကစရေ ရွေးချယ်ရေးအဖွဲ့ခွဲနှင့် ရည်ရွယ်ချက်များ။

၅။ တိုင်းကစရေ ရွေးချယ်ပွဲ အခမ်းအနားကြီးများ။

# တိပိဋကဓရ ရွေးချယ်ပွဲကြီး

## စတင်ဖြစ်ပေါ်လာပုံ

မြန်မာနိုင်ငံတော်ရှိ တိပိဋကဓရ ဗိဇလောင်းများ ပါရမီရင့် ဉာဏ်ပွင့်လုနီး- အာဇာနည်ပုဂ္ဂိုလ်ကြီးတို့ကို အုပ်ဖုံးကာကွယ်ထားသည့် ပြာပုံပြာစု၊ ပြာအထုကြီးကို တိုက်ထုတ်ဖောက်ခွင်း တောက်ထိန်လင်းစေမည့် ပြဿနာ လေမုန်တိုင်းကြီးတရပ်ကား၊ လက်ာသိဃိုဠ်,ကျွန်းသီဟိုဠ်မှ, အလျှိုအလျှိုတိုက်ခပ်လျက်—

အိန္ဒိယ ဘင်္ဂလား ပင်လယ်အော်ကို ဖြတ်ကျော်၍၊ မြန်မာပြည်ပေါ်သို့ ကျရောက်ခဲ့လေသည်။ ထိုပြဿနာ လေမုန်တိုင်းကား-အခြားမဟုတ်၊ ဗုဒ္ဓသာသနာတော် အထွန်းကားဆုံးဟု ဆိုအပ်သော၊ မြန်မာနိုင်ငံတော်ကြီးတွင် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ ပုဂ္ဂိုလ်ကျော်များ ပေါ်ပေါက်ဘူးပါသလော ဟူသော သီဟိုဠ်ကျွန်းမှ မေးခွန်းပြဿနာကြီးပင် ဖြစ်တော့သည်။

ထိုမေးခွန်းပြဿနာကြီးသည် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီကပင်၊ မြန်မာပြည်သို့ ရောက်ခဲ့လေသည်။ ထိုစဉ်အခါ ပါဠိဆရာကြီး ဆရာဝက၊ မြန်မာပြည်တွင် မပေါ်ပေါက်ဘူးကြောင်းနှင့် ၎င်းသိသမျှ ဖြေဆိုပြန်ကြားလိုက်ခဲ့လေသည်။

ထိုသို့ ဖြေဆိုပြန်ကြားခဲ့သောအကြောင်းကို ကြားသိရသော သူဌေးကြီး ဆာဦးသွင် (ယခု နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဥက္ကဋ္ဌ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌနှင့် တိပိဋကဓရရွေးချယ်ပွဲ အဖွဲ့ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ)သည်၊ ပရိယတ္တိသာသနဂုဏဝိသိဋ္ဌအတွက် စိတ်စက်မမွေ့၊ မချမ်းမြေ့ဘဲ ရှိခဲ့ရလေသည်။

မြန်မာပြည်ကား-ဗုဒ္ဓသာသနာတော် အထွန်းကားဆုံးဖြစ်ခဲ့သည့် ပိဋကတ်သုံးပုံကို ထုံးလိုမွှေ့,ရေလိုနှောက် ပြောင်မြောက်လှစွာသော ဆရာတော် သံဃာတော်ပေါင်းများစွာ ရှိခဲ့သည်။ ပဥ္စမသံဂါယနာကြီးကိုပင် ဆင်ယင်နိုင်ခဲ့ကြပေသည်။

ထေရ်ကြီးထေရ်ငယ်များစွာရှိသည့် မြန်မာပြည်ရှိ စာပြန်ပွဲစာမေးပွဲ အမျိုးမျိုးရှိရာ၊ မည်မျှခက်ခဲစေကာမူ၊ စာပြန်ပွဲများအလိုက် အကျော်အမော် မထေရ်ကျော်များ ပေါ်ပေါက်လျက် ရှိသည်။

တိပိဋကဓရ ပုဂ္ဂိုလ်ကျော်ကား၊ ၎င်းစာမေးပွဲမျိုး မရှိ၍သာ မပေါ်ပေါက်ရခြင်းဖြစ်သည်။ အကယ်၍ တိပိဋကဓရ စာမေးပွဲ ပြုလုပ်ပေးကြပါက၊ မုချ ပေါ်ပေါက်ရမည်ဟု တွေးတောမြော်မြင်၍ ယုံကြည်မိပါသည်။

သို့တွေးတောကြံဆ ယုံကြည်မိသည့်အတိုင်း၊ တိပိဋကဓရရွေးချယ်ပွဲကြီးပြုလုပ်ပေးရန် ဆရာဝ စသော ပညာရှိကြီးများနှင့် စတင်တိုင်ပင်ခဲ့လေသည်။

ထိုတိပိဋကစရေစာမေးပွဲကြီးကိုကျင်းပပြုလုပ်နိုင်ကြပါက၊မိမိတဦးတည်းကပင် ဆွမ်းကွမ်းစသည့် ဒါယကာခံ၍ ကျင်းပလိုကြောင်းကို စေတီယင်္ဂဏ စာပြန်ပွဲ နာယက ဆရာတော်ကြီးများအား၊ စေတီတော်ယင်ပြင်ရှိ စေတီယင်္ဂဏ အသင်း တိုက်ပြုလုပ်ထားသော ဒေါ်ဖွားကောင်းမှု ထီးတော်ရုံကြီး၌၊ ဒုတိယ ကမ္ဘာစစ် မဖြစ်မီ ထိုအချိန်ကပင် တိုင်ပင်လျှောက်ထား ကြိုးစားခဲ့ဘူးလေသည်။

သို့သော် ထိုအချိန်ကပင် တိပိဋကဓရဖြေဆိုနိုင်သူ ပါရမီထူးများနှင့် ဒါယကာ ထူးများလည်း အသင့်ရှိနေကြပါလျက်၊ လွတ်လပ်ရေးရချိန်, ဗုဒ္ဓဘာသာအစိုးရမင်းကောင်း များ ပေါ်ပေါက်ချိန်, သာသနာ ၂၅၀၀-ပြည့်ချိန်, ဆဋ္ဌသံဂါယနာတင်ချိန်, တည်းဟူသော အခွင့် ကောင်း အခါကောင်း အချိန်ကောင်းကြီးများသို့ မနီးကပ်သေးသောကြောင့်၊ ခေတ်၏အခြေအနေအရ ထိုစဉ်အခါက တိပိဋကဓရ စာမေးပွဲကြီး ကျင်းပရန်ကို ပင် ဆောင်ရွက်ရန် အခွင့်မရခဲ့ကြပါ။

## ပိဋကတ်တော်သုံးပုံ၏ အတိဂန္တိရအနက္ခန္ဓယ

ပိဋကတ်သုံးပုံဆိုသည်မှာ အကျဉ်းချုပ်အားဖြင့် သုတ္တန္တပိဋက, အဘိဓမ္မာ ပိဋက, ဝိနယပိဋကဟူ၍ သုံးပုံဖြစ်သည်။ အတန်ငယ်ချဲ့သော် ဝိနည်း(၅)ကျမ်း၊ သုတ်(၃)ကျမ်း၊ ပဏ္ဏာသ(၃)ကျမ်း၊ သံယုတ်(၅)ကျမ်း၊ အင်္ဂုတ္တိုရ်(၁၁)ကျမ်း၊ ခုဒ္ဒကနိကာယ်(၂၀)ကျမ်း၊ အဘိဓမ္မာ(၇)ကျမ်းဟူ၍ ပေါင်း (၅၄)ကျမ်း ရှိပါ သည်။

**ဝိနယပိဋက**

ထိုပိဋကတ်သုံးပုံ (၅၄)ကျမ်းဆိုသည်မှာ ဝိနယပိဋက (၅)ကျမ်းတွင် (၁) ပါရာဇိကပါဠိ၊ (၂) ပါစိတ္တိယပါဠိ၊ (၃) မဟာဝဂ္ဂပါဠိ၊ (၄) စူဠဝဂ္ဂပါဠိ၊ (၅) ပရိဝါရပါဠိဟူ၍ ကျမ်းအားဖြင့် (၅)ကျမ်း၊ (ဆဋ္ဌမူ)စက္ကူစာအုပ်ရေအား ဖြင့် (၅)အုပ်၊ စာမျက်နှာအားဖြင့် ပေါင်း(၂၂၆၀)ရှိပါသည်။

**ဒီဃနိကာယ်**

ဒီဃနိကာယခေါ် သုတ်(၃)ကျမ်းတွင် (၁) သီလက္ခန္ဓဝဂ္ဂပါဠိ၊ (၂) မဟာ ဝဂ္ဂပါဠိ၊ (၃) ပါထိကဝဂ္ဂပါဠိဟူ၍ ကျမ်းအားဖြင့်(၃)ကျမ်း၊ သုတ်ပေါင်း(၃၆) သုတ်၊ စက္ကူစာအုပ်ရေ(၃)အုပ်၊ စာမျက်နှာပေါင်း (၇၇၉) ရှိပါသည်။

**မဇ္ဈိမနိကာယ်**

ပဏ္ဏာသ (၃)ကျမ်းတွင် (၁) မူလပဏ္ဏာသပါဠိ၊ (၂) မဇ္ဈိမပဏ္ဏာသပါဠိ၊ (၃) ဥပရိပဏ္ဏာသပါဠိဟူ၍ ကျမ်းအားဖြင့် (၃)ကျမ်း၊ သုတ်ပေါင်း (၁၅၀)၊ စာအုပ်ရေ(၃)အုပ်၊ စာမျက်နှာပေါင်း (၁၂၀၆)ရှိပါသည်။

**သံယုတ္တနိကာယ**

သံယုတ် (၅) ကျမ်းတွင် (၁) သဂါထာဝဂ္ဂပါဠိ (၂) နိဒါနဝဂ္ဂပါဠိနှစ်ကျမ်းတွဲ တအုပ် (၃) ခန္ဓဝဂ္ဂပါဠိ (၄) သဠာယတနဝဂ္ဂပါဠိနှစ်ကျမ်းတွဲတအုပ် (၅) မဟာဝဂ္ဂ ပါဠိဟူ၍ ကျမ်းရေ (၅) ကျမ်း၊ သုတ်ပေါင်း (၃၇၅၀) စာအုပ်ရေ (၃) အုပ်၊ စာမျက်နှာပေါင်း (၁၄၅၄) ရှိပါသည်။

**အင်္ဂုတ္တရနိကာယ**

အင်္ဂုတ္တရနိကာယ် (၁၁) ကျမ်းတွင်၊ ဧကက (၂) ဒုက (၃) တိက (၄) စတုက္က ၄-ကျမ်းတွဲတအုပ်၊ (၅) ပဉ္စက (၆) ဆက္က (၇) သတ္တက သုံးကျမ်းတွဲ တအုပ်၊ (၈) အဋ္ဌက (၉) နဝက (၁၀) ဒသက (၁၁) ဧကာဒသက ၄-ကျမ်းတွဲ တအုပ် ဟူ၍ ကျမ်းရေ (၁၁) ကျမ်း၊ သုတ်ပေါင်း (၉၉၅၀) စာအုပ်ရေ (၃) အုပ်၊ စာမျက်ပေါင်း (၁၆၅၁) ရှိပါသည်။

**ကျုန်ခုဒ္ဒကနိကာယ**

ခုဒ္ဒကနိကာယ (၂၀) ကျမ်းတွင် (၁) ခုဒ္ဒကပါဌပါဠိ (၂) ဓမ္မပဒပါဠိ (၃) ဥဒါနပါဠိ (၄) ဣတိဝုတ္တကပါဠိ (၅) သုတ္တနိပါတပါဠိ ငါးကျမ်းတွဲတအုပ် (၆) ဝိမာနပါဠိ (၇) ပေတဝတ္ထုပါဠိ (၈) ထေရဂါထာပါဠိ (၉) ထေရီ ဂါထာ၊ ၄-ကျမ်းတွဲ တအုပ် (၁၀) ဇာတကပါဠိ၊ ပ၊ ဒု နှစ်အုပ်၊ (၁၁) မဟာ နိဒ္ဒေသပါဠိ (၁၂) စူဠနိဒ္ဒေသပါဠိ (၁၃) ပဋိသမ္ဘိဒါမဂ္ဂပါဠိ တအုပ်စီ (၁၄) ထေရာပဒါနပါဠိ (၁၅) ထေရီပဒါနပါဠိ နှစ်ကျမ်းတွဲ တအုပ်၊ (၁၆) ဗုဒ္ဓဝံသပါဠိ (၁၇) စရိယာပိဋကပါဠိ နှစ်ကျမ်းတွဲ တအုပ်၊ (၁၈) နေတ္တိပါဠိ (၁၉) ပေဋကောပဒေသပါဠိ နှစ်ကျမ်းတွဲ တအုပ် (၂၀) မိလိန္ဒပဉှာဟူ၍ ကျမ်း ရေ (၂၀) ကျမ်းစာအုပ်ရေ (၁၁) အုပ်၊ စာမျက်နှာပေါင်း (၄၄၁၈) ရှိပါသည်။

**အဘိဓမ္မာပိဋက**

(၁) ဓမ္မသင်္ဂဏီ (၂) ဝိဘင်း (၃) ဓာတုကထာ (၄) ပုဂ္ဂလပညတ္တိ နှစ်ကျမ်း တွဲတအုပ်၊ (၅) ကထာဝတ္ထု၊ (၆) ယမက၊ ပ၊ ဒု၊ တ၊ ၃-အုပ်၊ (၇) ပဋ္ဌာန၊ ပ၊ ဒု၊ တ၊ စ၊ မ၊ (၅) အုပ်ဟူ၍ ကျမ်းရေ (၇) ကျမ်း၊ စာအုပ်ရေ (၁၂) အုပ်၊ စာမျက်နှာ ပေါင်း (၄၉၇၈) ရှိပါသည်။

ဤသို့-ဤသို့-ဤသို့အားဖြင့် ဗုဒ္ဓမှုခပါဠ်ပိဋကတ်တော်သုံးပုံသည်၊ ကျမ်းအရေအတွက် အားဖြင့် (၅၄) ကျမ်း၊ ပေထုပ်ရေအားဖြင့် (၂၃) ထုပ်၊ ကျောက်ထက်တင်ချပ်ရေအားဖြင့် (၇၂၉) ချပ်၊ ဆဋ္ဌမူ စက္ကူစာအုပ်ရေအားဖြင့် (၄၀) စက္ကူစာရွက်ရေအားဖြင့် အားလုံးစုံစုပေါင်း (၈၃၇၃) စာမျက်နှာ စုစုပေါင်း (၁၆၇၄၆) ၎င်း စက္ကူစာကြောင်းရေ စုစုံပေါင်း (၅၁၂၃၈၀) ဂါထာ အားဖြင့် (၄၅၂၁၄၂) အက္ခရာလုံးရေအားဖြင့် (၁၃၅၆၄၂၆၀) ခန့်ရှိကြပါ၍ တရားအစုစုဓမ္မက္ခန္ဓာအားဖြင့် (၈၄၀၀၀) ရှိကြပါသတည်း။

ဒေသနာတော်အနက္ခနယ

ယခုပြဆိုခဲ့သောအရေအတွက်တို့သည်ကား။ ပိဋကတ်တော် ဝါကျ တူရာ တူရာကို ဖြုတ်၍ဖြုတ်၍ ချန်၍ချန်၍ (ပေယျာလ) (ပ) (လ) ဟူ၍ ဖြုတ်ခဲ့ ချန်ခဲ့သောပိဋကတ်တော်များမပါသေးပါ။ဆရာ အစဉ်အဆက်သင်အံ့မှီချစဉ်အရေမျှသာဖြစ်ပါသည်။

အကယ်၍ ထိုဖြုတ်ခဲ့ချန်ခဲ့သော (ပေယျာလ) (ပ) (လ) တို့ကိုလည်း အဖြုတ်မရှိ အစုံအစုံ အကုန် ဖွင့်ဖော်၍ ရေတွက်ခဲ့သည်ရှိသော် အထက်တွင်ရေတွက် ပြထားသော ဂဏန်းများထက်အဆပေါင်း မည်မျှတိုးတက်ကျယ်ပြောလာမည်ကိုမမှန်းဆနိုင်လောက်အောင်ပင် ကျယ်ဝန်းလှပါတော့သည်။

လောကီအမှု၊ ဗိသုကာ၊ ပါရဂူဆရာကြီးတဦးသည်၊ အလွန်ကြီးကျယ်လှသော မိမိ၏ အဆောက် အဦကြီးတခုတွင် သီတိုင်တို့ကား ဤရွေ့ ဤမျှ ထုတ်၊ ယောက်၊ ဒိုင်း၊ မျှား၊ အချင်၊ ယနယ်တို့ကား၊ ဤရွေ့ ဤမျှ သစ်၊ သံ၊ သွပ်၊ ကျောက်၊ သဲ၊ စ သည်တို့ကား ဤရွေ့ ဤမျှ အလုပ်သမား၊ နေ့ရက် ကာလ၊ ကုန်ငွေ စသည်တို့ကား။ ဤရွေ့ဤမျှ ဂဏန်းချ၍၊ အတိအကျ တွက်ပြခြင်းသည်အလွန်လွယ် ကူလှသလောက်။

လေးသင်္ချေနှင့်ကမ္ဘာတသိန်းတိုင်တိုင် ပါရမီပြည့်မှဟောစွမ်းနိုင်သော သဗ္ဗညုတရွှေဉာဏ်တော် ၏ အရာသာလျှင်ဖြစ်တော်မူသော ထိုပိဋကတ်တော်ကို ဦးမည်း ဦးဖြူ နတ်နှင့်လူဝယ် အဘယ်သူသည် ပေတိုင်းတာထိုး၍ အချိုးကျအတိကျ တွက်ပြနိုင်ပါတော့အံ့နည်း။

အဓိပ္ပါယအနက္ခ

ပေတိုင်းတာထိုး၍ အချိုးကျအတိအကျပင်။ တွက်ပြခြင်းငှါမစွမ်းနိုင်ရာသော ထိုပိဋကတ်တော် ၏ အနက်အဓိပ္ပါယ် တို့သည်လည်း။ အကြွင်းမရှိသိမြင်တော်မူသော သဗ္ဗညုတ ရွှေဉာဏ်တော်၏ အရာသာဖြစ်ပြန်၍ ဘယ်၍ ဘယ်မျှ နက်နဲခက်ခဲကျယ်ဝန်းသိမ်မွေ့လှကြောင်းကို အဘယ်မှာလျှင် ဝေဘန်တင်ပြနိုင်ပါတော့အံ့နည်း။

တိပိဋကဓရ

ဤသို့သဗ္ဗညုတ ရွှေဉာဏ်တော်၏သာ ကျက်စားတော်မူရာ၊ မဟာသာဂရပမာ၊ မဟာသမုဒ္ဒရာ ဒေသနာတော် ပိဋကတ်တော်အားလုံးကုန်ကို အနက်အဓိပ္ပါယ်အဆုံးအဖြတ်များနှင့်တကွ၊ အကြွင်း အကျန်မရှိ။ ပကတိ ဒေသနာတော်အစဉ်အတိုင်း၊ နှုတ်တက် အာဂုံ၊ နှုတ်ငုံဆောင်စွမ်းနိုင်ပေသော၊ ပုဂ္ဂလဝိသေသ၊ အာဇာနေယျ၊ ပါရမီအထွဋ်အထိပ်။ တံဆိပ်အောင်လံ ပုဂ္ဂိုလ်ထူးများမှသာလျှင်၊ အထက်ပါတိပိဋကဓရဟူသော ဝိသိဋ္ဌဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်နိုင်ကြပါသတည်း။

## တိပိဋကဓရနှင့် အရိယာရဟန္တာတို့၏ ခြားနားချက်

အထက်တွင်ပြခဲ့သော တိပိဋကဓရဟူသော ဘွဲ့ထူးကို၊ သောတာပန်စသော အရိယာ ရဟန္တာ တိုင်း ဆွတ်ခူး ပန်ဆင်နိုင်ကြသည် မဟုတ်သကဲ့သို့၊ တိပိဋကဓရ ဘွဲ့ထူး ဆောင်တိုင်းလည်း၊ အရိယာ အောင်ပန်းကို ဆင်မြန်းနိုင်ကြသည် မဟုတ်ပါ။

ပိဋကတ်သုံးပုံဆောင်နိုင်ခြင်းနှင့် အရိယာအောင်ပန်းကို ဆွတ်လှမ်းနိုင်ကြခြင်းကား၊ ပါရမီ သီးခြားစီသာ ဖြစ်ကြပါသည်။

သို့ သီးခြားစီဖြစ်ကြသောကြောင့်သာလျှင်၊ အချို့အချို့သော ဘုရားသားတော်၊ သမီးတော် တို့သည်၊ တိပိဋကဓရဘွဲ့ထူးကိုသာ ဆွတ်ခူးနိုင်၍၊ အရိယာမဂ်စခန်းသို့ မတက်လှမ်းနိုင်ကြပါ။ အချို့ အချို့မှာလည်း အရိယာမဂ်စခန်းသို့သာ တက်လှမ်းနိုင်၍၊ တိပိဋကဓရဘွဲ့ထူးကို မဆွတ်ခူးနိုင် ကြပါ။ သို့ဖြစ်ပါသောကြောင့် ပန်းနှစ်ပွင့်စလုံးကို လှမ်းဆင့်၍ ဆွတ်ခူး ပန်ဆင်နိုင်ရန်ကား၊ ဗို၍




၁၉၄၉-ခု၊ တိပိဋကဓရ ရွေးချယ်ပွဲ ဝေယျာဝစ္စ အကျိုးဆောင် ဒေါ်ခင်ခင်ကြီး၊
ဒေါ်မြရီ စသည်တို့ ခေါင်းဆောင်ပါဝင်သော ဝိသာခါအမျိုးသမီး အဖွဲ့ဝင်များ။




၁၉၄၉-ခု၊ တိပိဋကဓရစာပြန်ပွဲ ဖွင့်လှစ်သည့်အခမ်းအနား၌ ဥက္ကဋ္ဌကြီး
ဆာဦးသွင် ကျေးဇူးတင်စကား လျှောက်ထား (ပြောကြား) နေပုံ။

D



၁၉၄၉-ခု၊ တိပိဋကဓရ စာပြန်ပွဲဝင် အဂ္ဂမြတ်များနှင့် နိုင်ငံတော် သမတကြီးနှင့် ဝန်ကြီးချုပ်ဦးနု အပါအဝင် အမှုဆောင်လူကြီးများကို အမှတ်တရ ရိုက်ကူးထားသောဓာတ်ပုံ။



၁၉၄၉-ခု၊ တိပိဋကဓရ ရွေးချယ်ပွဲ အမှုဆောင်များနှင့် စာထောက်၊ စာမ၊ ဆရာများ။

ခဲယဉ်းလှပြန်ချေသည်။ ။ဤသို့ တိပိဋကဓရဘွဲ့ထူးနှင့် အရိယာရဟန္တာတို့၏ပါရမီ ကွဲပြားခြားနားပုံများကိုလည်း ဗုဒ္ဓဘာသာတိုင်း သတိပြုသင့်ကြပေသည်။

**တိပိဋကဓရ ထေရုပ္ပဒါန်**

အထက်တွင် ပြခဲ့သည့်အတိုင်း၊ ပိဋကတ်သုံးပုံ ဆောင်တိုင်းလည်း ရဟန္တာမဖြစ်၊ ရဟန္တာဖြစ်တိုင်းလည်း ပိဋကတ်သုံးပုံ မဆောင်နိုင်ကြသောကြောင့်သာလျှင်။

ပဌမသံဂါယနာပွဲတွင်၊ ရဟန်းသံဃာတော်ပေါင်း ၇-သိန်းကျော် စုဝေးမိကြရာတွင်၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာလည်းဖြစ်၍၊ ပိဋကတ်သုံးပုံလည်း ဆောင်နိုင်သော တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တရဟန္တာ ၅၀၀-မျှသာ ရွေးကောက်တော်မူခဲ့ကြပါသည်။

ဒုတိယသံဂါယနာပွဲ သံဃာတော်ပေါင်း ၁၂-သိန်းကျော် စုဝေးမိကြရာတွင်လည်း၊ တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တရဟန္တာ (၇၀၀)။

တဘိယသံဂါယနာပွဲတွင် သံဃာတော်ပေါင်း ၆-သန်းကျော် စုဝေးမိကြရာတွင်လည်း၊ တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ (၁၀၀၀) တထောင်။

စတုတ္ထသံဂါယနာပွဲတွင်လည်း၊ တိပိဋကဓရ ပဋိသမ္ဘိဒါပတ္တရဟန္တာ(၅၀၀) မျှသာ ရွေးကောက်တင်မြှောက်ခဲ့ကြရပါသည်။

ထိုမှ နောက်ဖြစ်သော ပဉ္စမသံဂါယနာတင်ချိန်အထိ၊ နှစ်ပေါင်း ၁၅၀၀-၁၆၀၀-ခန့် အတွင်း၌ တိပိဋကဓရ ပုဂ္ဂိုလ်ကျော်များ၊ မည်၍မည်မျှ ပေါ်ပေါက်ခဲ့သည်ဟူသော သာသနာ၀င်မှတ်တမ်းများ အတိအကျ မတွေ့မရှိ မသိကြရပါ။

## တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ခွဲနှင့် ရည်ရွယ်ချက်များ

ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ပြီးနောက်၊ များမကြာမီ ၁၃၀၉-ခုနှစ် တပေါင်းလပြည့်ကျော် ၁၁-ရက် (၅-၃-၄၈)နေ့တွင် နိုင်ငံတော်သမတကြီး၏ စံအိမ်တော်၌ ကျင်းပသော ဤအဖွဲ့ချုပ်၏ ၃-ကြိမ်မြောက် အမှုဆောင် အစည်းအဝေးတွင် ဤအဖွဲ့ချုပ်၏ မူလရည်ရွယ်ချက် (ခ)အရ၊ ပရိယတ္တိသာသနာတော်ကို ချီးမြှောက်ရေးအတွက်၊ အထက်တန်း အကျဆုံး ဖြစ်သော တိပိဋကဓရ ရွေးချယ်ပွဲကြီးကိုလည်း အမြန်ဆုံး ကျင်းပရန် ဥက္ကဋ္ဌကြီး (ဆာ) ဦးသွင်၏ တင်သွင်းသောအဆိုကို အားလုံးသဘောတူ အတည်ပြုကြပြီးလျှင် အောက်ပါ လူကြီးမင်းများပါဝင်သော တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ခွဲ တခုကို အများသဘောတူ ရွေးကောက်ဖွဲ့စည်းကြပါသည်။

တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ခွဲ အမှုဆောင်လူကြီးမင်းများမှာ ‥

၁။ ဥက္ကဋ္ဌကြီး (ဆာ) ဦးသွင်။
၂။ ဆရာလင်း (အဂ္ဂမဟာပဏ္ဍိတ)။
၃။ ဦးဘခင် (ငွေစာရင်းမင်းကြီး)။
၄။ ဦးကြီးဖေ (ပဋ္ဌမကျော်)။
၅။ ဦးစံသိမ်း (အမြဲတမ်းတော်ခွန်မင်းကြီး)။

၃-ကြိမ်မြောက် အစည်းအဝေးတွင်၊ ဤကဲ့သို့ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ခွဲ တရပ်ကို ဆုံးဖြတ်အတည်ပြုလိုက်သည့်အတွက်၊ ရှေးမဆွမူလကပင် ကြံစီကြိုးစား ရင်းရှိခဲ့သော ဥက္ကဋ္ဌကြီး (ဆာ)ဦးသွင်မှာ အတိုင်းမသိ ဝမ်းမြောက်လှပါသဖြင့်၊ ထိုလုပ်ငန်းအောင်မြင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းအားထုတ်လေသည်။

ထို ပိဋကဓရ ရွေး ချယ် ရေး ကိစ္စသည်၊ ပရိယတ္တိ သာသနာတော် ဘက်တွင် အလွန်နက်နဲကျယ်ပြန့်သော ကိစ္စကြီးတရပ်ဖြစ်သဖြင့်၊ ရှိပြီးအဖွဲ့ငယ်မှာ သေးငယ် ကျဉ်းမြောင်းနေရကား၊ ကျယ်ပြန့်ရန်အတွက် နေပြည်တော်အတွင်းရှိ ရဟန်း ပညာရှိ၊ လူပညာရှိ များစွာတို့နှင့် အ ကြိမ် ကြိမ် တိုင်ပင်ဆွေးနွေးကြပြီးလျှင်.... အောက်ပါအတိုင်း ဆရာတော်ကြီးများကိုပါ တိုးချဲ့ဖွဲ့စည်းကြပါသည်။

၁။ နော်မံကျောင်းကြီး ဆရာတော်။
၂။ ဘုရားကြီးတိုက် ဆရာတော်။
၃။ သာသနာ့လက်ာရ ဆရာတော်။
၄။ သူဌေးကြီး (ဆာ)ဦးသွင်။
၅။ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း။
၆။ မေဓာဝီ ဆရာဆိုင်။
၇။ သီဟိုဠ် ဆရာညက်။
၈။ ပဋ္ဌမကျော် ဦးကြီးဖေ (အကျိုးဆောင်)။

**ရည်ရွယ်ချက်များ**

အထက်ပါအတိုင်းတိုးချဲ့ဖွဲ့စည်း၍ (တိပိဋကဓရရွေးချယ်ရေးစည်းမျဉ်းဥပဒေ) ကိုရေးဆွဲ၍၊ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်အမှုဆောင်အစည်းအဝေးသို့အကြိမ်ကြိမ် တင်ပြဆွေးနွေးကြပြီးလျှင်။ (တိပိဋကဓရ ရွေးချယ်ရေးစည်းမျဉ်းဥပဒေ) တရပ်ကို အများသဘောတူ အတည်ပြုခဲ့ကြပါသည်။

ဤတိပိဋကဓရ ရွေးချယ်ပွဲကြီးကို ၁၃၁၀-ခုနှစ် မှစ၍၊ နှစ်စဉ်ကျင်းပလာခဲ့ခြင်းမှာ၊ သံဃါယနာတင်ရေးသို့ ရှေးရှုလျက်။

(၁) ဗုဒ္ဓသာသနာတော်အတွင်း၌၊ ဘုန်းကံပါရမီထူး၊ ဉာဏ်ပညာထူး ပုဂ္ဂိုလ်များဖော်ထုတ်ရေး။
(၂) ပရိယတ္တိသာသနာတော်ကြီးကို အားပေးချီးမြှောက်ရာတွင် အထက်တန်းအကျဆုံးချီးမြှောက်ရေး။
(၃) သာသနာတော်အတွင်း၌၊ ဓမ္မစေတီထိုက်သော ပိဋကတ်အာဂုံဆောင် ပုဂ္ဂိုလ်များ ပေါ်ပေါက်ရေး။
ဟူသောအဓိကရည်ရွယ်ချက်တို့အရဖြစ်ပါသည်။

၇-ကြိမ်မြောက်တိပိဋကဓရရွေးချယ်ပွဲအစီရင်ခံစာမျက်နှာ ၆၉-မှ

**ထပ်မံတိုးချဲ့ပြန်ခြင်း**

အထက်တွင်အတည်ပြု ပြဋ္ဌာန်းပြီးသော တိပိဋကဓရ ရွေးချယ်ရေး စည်းမျဉ်း ဥပဒေအရ ထမ်းဆောင် လုပ်ကိုင်ရမည့် တာဝန် ဝတ္တရားများမှာ၊ အလွန် ကျယ်ပြန့်ကြီးလေးလာပြန်ပါသဖြင့်၊ ရွေးချယ်ရေးအဖွဲ့ခွဲကို ရှင်ရောလူပါစုံလင် ကျယ်ပြန့်စွာ အောက်ပါအတိုင်းထပ်မံတိုးချဲ့ဖွဲ့စည်းကြပြန်ပါသည်။

**နာယကအဖွဲ့ဝင်ဆရာတော်များ**

၁။ နော်မံကျောင်းကြီးဆရာတော် (ပဌမ-ဥက္ကဋ္ဌ)
၂။ ဘုရားကြီးတိုက်ဆရာတော် (ဒု-ဥက္ကဋ္ဌ)
၃။ တာမွေသိမ်ကုန်းဆရာတော်။
၄။ ကျိုက္ကလားပါဠိဆရာတော် (အဂ္ဂမဟာပဏ္ဍိတ)
၅။ ကျားကူးဆရာတော်။
၆။ ရွှေကျင်တိုက် မန်းဦးဆရာတော်(အဂ္ဂမဟာပဏ္ဍိတ)
၇။ စလင်း ဆရာတော်။
၈။ သရက်တောတိုက် သာသနလင်္ကာရဆရာတော်။
၉။ သရက်တောတိုက် ပိဋကတ်တိုက်သစ်ဆရာတော်။

**အမှုဆောင်အဖွဲ့ဝင်လူကြီးများ**

၁။ သူဌေးကြီး ဆာဦးသွင် ဥက္ကဋ္ဌ။
၂။ အဂ္ဂမဟာပဏ္ဍိတ ဆရာလင်း။
၃။ မေဓာဝီဆရာဆိုင်(သုဓမ္မဝတီ)
၄။ သိီဟိုဠ်ဆရာဉာဏ်(ဟံသာဝတီ)
၅။ ဆရာအုပ်(ဇမ္ဗူမိတ်ဆွေ)
၆။ ဦးဘသန်း(မြန်မာအထက်တန်းပြကျောင်းဆရာကြီး)
၇။ ဦးအောင်သိန်း (ပါဠိနည်းပြဆရာတက္ကသိုလ်)
၈။ ဦးဘခင်(ငွေစာရင်းမင်းကြီး)
၉။ ဦးစံသိမ်း(အဖွဲ့ချုပ်အကျိုးဆောင်)
၁၀။ ပဌမကျော် ဦးကြီးဖေ (အကျိုးဆောင်)

မှတ်ချက်။ ။ပဋ္ဌမကျော် ဦးကြိုးဖေသည်၊ နာယကဆရာတော်များအဖွဲ့နှင့်အမှုဆောင်အဖွဲ့နှစ်ဖွဲ့လုံးတွင် အကျိုးဆောင်ဖြစ်သည်။

**တိပိဋကဓရရွေးချယ်ပွဲကျင်းပရန် ကျေညာခြင်း**

တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ခွဲ၏စည်းမျဉ်းဥပဒေအရ၊ ၁၃၁၀-ခုနှစ်တပို့တွဲလဆန်း ၆-ရက်နေ့တွင်၊ ပဌမ အကြိမ် စတင်ကျင်းပရန် သတ်မှတ်ဆုံးဖြတ်ကြသည့်အတိုင်း၊ ၁၃၁၀-ခုနှစ် ဝါဆိုလမှစ၍၊ သတင်းစာများမှ ကျေညာခဲ့ရာ။ လျှောက်လွှာရက် ပိတ်သည့်အထိ တိပိဋကဓရပြန်ဆိုရေးမြေ၊ လက်မှတ်ထိုးပုဂ္ဂိုလ်ပေါင်း ၁၇-ပါး ပေါ်ပေါက်ခဲ့ကြပါသည်။

**ရွေးချယ်ပွဲမဏ္ဍပ်တော်ပြင်ဆင်မှုများ**

ရွေးချယ်ပွဲကျင်းပသည့်ရက်မတိုင်မီ၊ သာသနာ့ရိပ်သာအတွင်းအထူးဆောက်လုပ်အပ်သော၊ ယာယီ မင်္ဂလာမဏ္ဍပ်တော်ကြီးအတွင်းဝယ်၊ ဓမ္မာသနပလ္လင်တော်များ၊ကနက္ကဒဏ်ထီးဖြူတော်များ နာယကဆရာတော်များနှင့်စာထောက်စာမဆရာတော်များ၊ သီတင်းသုံးရန် ကုလားထိုင်ကြီးများ၊ စာပွဲကြီးများ၊ ပိဋကတ်တော်များ၊ စသည့် ဓမ္မပူဇော်ပွဲအတွက် စာပြန်ပွဲ အဆောင်အယောင်ပရိဘောဂတို့ဖြင့် တင့်တယ်ခမ်းနား လှပသပ်ယပ်စွာ အထူးမွမ်းမံဆင်ယင်ခင်းကျင်းထားကြပါသည်။

## တိပိဋကဓရ ရွေးချယ်ရေးပွဲကြီးကို မင်းခမ်းမင်းနားဖြင့် စတင်ဖွင့်လှစ်ခြင်း

၁။ ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း ၆-ရက်နေ့ နံနက် ၇-နာရီအချိန်သို့ရောက်သောအခါ၊ နာယကဆရာတော်ကြီးများ၊ စာထောက်စာမဆရာတော် သံဃာတော်များ၊ စာပြန်စာဖြေအရှင်မြတ်များသည်၊ သာသနာ့ရိပ်သာအတွင်းရှိ စံကျောင်းတော်ကြီးသို့ အသင့် ပင့်ဆောင်ကြွရောက်တန်နား တည်းခိုတော်မူနှင့်ကြပါသည်။

၂။ ၇-နာရီခွဲအချိန်တွင် တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ဥက္ကဋ္ဌကြီး (ဆာ) ဦးသွင် (ယခု သတိုးသီရိသုဓမ္မ)နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု စသော၊ ဩဇာကော်မီတီ လူကြီးမင်းများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရာရှိကြီးငယ်များ၊ သာသနာရေး အရာရှိကြီးငယ်များ၊ ဘာသာရေး အသင်းအဖွဲ့ပေါင်းစုံ ကိုယ်စားလှယ်တော်လူကြီးများ အားလုံးစုံညီ မင်္ဂလာမဏ္ဍပ်တော်ကြီးသို့ ရောက်ရှိကြပါသည်။

၃။ ၇-နာရီ ၄၅-မိနစ် အချိန်တွင် နိုင်ငံတော် သမတကြီး စပ်ရွှေသိုက် နှင့် သမတကတော် မဟာဒေဝီတို့သည် ရွှေဝင်းနောက်ဝင်း ကိုယ်ရံတော်များဖြင့် ခြံရံလျက် သာသနာ့ရိပ်သာ မင်္ဂလာမဏ္ဍပ်ကြီးသို့ ကြွချီလာသောအခါ၊ တိပိဋက ဓရ ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌကြီးနှင့် နိုင်ငံတော်ဝန်ကြီးချုပ် စသော ဧည့်ခံ ကော်မီ တီ လူကြီးမင်းများက၊ မင်္ဂလာမဏ္ဍပ်တော်မုခ်ဝမှ ခရီးဦးကြိုဆိုကြပြီး၍ သီးသန့် ပြင်ဆင်ထားအပ်သော သမတကြီးနေရာသို့ ပို့ဆောင်ကြပါသည်။

၄။ ၈-နာရီတိတိအချိန်တွင် စံကျောင်းတော်ကြီးမှ နာယက ဆရာတော်၊ စာထောက်စာမ ဆရာတော်၊ စာပြန်စာဖြေသံဃာတော်များအား၊ တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ အကျိုးတော်ဆောင်က၊ စံကျောင်းတော်မှ ကြိုဆိုပင့်ဆောင် လျက်၊ မင်္ဂလာ မဏ္ဍပ်တော်သို့၊ ဝါစဉ်အလိုက် အစီအရီ ကြွချီတော်မူလာကြ သောအခါ—

နိုင်ငံတော် သမတကြီး၊ အဖွဲ့ဥက္ကဋ္ဌကြီး နိုင်ငံတော် ဝန်ကြီးချုပ် အစရှိသော၊ ပရိသတ်အပေါင်းတို့က သောင်းသောင်းဖြဖြ မတ်ရပ်ထ လက်အုပ်ချီမိုး ရှိခိုးကာ ခရီးဦးကြိုဆိုကြလျက်၊ ထေရ်စဉ်အလိုက် အသီးသီးပြင်ဆင်ခင်းကျင်းထား အပ်သော မဟာသဃန သံဃာစင်ထက်သို့ ပို့ဆောင်ကြပါသည်။

ထိုသို့ ရဟန်းပရိသတ်, မင်းပရိသတ်, လူပရိသတ်အပေါင်းတို့သည်၊ ဆိုင်ရာ ဆိုင်ရာ နေရာအသီးသီးသို့ စုံစုံညီညီ ရောက်ရှိကြသောအခါ—

၅။ ၈-နာရီ မိနစ် ၅၀-အချိန်တွင် တိပိဋကဓရရွေးချယ်ပွဲကြီး ဖွင့်လှစ်ရန် အချိန်တော်မင်္ဂလာအခါ ကျရောက်ပြီဖြစ်ကြောင်းကို၊ အခမ်းအနားမှူးက ကျေ ညာ လျှောက်ထား ပန်ကြားလိုက်သောအခါတွင်—

နိုင်ငံတော် သမတကြီးက နာယက ဆရာတော်ကြီးအား၊ တိပိဋကဓရ ရွေး ချယ်ပွဲကြီးကို ဖွင့်လှစ်တော်မူပါမည့်အကြောင်း မိန့်ခွန်းပန်ကြား လျှောက်ထား ပြီး၊ အခမ်းအနားကို စတင် ဖွင့်လှစ်တော်မူကြပါသည်။

အခမ်းအနား ဖွင့်လှစ်ပြီးနောက်၊ အောက်ပါ အစီအစဉ်များအတိုင်း ဆက် လက် ကျင်းပကြပါသည်။

၁။ သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလခံယူကြခြင်း။
၂။ ပရိတ်တရားတော်မြတ် နာယူကြခြင်း။
၃။ ဩဝါဒကထာ နာယူကြခြင်း။
၄။ ထုတိမင်္ဂလာ ဩဘာစာအမျိုးမျိုးဖြင့် လျှောက်ကြားခြင်း။
၅။ နိုင်ငံတော်သမတကြီးက လွှတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရ၏ သာသနာပြုမိန့်ခွန်းများ လျှောက်ကြားခြင်း။

၆။ အဖွဲ့ဥက္ကဋ္ဌကြီးက ကျေးဇူးတင်စကား မိန့်ကြားခြင်း။
၇။ ရေစက်သွန်းချ အမျှပေးဝေခြင်း။

များပြီးလျှင် ခေတ္တရပ်နား၍၊ သံဃာတော်များနှင့် ကြွရောက်လာကြကုန်သော ပရိသတ်အားလုံးတို့အား ခဲဘွယ်ဘောဇဉ် ချိုချဉ်ရသာ၊ ယမကာမျိုးစုံတို့ဖြင့် အထူးဆက်ကပ် ကျွေးမွေးလှူဒါန်း ဧည့်ခံကြပါသည်။

**အာဂုံပြန်ဆိုပွဲ စတင်ခြင်း**

ထိုနေ့ နေ့လည်တနာရီအချိန်သို့ရောက်သောအခါတွင် ဆိုင်ရာပိဋကတ်တော်အာဂုံပြန်ဆိုပွဲကို အောက်ပါအစီအစဉ်အရ ကျင်းပပြန်ဆိုတော်မူကြပါသည်။

၁။ ဓမ္မာရုံတော်ကြီးအတွင်း၌ ကနက္ကဒဏ် ထီးဖြူတော် စိုက်ထူဖြန့်မိုးအပ်သော၊ ဓမ္မာသန စာပြန်ပလ္လင်တော်များကို ပြန်ဆိုမည့်ကျမ်း၊ ပြန်ဆိုမည့် အရှင်မြတ်၏ဘွဲ့၊ အသက်၊ သိက္ခာ၊ ဝါတော်နှင့် ပလ္လင်တော်နံပါတ် စသည်များ အစုံအလင် တပ်ဆင်လျက်၊ အောက်ပါပုံစံအတိုင်း ဓမ္မာသန စာပြန်ပလ္လင်တော် အသီးသီး ဆင်ပြင် ခင်းကျင်း ထားကြပြီးလျှင်—

**အာဂုံပြန်ဆိုပွဲကျင်းပရာတွင်**

(၁) ဓမ္မာသနစာပြန် ပလ္လင်တော်၏ ရှေ့တူရူမှ၊ စာထောက် နာယကဆရာတော်တပါး။

(၂) ပလ္လင်တော်၏ ဝဲယာနှစ်ဘက်မှ စာထောက်ဆရာတော်တပါးစီ။

(၃) ဝဲယာစာထောက် ဆရာတော်နှစ်ပါး၏ ရှေ့တူရူမှ ပိဋကတ်တော်ကျမ်းစာတင်စာပွဲတခုစီ။

(၄) စာထောက်နာယက ဆရာတော်၏ ဝဲဘက်နှင့်ပိဋကတ်၊ ကျမ်းစာတင်စာပွဲအကြားအနီးမှတွင် စာထောက် စာမရေးမှတ်ရန် စာမှတ် ဇယားကိုင်ပါဋ္ဌိဆရာတယောက်စီ။

အားဖြင့် စာပြန်ပလ္လင်တော် တခုတခု၌ စာထောက် နာယက တပါးနှင့် စာထောက်စာမနှစ်ပါး၊ ပေါင်း ၃-ပါး ၃-ပါးစီနှင့် စာမှတ်ဆရာ တယောက်တယောက်စီ ခြံရံတော်မူကြလျက်၊ အာဂုံပြန်အရှင်မြတ်က၊ ထီးဖြူတော်အောက် ဓမ္မာသနပလ္လင်တော်ဝယ်၊ တင့်တယ်စွာ စံပယ်တော်မူလျက် မိမိတို့ဆိုင်ရာဆိုင်ရာ ပိဋကတ်တော်များကို၊ သံဂါယနာတင်စဉ်အတိုင်းကျမ်းဦးပဏာမ၊နမောတဿမှစ၍၊ အသီးသီးပြန်ဆိုတော်မူကြပါသတည်း။ ။

အထက်ပါအတိုင်း ပြန်ဆိုကြရာတွင်၊ အထစ်အငေါ့၊ အကျော်အလွှား၊ အမှားအမှန်၊ အမြန်အနှေး၊ အထောက်အမ၊ ရ, မရ၊ ပီ, မပီ၊ ကြည်, မကြည်၊ စသည်တို့ကို၊ စာထောက်စာမဆရာတော်များ၏၊ ထောက်မချက်အရ၊ စာမှတ်ဆရာက၊ ပုံစံဇယားကွက်တွင် ထောက်မချက်နှင့် မှတ်ချက်အထူးများပါ ရေးမှတ်ရပါသည်။

၎င်းစာမှတ်ဆရာ ရေးမှတ်ချက်ဇယားကို၊ နံနက်ပိုင်းနှင့် ညနေပိုင်း၊ စာပြန်ချိန်ပြီးတိုင်း ပြီးတိုင်းတွင်၊စာထောက်စာမနာယက ၃-ပါးနှင့်စာမှတ်ဆရာတို့က၊ လက်မှတ်အစုံ ရေးထိုးပြီး၊ စာပြန်ပွဲ အကျိုးဆောင်လက်သို့ ချက်ခြင်း ပေးအပ်ကြရပါသည်။

၎င်းစာမှတ်ဇယားကို၊ အကျိုးဆောင်နှင့်ဥက္ကဋ္ဌတို့က ကျမ်းအမည်၊ဘွဲ့အမည်၊ စသည် မှန်မမှန်၊ စစ်ဆေးကာ၊ လက်မှတ်များ ရေးထိုး၍၊ စာအိတ်ကြီးတွင် ထည့်သွင်း ချိပ်ပိတ်၍ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် လက်သို့ ချက်ခြင်း ဆက်ကပ်ကြရပါသည်။

(၁) အထက်တွင်ပြထားသော စာပြန်ပလ္လင်နှင့် စာထောက် စာမ စာမှတ် အနေအထားပုံစံအတိုင်း အသီးသီးခြံရံတော်မူကြလျက်ပြန်ဆိုသမျှကို၊စာထောက် စာမ စာမှတ်တို့က၊ ဆိုင်ရာပိဋကတ်တော်ကျမ်းစာအုပ်ကို၊ ကိုယ်စီ ကိုင်ဆောင်ကြ၍၊ တရွက်ချင်း၊ တမျက်နှာချင်း၊ တကြောင်းချင်း၊ လုံးစေ့ပါဋ်စေ့၊ တိုက်ဆိုင်နာယူကြည့်ရှုကြလျက်၊ ပြန်ဆိုသမျှ၊ အထစ်အငေါ့၊ အကျော်အလွှား၊အမှားအမှန် အမြန်အနှေး၊ အထောက်အမ၊ ရ, မရ၊ ပီ, မပီ၊ ကြည်, မကြည်၊ စသည်တို့ကို စာမှတ်စာရေးက၊ ဇယားတွင် မှတ်ချက်နှင့်တကွရေးမှတ်ခြင်း။

(၂) အထက်ပါစာထောက် စာမ စာမှတ်တို့၏ တာဝန်ကျေ မကျေဂရုစိုက် မစိုက်ကို၊ အထူး ထောက်လှမ်းစစ်ဆေးရန်၊ လျှို့ဝှက် စာကြပ်မှူးများဖြင့်လည်း အမှတ်မထင် ထပ်မံကြပ်မကြခြင်း။

(၃) ဥက္ကဋ္ဌကြီးကိုယ်တိုင် ကြွရောက်နာယူကြပ်မကြည့်ရှုခြင်း။

(၄) စာထောက် စာမ စာမှတ်များက၊ စာပြန်ပုဂ္ဂိုလ်နှင့် ရင်းနှီးပြီး အဂတိလိုက်စားမှု၊ မပေါ်ပေါက်ပါစေရန်၊ စာထောက် စာမ စာမှတ်များကို တနေရာတည်းအမြဲမထားစေဘဲ၊ တကျမ်း ပြီးတိုင်း ပြီးတိုင်း၊ စာပြန်ပလ္လင်တခုမှ အခြားစာပြန်ပလ္လင်တခုသို့ အလဲအလှယ်၊ ပြောင်းရွှေ့ထောက်မစေခြင်း—

စသည်တို့ဖြင့် သေချာကျန အထူးနိုင်လုံစွာ ကြပ်မကြည့်ရှု၊ ပြန်ဆိုစေတော်မူကြပါသည်။

## ဝိနည်းကတ်တော်ပြန်ဆိုချိန်နှင့်နားချိန်

| နံနက်ပိုင်း | ညနေပိုင်း |
| --- | --- |
| ၈-နာရီမှ ၈-နာရီ-၂၅ မိနစ်<br>၁၀-မိနစ်နား၊<br>၈-၃၅ မှ ၉-နာရီ<br>၁၀-မိနစ်နား၊<br>၉-၁၀ မှ ၉-၃၅<br>၁၀-မိနစ်နား၊<br>၉-၄၅ မှ ၁၀-နာရီ ၁၅-မိနစ် | နေ့လည် ၁-နာရီမှ ၁-၂၅<br>၁၀-မိနစ်နား၊<br>၁-၃၅ မှ ၂-နာရီ<br>၁၀-မိနစ်နား၊<br>၂-၁၀ မှ ၂-၃၅<br>၁၀-မိနစ်နား<br>၂-၄၅ မှ ၃-၁၀<br>၁၀-မိနစ်နား၊<br>၃-၂၀ မှ ၃-၄၅ |

ဘထက်ပါ-အချိန် ဇယားအတိုင်း အချိန်မှူးလုပ်သူက
ကြေးစည်ကြီးဖြင့် သံယာပင့် ၇-ချက်
စာပြန်ရန် ၄-ချက်
နားရန် ၂-ချက်
နေ့စဉ်အမြဲတမ်း-အချိန်ကြားပေးရပါသည်။

## အာဂုံပြန်ဆိုရက်များနှင့် ကျမ်းစာများဇယား

| နေ့စွဲ | ဝိနယပိဋက | အဘိဓမ္မာပိဋက(ဒုတိယ) | ဒီဃနိကာယ် |
| --- | --- | --- | --- |
| နတ္တော် လဆန်း ၁၁။ | ပါရာဇိကပါဠိဝေရဉ္ဇကဏ္ဍအစမှထိုဒုတိယပါရာဇိက အကုန် (၈၆) အထိ။ | မူလယမကအစမှ အာယတနဉပ္ပါဒအကုန် (၁၀၅)အထိ၊ | သီလက္ခန္ဓဝဂ္ဂပါဠိ ဗြဟ္မဇာလသုတ်မှသာမညဖလသုတ် (၈၁) အထိ။ |
| ၁၂ | တတိယပါရာဇိကအစမှ သံဃာဒိသေသကဋ္ဌိကာရသိက္ခာပုဒ်အကုန်(၂၃၆)အထိ။ | အာယတနနိဒ္ဒေသအစမှ သစ္စာအကုန်(၂၁၅) အထိ။ | အမ္ဗဋ္ဌသုတ်အစမှမဟာသီဟနာဒသုတ်အကုန် (၁၆၆) အထိ။ |
| ၁၃။ | ဝိဟာရကာရသိက္ခာပုဒ်အစမှ ပါရာဇိကပါဠိတော် အကုန်(၃၈၁) အထိ။ | ယမိုက်ဒုတိယအုပ်အစမှ အနုသယပစ္စဟနဝါရ အနုလုံ(၁၆၉) အထိ၊ | ပေါဋ္ဌပါဒသုတ်အစမှ တေဝိဇ္ဇသုတ်အကုန်(၂၃၆) အထိ။ |
| ၁၄။ | နားရက်။ | နားရက်။ | နားရက်။ |
| လပြည့်နေ့ ၁၅။ | ပါစိတ္တိယပါဠိမှသာဝါဒဝဂ်မှ သုရာပါနဝဂ်အကုန် (၁၆၃)အထိ။ | အနုသယပစ္စဟနဝါရပစ္စနိက်မှ စိတ္တယမကအကုန် (၃၂၈)အထိ၊ | မဟာဝဂ္ဂပါဠိမဟာပဒါနသုတ်အစမှမဟာပရိနိဗ္ဗာနသုတ် တတိယဘာဏဝါရအကုန်(၁၀၁) |

| နေ့စွဲ | ဝိနယပိဋက | အဘိဓမ္မာပိဋက(ဒုတိယ) | ဒီဃနိကာယ် |
|---|---|---|---|
| နတ္တော်<br>လဆုတ်<br>၁။ | သပ္ပါဏာကဝဂ်အစမှ ဘိက္ခုနီ<br>သံဃာဒိသိက်အဆုံး<br>(၃၁၇) အထိ။ | ယမက တတိယအစမှ<br>ဣန္ဒြိယယမကအဝိဇ္ဇဝါရ<br>အကုန် (၁၄၉) အထိ။ | မဟာပရိနိဗ္ဗာနသုတ်စတုတ္ထ<br>ဘာဏဝါရစမှမဟာဂေါဝိန္ဒသုတ်<br>အကုန် (၂၀၂)။ |
| ၂။ | ဘိက္ခုနီဝိဘင်နိဿဂ္ဂိအစမှ<br>အဓိကရဏသမထအကုန်<br>(၄၇၀) အထိ။ | ဣန္ဒြိယ ယမကပဝတ္တိဝါရ<br>အစမှပရိညာဝါရအကုန်<br>(၂၀၉) အထိ။ | မဟာသမယသုတ်အစမှ<br>ပါယာသိသုတ်အကုန်<br>(၂၀၃)အထိ။ |
| ၃။ | နားရက်။ | နားရက်။ | နားရက်။ |
| ၄။ | မဟာဝဂ္ဂပါဠိမဟာခန္ဓက<br>အစမှ ဥပေါသထက္ခန္ဓက<br>အကုန်(၁၉၁) အထိ။ | ပဋ္ဌာနပါဠိပဌမအုပ်<br>အစမှ ကုသလတိက်ပညာပါရ<br>အနုလုံအကုန်(၁၆၂) | ပါထိကဝဂ္ဂပါထိကသုတ်<br>အစမှအဂ္ဂညသုတ်အကုန်<br>(၈၁)အထိ။ |
| ၅။ | ဝဿူပနာယိကက္ခန္ဓကအစမှ<br>ကထိနက္ခန္ဓကအကုန်<br>(၃၇၆)အထိ။ | ကုသလတိက်ပစ္စနိက်အစမှ<br>ဝိပါကတိက်ဆဝါရအကုန်<br>(၃၁၉) အထိ။ | သမ္ပသာဒနီယသုတ်အစမှ<br>အာဋာနာဋိယသုတ်<br>(၁၇၄) အထိ။ |
| နတ်တော် လဆုတ် ၆-ရက်။ | နားရက်။ | နားရက်။ | နားရက်။ |
| ၇။ | စီဝရက္ခန္ဓက အစမှ<br>ကောသမ္ဗကက္ခန္ဓက အကုန်၊<br>(၅၁၁) အထိ။ | ဝိပါကတိက် ပညာဝါရအစမှ<br>ဒုတိယအုပ် ဝိတက္ကတိက်<br>အကုန် (၉၆)အထိ။ | သင်္ဂီတိသုတ်အစမှ<br>ဒသုတ္တရသုတ်<br>အကုန် (၂၆၈)အထိ။ |
| ၈။ | နားရက်။ | နားရက်။ | နားရက်။ |
| ၉။ | စူဠဝဂ္ဂပါဠိ ကမ္မက္ခန္ဓက<br>အစမှ သမုစ္စယက္ခန္ဓက အကုန်<br>(၁၈၇) အထိ။ | ပီတိတိက်အစမှ သေခတိက်<br>အကုန်<br>(၂၆၁) အထိ။ | သီလက္ခန္ဓဝဂ္ဂပါဠိ<br>ဗြဟ္မဇာလအစမှ သာမည<br>ဖလသုတ်(၈၁)အထိ၊ |
| ၁၀။ | သမထက္ခန္ဓကအစမှ<br>သံဃ ဘေဒကက္ခန္ဓက အကုန်<br>(၃၇၂)အထိ။ | ပရိတ္တတိက်အစမှ တိကပဋ္ဌာန်း<br>အကုန်<br>(၄၁၁) အထိ။ | အမ္ဗဋ္ဌသုတ်အစမှ မဟာ<br>သီဟနာဒသုတ် အကုန်<br>(၁၆၆) အထိ။ |
| ၁၁။ | ဝတ္တက္ခန္ဓကအစမှ သတ္တ<br>သတိကက္ခန္ဓက အကုန်<br>(၅၀၈)အထိ။ | တတိယအုပ်အစမှ ဂန္ထဂေါစ္ဆက<br>အကုန်<br>(၁၆၂)အထိ။ | ပေါဋ္ဌပါဒသုတ် အစမှ<br>တေဝိဇ္ဇသုတ် အကုန်<br>(၂၃၆)အထိ။ |
| ၁၂။ | နားရက်။ | နားရက်။ | နားရက်။ |
| ၁၃။ | ပရိဝါရပါဠိ ဘိက္ခုဝိဘင်အစမှ<br>ဘိက္ခုနီဝိဘင်နိဿဂ္ဂိယကဏ္ဍ<br>အကုန်(၁၃၀)အထိ။ | နိဝရဏဒုက အစမှ<br>ဥပါဒိန္နဒုက<br>(၃၀၆) အထိ။ | မဟာဝဂ္ဂပါဠိ မဟာပဒါနသုတ်<br>အစမှ မဟာပရိနိဗ္ဗာနသုတ် တတိယ<br>ဘာဏဝါရအကုန် (၁၀၁)အထိ။ |

| နေ့စွဲ | ဝိနယပိဋက | အဘိဓမ္မာပိဋက(ဒုတိယ) | ဒီဃနိကာယ် |
|---|---|---|---|
| လကွယ်နေ့ ၁၄။ | ဘိက္ခုနီဝိဘင်္ဂ ပါစိတ္တိယကဏ္ဍ အစမှ ဂါထာသင်္ဂီတိအကုန် (၁၆၃)အထိ။ | ဥပါဒါနဒုကအစမှ တိကပဋ္ဌာနအကုန် (၃၅၁) အထိ။ | မဟာပရိနိဗ္ဗာနသုတ် စတုတ္ထ ဘာဏဝါရအစမှ မဟာဂောဝိန္ဒ သုတ်အကုန် (၂၀၂)အထိ။ |
| ပြာသို လဆန်း ၁။ | အဓိကရဏဘေဒအစမှ နဝသင်္ဂဟအကုန် (၃၉၀)အထိ။ | စတုတ္ထအုပ်အစမှ ဒုကတိက ပဋ္ဌာန်းအကုန် (၁၅၃)အထိ။ | မဟာသမယသုတ် အစမှ ပါယာသိသုတ်အကုန် (၂၇၃)အထိ။ |
| ၂။ | နားရက်။ | နားရက်။ | နားရက်။ |
| ၃။ | နားရက်။ | တိကဒုကပဋ္ဌာနအစမှ အနုလောမအကုန် (၂၇၃)အထိ။ | ပါထိကဝဂ္ဂပါဠိ ပါထိကသုတ် အစ အဂ္ဂညသုတ်အကုန် (၇၁)အထိ။ |
| ၄။ | နားရက်။ | ပစ္စနီယပဋ္ဌာန အစမှ အနုလောမ ပစ္စနီယ ဒုကတိက အကုန် (၁၀၄)အထိ။ | သမ္ပသာဒနီယသုတ်အစမှ အာဋာနာဋိယသုတ်အကုန် (၁၇၄)အထိ။ |
| ၅။ | နားရက်။ | အနုလောမ ပစ္စနီယတိက် ဒုကပဋ္ဌာန်းအစမှ ပစ္စယာနုလောမ အကုန်(၂၂၃)အထိ။ | သင်္ဂီတိသုတ် အစမှ ဒသုတ္တရသုတ် အကုန် (၂၆၀)အထိ။ |

အထက်တွင်ပြခဲ့သော ဓမ္မာသနပလ္လင်တော်၊နာယကဆရာတော်၊စာထောက် စာ မဆရာတော်၊ စာမှတ်ပုဂ္ဂိုလ်များနှင့် ကျမ်းစာ စာရင်း၊ အချိန် စာရင်းများ အရ၊ အစနေ့၏ နံနက်ပိုင်းတွင် အခမ်းအနားဖွင့်လှစ်ခြင်း၊ ညှော်ခံ ကျွေးမွေးခြင်း စသည်ပြုကြပြီးနောက်၊ ခေတ္တ အနားယူကြလျက်၊ နေ့လည် တနာရီအချိန်မှစ၍၊ ညနေ ၄-နာရီ အထိ၊ နောက် ရက် များ တွင်၊ နေ့စဉ် နံနက် ၇-နာရီမှ နံနက် ၁၀-နာရီအထိ တချိန်၊ နေ့ လည် ၁-နာရီမှ ည နေ ၄-နာ ရီ အ ထိ တချိန် အားဖြင့်၊ နေ့စဉ် တနေ့ နှစ်ကြိမ် နှစ်ကြိမ်ထား၍၊ ဆိုင်ရာ ပိဋကတ်တော်များ၏ စာတကြောင်းပြီးတကြောင်း၊ တမျက်နှာပြီးတမျက်နှာ၊ တရွက်ပြီးတရွက်၊ တရက် ပြီးတရက်၊ တခန်းပြီးတခန်း၊ တကျမ်းပြီးတကျမ်း၊ ဆက်ကာဆက်ကာ ပြန်ဆိုတော် မူကြရာ၊အာဂုံပြန်ရက်၊ နားရက်အားဖြင့် အစုစုပေါင်း ရက် ၂၀-ကျော်တိုင်တိုင် ကျင်းပကြပါသည်။

## သဘောရေးဖြေပွဲ

အထက်ပါအတိုင်း၊ အာဂုံပြန်ဆိုပွဲ ကျင်းပပြီးနောက်၊ နှစ်ရက် အနားပေး၍၊ သဘောရေးဖြေပွဲကို တ ကျမ်း လျှင် တရက်စီဖြင့် ၅-ရက် တိုင် တိုင် ဆက်လက် ကျင်းပကြပါသည်။

ဆိုင်ရာမေးခွန်းထုတ်ရန်အတွက် ဥက္ကဋ္ဌဆရာတော်၏ စီမံခန့်ခွဲချက်အရ ပုစ္ဆာထုတ်ပုဂ္ဂိုလ်များကို လျှို့ဝှက်စခန်းသို့ပင့်ဆောင်၍၊ နေ့စဉ်ဖြေဆိုမှုရဲ့ အနီးကပ်ဆုံး ထုတ်စေ၍၊ သေသပ်ခိုင်လုံစွာ ထုပ်ပိုး ချိပ်ပိတ်လျက်၊ လူဘက်ဆိုင်ရာ ဥက္ကဋ္ဌကြီးလက်သို့ စာဖြေချိန်နှင့်နီးကပ်စွာ လွှဲအပ်ကြပါသည်။

ဥက္ကဋ္ဌကြီးကလည်း ပုစ္ဆာထုပ်ကိုလက်ခံ၍၊ မဆိုင်းမငံ့ဘဲ စာမေးပွဲကျင်းပရာဌာန-ဥက္ကဋ္ဌ ဆရာတော်လက်သို့ ပေးအပ်သောအခါ၊ ထိုစာဖြေဌာန-ဥက္ကဋ္ဌ ဆရာတော်များက လက်ခံစစ်ဆေးကြည့်ရှုကြပြီးလျှင်၊ စာဖြေ အရှင်များအား ဝေငှဖြေဆိုစေကြပါသည်။


**အမှတ်ပေးစစ်ဆေး၍**

**အောင်စာရင်းကျေညာခြင်း**

ဤတိပိဋကဓရ ရွေးချယ်ပွဲကြီး၏ အမှတ်ပေးစစ်ဆေးပုံနှင့် ပတ်သက်၍၊ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့၏ စည်းမျဉ်းဥပဒေ သတ်မှတ်ချက်များကို အတန်ငယ် ဘော်ပြလိုပါသည်။

ဤတိပိဋကဓရ ရွေးချယ်ရေး စာပြန်ပွဲကြီး၌၊ ဝိနယ ပိဋကတန်း၊ အဘိဓမ္မာပိဋကတန်း၊ ဒီဃနိကာယတန်း စသည်ဖြင့် အတန်းပေါင်း(၉)တန်းရှိကြရာတွင် တတန်းတတန်း၌၊ အာဂုံပြန်(က)ပိုင်း၊ သဘောရေးဖြေ (ခ)ပိုင်းဟူ၍ နှစ်မျိုးနှစ်မျိုးစီ ရှိပါသည်။

ထို နှစ်မျိုးနှစ်မျိုးစီတွင်လည်း အာဂုံပြန်၌ ရိုးရိုးအောင်ကို (ဓရ) ဟူ၍ ၎င်း၊ ဂုဏ်ထူးအောင်ကို (ဝိသိဋ္ဌဓရ)ဟူ၍၎င်း ခွဲခြားသတ်မှတ်၍၊ သဘော ရေးဖြေပွဲ၌ကား၊ ရိုးရိုးအောင်ကို (ကောဝိဒ)ဟူ၍၎င်း၊ ဂုဏ်ထူးအောင်ကို (မဟာ ကောဝိဒ)ဟူ၍၎င်း ခွဲခြား သတ်မှတ် ထားကြပါသည်။ ဇယားကို ရှုပါလေ။



**အာဂုံပြန်**

အထက်ပါဇယားများအရ၊ အာဂုံပြန်ဆိုပွဲတွင် တရက်၊ တရက် ပြန်ဆိုသည့်အတွင်း မည်သည့်ရက်တွင် ဖြစ်စေ၊ ၅-ကြိမ်ထက်ပို၍ ထောက်ပေးရလျှင်၊ ထိုပုဂ္ဂိုလ်သည် အာဂုံပြန်၌ ကျရှုံးသည်။ တရက်တွင် တကြိမ်မှ ၅-ကြိမ်အတွင်း ထောက်မပေးရလျှင် ရိုးရိုးအောင်ဖြစ်၍၊ နေ့စဉ် အထောက်များ လုံးဝလွတ်ကင်းလျှင် ဂုဏ်ထူးအောင် ဖြစ်သည်။

**သဘောရေးဖြေ**

သဘောရေးဖြေပွဲတွင်လည်း နေ့စဉ် တပုစ္ဆာလျှင် ၁၀-မှတ်စီဖြင့် ၁၂-ပုစ္ဆာအနက်မှ မိမိတို့ကြိုက်ရာ ၁၀-ပုစ္ဆာကိုသာ ဖြေစေပါသည်။ ၎င်းအမှတ် ၁၀၀ စီပေး၍၊ ၁၀-ပုစ္ဆာအနက် မည်သည့် တရက်တွင် ဖြစ်စေ၊ အနည်းဆုံး ၇၅-မှတ် အထိ မရလျှင်၊ ထိုပုဂ္ဂိုလ်သည် သဘောရေးဖြေပွဲမှ ကျရှုံးရလေသည်။ အနည်းဆုံး ၇၅-မှတ်ရလျှင် ရိုးရိုးအောင် ဖြစ်၍၊ အမှတ် ၈၀-အထက် ရလျှင် ဂုဏ်ထူးအောင်ဟူ၍ တိပိဋကရေ ရွေးချယ်ရေး စည်းမျဉ်း ဥပဒေတွင် သတ်မှတ်ထားပါသည်။

**အထူးမှတ်ချက်**

အာဂုံပြန်ပွဲနှင့်သဘောရေးဖြေပွဲများကို တဆက်တည်းကျင်းပကြသော်လည်း အမှတ်ပေး စစ်ဆေးရန်အတွက် ထူးခြားချက်အခွင့်အရေးအချို့မှာ၊ ၎င်းတို့ပြန်ဆိုသော ဆိုင်ရာပိဋကတ်တော်များမှ အနည်းဆုံး ၅-ပုံ၊ ၃-ပုံ (၅-အုပ်၊ ၃-အုပ်) အာဂုံအောင်သောပုဂ္ဂိုလ်တို့၏ သဘောရေးဖြေလွှာများကိုသာ ဆက်လက် စစ်ဆေး၍ အမှတ်ပေးကြပါသည်။

အာဂုံပြန်ကျမ်းများမှ ၅-ပုံ ၃-ပုံ၊ (၅-အုပ် ၃-အုပ်) မအောင်မြင်သော ပုဂ္ဂိုလ်တို့၏ သဘောရေးဖြေလွှာများကိုကား လုံးဝစစ်ဆေးခြင်း မပြုကြတော့ပါ။

(အာဂုံပြန် အောင်မှသာလျှင်၊ သဘောရေးဖြေ အောင်ခွင့်ရသည်။ အာဂုံ မအောင်လျှင် သဘောရေးဖြေပွဲ၌၊ မည်မျှပင် အမှတ်ရစေကာမူ၊ အောင်ခွင့်မရ)ဟု ဆိုလိုပါသည်။

အာဂုံပြန်သာအောင်၍၊ သဘောရေးဖြေကျရှုံးသောပုဂ္ဂိုလ်တို့သည်၊ နောက်နှစ်၌ အခြားအတန်းများကို ခုန်ကျော်ဝင်ရောက်ခွင့် မရဘဲ၊ ၎င်းတို့ကျရှုံးခဲ့သော သဘောရေးဖြေပွဲတမျိုးထည်းကိုသာ ဝင်ရောက်ခွင့်ပြုထားပါသည်။

**အောင်စာရင်း ကြေညာခြင်း**

အထက်တွင်ပြခဲ့သော ဥပဒေ စည်းမျဉ်းအရ စာစစ်အဖွဲ့မှ အထူး တိကျ မှန်ကန်စွာစစ်ဆေး၍ အမှတ်ပေးကြရပါသည်။

နောက်ဆုံးတွင် ထိုစာစစ်အဖွဲ့၏ အမှတ်ပေးစစ်ဆေးချက်များကို သံဃ နာယကအဖွဲ့နှင့် လူအမှုဆောင်အဖွဲ့၊ နှစ်ဖွဲ့ပေါင်း ပူးတွဲစည်းဝေး အတည်ပြု၍ အောင်စာရင်းကို ကျေညာရပါသည်။

တိပိဋကဓရ ရွေးချယ်ပွဲကြီး၏ အစစွာဖြစ်သော ပဌမနှစ်တွင် သာသန အာ ဇာနည်အရှင်မြတ် ၆-ပါး ဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူကြပါသော်လည်း—

၁။ တိုင်းပြည်အခြေအနေ မသာမယာလှသေးခြင်း။

၂။ ကျေညာရက်နှင့် စာပြန်ရက်၊ ကြားကာလ တိုတောင်း၍၊ စာကျက်ချိန် များစွာမရခြင်း။

၃။ ဤစာပြန်ပွဲကြီး၏ ဥပဒေစည်းမျဉ်း အထက်တန်းကျလှခြင်း စသည်တို့ ကြောင့်—

စာအောင်ပုဂ္ဂိုလ်၊ တပါးမျှ ပေါ်ပေါက်တော်မမူနိုင်ကြခြင်း ဖြစ်ပါကြောင်း။

## ဓမ္မပူဇော်ပွဲ ကျင်းပခြင်း

ပဌမအကြိမ် ဝင်ရောက် ပြန်ဆို ဖြေဆိုတော်မူကြသော အရှင်မြတ်တို့သည်၊ တိပိဋကဓရရွေးချယ်ပွဲဥပဒေစည်းမျဉ်းအရ၊ အောင်မှတ်ပြည့်စွာမရကြ၍၊ အောင် ပန်းကို မဆွတ်လှမ်းနိုင်ကြပါသော်လည်း—

၁။ ပိဋကတ်တော်တို့ကို စွမ်းစွမ်းတမန် ကျက်အံပြန်ဆိုခြင်းနှင့်၊ အနက် အဓိပ္ပါယ် သဘာဝ၊ ဝိနိစ္ဆယတို့ကို အထူးလေ့လာအားထုတ်တော်မူ ခဲ့ကြသည် တကြောင်း၊

၂။ ထိုအရှင်မြတ်တို့၏ သဒ္ဓါ, ဝီရိယ, သမာဓိ, ပညာဉာဏ် အထူးတို့ကို ချီးကျူး ပူဇော်လိုကြသည်တကြောင်း၊

၃။ ပရိယတ္တိသာသနာတော်မြတ်ကြီးကို အနာဂတ်နှစ်များအတွက်၊ စိတ် အားထက်သန်စွာ ဝင်ရောက် ပေါ်ပေါက်စေလိုကြသည်တကြောင်း

တို့ကြောင့်၊ ၁၃၁၀-ခုနှစ် တပေါင်း လဆန်း ၁-ရက်နေ့တွင် ဗုဒ္ဓသာသနာ နုဂ္ဂဟအသင်းကြီးက ကြီးမှူး၍၊ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ပေါင်းစုံတို့ကပါ၊ တပါး လျှင် တထောင်ကျော်တန် လှူဘွယ်ဝတ္ထု၊ အမျိုးမျိုးတို့ဖြင့် ကြီးကျယ် ခမ်းနားစွာ ချီးကျူးပူဇော်ကြပါသည်။

# ဝိနည်း ငါးကျမ်း ဂုဏ်ထူးအောင်နှင့် ချီးကျူးပူဇော်ပွဲများ

**နှစ်နှစ်မြောက်**

**တိပိဋကဓရ ရွေးချယ်ပွဲ**

နှစ်နှစ်မြောက်ဖြစ်သော တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ၁၃၁၁-ခုနှစ် ပြာသိုလဆန်း ၇-ရက်နေ့မှစ၍၊ သာသနာ့ရိပ်သာ မင်္ဂလာမဏ္ဍပ်ကြီးတွင် ပဌမအကြိမ်ကျင်းပခဲ့သော အစီအစဉ်များကိုမူတည်၍ ကျယ်ပြန့်သိုက်မြိုက်စွာ ကျင်းပကြပါသည်။ ထို တိပိဋကဓရ ရွေးချယ်ပွဲသို့—

၁။ သုတ် ၃-ကျမ်း ပြန်ဆိုရန် ၁-ပါး။
၂။ ဝိနည်း ၅-ကျမ်း ပြန်ဆိုရန် ၃-ပါး။
၃။ အဘိဓမ္မာ ၇-ကျမ်း ပြန်ဆိုရန် ၁-ပါး။

ပေါင်း ၅-ပါး ဝင်ရောက်ပြန်ဆိုကြသည်အနက်၊ ခုံနံပါတ် ၅-မှ အရှင်ပညာသာရ တပါးတည်းသာ၊ ဝိနည်းပါဠိတော် ၅-ကျမ်းလုံးကို နေ့စဉ် အထောက်အမကင်း၍၊ သန့်ရှင်းကြည်လင်ပြတ်သားစွာ ပြန်ဆိုတော်မူနိုင်ပါသဖြင့်၊ ဗုဒ္ဓသာသနာ့နုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ ဟူသော ဘွဲ့ထူးကို ဆွတ်ခူး အောင်မြင်တော်မူပါသည်။

## အရှင်ပညာသာရ၏ အတ္တုပ္ပတ္တိအကျဉ်း

**၁။ ဘွားရာဇာတိ**

သာယာဝတီခရိုင်၊ သုံးဆယ်မြို့ သစ်ရာကုန်းရွာ။

**၂။ အမိ-အဘ**


အဘ-ဦးဘိုးဘ၊ အမိ-ဒေါ်သိန်းရင်။

**၃။ ဘွားသက္ကရာဇ်**

၁၂၇၅-ခုနှစ်၊ သီတင်းကျွတ် လဆန်း ၉-ရက်၊ ကြာသပတေးနေ့၊ နံနက် အရုဏ်တက်ချိန်။

**၄။ ကျောင်းအပ်၊ ပညာသင်၊ ရှင်ဖြစ်**


အသက် ၁၂-နှစ်သားတွင်၊ ၆-တန်းအောင်၊ ၁၆-နှစ်သားတွင်၊ သုံးဆယ်မြို့ မောင်းထောင်ဆရာတော်အား ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်။



နှစ်ကြိမ်မြောက်တိပိဋကဓရရွေးချယ်ပွဲ ဩင် ဝိသိဋ္ဌဝိနယဓရ အရှင်ပညာသာရ
အရှင်မြတ်ပုံ။



တိပိဋကဓရ စာပြန်ပွဲကြီးတွင် အာဂုံပြန်ဆိုတော်မူနေသည့် သာသနာ့
အာဇာနည် အရှင်မြတ်နှင့် စာထောက်, စာမ ဆရာတော်များ။



၁၃၁၂-ခု (၁၉၅၀-ခု) တိပိဋကဓရ စာပြန်ပွဲ ဖွင့်လှစ်သည့် ပထမနေ့ သံဃာတော်
အရှင်မြတ်များ၊ ကြွလာတော် မူကြရာတွင် ဥက္ကဋ္ဌကြီး၊ ဆာဦးသွင်နှင့် တကွ
ကြည်ညိုနေကြသော ပုဂ္ဂိုလ်ကြီးများ။

၅။ စာအောင် ရဟန်းဖြစ်

၁၃၀၄-ခုနှစ်၊ တပေါင်းလပြည့် စနေနေ့တွင်၊ ရွှေကျင်ဂိုဏ်း မဟာနာယက၊ ညောင်တုံးမြို့ ရွှေဟင်္သာတောရ ဆရာတော်အား ဥပဇ္ဈာယ်ပြု၍၊ မိဘများနှင့် ဦးပွင့်ကောင်း-ဒေါ်ခင်နွဲ့ရီတို့က ဒါယကာခံ၍၊ ဥပသမ္ပဒကံဆောင် ရဟန်းဘောင်သို့ ရောက်သည်။

ဝိနယဓရအောင်

ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးမှ ဒုတိယအကြိမ်ကျင်းပသော ၁၃၁၁-ခုနှစ်၊ တိပိဋကဓရ ရွေးချယ်ပွဲ၊ ဝိနယပိဋကတန်းသို့၊ ဝင်ရောက် ပြန်ဆိုတော်မူရာ စာမျက်နှာ၊ ၂၀၀၀-ကျော်ရှိ ဝိနည်းပါဠိတော် ၅-ကျမ်းစလုံးကို၊ အစမှ အဆုံးတိုင် နေ့စဉ်၊ အထစ်အငေါ့ အကျော်အလွှား အထောက်အမ၊ လွတ်ကင်း၍၊ သန့်ရှင်း ပီသ ကြည်လင် ပြတ်သားစွာ၊ ပြန်ဆိုတော် မူနိုင်သောကြောင့်၊ ဤတိပိဋကဓရရွေးချယ်ပွဲကြီး၏။

ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ

ဟူသော၊ ဘွဲ့ထူးကို ရှေးဦး ပဌမ အစစွာ ဆွတ်ခူး ပန်ဆင်တော်မူသော သာသနာ့အာဇာနည်အရှင်မြတ်ဖြစ်ပါသတည်း။

ဝိနည်းငါးကျမ်း အာဂုံပြန်ဂုဏ်ထူးအောင်အာဇာနည်အရှင်မြတ်အားချီးကျူးပူဇော်ပွဲ


ထိုသို့၊ ဝိနည်းငါးကျမ်း(က)အပိုင်းဖြစ်သော၊ အာဂုံပြန် ဆိုပွဲတွင်၊ ကျမ်းစာ ၅-အုပ်၊ စာမျက်နှာ နှစ်ထောင်ကျော်ရှိ ဝိနည်း ၅-ကျမ်းလုံးကို၊ ဂုဏ်ထူးဖြင့် ပြန်ဆိုအောင်မြင်တော်မူသော၊ သာသနာ့အာဇာနည် အရှင် ပညာသာရအား ၁၃၁၁-ခုနှစ် တပေါင်းလဆန်း ၃-ရက်နေ့တွင်၊ နိုင်ငံတော်သမတကြီး၏ စံအိမ်တော် ဧည့်ခန်း၌၊ နိုင်ငံတော်သမတကြီး အမှူးရှိသော၊ နိုင်ငံတော် အစိုးရအဖွဲ့ဝန်ကြီးများနှင့် ရာထမ်း မှုထမ်းအပေါင်းတို့က၊ မင်းခမ်းမင်းနားဖြင့် ကြီးကျယ်ခမ်းနားစွာကျင်းပ၍——

၁။ ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌ ဝိနယဓရတံဆိပ်တော်။
၂။ နိုင်ငံတော်အစိုးရတံဆိပ် နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် တံဆိပ်ခပ်နှိပ်သော အောင်လက်မှတ်တော်။
၃။ အနီရောင်အရိုးတပ် ကနက္ကဒဏ်ထီးဖြူတော်တလက်တံဆိပ်ပါရှိသော အထက်ပိုင်း ထီးဖြူရွက်၊ အောက်ခံကွင် အဝါရောင်နှင့် အောက်ပိုင်း ထီးရိုးအောက်တွင်အဖြူရောင်ပါသော သာသနာ့အောင်လံတော်။
၄။ ရေကြောင်း-ကုန်းကြောင်းပဌမတန်းအခမဲ့ခရီးသွားလက်မှတ်တော်။

၅။ ဝိသိဋ္ဌဝိနယဓရ-ဘွဲ့ပုံရှိသော ဆင်စွယ်ယပ်ဝန်းတော်တို့ကို သမတကြီးကိုယ်တိုင် ဆက်ကပ်လှူဒါန်းပူဇော်ပါသည်။


**ဗုဒ္ဓဘာသာလူထုကြီး၏ချီးကျူးပူဇော်ပွဲ**

ထိုသို့ နိုင်ငံတော် အစိုးရက၊ သမတစံအိမ်တော်၌ မင်းခမ်း မင်းနားဖြင့် ကြီးကျယ်စွာ၊ ချီးကျူးပူဇော်ကြပြီး နောက်တနေ့တွင် သာသနာ့ရိပ်သာမင်္ဂလာမဏ္ဍပ်တော်ကြီး၌၊ နိုင်ငံတော် ပြည်သူလူထုကြီး၏ကိုယ်စား၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးမှ ကြီးမှူး၍၊ ရန်ကုန်မြို့ပေါ်ရှိ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ ပေါင်းစုံတို့က စာမေးပွဲ အောင်လက်မှတ်တော်၊ လှူဘွယ်တန်းရာ၊ ပဒေသာ သီးမျိုးစုံတို့ဖြင့် ကြီးကျယ်စည်ကား၊ ခမ်းနားသိုက်မြိုက်စွာ ချီးကျူးပူဇော်ကြပါသည်။





တိပိဋကဓရ စာပြန်ပွဲဝင် အရှင်မြတ် တပါးစာအတွက် သီးသန့်ပြင်ဆင်
ထားသောပလ္လင်နှင့်ထီးဖြူတော်ပုံ။



သုံးကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင် အရှင်ဝိစိတ္တသာရာဘိဝံသ အရှင်မြတ် ပြန်ဆိုတော် မူနေပုံ။

# မဟာဝိသိဋ္ဌဂုဏ်ထူးအောင်ထေရုပ္ပတ္တိ

## သုံးနှစ်မြောက် တိပိဋကဓရရွေးချယ်ပွဲ

သုံးနှစ်မြောက်၊တိပိဋကဓရရွေးချယ်ပွဲကြီးကို၊ ဥက္ကဋ္ဌကြီး ဆာဦးသွင်၏ အသစ်ဆောက်ပြီးစဖြစ်သော ဖလ်ယာဉ် ဓမ္မာရုံတော်ကြီး၌ ၁၃၁၂ ခုနှစ်၊ နတ္တော်လပြည့်ကျော် ၇-ရက်နေ့မှစ၍ ရှေးနှစ်အတိုင်း ခမ်းနားစွာ ကျင်းပကြပါသည်။

၎င်းသုံးကြိမ်မြောက် ရွေးချယ်ပွဲသို့ ဝိနည်း ၅-ကျမ်းပြန် အရှင်မြတ် ၅-ပါး။ ဝင်ရောက်ပြန်ဆိုဖြေဆိုတော်မူကြပါသည်။

ထိုသို့ ဝိနည်း ၅-ကျမ်းပြန် အရှင် ၅-ပါးအနက်၊ ခုံနံပါတ် ၄-မှ ပြန်ဆိုတော်မူသော အရှင် ဝိစိတ္တသာရ တပါးသာ၊ ၁-အာဂုံပြန် နှင့် ၂-ရေးဖြေတွင် ဂုဏ်ထူးတို့ဖြင့် အောင်မြင်တော်မူပါသည်။

ထိုသို့ အောင်မြင်ရာတွင်လည်း၊ ရိုးရိုးစာမှတ် ပြည့်အောင်ကာမျှ မဟုတ်ဘဲ၊ အာဂုံပြန်ဆိုပွဲတွင်၊ အထောက်အမ၊ အကျော်အလွှား၊ အမှားလုံးဝ ကင်းလွတ်သည့်အပြင်၊ ပြန်ဆိုရာတွင်လည်း၊ ရှင်းလင်းပီသ၊ ပြတ်သားလှ၍၊ အလွန်သာယာနာပျော်ဘွယ်ပြန်ဆိုတော်မူနိုင်သဖြင့်။ ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရဟူသောဘွဲ့တော်ကိုရင်း၊

သဘောရေးဖြေပွဲတွင်လည်း—

| | | | |
|---|---|---|---|
| ပါရာဇိက | ပါဠိတော်၌ | (၈၉) | မှတ်။ |
| ပါစိတ် ။ | ။ | (၉၉) | မှတ်။ |
| မဟာဝါ။ | ။ | (၉၂) | မှတ်။ |
| စူဠဝါ ။ | ။ | (၉၀) | မှတ်။ |
| ပရိဝါပါဠိတော်၌ | | (၁၀၀) | မှတ်။ |

ရရှိတော်မူရာ အောင်မှတ် ရာခိုင်နှုန်း ၉၅.၃ အထိ ထူးကဲစွာရရှိတော်မူပါ၍ ဗုဒ္ဓသာသနာနုဂ္ဂဟ မဟာဝိနယ ကောဝိဒ ဟူသော ဘွဲ့တံဆိပ်တော်ကို၊ ဂုဏ်ထူး ၂-ဆင့်တို့ဖြင့် ထူးခြားစွာ အောင်မြင်ဘော်မူပါသည်။

### ထေရုပ္ပတ္တိအကျဉ်း

(၁) ဘွားရာဇာတိ

မြင်းခြံမြို့ ကျည်းပင်ရွာ။

(၂) ဖွားသက္ကရာဇ်

၁၂၇၃-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁-ရက်၊ ဗုဒ္ဓဟူးနေ့ နေ့စက်နာရီ ၃-နာရီကျော်အချိန်။

(၃) မယ်တော်ခမည်းတော်

ကျည်းပင်ရွာသူကြီး ဦးဆုံ၊ သူကြီးကတော် ဒေါ်ဆင်။

(၄) ငယ်မည်တော်

မောင်ခင်၊ (မောင်ရန်ရှင်း။)

(၅) ကျောင်းအပ်၊ ပညာသင်၊ ရှင်ဖြစ်

၆-နှစ်သားအရွယ်တွင် ကျည်းပင်ရွာကျောင်း ဆရာတော် အရှင်သာသနမထေရ်မြတ်ထံအပ်နှံ၍၊ အဘိုး-အဖွား တို့က ပဌမအကြိမ် ရှင်သာမဏေ ဒါယကာခံယူသည်၊ သို့သော် အရွယ်ငယ်သေး၍၊ သင်္ကန်းမဆီးသေးဘဲ၊ ကျောင်းသားဘဝဖြင့်ပင်၊ပညာသင်သည်၊ ၈-နှစ်သားအရွယ်တွင်၊ မြင်းခြံမြို့၊ မင်းကျောင်းတိုက် စာချဆရာတော် ဦးသောဘဏထံ၊ ပြောင်းရွှေ့ အပ်နှံသည်၊ ၁၀-နှစ်သားအရွယ်တွင်၊ ထိုဆရာတော်ထံ၌ မိခင်က ဒါယိကာခံ၍ ဒုတိယ အကြိမ် ရှင်သာမဏေပြုပြီး၊ ရှင်ဝိစိတ္တသာရ ဟူသော ဘွဲ့တော်မှည့်ခေါ်သည်။

စာအောင်အစပဌမ

ရှင်သာမဏေအဖြစ်နှင့် ၁၃-နှစ်သားတွင်၊ သဒ္ဒါကြီးရှစ်စောင်၊ ၁၄-နှစ်သားတွင်၊ သင်္ဂြိုဟ် ၉-ပိုင်း၊ အာဂုံအောင်သည်၊ ၁၅-နှစ်သားတွင် အစိုးရပဌမပြန် အငယ်တန်းနှင့် ၁၆-နှစ်သားတွင် အလတ်တန်း၊ နှစ်ချင်းစွဲချည်းအောင်မြင်တော်မူသည်။

အာစရိယဝတ္တ ဖြည့်ကျင့်ရ

၁၇-နှစ် ၁၈-နှစ်များတွင်၊ ဆရာတော် နာတာရှည် ဖိစီးနေသဖြင့်၊ စာဝါများရပ်နားပြီး၊ ဆရာ့ထံပါး၌၊ အမြဲခစားလျက်၊ ဝတ်ကြီး ဝတ်ငယ်များကို ဆရာတော် ပြန်လွန်တော်မူသည် အထိ၊ တရက်တာမျှ မလစ်ဟင်း ရအောင် ကျေပြွန်စွာပြုစု ယုယတော်မူသည်။

ဓမ္မနာဒ ဝိဟာရ

မြင်းခြံမြို့၊ ဥပဇ္ဈာယ်ဆရာ ပြန်လွန်တော်မူပြီးနောက် အသက် ၁၉-နှစ်တွင် စစ်ကိုင်းမင်းကွန်းဓမ္မနာဒတိုက်သို့၊ ဆရာတော် ဦးဇဋ္ဌာလောကကိုယ်တိုင် လိုက်ပို့ အပ်နှံ ပေးတော်မူသည်။

**ရဟန်းဘောင်**

၁၂၉၂-ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၆-ရက်နေ့တွင်၊ ဒေါ်ဓမ္မာစာရီမှ အကြောင်းပြု၍၊ ရန်ကုန်မြို့၊ သူဌေးကြီး ဆာဦးသွင်-ဒေါ်ဒေါ်သိန်း တို့က၊ သာသနအမွေခံဒါယကာခံ၍၊ မင်းကွန်း ငွေတောင်တောရတိုက်၊ ခဏ္ဍသိမ်တော်၌၊ ဓမ္မနာဒဆရာတော်အား ဥပဇ္ဈာယ်ပြု၍၊ ဥပသမ္ပဒ ရဟန်း အဖြစ်သို့ ရောက်တော်မူသည်။

**စာအောင်အဆင့်ဆင့်**

ရဟန်းဖြစ်ခါစ၊ ဝါမရမီမှစ၍၊ အစိုးရပဋ္ဌမကြီးတန်း၊ အမျိုးသား ပဋ္ဌမကြီးတန်း၊ သကျသီဟ၊ စာသင်တန်း၊ စာချတန်း၊ အစိုးရပဋ္ဌမကျော်တန်း၊ ဓမ္မာစရိယတန်း၊ စသော စာမေးပွဲဟူသမျှ အတန်းဟူသမျှ၊ တို့ကို ဆက်ကာဆက်ကာ နှစ်ခြင်းစွဲ ဂုဏ်ထူးဆောင်ချည်း၊ အောင်မြင်တော်မူခဲ့ပါသည်။

**တိပိဋကဓရ**

၁၃၁၂-ခုနှစ်တွင်၊ ရန်ကုန်မြို့တွင်၊ ၃-ကြိမ်မြောက် ကျင်းပသော တိပိဋကဓရ ရွေးချယ်ပွဲကြီး၌၊ ဝိနည်း ၅-ကျမ်းလုံးကို၊ အာဂုံရေးဖြေ၊နှစ်ပိုင်းလုံးတွင်၊ဂုဏ်ထူး တို့ဖြင့်၊ နှစ်ချင်းအောင်မြင်တော်မူသည့်ပြင်။

နောက်နှစ်-နောက်နှစ်များတွင်လည်း၊ အဘိဓမ္မာ ၇-ကျမ်း အောက်ပိုင်း အထက်ပိုင်း၊ ဒီဃနိကာယ်သုတ်သုံးကျမ်း၊တို့ကို အာဂုံ၊ရေးဖြေ၊ ဂုဏ်ထူးချည်းဖြင့် နှစ်ချင်းဆက်ကာဆက်ကာအောင်မြင်တော်မူသောကြောင့်။

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှဆက်ကပ်လှူဒါန်းအပ်သော။

၁။ ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ၊ မဟာတိပိဋက ကောဝိဒ ဟူသော အောင်လက်မှတ်တော်။

၂။ ဆိုင်ရာ ပိဋကတ်တော် အောင်ဘွဲ့ နှင့် အာဇာနည် အရှင်မြတ်၏ ဘွဲ့တံဆိပ်ရိုက်နှိပ်ရန် တံဆိပ်တုံးတော်။

နိုင်ငံတော်အစိုးရတို့က ဆက်ကပ်လှူဒါန်းအပ်သော—

၁။ နိုင်ငံတော်အစိုးရပိုင်၊ ကုန်းယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ များ၌၊ ပစ္စုပ္ပန်သမဏ နောက်လိုက်တပည့်နှစ်ပါးနှင့်တကွ၊ ပဋ္ဌမတန်း စီးနင်း နိုင်ခွင့်ရှိသည့် ခရီးသွားလက်မှတ်တော်။

၂။ ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဟူသောအက္ခရာ ဘွဲ့တံဆိပ်၊ ခပ်နှိပ်အပ်သော ဆင်စွယ်ယပ်ဝန်းတော်။

၃။ ပိဋကတ်သုံးပုံ၊ အာဂုံ၊ ရေးဖြေ၊ ဂုဏ်ထူးအောင်၊ အထိမ်း အမှတ်ဖြင့်၊ အရိုးဝါကနက္ကဒဏ်ထိုးဖြူတော် သုံးလက်ပါရှိသော အောင်လံတော်၊ ဟူသော တိပိဋကဓရ ပိဋကတ္တယကောဝိဒ ပရိယတ္တိဝိသာရဒ၊ သာသနကြက်သရေဆောင်၊ အောင်စာခပ်နှိပ် အောင်တံဆိပ်တော်တို့ကို၊ ဒက္ခိဏေယျ၊ ပူဇာဝိသေသ ပူဇာရဟ၊ စံနမူဖြင့်၊ ခံယူရရှိတော်မူပါသတည်း။ ။

## ရှင်းလင်းချက်များ

(၁) ဆင်စွယ်ယပ်ဝန်းတော်

(ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက) ဟူသော ဘွဲ့ထူးနှင့်၊ ၎င်းဘွဲ့တံဆိပ်ခပ်နှိပ်အပ်သောဆင်စွယ်ယပ်ဝန်းတော်ဟူသည်၊ ပိဋကတ်တော်သုံးပုံလုံးကို၊ အာဂုံ ရေး ဖြေ နှစ်မျိုးလုံးတွင် ဂုဏ်ထူးတို့ဖြင့်ချည်းသာ အောင်မြင်တော်မူသောကြောင့်၊ တင်အံ့ဆဲဆဲ ဆဋ္ဌသံဂါယနာပွဲတော်ကြီး၌ ပုစ္ဆကနှင့်ဝိသဇ္ဇက (အမေးအဖြေ)နှစ်မျိုးလုံးကို၊ စွမ်းဆောင်တော်မူနိုင်မည့် ဂုဏ်ထူးဝိသေသအားလျော်စွာ၊ ဤသို့သော အမြင့်ဆုံး ဘွဲ့ထူး ဂုဏ်ထူးတို့ဖြင့် နိုင်ငံတော်အစိုးရတို့က ဆက်ကပ်လှူဒါန်းခြင်း ဖြစ်ပါသည်။


(၂) ကနက္ကဒဏ်ထိုးဖြူတော်

ကနက္ကဒဏ်ထိုးဖြူတော် တံဆိပ်များပါရှိသော ပိဋကတ် အောင်လံတော်များကို၊ နိုင်ငံတော်အစိုးရတို့၏ အသိအမှတ်ပြု၍ ခွင့်ပေးချက်အရ၊ ပိဋကတ်တော် တပုံ၊ နှစ်ပုံ၊ သုံးပုံ အောင်မြင်ခြင်းကိုရင်း၊ အာဂုံရေးဖြေ အောင်မြင်ခြင်းကိုရင်း၊ ခြားနားပါစေရန် အထိမ်းအမှတ် အမြတ်ဆုံးအားဖြင့်၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က ဆက်ကပ်လှူဒါန်းအပ်သော ပိဋကတ် အောင်လံတော်များဖြစ်ပါသည်။


(၃) ထိုးဖြူတော် ခြားနားချက်များ

( အရောင်တော် )

| | |
|---|---|
| အရိုးနီရောင် | အာဂုံအောင် |
| အရိုးဝါရောင် | ရေးဖြေအောင် |



သုံးကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင် နာယက ဆရာတော်များ စာထောက်,စာမေး ဆရာတော်များနှင့် အမှုဆောင်လူကြီးများပုံ။



တတိယအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲဝင် အရှင်ဝိစိတ္တသာရာဘိဝံသနှင့်
အာဂတာနည် အရှင်မြတ်များပုံ။



တတိယအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲကြီးတွင် ဝိနည်းငါးကျမ်းကို ဂုဏ်ထူးဖြင့်
အောင်မြင်တော်မူသော ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအား
နိုင်ငံတော်သမတကြီးက အောင်လက်မှတ်တံဆိပ်တော်နှင့်အလံတော်ဆက်ကပ်နေပုံ။

( ဦးရေ )

| တလက် | တပုံအောင် |
| --- | --- |
| နှစ်လက် | နှစ်ပုံအောင် |
| သုံးလက် | သုံးပုံအောင် |

(၄) ဆက်ကပ်ခြင်း ၃-မျိုး

အထက်ပါ ဘွဲ့တံဆိပ်အောင်လံတော် စသည်များကို—

(က) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ ဆက်ကပ်ခြင်း။
(ခ) နိုင်ငံတော်အစိုးရတို့က ဆက်ကပ်ခြင်း။
(ဂ) နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့မှ ဆက်ကပ်ခြင်း။

ဟူ၍ ဆက်ကပ်လှူဒါန်းခြင်း သုံးမျိုး ရောထွေးပါဝင်လျက်ရှိခဲ့ပုံကို အတန်ငယ် ရှင်းလင်းပြလိုပါသည်။

ဤ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကို ၁၃၀၉-ခုနှစ်တွင် ဖွဲ့စည်း တည်ထောင်၍၊ ထိုအဖွဲ့၏သာသနာပြုရန် လုပ်ငန်းအမျိုးမျိုးအနက်၊ ဆဋ္ဌသို့ ရှေ့ရှုသော တိပိဋကရေ ရွေးချယ်ရေးစာပြန်ပွဲကို၊ ၁၃၁၀-ခုနှစ်၊ တပို့တွဲလမှစ၍၊ ဤ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က နှစ်စဉ် ကျင်းပခဲ့ကြသည်။ ထိုစဉ်အခါက ဘွဲ့တံဆိပ်အောင်လက်မှတ် အောင်လံတော်များကိုလည်း၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် နိုင်ငံတော်အစိုးရတို့က ၎င်းတို့၏ အမည်များဖြင့် အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြသည်။

နောက် ၁၃၁၃-ခုနှစ်တွင် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကို အစိုးရအက်ဥပဒေဖြင့် ထပ်မံ ဖွဲ့စည်းတည်ထောင်ကြပြန်သည်။

၁၃၁၃-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅-ရက် (၂၀-၁၀-၅၂) နေ့၊ သာသနာ့ရိပ်သာ မင်္ဂလာ ယာယီမဏ္ဍပ်ကြီး တွင်၊ အထက်ပါ အသင်းအဖွဲ့ကြီးနှစ်ဖွဲ့မှ အမှုဆောင် လူကြီးများ ပူးပေါင်း စည်းဝေး ဆွေးနွေးတိုင်ပင်ကြပြီးလျှင်—

(က) တိပိဋကရေ ရွေးချယ်ပွဲကြီး အရှည် တည်တန့်နိုင်မြဲ၍၊ ကျယ်ပြန့် တိုးတက် စည်ပင်ပါစေခြင်းငှာ၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က နိုင်ငံတော်

ဗုဒ္ဓသာသနာအဖွဲ့သို့ လွှဲအပ်ခြင်းနှင့် နိုင်ငံတော်ဗုဒ္ဓသာသနာ အဖွဲ့က လက်ခံခြင်းကို အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

(ခ) သို့သော် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့က၊ ဤ စာပြန်ပွဲကြီးကို ဆက်လက်၍ စီမံခန့်ခွဲဆောင်ရွက်ကျင်းပရန် မစွမ်းဆောင်နိုင်သေးမီအတွင်း နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ ကိုယ်စားပြု၍၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကပင်တာဝန်ယူ၍ ကျင်းပ ဆောင်ရွက်မြဲ ဆောင်ရွက်ပေးခြင်းကို အားလုံးသဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

ဤကဲ့သို့ အထက်ပါအတိုင်း အပြောင်းအလဲပြုခဲ့ကြသော ၁၃၁၃ ခုနှစ်မှစ၍၊ ဘွဲ့တံဆိပ် အောင်လံတော် စသည်များတွင်၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့အမည်နှင့် နိုင်ငံတော်အစိုးရအမည်တို့ဖြင့်သာ အသီးသီး ဆက်ကပ်လှူဒါန်းကြလျက်၊ထို တိပိဋကဓရ ရွေးချယ်ပွဲဆိုင်ရာ စည်းမျဉ်း စာအုပ်စာတမ်းများတွင်လည်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့အမည်ဖြင့်သာ ရိုက်နှိပ်ဖြန့်ချိလျက် ရှိနေကြပါသည်။

ထို တိပိဋကဓရ ရွေးချယ်ပွဲကြီးကိုကား၊ နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့၏ကိုယ်စား၊ ဤ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကပင် စီမံခန့်ခွဲ ကျင်းပမြဲ ကျင်းပလျက် ရှိနေကြပါသည်။ ။ဘွဲ့တံဆိပ်အောင်လံတော် များနှင့် ဆက်ကပ်ခြင်း စသည်၊ ဤသို့ ဤသို့သော အခြေခံ သဘော သွား ခြားနားချက်များကို ပိုမိုထင်ရှားပါစေရန် ရှင်းလင်း ဖော်ပြ လိုက်ရပါသည်။

**ထိုအရှင်မြတ်၏**


**အဋ္ဌရိယ-အဗ္ဘုတ ဂုဏ်ထူးတော်များမှာ**

၁။ တိပိဋကဓရ ရွေးချယ်ပွဲကြီး၏ ဆိုင်ရာဆိုင်ရာ၊ ပိဋကတ်တော်၊ အာဂုံ၊ ရေးဖြေ အတန်းတိုင်းအတန်းတိုင်းတွင်၊ နှစ်ချင်းပေါက် နှစ်ချင်း ပေါက်ချဉ်းသာ အောင်မြင်တော်မူခြင်း။

၂။ အောင်တိုင်း အောင်တိုင်းလည်း၊ အောင်မှတ်ထက်ပိုသော ဂုဏ်ထူး ချည်းဖြင့်သာ အောင်မြင်တော်မူခြင်း။

၃။ ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးတွင်၊ အစမှအဆုံးတိုင်အောင် နိကာယ်ငါးရပ် ပိဋကတ်တော်အားလုံးကို တပါးတည်းဖြင့် ဖြေဆိုမ်း တော်မူနိုင်ခြင်း။

၄။ ဖြေတိုင်း ဖြေတိုင်းလည်း၊ ပါဠိမြန်မာနှစ်ဘာသာဖြင့် အာဂုံနှုတ်တက် မိန့်မြွက် ဖြေဆိုမ်းတော်မူနိုင်ခြင်း။




ဝိသိဋ္ဌဝိနယဓရ မဟာဝိနယကောဝိဒ ဘွဲ့ရစဉ်က
ဆရာတော်အရှင်ဝိစိတ္တသာရာဘိဝံသပုံ။



စတုတ္ထအကြိမ် တိပိဋကဓရ စာပြန်ပွဲတွင် အောင်မြင်တော်မူသည့် အရှင်များအား
သမတအိမ်တော်၌ အောင်လက်မှတ်နှင့် အောင်လံတော်များ ဆက်ကပ်နေစဉ်။

F



သမ္မတအိမ်တော် ဘွဲ့တံဆိပ် ဆက်ကပ်ပွဲတွင် သမ္မတကြီး လျှောက်ထားနေပုံ။

၅။ ဖြေကြားရွတ်ဆိုရာတွင်လည်း၊ ဝိနည်းအလို၊ မတိုအရှည်၊ ဂီတမနှော၊ ညက်ညောချိုသာ၊ နာဘွယ်မကျဲ၊ နက်နဲသံလုံး၊ အုံးအုံးပဲ့တင်၊ သံစုံဆင်လျက်၊ ကြည်လင်ပြတ်သားသောအသံတော်ဖြင့် ဖြေစွမ်းတော်မူနိုင်ခြင်း၊ စသည်များတုံ၊ အံ့ဘွယ်ဂုဏ်တို့နှင့် ပြည့်စုံ ထူးမြတ် လှပါသတည်း။

## ဝိသိဋ္ဌ ဝိနယဓရ မဟာကောဝိဒ
## ချီးကျူးပူဇော်ပွဲကြီး

တိပိဋကဓရ ရွေး ချယ် ပွဲ ကြီး တွင်၊ ဝိနည်း ၅-ကျမ်းကို အာဂုံရေးဖြေ နှစ်ရပ်လုံးတွင်၊ ဂုဏ်ထူးနှစ်ဆင့်နှင့် အထူးဝိသေသ အောင်မြင်တော်မူသော အရှင်ဝိစိတ္တသာရာဘိဝံသ၊ သာသနာ့အာဇာနည် အရှင်မြတ်အား၊ အထူးဝိသေသ ချီးကျူး ပူဇော်ရန်အတွက် ၁၃၁၂-ခု တပို့တွဲလဆုတ် ၃-ရက် (၂၄-၂-၅၁) စနေနေ့ နံနက် ၉-နာရီ အချိန်တွင်၊ နိုင်ငံတော် သမတကြီး၏ စံအိမ်တော်၌ ရာထမ်း မှုထမ်း မှူးကြီးမတ်ကြီးများနှင့် နိုင်ငံခြား သံကြီး တမန်ကြီးများပါ စုံလင်စွာ ပါဝင်သော မင်းခမ်းမင်းနားဖြင့် ခမ်းနားကြီးကျယ် သိုက်မြိုက်စွာ ကျင်းပလျက်—

၁။ ဗုဒ္ဓသာသနာနုဂ္ဂဟ ဝိသိဋ္ဌဝိနယဓရ မဟာကောဝိဒ တံဆိပ်တော်။

၂။ နိုင်ငံတော် အစိုးရတံဆိပ်နှင့် အဖွဲ့ချုပ်တံဆိပ် ခပ်နှိပ်သော အောင်လက်မှတ်တော်။

၃။ (အဝါရောင် အရိုးတပ်၊ ကနက္ကဒဏ် ထီးဖြူတော်) တံဆိပ် ပါရှိသော အထက်ပိုင်း ထီးဖြူရွက် အောက်ခံတွင်၊ အဝါရောင်နှင့် အောက်ပိုင်း ထီးရိုးအောက်ခံတွင် အဖြူရောင်ခံသော သာသနအလံတော်တို့ကို နိုင်ငံတော်သမတကြီးကိုယ်တိုင် ဆက်ကပ်လှူဒါန်းပါသည်။

တဖန် သမတကြီး၏စံအိမ်တော်မှ ဘွဲ့တံဆိပ်အောင်လက်မှတ်များ ဆက်ကပ်ပူဇော်ပြီး နောက်တနေ့တွင် အဖွဲ့ချုပ်တည်ရာ သာသနာ့ရိပ်သာတွင်လည်း လွန်ခဲ့သောနှစ်များထက် ပိုမိုထူးကဲစွာ ချီးကျူး ပူဇော်ပွဲကြီး တရပ်ကို ကျင်းပ ပူဇော်ကြပါသည်။

ထိုပူဇော်ပွဲကြီး၌ ဗုဒ္ဓဘာသာအသင်းအဖွဲ့ ၃၀-ကျော် တို့ မှ လှူဘွယ် ဝတ္ထုပဒေသာပင်များ သုတိမင်္ဂလာသြဘာစာ ဂါထာဂီတိ၊ ပိဋကစုံ ကေပိုဒ်၊ သဝဏ်လွှာ အသီးသီးမျိုးတို့ဖြင့်၊ ချီးကျူးပူဇော်ကြသည့်အပြင်၊ ထို သာသနာ့အာဇာနည် အရှင်မြတ်၏၊ နဝကမ္မအတွက်၊ အဖွဲ့ချုပ်ဥက္ကဋ္ဌကြီးနှင့် ပုညကုသလအသင်း

ခေတ်ကောလီ ဦးထွန်းရင်တို့က လစဉ် အထူး ထောက်ပံ့ လှူဒါန်း ပူဇော်ကြပါသည်။

**ပဌမအကြိမ်**

၁၃၁၀-ခုနှစ်၊ ပဌမဆုံးအကြိမ်တွင်၊ သာသနာ့ အာဇာနည်လောင်း ၆-ပါး ဝင်ရောက်ပြန်ဆိုခဲ့ပါသည်၊ သို့သော်အစစ္စာ ဖြစ်သည် တကြောင်း၊ တိုင်းပြည် သာယာငြိမ်ဝပ်မှု မရှိသေးသည် တကြောင်း၊ စာကျက်ချိန် များးစွာ မရသည် တကြောင်း၊ ပြန်ဆိုရာတွင် တနေ့လျှင် ၅-ကြိမ်ထက်မပိုသော အထောက် အမ မျှ သာထား၍၊ အလွန်ခဲယဉ်းလှသည့်တကြောင်းတို့ကြောင့် အောင်မြင်သူတပါးမျှ မပေါ်ပေါက်ခဲ့ပါ။

**ဒုတိယအကြိမ်**


၁၃၁၁-ခုနှစ်၊ ဒုတိယအကြိမ်တွင်၊ ဝင်ရောက်ပြန်ဆိုသူ ၅-ပါးအနက်၊ အရှင် ပညာသာရ တပါးသာလျှင် ဝိနည်း ပိဋကတ် ၅-ကျမ်းလုံးကို (က) အာဂုံပြန်၊ အထောက်အမလုံးဝကင်း၍ ဝိသိဋ္ဌဂုဏ်ထူးဖြင့်အောင်မြင်တော်မူခဲ့ပါသည်။

**သုံးကြိမ်မြောက်**


၁၃၁၂-ခုနှစ်၊ သုံးကြိမ်မြောက်တွင် ၅-ပါး ဝင်ရောက် ပြန်ဆိုတော်မူကြရာ၊ အရှင်ဝိစိတ္တသာရာဘိဝံသ၊ တပါးတည်းသာလျှင် ဝိနယပိဋကတ် ၅-ကျမ်းလုံး ကို (က) အာဂုံပြန်နှင့် (ခ) သဘောရေးဖြေနှစ်ရပ်လုံးတွင်၊ ဂုဏ်ထူးတို့ဖြင့်ချည်း ထူးခြားစွာ အောင်မြင်တော်မူခဲ့ပါသည်။

**မဟာဝိသိဋ္ဌမထေရ်ကျော်၏ စွမ်းရည်တော်**
**အဥ္စရိယကိုအမှီပြု၍ ဆဋ္ဌသံဂါယနာတင်ရန် အကြံအစည်များ**
**အစစ္စာပေါ်ပေါက်ခြင်း**

ထို တတိယအကြိမ်တွင် ဂုဏ်ထူးနှစ်ဆင့်ထူးခြားစွာအောင်မြင်တော်မူသော၊ အရှင်ဝိစိတ္တသာရာဘိဝံသ အရှင်မြတ်၏ အလွန့်အလွန် သာယာနာပျော်ဘွယ်၊ ကြည်ညိုဘွယ်ကောင်းလှသော၊ ဓမ္မပါဌ၊ ပိဋကဝါစက၊ ဝိသေသဒေသနာသံကို၊ နာခံကြည်ညိုရသော နိုင်ငံတော်ဝန်ကြီးချုပ်သည်၊ထိုအရှင်မြတ်၏ ဝိသေသဉာဏ ဝိသေသထာမ၊ စသည့်စွမ်းအင်တို့ကိုင်း၊ နောက်နောက်က၊ စာပြန်ပွဲများတွင် လည်း ဂုဏ်ထူးတော် အထပ်ထပ်ချည်းဖြင့်သာ အောင်စွမ်း နိုင်ခဲ့ပုံများ ကိုင်း၊ ယုံကြည်မြတ်နိုးသဒ္ဓါမိုးတက်ကြွ၍ ဆဋ္ဌသံဂါယနာကြီး၊ တင်တော်မူရန် ထူးမြတ် သောအကြံအစည်များ ပေါ်ပေါက်ပါသဖြင့်၊နိုင်ငံတော်ဝန်ကြီးချုပ်က ဥက္ကဋ္ဌကြီး



၆-ကြိမ်မြောက်တိပိဋကဓရ ချီးကျူးပွဲအတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ညွှန်ခံမဏ္ဍပ်
တွင်သာသနာရေးဝန်ကြီး ဦးဝင်းက ပရိသတ်များအား ရှင်းလင်းပြောကြားနေပုံ။



သမတအိမ်တော် ဘွဲ့တံဆိပ်ဆက်ကပ်ပွဲတွင် ဥက္ကဋ္ဌကြီးကိုယ်စား ဗုဒ္ဓသာသနာနုဂ္ဂဟ အကျိုး
ဆောင် (ယူဘီအေဥက္ကဋ္ဌ) ဦးစံသိမ်း လျှောက်ထားပြောကြားနေစဉ်။



သာသနာ့ရိပ်သာတွင် သာသနာ့အာဇာနည် အရှင်မြတ်များအား
ချီးကျူးပူဇော်နေစဉ်။

အား ပြောပြ၍ ဥက္ကဋ္ဌကြီးကလည်း၊ မူလကပင် ရည်မှန်းချက်ရှိခဲ့ပြီး ဖြစ်သဖြင့်၊ အတိုင်းမသိ ဝမ်းမြောက်လှ၍၊ ဖြစ်မြောက်အောင် အထူးကြိုးစားရန် ဝန်ကြီးချုပ်အား တိုက်တွန်းခဲ့ပါသည်။

ထို အကြိမ်မှစ၍ ဆဋ္ဌသံဂါယနာကြီးဆင်ယင်ရန် ဆွေးနွေး တိုင်ပင် စိုင်းပြင်းတော်မူခဲ့ကြပါသည်။ ။

**လေးကြိမ်မြောက်**

၁၃၁၃-ခုနှစ် လေးကြိမ် မြောက်တွင်၊ အာဇာနည် လောင်းလျာ ၄-ပါး ဝင်ရောက်ပြန်ဆိုတော်မူကြရာ၊ (၁) ကျိုက်ထိုမြို့အရှင်သာဂရသည် ဝိနယပိဋကတ် (ခ) သဘောရေးဖြေပွဲတွင် ဂုဏ်ထူးနှင့် အောင်မြင် တော်မူခဲ့ပါသည်၊ (၂) ပခုက္ကူမြို့၊ အရှင်ကောဝိဒသည်၊ ဝိနယပိဋကတ် (က) အာဂုံပြန်ဆိုပွဲတွင် သာမန်အောင်မြင်ပြီး (ခ) သဘောရေးဖြေပွဲတွင် ဂုဏ်ထူးနှင့် အောင်မြင်တော်မူပါသည်။ (၃) မင်းကွန်းမြို့၊အရှင်ဝိစိတ္တသာရာဘိဝံသသည်၊ အဘိဓမ္မာပိဋကတ် ပဌမပိုင်း (က) အာဂုံပြန်နှင့် (ခ) သဘောရေးဖြေပွဲ နှစ်ရပ်လုံးတွင်၊ ဂုဏ်ထူးတို့ဖြင့် အောင်မြင်တော်မူပါသည်။ (၄) ရန်ကုန်မြို့ ရှင်ဓမ္မပါလသည်၊ သံယုတ္တနိကာယ် ၅-ကျမ်းကို (က) အာဂုံပြန်နှင့် (ခ) သဘောရေးဖြေ နှစ်ရပ်လုံးတွင် သာမန်အောင်မြင်တော်မူပါသည်။

**ငါးကြိမ်မြောက်**

၁၃၁၄-ခုနှစ်၊ ငါးကြိမ်မြောက်တွင်၊ အာဇာနည်လောင်းလေးပါး ဝင်ရောက်ပြန်ဆိုကြရာ။

(၁) မင်းကွန်းမြို့အရှင်ဝိစိတ္တသာရာဘိဝံသသည်၊အဘိဓမ္မာပိဋကတ်ဒုတိယပိုင်း (က) အာဂုံပြန်နှင့် (ခ) သဘောရေးဖြေ နှစ်ရပ်လုံးတွင် ဂုဏ်ထူးတို့ဖြင့် အောင်မြင်တော်မူပါသည်။
(၂) ပခုက္ကူမြို့ အရှင်ကောဝိဒသည်၊ အဘိဓမ္မာပိဋကတ်၊ ပဌမပိုင်း (က) အာဂုံပြန်တွင် သာမန်အောင်ပြီး (ခ)သဘောရေးဖြေပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူပါသည်။

**၆-ကြိမ်မြောက်**

၁၃၁၅-ခုနှစ်၊ ၆-ကြိမ်မြောက်တွင်၊ ဝင်ရောက်ပြန်ဆိုသူ ၆-ပါးအနက်——

(၁) မင်းကွန်းမြို့၊ အရှင်ဝိစိတ္တသာရာဘိဝံသသည်၊ သုတ္တန္တပိဋကတ် ဒီဃနိကာယ် ၃-ကျမ်းကို (က) အာဂုံပြန်နှင့် (ခ) သဘော ရေးဖြေပွဲ နှစ်ရပ်လုံးတွင် ဂုဏ်ထူးတို့ဖြင့်အောင်မြင်တော်မူပါသည်။

(၂) အရှင်သောဘိတသည်၊ အင်္ဂုတ္တရနိကာယ် ၁၁-ကျမ်းကို (က) အာဂုံပြန်ပွဲနှင့် (ခ) သဘောရေးဖြေပွဲနှစ်ရပ်လုံးကို အောင်မြင်တော်မူပါသည်။

၇-ကြိမ်မြောက်

၁၃၁၆-ခုနှစ်၊ ၇-ကြိမ်မြောက်တွင် ၉-ပါး ဝင်ရောက်ပြန်ဆိုတော်မူကြသည့်အနက်—

(၁) ပခုက္ကူမြို့ အရှင်နေမိန္ဒသည်၊ ဝိနယပိဋကတ်၅-ကျမ်းကို (က) အာဂုံပြန်နှင့် (ခ) သဘောရေးဖြေပွဲနှစ်ရပ်လုံးတွင် ဂုဏ်ထူးတို့ဖြင့် အောင်မြင်တော်မူပါသည်။

(၂) မန္တလေးမြို့အရှင်ဝဏ္ဏိတသည်၊ သုတ္တန္တပိဋကတ်ဒီဃနိကာယ် ၃-ကျမ်းကို (က) အာဂုံပြန်တွင် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူပါသည်။


(၃) မန္တလေးမြို့ အရှင်ပညာသာမိသည်၊ ဒီဃနိကာယ် (က) အာဂုံပြန် ဂုဏ်ထူးဖြင့် အောင်မြင်တော်မူပါသည်။

(၄) ရန်ကုန်မြို့ အရှင်ကောသလ္လ (သာမဏေ)သည်၊ ဒီဃနိကာယ် (က) အာဂုံပြန် အောင်မြင်တော်မူပါသည်။

၈-ကြိမ်မြောက်

၈-ကြိမ်မြောက်ဖြစ်သောတိပိဋကဓရရွေးချယ်ပွဲတွင်၊၁၉-ပါးဝင်ရောက်တော်မူကြသည့်အနက်—

၁။ ရွှေကျင်မြို့၊ မန္တလေးတိုက်ကျောင်း အရှင်ဇမ္ဗုဝံသ သည်၊ ဝိနည်း ငါးကျမ်း (က) အပိုင်းအာဂုံပြန်တွင် သာမန်အောင်မြင်ပါသည်။
၂။ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ်အရှင်အမတဇောတိပါလသည်ငှင်း။
၃။ မန္တလေးမြို့၊ မိုးကောင်းတိုက် ညောင်ရမ်းကျောင်း အရှင်ဉာဏဝံသသည်ငှင်း။
၄။ ပြည်မြို့၊ ပွင့်လှသိမ်ကုန်းကျောင်းတိုက်အရှင်ကောသလ္လသည်ငှင်း။
ဒီဃနိကာယ် သုတ်သုံးကျမ်း (က) အပိုင်းအာဂုံပြန်တွင်၊ အထောက်အမ မရှိ ကြည်လင် ပြတ်သားစွာ ပြန်ဆိုနိုင်ကြသောကြောင့်၊ ဝိသိဋ္ဌ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူကြပါသည်။
၅။ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ ဝိနည်းငါးကျမ်း အာဂုံ၊ ရေးဖြေ နှစ်ပိုင်းစလုံး ဂုဏ်ထူးချည်းအောင်ပြီး၊ အရှင်နေမိန္ဒသည်၊ဒီဃနိကာယ် သုတ်သုံးကျမ်း (က) အပိုင်း အာဂုံပြန်တွင် အထောက် အမ မရှိ



သာသနာ့ အာဇာနည်အရှင်များအား သာသနာ့ရိပ်သာ၌ အဖွဲ့ပေါင်းစုံ
ချီးကျူးပွဲတွင် ဝန်ကြီးဦးဝင်း နှုတ်ခွန်းဆက်နေပုံ။



သာသနာ့အာဇာနည်များအား သာသနာ့ရိပ်သာ၌ ချီးကျူးပွဲကျင်းပစဉ်
အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဦးလင်း ချီးကျူးနေပုံ။

သန့်ရှင်းပြတ်သားစွာ ပြန်ဆိုနိုင်သောကြောင့်၊ ဝိသိဋ္ဌ ဂုဏ်ထူးဖြင့် အောင်မြင်တော်မူပါသည်။

## တိပိဋကဓရ အထိမ်းအမှတ် နေ့ထူးတရပ် သတ်မှတ်ခြင်း

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာ သာသနာတော် စည်ပင်ပြန့်ပွါးထွန်းကားခဲ့သော်လည်း၊ အလွန်တရာ ပေါ်ပေါက်ခဲလှစွာသော ပိဋကတ် သုံးပုံဆောင်၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ပေါ်ပေါက်တော်မူလာခြင်းကို အစွဲပြု၍၊ မြန်မာနိုင်ငံ ဘာသာရေး နေ့ထူးနေ့မြတ် များစွာတွင် တိပိဋကဓရ နေ့ထူးတရက် သတ်မှတ်ကြရန်အတွက်၊ ၁၃၁၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉-ရက် (၅-၂-၅၆) တနင်္ဂနွေနေ့၊ နေ့လည် ၃-နာရီအချိန်၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယာဥ်ဓမ္မာရုံကြီးတွင်ကျင်းပသော၊ တိပိဋကအောင် သာသနာ့ အာဇာနည် အရှင်မြတ်များအား ချီးကျူးပူဇော်ပွဲကျင်းပရေး၊ ဘာသာရေး အသင်းအဖွဲ့ပေါင်းစုံ ညှိနှိုင်းကော်မီတီ အစည်းအဝေးတွင် အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ကြပါသည်။

**ဆုံးဖြတ်ချက် အမှတ် (၁၁)**

> တိပိဋကဓရ နေ့တနေ့ အထူး သတ်မှတ်ရန်အတွက်၊ ပဌမ ရွေးဦးစွာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ပေါ်ပေါက်သော တပို့တွဲလဆန်း ၁၀-ရက်နေ့ကို (တိပိဋကဓရ)နေ့ဟု သတ်မှတ်ရန်ဟူ၍ ဆုံးဖြတ်ခဲ့ကြပါသည်။

**ပဌမအကြိမ်မြောက် တိပိဋကဓရနေ့ထူး**

**အထိမ်းအမှတ်ပွဲ အခမ်းအနား ကျင်းပခြင်း**

အထက်ပါဆုံးဖြတ်ချက်အရ—

ပဌမအကြိမ်မြောက် တိပိဋကဓရနေ့ အထိမ်းအမှတ်ပွဲကို၊ ၁၃၁၈-ခုနှစ်၊ တပို့တွဲလဆန်း ၁၀-ရက် (၉-၂-၅၇)စနေနေ့ ညနေ ၆-နာရီခွဲ အချိန်တွင်၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာ ဖလ်ယာဥ်ဓမ္မာရုံကြီး၌၊ အောက်ပါ အစီအစဉ်အတိုင်း ကျင်းပကြပါသည်။

(ည ၆-နာရီ မိနစ် ၃၀-မှ၊ ၎င်း ၈-နာရီ မိနစ် ၃၀-အထိ)

၁။ တိပိဋကဓရနေ့ အထိမ်းအမှတ်ပွဲ အခမ်းအနားကို ဇယန္တော ဗောဓိယာမူလေ၊ အစချီသော အောင်ဂါထာဖြင့်၊ အကျိုးဆောင် ဦးလှစိန်က ကျူးရင့် ဖွင့်လှစ်ပါသည်။

၂။ တိပိဋကဓရ အထိမ်းအမှတ်ပွဲ ကျင်းပရခြင်းအကြောင်းကို၊ သာသန ညွှန်ကြားရေးဝန် ဦးကြီးဖေက အကျယ်တဝင့် ပြောကြားပါသည်။
၃။ ပါဠိမြန်မာ စာပေပညာရှိလူကြီးများက၊ ပိဋကတ်သုံးပုံ ပါဠိတော်များဖြင့်၊ အောက်ပါအတိုင်း ရွတ်ဘတ်ပူဇော်ကြပါသည်။

(က) ဝိနယပိဋက

အစမှ သမတ အတိုင်ပင်ခံအရာရှိ ဒိဗ္ဗစက္ခု ဆရာကျော်။
၎င်းအဆုံးမှ ဟံသာဝတီ ပါဠိဆရာ ဦးသန်းညွှန့်။

(ခ) သုတ္တန္တပိဋက

အစမှ ဟံသာဝတီ ပါဠိဌာနမှူး ဦးခင်စိုး။
၎င်းအဆုံးမှ ပဋ္ဌမကျော် ဦးခင်မောင်ကြီး။

(ဂ) အဘိဓမ္မပိဋက


အစမှ သုဓမ္မဝတီ ဦးပန်းမောင်။
၎င်းအဆုံးမှ ပါဠိဆရာ မွန်ကြင်စိန်။

၄။ ပိဋကတ်အောင် အရှင်မြတ်များ ကျန်းမာ ချမ်းသာတော် မူစေကြောင်းကို၊ ပဋ္ဌမကျော် ဦးခင်မောင်ကြီးက၊ ဂါထာပါဠိအနက်တို့ဖြင့် မေတ္တာပို့ပါသည်။
၅။ ပိဋကတ်အောင် အရှင်မြတ်များ ဆက်ကာဆက်ကာ ထွက်ပေါ်ပါစေကြောင်း၊ ဓမ္မာစရိယဦးထွန်းရွှေက ဂါထာသံပေါက်များဖြင့် ဆုတောင်းပါသည်။
၆။ ဂဋ္ဌုန်နဂါး အမျိုးသမီးအဖွဲ့မှ မေတ္တာပို့ ကဗျာ ဂါထာများဖြင့် ချီး ကျူး ပူဇော်ကြပါသည်။
၇။ နောက်ဆုံးတွင် တိပိဋကဓရ ရွေးချယ်ရေး အဖွဲ့ ဥက္ကဋ္ဌကြီး သတိုးသီရိ သုဓမ္မ သူဌေးကြီး (ဆာ)ဦးသွင်က၊ ကျေးဇူးတင်မိန့်ခွန်းများ မြွက်ကြား ပြောဆိုပြီး ဧည့်ခံ ကျွေးမွေး၍၊ ပဋ္ဌမ အကြိမ်မြောက် တိပိဋကဓရ နေ့ အထိမ်းအမှတ် ပူဇော်ပွဲအခမ်းအနား ပြီးစီး အောင်မြင်ကြပါသတည်း။

## တိပိဋကဓရ သာသနာ့အာဇာနည်ပုဂ္ဂိုလ် ပေါ်ပေါက်ခြင်းနှင့် တိပိဋကဓရနေ့ သတ်မှတ်ခြင်းအကြောင်း

(လျှောက်ထားသူ သာသန ညွှန်ကြားရေးဝန်၊ မဟာပညာဗလ-ဦးကြီးဖေ)

ရှိသေလေးမြတ်စွာ လျှောက်ထားပါသည် ဆရာတော် သံဃာတော် အရှင်မြတ်တို့ဘုရား။



သာသနာ့ရိပ်သာ၌ အာစာနည်အရှင်များအား ချီးကျူးပွဲကျင်းပရာတွင်
လှူဒါန်းသည့် ပဒေသာပင်များ။



သာသနာ့ရိပ်သာတွင် သာသနာ့အာဇာနည်များအား ချီးကျူးပွဲအပြီး၌
ဧည့်ခံကျွေးမွေးနေပုံ။

တိပိဋကဓရနေ့ သတ်မှတ်ရခြင်းနှင့် စပ်လျဉ်းပြီး နောက်ကြောင်းသာသနာဝင်ကို အနည်းငယ် လျှောက်ထားလိုပါတယ် ဘုရား။

မြတ်စွာဘုရား လက်ထက်တော်အခါက ပိဋကတ်သုံးပုံဆောင် တိပိဋကဓရပုဂ္ဂိုလ်တွေ အလွန်ပေါများပါတယ်ဘုရား၊ အလွန်ပေါများနေတော့ အံ့ဘွယ်သူရဲမဖြစ်တဲ့အတွက် တိပိဋကဓရနေ့လို့ သတ်မှတ်ခြင်း မရှိခဲ့ပါဘုရား။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်ပြီး စတုတ္ထသင်္ဂါယနာတင်သည်အထိ နှစ်ပေါင်း(၄၅၀)အတွင်း နှုတ်ဖြင့်ရွတ်ဆိုကာ သင်္ဂါယနာသုံးကြိမ်တင်လာသည်ကို ထောက်သဖြင့် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရပုဂ္ဂိုလ်များရှိကြောင်း ထင်ရှားပါတယ်ဘုရား၊ သို့သော်လဲ တတိယ သင်္ဂါယနာတင်ပြီးနောက် ပိဋကတ် သုံးပုံဆောင် တိပိဋကဓရပုဂ္ဂိုလ်တွေ တဖြည်းဖြည်း ဆုတ်ယုတ် နည်းပါးပြီး၊ ပိဋကတ်နှစ်ပုံဆောင်၊ တပုံဆောင်တို့သာ များသဖြင့် စတုတ္ထ သင်္ဂါယနာ တင်တဲ့ အခါကျတော့၊ နှုတ်ဖြင့် အာဂုံမရွတ်ဆိုတော့ဘဲ ပေထက်အက္ခရာ တင်ခဲ့ကြပါတယ်ဘုရား။

စတုတ္ထသင်္ဂါယနာတင်ပြီး သည်ဘက်နှစ်ပေါင်းနှစ်ထောင်အတွင်းမှာ သထုံခေတ်၊ ပုဂံခေတ်၊ စစ်ကိုင်းခေတ် ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ခေတ်ဟု ခေတ်အမျိုးမျိုးနှင့် ကြုံခဲ့ပါတယ်၊ ထိုခေတ်များတွင် ရာဇဝင်၊ သာသနာဝင်များအရဆိုလျှင်၊ ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ ပုဂ္ဂိုလ်မှာ မရှိသလောက်ဖြစ်ခဲ့ပါတယ်ဘုရား၊ တိပိဋကဓရပုဂ္ဂိုလ်ရှိကြောင်း၊ ဘယ်ပုဂ္ဂိုလ်ဟာ တိပိဋကဓရပုဂ္ဂိုလ်ဖြစ်ကြောင်း ရာဇဝင်,သာသနာဝင် မှတ်တမ်း အနိုင်အမာ မတွေ့ရပါဘုရား၊ သို့သော်လည်း ပိဋကတ်သုံးပုံကို ချပ်ို ကြည့်ရှု လေ့လာ ချောက်ချားရေးသားနိုင်တဲ့ ပုဂ္ဂိုလ်တွေ အများအပြား ပေါ်ထွက်ခဲ့ပါတယ် ဘုရား၊ ပေါ်ထွက်ခဲ့ကြောင်း ယခုထက်တိုင်အသုံးပြုနေတဲ့ ပါဠိဘာသာဘက်က ဋီကာကျမ်းများ၊ သဒ္ဒါကျမ်းများ၊ မဓုယောဇနာကျမ်းများ၊ မြန်မာဘာသာဘက်က နိဿယကျမ်းများ၊ ဂဏ္ဌိကျမ်းများ၊ အဆုံးအဖြတ် ဂန္ထန္တရများကို ထောက်သဖြင့် ထင်ရှားပါတယ်ဘုရား။

ထိုသို့ ပိဋကတ်သုံးပုံကို ချပ်ို ကြည့်ရှု လေ့လာ ချောက်ချား ရေးသား နိုင်တဲ့ ပုဂ္ဂိုလ်တွေ အများအပြား ပေါ်ထွက်သော်လဲ၊ ယခုလိုစာမေးပွဲမျိုးနှင့် မေးမြန်းဖြေဆိုရခြင်း မရှိလေတော့၊ နှုတ်တက်အာဂုံဘက်က နည်းပါးဟန် တူပါတယ်ဘုရား။

ယခုအခါ တိပိဋကဓရပုဂ္ဂိုလ် ပေါ်ပေါက်လာခြင်းဟာလဲ၊ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် ဗုဒ္ဓသာသနာအဖွဲ့ကြီးနှစ်ဖွဲ့ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ(ဆာ)


ဦးသွင်ကို ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန်အတွက် သာသနာတော်စောင့် နတ်မင်းကြီးများ နှိုးဆော်တိုက်တွန်းသည့်အလား(မဖြစ်နိုင်ပါဘူး-မဖြစ်နိုင်တာ-ငွေကုန်လူပန်းခံပြီး လုပ်ရမလား)ဟု သဘောကျသူမရှိသလောက်နည်းပါးပြီး၊ ကဲ့ရဲ့ပြစ်တင်နေတဲ့အထဲ၊ အဲဒီ သတိုးသီရိသုဓမ္မ (ဆာ)ဦးသွင် မနေမနား ကြိုးစားချက်အရ၊ ၆-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ (၁၃၁၅-ခု၊ တပို့တွဲလဆန်း ၁၀-ရက်နေ့ရောက်တော့) အလျှံတပြောင်ပြောင်တောက်လောင်နေတဲ့ မီးပုံကြီးထဲက, ကားကားစွင့်စွင့် ပဒုမ္မာကြာပန်းကြီးပွင့်လာသလို မဖြစ်ဘူးမြဲ ထူးကဲစွာ တိပိဋကဓရ သာသနဓဇာနည် ပုဂ္ဂိုလ်တပါး ထွန်းကား ပေါ်ပေါက်လာခဲ့ပါတယ်ဘုရား။

တိပိဋကဓရပုဂ္ဂိုလ် ဆိတ်သုံးကွယ်ပျောက်နေတဲ့အတွက် နှစ်ပေါင်းနှစ်ထောင်ကျော်အတွင်း သာသနာဝင် ကြွေးတင်လာတာ သထုံခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ ပုဂံခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ စစ်ကိုင်းပင်းယခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ အင်းဝခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ ကုန်းဘောင်ခေတ်ကလဲ မဆပ်ခဲ့နိုင်ပါဘုရား၊ အင်္ဂလိပ်ခေတ်ကျတော့ သာသနာပြုမင်းမဟုတ်တဲ့အတွက် ကြွေးဆပ်တဲ့အထဲ ထည့်သွင်းပြီး စဉ်းစားရန်မလိုပါဘုရား။

အဲဒီနှစ်ပေါင်း နှစ်ထောင်ကျော်အတွင်း ခေတ်အဆက်ဆက်က တင်လာခဲ့တဲ့ သာသနာဝင်ကြွေးတွေကို လွတ်လပ်တဲ့(ဖ၊ဆ၊ပ၊လ)ခေတ်၊ (၁၃၁၅-ခု တပို့တွဲလဆန်း ၁၀-ရက်နေ့)ရောက်တော့၊ တိပိဋကဓရသာသနဓဇာနည်ပုဂ္ဂိုလ်ထူးပေါ်ပေါက်လာတဲ့အတွက်၊ ၁၃၁၆-ခု ကဆုန်လပြည့်နေ့မှ စတင်၍၊ ဆဋ္ဌသင်္ဂါယနာတင်ပြီး သာသနာဝင်ကြွေးတွေ ဆပ်လိုက်တာ တခါတည်း ကြေသွားပါတယ်ဘုရား။

အဲဒီ သာသနာဝင်ကြွေးတွေ ကြေသွားတဲ့အတွက်၊ ကြွေးကြေသွားအောင် ဆပ်နိုင်တဲ့အတွက် (အဲဒီ တပို့တွဲလဆန်း ၁၀-ရက်နေ့ကို တိပိဋကဓရ နေ့လို့) ကမ္ဘာ့ရာဇဝင်နှင့် သာသနာဝင်တွင် ဥဒါန်းတွင်လောက်အောင် မော်ကွန်းထိုးခြင်း ဖြစ်ပါတယ်ဘုရား။

အဲဒီမော်ကွန်းထိုးထားတဲ့ (တိပိဋကဓရ)နေ့ ရောက်တဲ့အခါ နှစ်စဉ် ဗုဒ္ဓဘာသာဝင် သူတော်စဉ်ဖြစ်ကြတဲ့ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ဟာ တိပိဋကဓရသာသနဓဇာနည်ပုဂ္ဂိုလ်ထူးကို ပူဇော်တဲ့ ပုဂ္ဂလပူဇာ အနေဖြင့်၎င်း၊ ပိဋကတ်သုံးပုံကိုပူဇော်တဲ့ ဓမ္မပူဇာအနေဖြင့်၎င်း၊ ဆဋ္ဌသင်္ဂါယနာကြီးကို ပူဇော်တဲ့ သာသနပူဇာ အနေဖြင့်၎င်း၊ အရပ်ဒေသ မြို့ရွာခရိုင်တိုင်း စွမ်းအားရှိသမျှ ပိဋကတ်တော် ရွတ်ဘတ်ပူဇော်ပွဲကြီးများကို ဆရာတော်, သံဃာတော်များက



တိပိဋကဓရနေ့ အခမ်းအနားတွင် သာသနာ့ညွှန်ကြားရေးဝန် ပထမကျော်ဦးကြီးဖေ၏
မိန့်ခွန်းပြောကြားနေစဉ်။



၁၉၅၇-ခုနှစ် တိပိဋကဓရဖွင့်ပွဲ · အခမ်းအနားသို့ နာယကဆရာတော်များ
ကြွလာတော်မူကြစဉ်။

ကြီးမှူးပြီး ကျင်းပကြရန်၊ ကျင်းပ၍ သတိရကြရန် လေးလေးနက်နက် လျှောက်ထား တောင်းပန်အပ်ပါသည် ဆရာတော်,သံဃာတော် အရှင်မြတ်တို့ဘုရား။

## ၉-ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ

၉-ကြိမ်မြောက်ဖြစ်သော တိပိဋကဓရ ရွေးချယ်ပွဲတွင် လက်မှတ်ထိုး အာဇာနည်လောင်း ၄၄-ပါး ပေါ်ပေါက်ပါသည်၊ ၎င်းတို့အနက်—

| | | |
|---|---|---|
| (၁) | ဝိနည်းငါးကျမ်း အာဂုံနှင့် ရေးဖြေ | ၄-ပါး။ |
| (၂) | ၎င်း အာဂုံအောင်ပြီး ရေးဖြေ | ၂-ပါး။ |
| (၃) | ဒီဃနိကာယ် သုတ်သုံးကျမ်း အာဂုံနှင့် ရေးဖြေ | ၃၀-ပါး။ |
| (၄) | ၎င်း အာဂုံအောင်ပြီး ရေးဖြေ | ၇-ပါး။ |
| (၅) | အဘိဓမ္မာ နောက်ပိုင်း ၂-ကျမ်း အာဂုံနှင့် ရေးဖြေ | ၁-ပါး။ |
| | စုစုပေါင်း | ၄၄-ပါး။ |

ဆိုင်ရာဆိုင်ရာပိဋကတ်တော်များကို အသီးသီး စတင်ပြန်ဆို ဖြေဆိုကြရာတွင် အလွန် ပင်ပန်း နွမ်းနယ်သော အရှင်မြတ်များ အတွက်၊ အထူးကူညီပြုစုကြရန် အတွက် ဆေးဆရာဝန်ကြီးများ၊ မြန်မာသွားတော်ကြီးများက ဆေးဝါး အစုံအလင်တို့ဖြင့် အဆင်သင့် နေ့စဉ် အချိန်ပြည့် စောင့်ရှောက် ကုမလျက် ရှိကြပါသည်။ ကျမ္မာရေးချို့တဲ့သောအရှင်တို့အား နေ့ဝက်,တရက် စသည် အနားပေး ဆေးဝါးကု၍ ဆက်လက်ပြန်ဆိုခွင့် ပြုကြပါသည်။

သို့ရာတွင် အာဂုံပြန်အာဇာနည်လောင်း ၁၃-ပါးတို့မှာ ၂-ရက်စ၊ ၃-ရက်စ၊ ၅-ရက်စ ပြန်ဆိုဆဲတွင် ရင်အောင့်ခြင်း၊ လေထခြင်း၊ ဆွမ်းမဘုဉ်းပေးနိုင်ခြင်း စသည်တို့ကြောင့် အသက်အန္တရာယ် မထိခိုက်ပါရန်၊ နောက်ဆုံး ဆရာဝန်ကြီးများ၏ညွှန်ကြားချက်အရ၊ ပြဋ္ဌာန်းသော ပိဋကတ်နှင့် သတ်မှတ်ထားသော ရက်များပြီးဆုံးအောင် မစွမ်းနိုင်တော့ဘဲ ရပ်နားခွင့် ပြုလိုက်ကြရပါသည်။

ကျမ္မာရေးပြည့်စုံ၍ ပြဋ္ဌာန်းသောပိဋကတ်တော်များနှင့် ကန့်သတ်ထားသော ရက်များ ပြီးဆုံးအောင် ပြန်ဆို ဖြေဆိုတော် မူကြသော အာဇာနည် ၃၁-ပါး အနက်၊ ဆိုင်ရာဆိုင်ရာအောင်ပန်းကို ဆွတ်လှမ်းနိုင်ကြသော အာဇာနည် အရှင်မြတ်များမှာ—

၁။ ပလ္လင်တော် အမှတ် ၆- ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် (ဝိနည်းငါးကျမ်း နှစ်ပိုင်းစလုံးနှင့် ဒီဃနိကာယ် ပဌမပိုင်း ဂုဏ်ထူးချည်း

အောင်ပြီး ၁၀–ဝါရ) အရှင်နေမိန္ဒသည်၊ ဒီဃနိကာယ် (ခ)ပိုင်း၊ သဘောရေးဖြေပွဲကို သာမန်အောင်မြင်တော်မူပါသည်။

၂။ ပလ္လင်တော် အမှတ် ၃၂– မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်၊ သာသန ဇောတိကာရုံ အုဋ်ကျောင်း (၁၅) ဝါရ အရှင် ဝိလာသဂ္ဂါဘိဝံသသည်၊ ဒီဃနိကာယ် သုတ်သုံးကျမ်း (က) အပိုင်း အာဂုံပြန်ပွဲတွင် ဝိသိဋ္ဌ ဂုဏ်ထူးဖြင့်၎င်း၊ (ခ) အပိုင်း သဘော ရေးဖြေပွဲတွင် သာမန် ရိုးရိုးဖြင့်၎င်း အောင်မြင်တော်မူပါသည်။

၃။ ပလ္လင်တော် အမှတ် ၁၆၊ ရန်ကုန်မြို့ ဘုရားကြီးတိုက် (၂၁) ဝါရ၊ အရှင်နန္ဒမာလာသည်၎င်း။

၄။ ပလ္လင်တော် အမှတ် ၁၈– မော်လမြိုင်မြို့ ဘီလူးကျွန်း ကမာပိုရွာ၊ သာသနမေဒနီတိုက် (၂)ဝါရ၊ မွန် အရှင်သီလာနန္ဒသည်၎င်း။

၅။ ပလ္လင်တော် အမှတ် ၂၃၊ ရန်ကုန်မြို့ သာသနမာရ်အောင်တိုက် (၇) ဝါရ၊ အရှင်ဂုဏောဘာသသည်၎င်း။

၆။ ပလ္လင်တော် အမှတ် ၂၉– စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင် ဒီပါအေးမြချောင်(၂)ဝါရ၊ အရှင်ကေတုမာလာသည်၎င်း။

၇။ ပလ္လင်တော်အမှတ် ၃၀–ရန်ကုန်မြို့ကျောက်ကုန်းမေဒနီကျောင်းတိုက် (၅) ဝါရ၊ အရှင်ဉာဏဝံသသည်၎င်း။


၈။ ပလ္လင်တော်အမှတ် ၃၄–ပြည်မြို့ဇောတိကာရုံကျောင်းတိုက်၊ ၁၃–ဝါရ အရှင်တေဇောဘာသာဘိဝံသသည်၎င်း။

ဒီဃနိကာယ်သုတ်သုံးကျမ်း။ (က)အပိုင်းအာဂုံပြန်ဆိုပွဲတွင်နေ့စဉ် အထောက် အမ လွတ်ကင်း၍၊ သန့်ရှင်းကြည်လင်ပြတ်သားစွာ ဝိသိဋ္ဌ ဂုဏ်ထူးတို့ဖြင့် အောင်ပန်းကို ဆွတ်လှမ်း ပန်ဆင်တော် မူကြပါသတည်း။


ထိုနှစ်စာအောင် အာဇာနည်အရှင်မြတ်တို့အား၊ နိုင်ငံတော်သမတ၊ကြီးမှူး၍ ရာထမ်း မှုထမ်း အပေါင်းတို့က၊ သမတ စံအိမ်တော်၌ တကြိမ်၊ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ပေါင်းစုံတို့က သာသနာ့ရိပ်သာ၌ တကြိမ်။

မြန်မာပြည် သတင်းစာဆရာများ အသင်းကြီးက မြို့တော်ခမ်းမ ဆောင်၌ တကြိမ်။

ဆိုင်ရာဆိုင်ရာ၊ ဘွဲ့တံဆိပ်လက်မှတ် အောင်လံ၊ ပဒေသာပင်၊ စသော အဆောင်အယောင် အမွှမ်းအမံအသီးသီးတို့ဖြင့် ကြီးကျယ် ခမ်းနားစွာ ချီးကျူး ပူဇော်ကြပါသတည်း။



၁၉၅၇-ခု၊ တိပိဋကဓရ စာပြန်ပွဲ အခမ်းအနား ဖွင့်ရာတွင် နိုင်ငံတော်
သမတကြီး ဒေါက်တာဦးဘဦးလျှောက်ကြားနေပုံ။



တိပိဋကဓရ စာမေးပွဲဝင်အရှင်များအား ဥက္ကဋ္ဌကြီး ဆာဦးသွင် စသည်တို့ကကြည်ညိုနေကြပုံ။

# တိပိဋကဓရရွေးချယ်ပွဲ ၉-နှစ်ချုပ် အောင်စာရင်း

| ခုနှစ် | ဝင်သူဦးရေ | | | ဝင်ပုဂ္ဂိုလ်ပေါင်း | ဝိနယအောင် | | | | သုတ္တန္တအောင် | | | | အဘိဓမ္မာအောင် | | | | အောင်ပုဂ္ဂိုလ်ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | အာဂုံ | | ရေးဖြေ | | အာဂုံ | | ရေးဖြေ | | အာဂုံ | | ရေးဖြေ | | |
| | ဝိနယ | သုတ္တန္တ | အဘိဓမ္မာ | | သာမန် | ဂုဏ်ထူး | သာမန် | ဂုဏ်ထူး | သာမန် | ဂုဏ်ထူး | သာမန် | ဂုဏ်ထူး | သာမန် | ဂုဏ်ထူး | သာမန် | ဂုဏ်ထူး | |
| ၁၃၁၀ | ၃ | ၁ | ၁ | ၅ | × | × | × | × | × | × | × | × | × | × | × | × | × |
| ၁၃၁၁ | ၃ | ၁ | ၁ | ၅ | × | ၁ | × | × | × | × | × | × | × | × | × | × | ၁ |
| ၁၃၁၂ | | | | ၅ | × | ၁ | × | ၁ | × | × | × | × | × | × | × | × | ၁ |
| ၁၃၁၃ | ၃ | ၁ | × | ၄ | ၁ | × | × | ၂ | ၁ | × | ၁ | × | × | ၁ | × | ၁ | ၄ |
| ၁၃၁၄ | ၂ | × | ၂ | ၄ | × | × | × | × | × | × | × | × | ၁ | ၁ | × | ၂ | ၂ |
| ၁၃၁၅ | ၄ | ၂ | × | ၆ | × | × | × | × | ၁ | ၁ | ၁ | ၁ | × | × | × | × | ၂ |
| ၁၃၁၆ | ၅ | ၃ | ၁ | ၉ | × | ၁ | × | ၁ | ၁ | ၂ | × | × | × | × | × | × | ၄ |
| ၁၃၁၇ | ၃ | ၉ | ၁ | ၁၃ | ၁ | × | × | × | × | × | × | ၄ | × | × | × | × | ၅ |
| ၁၃၁၈ | ၆ | ၃၇ | ၁ | ၄၄ | × | × | × | × | × | ၇ | ၂ | × | × | × | × | × | ၁ |
| ၁၃၁၉ | | | | | | | | | | | | | | | | | |
| ၁၃၂၀ | | | | | | | | | | | | | | | | | |
| ၁၃၂၁ | | | | | | | | | | | | | | | | | |

ဤသို့တိပိဋကဓရရွေးချယ်ပွဲကြီးကို ၁၃၁၀-ခုနှစ်မှစ၍ ၁၃၁၉-ခုနှစ် အထိ၊ ၉-နှစ်၊ ၉-ကြိမ်တိုင်တိုင်ကျင်းပလာခဲ့ကြရာ တနှစ်ထက်တနှစ်များပြား တိုးတက်အောင်မြင်လျက်၊ ထွက်ပေါ်လာကြပါသဖြင့်၊ နောင်အနာဂတ်သာသနာတော်အတွက်၊ ပိဋကတ်ဆောင် သာသနာ့ အာဇာနည်များ၊ များစွာ ပေါ်ပေါက်ထွန်းလင်းလာကြတော့မည်မှာ၊ ယုံမှားဘွယ်မရှိဖြစ်ပါတော့သတည်း။

## စည်းသုံးတန်ကိုကျော်လွန်ခဲ့ရသောတိပိဋကဓရရွေးချယ်ပွဲ

**နှောင့်ယှက်ဖျက်ရန် စည်းသုံးတန်**

၁။ အထက်ပါ တိပိဋကဓရရွေးချယ်ပွဲကြီးကျင်းပရန်အတွက်၊ ဆရာတော်သံဃာတော်ကြီးများနှင့်အစစွာလျှောက်ထားတိုင်ပင်ဆွေးနွေးကြစဉ်ကပင်၊ တိပိဋကဓရ ရွေးချယ်ပွဲကျင်းပခြင်းကြောင့်၊ သာသနာတော်အား **အကျိုးများ မများ**ဟူသော ဆရာတော်အချို့၏ဆန္ဒတော်ကွဲလွဲချက်များနှင့်ထိုတိပိဋကဓရရွေးချယ်ပွဲ၊ ဒုတိယနှစ်ကျင်းပအံ့ဆဲဆဲတွင် **ကျမ်းခွဲပေးသင့် မပေးသင့်**ဟူ၍ ပေါ်ပေါက်လာသော၊ အတိုက်အဖျက်၊ ချိမ်းချောက်မှုတည်းဟူသော ပဌမစည်းကြီးတတန်။

၂။ ထိုတိပိဋကဓရရွေးချယ်ပွဲအစစွာ၊ ကျင်းပချိန်တွင်၊ ရန်ကုန်မြို့ယူနီဘာစိတီကျောင်းတော်ဝင်းအနီးအနား အစိုးရတပ်မတော်ကြီးမှ အစွမ်းကုန်ခုခံ၍။ ခဝဲခြံ ကရင်သူပုန်များနှင့် အဆက်မပြတ် ပစ်ခတ်ခြေမှုန်းလျက်ရှိနေကြသော **အမြောက်သံ စိန်ပြောင်းသံ ဗုံးသံပဲ့တင်သံ**တို့ဖြင့်၊ စာပြန်ပွဲကြီး၊ ပျက်လုနီးမျှ ဓမ္မအန္တရာယ် တည်းဟူသော ဒုတိယစည်းကြီးကတတန်။

၃။ လွတ်လပ်ရေး ရခါစ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး သည် **ပြည်တွင်းအန္တရာယ် ချောက်ကမ္ဘားကြီးထဲသို့ ကျအံ့ဆဲဆဲလက်တလုံးမျှသာလိုတော့သည်** ဟု၊ တွေးကြောက်ရလောက်အောင် ကြီးကျယ်လှသော၊ ပြည်တွင်းအန္တရာယ် တည်းဟူသော တတိယ မဟာစည်းတော်ကြီးကတတန်။

အထက်ပါ၊ အနှောင့်အယှက်၊ အဖျက်အဆီး ကြီးကျယ်လှစွာသော စည်းသုံးတန် တို့သည်၊ အတန်တန် အထပ်ထပ်၊ မတ်မတ် စောက်စောက် ကျောက်တံတိုင်းကြီးများပမာ၊ကာဆီး ပိတ်ဆို့ ရင်ဆိုင်လာကြရပေသည်။

**တွန်းလှန်ကျော်နင်း-အောင်မြင်ခြင်း**

ဤကဲ့သို့ မရှောင်သာ၊ မတိမ်းသာ ရင်ဆိုင်လာခဲ့ကြရသော၊ စည်းသုံးတန်တို့ အနက်—

၁။ ဆန္ဒတော် ကွဲလွဲမှု ချိမ်းချောက်မှု တည်းဟူသော ပဌမစည်းကို **အနူးအညွတ် ပေပြေစ်ခြေင်စွာ** ဆောင်ရွက်ခြင်းဖြင့်၎င်း။

၂။ နားကွဲမတတ်ပွဲတင်ထပ်မျှ တလစပ်ကြားနေကြရသော၊ ခဲခြံ တိုက်ပွဲအမြောက်သံ စိန်ပြောင်းသံ ဗုံးသံ ပွဲတင်သံတည်း ဟူသော ဒုတိယစည်းကို၊ **နတ်စည် နတ်စောင်း နိမိတ်ကောင်း** ဟူ၍ ယူဆကြစေလျက်၊ စာပြန်ပွဲ ပရိတ်သတ်တို့၏၊ စိတ်ဓာတ်ကို၊ မယိမ်းမယိုင်ကြံ့ခိုင်တည်မြဲစေခြင်းတို့ဖြင့်၎င်း။

၃။ လွတ်လပ်ရေး ရခါစ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည် ပြည်တွင်းအန္တရာယ်ချောက်ကမ္ဘားကြီးထဲသို့ကျအံ့ဆဲဆဲ၊ လက်တလုံးမျှအလို၊ တည်းဟူသော တတိယ မဟာစည်းကြီးကိုကား။ ပစ္ဆိမဘာဝိကတို့၊မဂ်ဖိုလ်ဆိုက်ရောက်ရေး အတွက်၊ကမ္ဘာ့အန္တရာယ်ကြီးများပင်၊ ပျောက်ကွယ် ရှောင်ကွင်း ပေးရသကဲ့သို့၊ ထို့အတူ သာသနာတော် ၂၅၀၀-ပြည့်တွင် မချွတ် ပေါ်ပေါက် လတ္တံ့သော၊ **တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အလောင်းလျာ နှင့်** မဟာ **ဆဋ္ဌသံဂါယနာ သဘင်တော်ကြီး** ထမြောက်အောင်မြင်ရေးအတွက် (က)မြန်မာ့တပ်မတော်ဦးစီးဗိုလ်မှူးကြီးတို့၏ သူရသတ္တိစွမ်းရည်တို့ဖြင့်၎င်း (ခ) ထေရဝါဒငါး နိုင်ငံမှ၊ နိုင်ငံတော် အစိုးရ များနှင့် တိုင်းသား ပြည်သူ ရှင်လူ အပေါင်းတို့မြှုစ်မြင့်မြတ်သော မေတ္တာစေတနာ သဒ္ဓါတရားအစွမ်းတို့ဖြင့်၎င်း။ (ဂ) အဖွဲ့ ခေါင်းဆောင် ကြီးများ၏ စူးယှသောဉာဏ်၊ ထက်သန်သောစေတနာ၊ ခိုင်မာသော သမာဓိ၊ ကြီးဘိသော ဝီရိယ မဟာကုသလ-မိုလ်ငါးပါးစွမ်းရည်တို့ဖြင့်၎င်း။ (ဃ)သာသနာတော်ကို အစဉ်စောင့်ကြပ်လျက်ရှိကြသော နတ်မြတ် နတ်ကောင်း နတ်သိကြားတို့၏ အကူအညီအာနုဘော်စွမ်းတို့ဖြင့်၎င်း။

အထက်ပါ အနှောင့်အယှက် အဖျက်အဆီး ကြီးကျယ်လှစွာသော စည်းသုံးတန်တို့ကို၊ တွန်းလှန်ဖြိုခွင်း ကျူးကျော်နင်း၍၊ အောင်ခြင်းကြီးမက၊ အောင်ခဲ့ကြရသော အစ္ဆရိယ-အဗ္ဘုတ၊ အတိဒုလ္လဘ၊ တိပိဋကဓရအောင်ပွဲကြီးဖြစ်ပေတော့သတည်း။

## ရွေးချယ်ပွဲ၏ဆဋ္ဌသို့ရှေးရှုသောအထောက်အထားများ

သာသနဒါယကာ၊ မဟာမင်းကောင်းမင်းမြတ်တို့၏သာ၊ ပြုထိုက်ရာပြုနိုင်ရာဖြစ်၍၊ ဆယ်သက်မှတခါမကြုံ၊ ဆုံနိုင်ခဲကြုံနိုင်ခဲ၊ ကြိုက်နိုင်ခဲလှစွာသော၊ ဆဋ္ဌသံဂါယနာ၊မဟာသဘင်တင်ယင်ဝှံချီး၊ပွဲတော်ကြီးကား၊သာသနာ ၂၅၀၀-ပြည့်ဖြစ်သော၊ ၁၃၁၈-ခုနှစ် ဂဏ်ထူး ၄-ချက်တို့နှင့် ပြည့်စုံသော ကဆုန်လပြည့် နေ့ထူး နေ့မြတ်ကြီးတွင်၊ စကြဝဠာ၊ ကမ္ဘာတိုက်ပေါင်း၊ တိုက်တသောင်းမျှ၊ ရိုက်ညောင်းမြည်ဟီး၊ပွဲတင်တီး၍၊ ပြီးစီးအောင်မြင်တော်မူခဲ့ကြလေပြီ။

ထိုသို့ ကမ္ဘာကျော်နင်း၊ ဘဝဂ်ချဉ်းမျှ၊ ထင်လင်းရှိန်စော်၊ အာနုဘော်မဟန္တ၊ မှန်သမျှစံနှုံး၍၊မကုန်ဆုံးနိုင်သော၊ ထိုသို့ဆဋ္ဌသံဂါယနာ၊ မဟာဥဿဝ၊ ဥတ္တမ၏၊ ထုပ္ပတ်ဇာတိ အာဒိမူလ ပဘဝ၊ အစလက်ဦး ပကထူးက၊ ကွန့်မြူးဖြစ်ခြင်း၊ အမြစ်ရင်းကို၊ တိုင်းကား ပြည်သူ ရှင်လူအပေါင်း တို့သည်၊ ကြောင်းကျိုးဂ-န မသိရှာခဲ့ကြလေကုန်။

ထိုသို့ဂ-န မသိခဲ့ကြသောကြောင့်သာလျှင်၊ အချို့က (ဆဋ္ဌအစ သထုံက) ဟူ၍၎င်း၊ (ဆဋ္ဌအစ ရိပ်သာက) ဟူ၍၎င်း၊ (ဆဋ္ဌအစကမ္ဘာ့ကေ)ဟူ၍၎င်း၊ အချို့ကလည်း(ဆဋ္ဌအစ မည်သူမည်ဝါက) ဟူ၍၎င်း၊ ရှင်ရောလူပါ၊ မိမိတို့သိသမျှ ကြားသမျှ စကားစတို့ဖြင့်၊ သူတပုံ ငါတရိုး၊ အမျိုးမျိုး အဝဝ၊ ပြောကြ၊ ဆိုကြ၊ ရေးသားကြသော ဒွိဟသံသယပသက်တို့ကို များစွာ တွေ့မြင် ကြားသိခဲ့ရပေသည်။

ထိုသို့ ဆဋ္ဌအစ သံသယတို့ကို ကင်းပပယ်ပျောက် အမှန်သို့ ရောက်ကြပါစေရန်၊ အတန်တန် အရပ်ရပ်၊ အထပ်ထပ်ဖွေရှာစိစစ်၍၊ ရင်းဖြစ်မူလ၊ ပဘဝကို ကျနစွာ၊ ဤအခန်းဖြင့် ခွဲခြမ်း နုတ်ဘော်၊ သရုပ်ပေါ်အောင်၊ ထုတ်ဖော် ရေးသားလိုက်ရပါကြောင်း။ အပေါင်းသောသူတော်စင်တို့သည်၊ ကိုယ်ပိုင်ဥာဏ်အမြင်ဖြင့် ဆင်ခြင်သုံးသပ်၊ နှလုံးမြတ်ဖြင့်၊ ဆုံးဖြတ် မှတ်ယူနိုင်ကြပါစေကုန်သတည်း။

၁၃၀၈-ခုနှစ် တောင်တန်းသာသနာပြုအဖွဲ့ကြီးကို စတင်ဖွဲ့စည်းပြီးနောက်၊ မကြာမီ ရန်ကုန်မြို့ ဗဟန်းရေတာရှည်လမ်းဟောင်း၊ အမှတ် ၂၉-တရုပ် ပိဋကတ်တိုက်တွင်၊ တောင်တန်းသာသနာပြု အမှုဆောင် အစည်းအဝေးတရပ် ကျင်းပခဲ့ကြပါသည်၊ အမှုဆောင်လူကြီးများ စုံလင်စွာ မရောက်သေး၍၊ ထိုအစည်းအဝေးမစမီ၊ အမှုဆောင်တယောက်ဖြစ်သူ ဒေါက်တာဦးသိန်းက၊ သာသနာပြုကိစ္စများနှင့်ပတ်သက်၍၊ သံဂါယနာတင်အကြောင်းကို စကားစ၍၊ ဥက္ကဋ္ဌကြီးနှင့် ဆွေးနွေးမိကြပါသည်။ ထိုအခါ ဥက္ကဋ္ဌကြီးက သံဂါယနာတင်ကိစ္စသည်၊ သာမန်ကိစ္စမဟုတ်ပါ၊ တိုင်းပြည်ဘုရင် အစိုးရတို့၏ အာဏာစက်နှင့် ဓမ္မစက်တွဲဘက်ရမှ ဖြစ်နိုင်ကြောင်း၊ ပိဋကတ် အာဂုံဆောင် ပုဂ္ဂိုလ်များလည်း ပေါ်ပေါက်ရန်လိုကြောင်း။

ယခု လွတ်လပ်ရေးရတော့မည်ဖြစ်၍၊ လွတ်လပ်သော မြန်မာအစိုးရ၏ အာဏာစက် အကူအညီရယူမှ လွယ်ကူမည် ဖြစ်ကြောင်း။ မိမိကိုယ်တိုင်ကလည်း သံဂါယနာတင်ဖြစ်ရန် အလွန်လိုလားလျက်ရှိကြောင်း၊ ထိုသံဂါယနာသို့ ရှေးရှုသော ပိဋကတ်သုံးပုံ အာဂုံဆောင် သာသနာ့အာဇာနည်များ ပေါ်ပေါက်ရန်



ဆဋ္ဌသံဂီတိ မဟာပါသာဏဂုဟာ(လိုဏ်ဂူတော်ကြီး)ပုံ။



အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ဘုရားကြီးပုံ။

အတွက်၊ ထို တိပိဋကဓရ စာပြန်ပွဲ၊ စာမေးပွဲကြီး ထမြောက်ရန် မိမိကိုယ်တိုင် ယခင်ကပင်စီစဉ်ခဲ့ဘူး၍၊ ယခုလည်း စီစဉ်လျက်ရှိကြောင်း စသည်ဖြင့်၊ ဆဋ္ဌအစ တိုင်ပင်ဆွေးနွေး ပြောဆိုခဲ့ကြသည်။

**ထူးကဲဇာနည် ထွက်ပေါ်ပြီ**

ထိုသို့ပြောဆိုခဲ့ကြပြီးနောက်၊ မူလပဌမ ကြံစီရည်ရွယ်ရင်း ရှိခဲ့သည့်အတိုင်း တိပိဋကဓရ ရွေးချယ်ပွဲကြီးကို **၁၃၁၀-ခုနှစ်မှစ၍ ဝါဒကွဲသူ ရှင်လူအချို့တို့၏ အနှောက်အယှက် အမျိုးမျိုးကြားမှ မဖြစ်မနေ ကြိုးပမ်းကျင်းပခဲ့ကြရာ**၊ ပဌမ အကြိမ်တွင် ပိဋကတ်တပုံအောင်၊ စသည်တပါးမျှ ပေါ်ပေါက်ခြင်းမရှိခဲ့သော် လည်း၊ ဒုတိယအကြိမ်တွင်ကား၊ ဝိနည်းငါးကျမ်းလုံးပါဝင်သော ဝိနယ ပိဋက တပုံအောင် သာသနာ့အာဇာနည်တပါး ဝိသိဋ္ဌဂုဏ်ထူးဖြင့် ထူးခြားစွာ အောင် မြင် ပေါ်ပေါက်တော်မူခဲ့သည်။ (မှတ်ချက် တိပိဋကဓရ ရွေးချယ်ပွဲကြီး စတင် ကျင်းပပုံကို၊ ၎င်းဆိုင်ရာအခဏ်းတွင် အကျယ်ပြခဲ့ပြီ) ထို့ကြောင့် အမှုဆောင် လူကြီးမင်းများမှစ၍၊ ဗုဒ္ဓဘာသာရဟန်းနှင့်လူအပေါင်းတို့က နှစ်ထောင်းအားရ အထူးဝမ်းမြောက်လျက် ရှိခဲ့ကြသည်၊ အားမလျော့ဘဲ နှစ်စဉ် ဆက်လက်ကျင်းပ လာခဲ့ကြရာ၊ သုံးကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင်၊ ဝိနည်းပိဋကတ် ၅-ကျမ်းကို အာဂုံနှင့်ရေးဖြေနှစ်ရပ်လုံး ဂုဏ်ထူးတို့ဖြင့် ထူးခြားစွာအောင်မြင်တော် မူသော အရှင်ဝိစိတ္တသာရာဘိဝံသ ဟူသော ပုဂ္ဂိုလ်တပါး ပေါ်ပေါက်ခဲ့သည်။ ထိုပုဂ္ဂိုလ်၏၊ ထိုအရှင်မြတ်၏ အလွန်အကြူး အထူးသာယာနာပျော်ဘွယ်၊ ကြည် ညိုဘွယ်ကောင်းလှသော ပိဋကဓရ၊ ပိဋကဘာဏက၊ ပိဋကသဇ္ဈာယန၊ ဒေသနာ သံနှင့် ထူးကဲလှသော ဉာဏဗလသတ္တိ ဝီရိယစွမ်းဟုန် အဂုဏ်ဂုဏ်တို့ကို၊ ပြည် ထောင်စု မြန်မာနိုင်ငံတော်၏အစစ္စာ၊ သမတကြီး စပ်ရွှေသိုက်နှင့်တကွ နိုင်ငံ တော်ဝန်ကြီးချုပ် ဦးနု၊ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ သူဌေး ကြီး (ဆာ)ဦးသွင်စသော ခေါင်းဆောင်ကြီးများသည် ယုံကြည်မြတ်နိုး သဒ္ဓါ ဖြိုးလျက်၊ ပီတိမိုးစွေ၍မကုန်နိုင်အောင် ကြည်ညိုကြပါတော့သည်။

ထိုအခါ နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုက မိမိကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ ဖူးတွေ့ နာယူရသော ထိုအရှင်မြတ်၏ ဝိသေသဉာဏပါရမီဉာဏ်စဖြင့်၊ ပိဋကတ်သုံးပုံ အလုံးစုံကို၊ ဆုံးကုန်အောင်စွမ်းဆောင်နိုင်မည့် အလားအလာ ဉာဏ်ရည်ကို ယုံ ကြည်စွာ စိတ်ချပါသဖြင့်၊ ဆဋ္ဌသံဂါယနာတင်ရန် လမ်းစကြီး ပေါ်လာပြီဖြစ်၍၊ ယခုကပင် ကြိုတင်စီမံစိုင်းပြင်းသင့်ကြပြီဖြစ်ကြောင်းကို အဖွဲ့ဥက္ကဋ္ဌကြီးအား စိတ် အားထက်သန်စွာ တိုင်ပင်ဆွေးနွေးပါတော့သည်။

**ထိုအခါ ဥက္ကဋ္ဌကြီးသည်လည်း၊ မိမိ၏ မူလရည်ရွယ်ရင်း သမ္မာဆန္ဒနှင့် ဝန်ကြီးချုပ်၏ ယူဆ ချက်သည်၊ တဆက်တည်း, တထပ်တည်း အညီအညွတ် တိုက်ဆိုင်လာပါသဖြင့်၊ ရေစွေ့သော ကြာ**

ပဒုမ္မာသည်၊ ငုံအာပွင့်ဖွင့်၊ ကားကားပွင့်သို့၊ မြင့်မြတ်သောအခွင့်ထူးကြီး ဆိုစီးပေါ်ပေါက်လာတော့မည့်အရေးကို မျှော်တွေးစိတ်စော သဘောရှင်လန်း၊ ဝမ်းမြောက်လှစွာ ဆဋ္ဌသံဂါယနာ တင်ဖြစ်ရန် စိမ်နိုင်းပြင်းကြလေသည်။

ထိုကြောင့်ပင်အစစွာ ကျင်းပအပ်သော တိပိဋကဓရ ချီးကျူးပူဇော်ပွဲမှစ၍၊ အကြင်အကြင်သို့သောဆဋ္ဌရွေးရုံ၊ကြွေးကျော်သံတို့သည် ဖန်ဖန်စိမ့်စိမ့်တသိမ့်သိမ့်ဖြင့် တငြိမ့်ငြိမ့်ထွက်ပေါ်လာကြသော ချီးကျူးစာသဝဏ်လွှာ များစွာတို့အနက်၊ အောက်ပါ ကောက်နုတ်ချက်သာဓကများက အထူးထင်ရှားပြသလျက် ရှိနေကြပါသည်။

× × × ×

ယနေ့ကျင်းပသော တိပိဋကဓရ ချီးကျူးပွဲသို့ ကြွရောက် အားပေးတော်မူကြကုန်သော အကြီးအမှူး နာယကဆရာတော်,သံဃာတော်အရှင်မြတ်များနှင့်တကွ မင်းယောက်ျား,မင်းမိန်းမ အပေါင်းတို့အား များစွာ ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း။

**မကြာမီရက်အတွင်းက ကျင်းပပြီးစီးခဲ့သော တိပိဋကဓရ ရွေးချယ်ပွဲကြီး၏ အဓိကရည်ရွယ်ချက်မှာ ဆဋ္ဌသံဂါယနာ တင်နိုင်သည့် အခါတွင် ရှေ့ဆောင်နိုင်မည့် တိပိဋကဓရ အာဇာနည်ပုဂ္ဂိုလ်ထူးများ ပေါ်ပေါက်လာရန် ဖြစ်ပါကြောင်း။**


ၿငင်းပြင် စစ်ဘေးစစ်ဒဏ်ကို အကြိမ်ကြိမ်ခံခဲ့ရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းသူပြည်သားများမှာ၊ ကိုယ်ကျင့်တရား များစွာပျက်ပြားခဲ့ကြသဖြင့်၊ မြတ်စွာဘုရား ဆုံးမတော်မူသည့်အတိုင်း၊ မှန်သော တရား သဘောကို သက်ဝင်လျက် **ကံကံ၏ အကျိုးကို ယုံကြည်လာကြစေရန် ရည်သန်ကာ၊ ယခုကဲ့သို့ ပရိယတ္တိ သာသနာတော်ကို အဓိကထား၍** အားပေးခဲ့ခြင်းလည်း ဖြစ်ပါကြောင်း။ × × ×

(၁၃၁၀-ခုနှစ်၊ တိပိဋကဓရ နှစ်ချုပ်အစီရင်ခံစာ၊ စာမျက်နှာ ၃၅-မှ)


တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ အကျိုးတော်ဆောင်
ဦးကြီးဖေ ချီးကျူးလျှောက်ထားခက်း

ဥဿဝံ သင်္ဂဟကာနံ၊ ဂါယတဉ္စ ဝိသဇ္ဇတံ။
ပူဇိတာ အာဇာနိယာနံ၊ ဝိဝရိမှာ မဟာသဘံ။ ။

သာဓဝေ၊ ဘုရားမြတ်စွာ၊ ဝိနေ္နယျာ၏၊ သာသနာသုံးတန်၊ ကြီးပွါးရန်ကို၊ အမှန်လိုလား၊ အို သူတော်စင်များတို့။ သင်္ဂဟကာနံ၊ သင်္ဂါယနာငါးသွယ်၊



ဆဋ္ဌသံဂါယနာ (ပုစ္ဆက) အဂ္ဂမဟာပဏ္ဍိတ မဟာစည်
ဆရာတော်ဘုရားပုံ။



ဆဋ္ဌသံဂါယနာ (ဝိသဇ္ဇက) တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက
အရှင်ဝိစိတ္တသာရာဘိဝံသ အရှင်မြတ်ပုံ။

တင်ကြနှယ်သို့၊ ကြံရွယ်ထဲနှီး၊ **ခြောက်ကြိမ်မြောက်ဖြစ်တဲ့ ဆဋ္ဌသံဂါယနာပွဲကြီးကို၊** ဝံ့ချီးကာအမြင်ပို၍၊ တင်လိုကြကုန်သော၊ အာဇာနည်တို့၏။ ဉဿဝံ၊ နိကာယ်ငါးရပ်၊ ပိဋကတ်သုံးပုံ အလုံးစုံကို၊ အာဂုံပြန်တထွေ၊ ရေးဖြေသဘာဝ၊ နှစ်ဋ္ဌာနတို့ဖြင့်၊ သာခကေယျဉ်မှီးလောက်တဲ့ ပွဲသဘင်ကြီးသို့။ ဂါယတံ-ဂါယန္တာနံ၊ အာဂုံနှုတ်တက်၊ အရကျက်၍၊ ပြက်ပြက်ထင်ထင်၊ ကျမ်းကုန်စင်မျှ၊ ပြီပြင်နှုတ်ချို၊ စာနာသူတို့ ကြည်ညိုလောက်အောင်၊ ဝင်ရောက် ပြန်ဆိုတော်မူကြကုန်သော။ အာဇာနိယာနံ၊ ဇမ္ဗူမြေပေါ်၊ ရှာပါသော်လည်း၊ သောင်းကျော်အနက်၊ တပါးသာထွက်သဖြင့်၊ ထက်မြက်စွမ်းရည်၊ အာဇာနည်ပုဂ္ဂိုလ်တို့အားဒင်း။ ×

(၁၃၁၀-ခုနှစ် တိပိဋကဓရ နှစ်ချုပ်အစီရင်ခံစာ စာမျက်နှာ ၂၁-မှ)

---

**စေတီယင်္ဂဏအသင်း ဥက္ကဋ္ဌ ဦးထွန်းဖေ**

**ချီးကျူး လျှောက်ထားချက်**

× × ယင်းသို့ ငါးတန်သံဂါယနာ၊ တင်လှာပင့်ထောက်၊ ချီးမြှောက်ခဲ့ကြသော၊ ဓမ္မိကဓမ္မရာဇာ၊ သာသနဒါယကာ၊ မင်းကောင်း မင်းမြတ်တို့၏ သာသနာပြုထုံးကို၊ အသင့်နှလုံးပိုက် ယူကျုံးမိကြသော၊ ရန်ကုန်မြို့ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီး၏ နာယကဖြစ်တော်မူသော၊ နိုင်ငံတော်သမတကြီး စပ်ရှေသိုက်နှင့် အဖွဲ့ချုပ်၏ ဥက္ကဋ္ဌ သူဌေးကြီး (ဆာ)ဦးသွင်၊ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ အမှူးရှိကုန်သော အဖွဲ့ဝင်အပေါင်း သူတော်ကောင်းတို့၏ **ဆဋ္ဌသံဂါယနာသို့ ရှုံးရှု** တမ်းတ၊ မြော်မှန်းဆလျက်ရှိသော၊ သမာဆန္ဒ အထက်တန်းကျကျ၊ မှန်မြတ်လှသော၊ ကုသိုလ်ဇောစေတနာကို၊ ပဌမ ချီးကျူးရပါကြောင်း။ ×

(၁၃၁၀-ခုနှစ် တိပိဋကဓရ အစီရင်ခံစာ စာမျက်နှာ ၂၆-မှ)

---

**ဗုဒ္ဓသာသနာ့ဖြန့်ချီရေးအဖွဲ့နာယက ဦးစံတင်**

**ချီးကျူး လျှောက်ထားချက်**

× × ဤကဲ့သို့ ပိဋကတ်သုံးပုံဆောင် ရဟန်းတော်တွေ ပေါ်ထွက်လာအောင် ပြုလုပ်ရတာမှာ ဘယ်လိုရည်မှန်းရပါသလဲဆိုလျှင် **ဆဋ္ဌသံဂါယနာပွဲကြီးကို မျှော်မှန်းပြီး ဆဋ္ဌသံဂါယနာ ကြီး ဆင်နွှဲတဲ့အခါ** အဓိကလိုလားအပ်တဲ့ သာသနကိစ္စကြီးတွေကို ထမြောက်အောင်ဆောင်ရွက်ဘို့ လိုရင်းဖြစ်ပါသည်၊ ဤကဲ့သို့ သာသနာတော်၌ အလွန်အရေးကြီးသော လုပ်ငန်းကြီးတွေကို၊ ယခု ကျင်းပအပ်တဲ့၊ တိပိဋကဓရ ရွေးချယ်ပွဲကြီးက၊ အထူးတိုးတက်လာစေရန် ပြုလုပ်**စီမံ**တဲ့အတွက်၊ ဗုဒ္ဓသာသနာ ဖြန့်ချီရေးအဖွဲ့ ကိုယ်စားအနေနှင့် ကျွန်တော်

ချီးကျူးစကားပြောဆိုခြင်းကို ဤတွင် နိဂုံးချုပ်လိုက်ရပါတယ်၊ သာသနာတော်ကြီး တိုးတက်ပြန့်ပွါး စည်ကားပါစေဆိုတာ ဆုမွန်တောင်းပါတယ်။

(၁၃၁၀-ခုနှစ် တိပိဋကဓရ နှစ်ချုပ်အစီရင်ခံစာ, စာမျက်နှာ ၃၃-မှ)

**ဤကဲ့သို့ ယထာဘူတ၊ ဂနသေချာ၊ အခြေပါအောင်၊ ဖွေရှာစစ်နုတ်၍၊ ညှစ်ထုတ်တင်ပြအပ်သော၊ စိတ်ကြိုနှုတ်မြွက်၊ ဆောင်ရွက်ပြုအပ်၊ အထွေထွေပွတ်များအရ၊ မူလပဘဝ၊ အာဒိကၡ၏၊ ဆန္ဒရေကြည်၊ စဦးတည်ခဲ့သော၊ ဤဖြစ်စဉ်ဖြစ်ရပ်များကို၊ တိုင်းကားပြည်သူ၊ ရှင်လူအပေါင်းတို့သည်၊ မိမိတို့ကိုယ်ပိုင်ဉာဏ်ဖြင့်၊ ဝေဘန်သုံးသပ်၍၊ ဆုံးဖြတ်မှတ်ယူနိုင်ကြပါစေရန် ဖော်ပြလိုက်ရပေသတည်း။**

ဘုန်းကံရှိသူတို့သာ, သာသနာပြုထိုက်ကြောင်း၊

သာသနံ ပုညဝန္တာသ၊ ပုညဝန္တာဝ လာဘိနော။
နပ္ပပုညာ ကရဟစိ၊ ပဂ္ဂဏှတု မဝိသယာ။ ။

ပုဝညန္တသ၊ ဘုန်းတော်အနန္တနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ သာသနံ၊ သုံးပါးသော သာသနာတော်မြတ်ကြီးကို။ ပုညဝန္တာဝ၊ ဘုန်းကံပါရမီရှိသော သူတို့သည်သာလျှင်။ ပဂ္ဂဏှိတုံ၊ ပစ္စယဓမ္မ၊ နှစ်ဌာနဖြင့်၊ ထောက်ပံ့ ချီးမြှောက်ခြင်းငှာ။ လာဘိနော လဘန္တိ၊ ရနိုင်ကြလေကုန်၏။

အပ္ပပုညာ၊ ဘုန်းကံပါးရှားသော သူတို့သည်။ ပဂ္ဂဏှိတုံ၊ ပစ္စယဓမ္မ၊ နှစ်ဌာနဖြင့်၊ ထောက်ပံ့ချီးမြှောက်ခြင်းငှာ။ အဝိသယာ၊ မထိုက်မတန်သောကြောင့်။ ကရဟစိ၊ တရံတခါမျှ။ နလဘန္တိ၊ မရနိုင်ကြလေကုန်။ ။

# အခန်း - ၄

## ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့နှင့်
## အခြား ဗုဒ္ဓသာသနာပြု အဖွဲ့ကြီးများ

၁။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့။

၂။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် တောင်တန်းသာသနာပြုအဖွဲ့။

၃။ အာသံ သာသနာပြုမိတ်ဆက်အဖွဲ့ပေါ်လာပုံ။

# နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီး စတင်ပေါ်ပေါက်လာပုံနှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့မှ တောင်တန်းသာသနာပြု စသောအဖွဲ့အားလုံးသို့ အားပေးကူညီခြင်း

## နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ အချုပ်အချာအာဏာပိုင် လွတ်လပ်ရေး စာချုပ်, ချုပ်ဆိုပြီးစီး၍၊ လွတ်လပ်ရေး ရအံ့ဆဲဆဲဖြစ်သော နိုင်ငံတော် ဝန်ကြီး ချုပ် ဦးနုသည်၊ သုဝဏ္ဏဘူမိတိုင်း ကေလာသတောင် မြသပိတ်စေတီတော်တွင်၊ နဝင်္ဂသီလတော် မြတ်ကို၊ ၉-ရက် တိုင် တိုင် ကြွ ရောက် ဆောက် တည် ပွါး များ အားထုတ်ပြီးနောက်၊ ရန်ကုန်နေပြည်တော်သို့ ပြန်လည်ရောက်ရှိပြီး၊ မကြာမြင့်မီ နိုင်ငံတော်ဝန်ကြီးချုပ် အပါအဝင်၊ ရန်ကုန်နေပြည်တော်အတွင်း ထင်ရှားသော ဗုဒ္ဓဘာသာပုဂ္ဂိုလ်ကြီး ၉-ဦးပါဝင်သော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကို၊ ၁၃၀၉-ခု နှစ်၊ နတ္တော်လဆန်း ၁-ရက် (၁၃-၁၁-၄၇)နေ့တွင်၊ နိုင်ငံတော် ဝန်ကြီးချုပ် နေအိမ်၌ ဖွဲ့စည်းတည်ထောင်ခဲ့ပုံကို၊ ဤအထ္ထုပ္ပတ္တိအစပိုင်း၌ အစုံအလင် ဖော်ပြ ခဲ့ပြီးဖြစ်သည်။

### နိုင်ငံတော်အစိုးရက အသိအမှတ်ပြုခြင်း

အထက်ပါဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ခေါင်းဆောင်ပုဂ္ဂိုလ်ကြီးများ၏ သာသနာ ပြု လုပ်ငန်း ကြိုးပမ်းအားထုတ်ရာတွင် အလွန်ထိရောက် ပေါက်မြောက်နေပုံကို အစိုးရအဖွဲ့ဝန်ကြီးများသည်၊ ကိုယ်တွေ့မျက်မြင် ထင်ထင်ရှားရှား အားပါးတရ တွေ့မြင်ကြသဖြင့်၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကို ကူညီထောက်ပံ့ အားပေးရန် နိုင်ငံတော်အစိုးရက အထူးဝိသေသ အသိအမှတ်ပြုခဲ့ကြပါသည်။

ဤကဲ့သို့ နိုင်ငံတော်အစိုးရက အသိအမှတ် ပြုခဲ့သည့်အတိုင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်းရှိ ဗုဒ္ဓဘာသာစသော ဘာသာကြီး လေးမျိုး တို့အား ကူညီထောက်ပံ့ရန် အတွက်၊ နိုင်ငံတော်အစိုးရ၏ သီးသန့် ဖွင့်လှစ် ထားသော ဘာသာထောက်ပံ့ရေး ဘဏ္ဍာတော်ငွေများအနက်မှ၊ ဗုဒ္ဓဘာသာအတွက် ရသင့် သော အစိုးရဘဏ္ဍာတော်ငွေများကို နိုင်ငံတော်အစိုးရသည်၊ ဤ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ကြီးအား ပေးအပ်ခဲ့ပေသည်။

ထို့နောက် နိုင်ငံတော်အစိုးရ၏ သာသနာ့ထောက်ပံ့ရေး ဘဏ္ဍာတော်ငွေများကို၊ ရန်ကုန်မြို့ပေါ်ရှိ ၉-ဦးမျှပါဝင်သော အထက်ပါ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က စီမံခန့်ခွဲခြင်းထက်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် တဝှမ်းလုံးရှိ၊ တိုင်းခရိုင်၊ မြို့နယ်အသီးသီးမှ ဗုဒ္ဓဘာသာအသင်းအဖွဲ့ကိုယ်စားလှယ်ပေါင်းစုံ ပါဝင်သော အဖွဲ့ကြီးတဖွဲ့ကို၊ အစိုးရဥပဒေဖြင့် ဖွဲ့စည်း၍၊ စီမံခန့်ခွဲ အသုံးပြုစေမှသာ လျှင်၊ ပို၍သင့်လျော်မည်ဟု **နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုကပင် သာသနာ့ရိပ်သာ ယာယီမဏ္ဍပ်၌ ကျင်းပသော ဗုဒ္ဓသာသနာနုဂ္ဂဟ အစည်းအဝေးတွင် အကြံပေးခဲ့ပါသည်။**

**အထက်ပါ အကြံပေးချက်ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ကော်မီတီလူကြီးမင်းများကလည်း၊ သာသနာတော်၏ ကျယ်ပြန့်သော အကျိုးကို မြော်ကိုးတွေးရှုကြလျက်၊ အမြင်ကျယ်၍ သဘောကြီးစွာဖြင့်၊ မိမိတို့၏အဖွဲ့လက်သို့ ရောက်ရှိပြီး အခွင့်အရေးများကို လွှဲပြောင်းပေးကြရန်၊ အားရဝမ်းသာ သဘောတူညီကြသည့်အတိုင်း၊ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ခေါ် ဗုဒ္ဓသာသနာအဖွဲ့ကို ၁၉၅၀-ပြည့်နှစ်တွင် ဥပဒေပြုလွှတ်တော်၌ အစိုးရသာသနာရေး အက်ဥပဒေအမှတ် ၅၆-ဖြင့် ဖွဲ့စည်းတည်ထောင်စေ၍၊ အခွင့်အရေးများကိုလည်း၊ ထိုအဖွဲ့သစ်သို့ လွှဲအပ်ဆောင်ရွက်စေခဲ့ကြပါသတည်း။**

**အညမညထမ္ဘကဖြင့် ပစ္စယကျေးဇူး**

အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း၊ သာသနာတော်ကို အစွမ်းကုန် ချီးမြှောက်ထောက်ပံ့ အားပေးရန် အတွက်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်၊ ခေါင်းဆောင်ဖွဲ့စည်းခဲ့သော ဤ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးကို ဖွဲ့စည်း တည်ထောင်ပြီးနောက်၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကို၊ အစိုးရအက်ဥပဒေဖြင့်၊ ထပ်မံတည်ထောင်ပြီးချိန်မှစ၍၊ အထက်ပါ သာသနာပြုအဖွဲ့ကြီး နှစ်ဖွဲ့တို့သည်၊ ပြည်တွင်း ပြည်ပ သာသနာ ပြုကိစ္စအဝဝတို့၌၊ အညမည ထမ္ဘကဖြင့် ပစ္စယ အထူးအစဉ်ကျေးဇူးပြုလျက် ရှိနေကြသည်မှာ—

၁။ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့၏ရုံးဖွင့်ရန်၊ နေရာထိုင်ခင်း အလျင်စလို အလိုရှိနေသော အချိန်တွင်၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့တည်ရာ သာသနာ့ရိပ်သာ၌ပင် နေရာထိုင်ခင်း ပေးခဲ့ခြင်း။

၂။ ဆဋ္ဌသံဂါယနာတင် ကြွလာတော်မူကြကုန်သော၊ ပြည်တွင်းပြည်ပ၊ သံဃိတိကာရက ဆရာတော်များနှင့် ဆဋ္ဌသံဂါယနာသို့ အကူအညီ ကြွလာကြကုန်သော ထေရ်ကြီးဝါကြီးတို့အားရင်း၊

၃။ တိပိဋကစရေ စာပြန်စာဖြေ အရှင်မြတ်များအားရင်း၊

၄။ ဝိပဿနာတရား နည်းယူအားထုတ်ရန်၊ အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား၊ အင်္ဂလန်၊ ဂျာမန်၊ ဂျပန်စသော၊ အပြည်ပြည်မှ ရောက်လာကြကုန်သော၊ နိုင်ငံရပ်ခြား၊ လူယောဂီ၊ ရဟန်းယောဂီ အပေါင်းတို့အားရင်း၊

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး၊ လေးပါးသော ပစ္စည်းတို့တွင် စွမ်းဆောင်နိုင်ရာဘက်မှ၊ အစွမ်းကုန် ချီးမြှင့်ပြုစု စောင့်ရှောက်ခြင်း-

စသည်အားဖြင့် သာသနာပြု အဖွဲ့အချင်းချင်း၊ အညမညထမ္ဘက ဖြင့်၊ ပစ္စယအထူး ကျေးဇူးအစဉ်ပြုလျက် ရှိနေကြပါသတည်း။

## တောင်တန်းသာသနာပြုအဖွဲ့သို့ ရှေးဦးစွာကူညီအားပေးခဲ့ပုံ

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ စည်ပင်ပြန့်ပွါး ထွန်းကားရေးကို၊ အားပေးချီးမြှင့်ရန်၊ ဟူသော ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ ရည်ရွယ်ချက် အား လျော်စွာ။ ဗုဒ္ဓသာသနာတော်၊ အထူးသဖြင့် သေးသိမ်မှေးမှိန်လျက် ရှိနေသေး သော၊ ချင်း၊ ကချင်၊ ကယား၊ လဝ၊ နာဂ၊ စသော တောင်တန်းဒေသများသို့၊ သာသနာတော်ပြန့်ပွါး ထွန်းကားစေရန် အတွက်၊ ၁၃၁၉-ခုနှစ် ကဆုန်လဆုတ် ၉-ရက်၊ (၂၅-၄-၄၈)တနင်္ဂနွေနေ့ညနေ ၄-နာရီအချိန် ဝန်ကြီးချုပ်ဦးနု နေအိမ် တွင် ကျင်းပသော၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏လေးကြိမ်မြောက်အစည်းအဝေး ဝွင်၊ အောက်ပါအတိုင်းအများသဘောတူဆုံးဖြတ်ခဲ့ကြပါသည်။

**ဆုံးဖြတ်ချက် အမှတ် (၂)**

(က) နိုင်ငံတော်အစိုးရက၊ တိုင်းရင်းသားသာသနာများပေါင်းစုံထောက်ပံ့ ရေးငွေ ၅-သိန်းခွင့်ပြု သတ်မှတ်ထားသည့် အနက်မှ၊ ဗုဒ္ဓသာသနာ တော်အား ထောက်ပံ့ရေး အတွက် ငွေ ၄-သိန်းကို၊ သာသနာများ ပေါင်းစုံ ထောက်ပံ့ရေး ရံပုံငွေအဖွဲ့က၊ ခွဲဝေပေးရန်၊ ရည်ရွယ်ထား သည်ဟုသိရှိရသဖြင့်၊ ၎င်းငွေ ၄-သိန်းကို၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ သို့ အုပ်ချုပ်စီစဉ် ခန့်ခွဲသုံးစွဲခွင့် တာဝန်ကိုလွှဲအပ်ပေးပါရန်၊ အဆိုပါ ရံပုံငွေအဖွဲ့သို့ မေတ္တာရပ်ခံစာပို့ရန် ဆုံးဖြတ်ကြသည်။

(ခ) ၎င်းထောက်ပံ့ကြေးငွေ ၄-သိန်းကို အောက်ပါ အချိုးအစားအတိုင်း ဝေပုံပြု၍ စီစဉ်ခန့်ခွဲသုံးစွဲရန် ဆုံးဖြတ်ကြသည်။

| | | | |
|---|---|---|---|
| (၁) | တောင်တန်းနယ်များသို့သာသနာပြုရေးငွေ | | ၂၅၀၀၀၀ |
| (၂) | မြန်မာပြည်မကြီးတွင် | ။ ။ | ၁၀၀၀၀၀ |
| (၃) | နိုင်ငံရပ်ခြားများ | ။ ။ | ၅၀၀၀၀ |
| | | | ၄၀၀၀၀၀ |

(မှတ်ချက်)။ ။အထက်ပါ ငွေစာရင်းသည် လွတ်လပ်ရေးရပြီးခါမှ၊ နိုင်ငံတော်အစိုးရ၏၊ သာသနာ ထောက်ပံ့ရေးအသုံးစရိတ်၊ ပဌမအကြိမ်ခန့်ခွဲသော ငွေစာရင်းမျှသာဖြစ်ပါသည်။

ဆုံးဖြတ်ချက် အမှတ် (၃)

တောင်တန်းနယ်များသာသနာပြုရေးနှင့် ပတ်သက်၍၊ အသေးစိတ် စီမံကိန်း တခုရေးဆွဲရန်၊ ဆာဦးသွင်၊ ဦးဘခင်နှင့် ဦးစံသိမ်းတို့ ပါဝင်သော အဖွဲ့ငယ်က တာဝန်ယူဆောင်ရွက်ကြရန်၊ ဆုံးဖြတ်ကြသည်။

၁၃၁၀-ခုနှစ်၊ နယုန်လပြည့်ကျော် ၁-ရက်(၂၃-၅-၄၈)တနင်္ဂနွေနေ့မွန်းလွဲ ၂-နာရီအချိန် ဝန်ကြီးချုပ် ဦးနုနေအိမ်တွင် ကျင်းပသော ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့၏ ၆-ကြိမ်မြောက် အစည်းအဝေးတွင် အောက်ပါ အတိုင်း အသေးစိတ် ဆုံးဖြတ်ကြသည်။

ဆုံးဖြတ်ချက် အမှတ် (၄)

(က) တောင်တန်း သာသနာပြုရေး ကိစ္စနှင့် ပတ်သက်၍၊ ယခုလက်ရှိ တောင်တန်းသာသနာပြုလျက်ရှိသော ဂိုဏ်းပေါင်းစုံမဟာသံဃအဖွဲ့ ချုပ်နှင့်၊ ဗုဒ္ဓဘာသာအဖွဲ့ချုပ် တို့မှ ကြီးမှူးသော (မြန်မာနိုင်ငံလုံး ဆိုင်ရာ တောင်တန်း သာသနာပြု) အဖွဲ့သည်၊ အောက်ဖော်ပြပါမှု အတိုင်း တောင်တန်းသာသနာပြု စီမံကိန်းတခု ရေးဆွဲထားသင့် ကြောင်းဆုံးဖြတ်ကြသည်။

(ခ) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်သည်၊ သာသနာ ထောက်ပံ့ရေးရံပုံငွေ ထိန်းသိမ်းထားရာ၌ တောင်တန်းသာသနာပြုအဖွဲ့ကြီးမှ၊အထက်ပါမှု အတိုင်းရေးဆွဲထားသော၊ တောင်တန်းသာသနာပြုစီမံကိန်းတခု ရရှိ ပြီးဖြစ်၍၊ အခါအားလျော်စွာ သုံးစွဲရန်လိုအပ်သော ငွေစာရင်းရရှိ သောအခါ၌၊ အလီလီစိတ်ဖြာ၍၊ တောင်တန်း သာသနာပြု အဖွဲ့ကြီး အားလိုအပ်သောငွေများ ထုတ်ပေးသင့်ကြောင်း၊ အများသဘောတူ ဆုံးဖြတ်ကြသည်။

အထက်ပါ ဆုံးဖြတ်ချက်များအရ၊ ယခင်ရှိနှင့်ပြီးဖြစ်သော မြန်မာ နိုင်ငံလုံး ဆိုင်ရာ ဂိုဏ်းပေါင်းစုံ မဟာသံဃ အဖွဲ့ချုပ်နှင့် ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှကြီးမှူးသော

(တောင်တန်းသာသနာပြု) အဖွဲ့သို့၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးက ငွေအား လူအား အကြံဉာဏ်အား အမျိုးမျိုးတို့ဖြင့် အကြိမ်ကြိမ် အားပေးကူညီလျက်ရှိနေကြပါသတည်း။

## တောင်တန်းသာသနာပြုအဖွဲ့ပေါ်လာပုံ

ရှမ်း၊ ချင်း၊ ကချင်၊ ကရင်နီ၊ ကယား၊ လဝ၊ နာဂ စသော တောင်တန်းဒေသများသို့ သာသနာပြုရေး ကိစ္စသည် မြန်မာနိုင်ငံတော်၏ အနာဂတ်ရေးတွင် အလွန်အရေးကြီးသော၊အစိတ်အပိုင်းကြီးတရပ်ဖြစ်ပါ၍၊အထက်ပါတောင်တန်းသာသနာပြုအဖွဲ့၊ စတင်ပေါ်ပေါက်လာပုံကို၊ အတန်ငယ်ဘော်ပြ လိုပေသည်။ **ဒုတိယ ကမ္ဘာစစ်ကြီးပြီးဆုံး၍၊ မြန်မာ့ လွတ်လပ်ရေး ရောင်ခြည် သန်းချိန်ဖြစ်သော၊ နိုင်ငံတော်လွတ်လပ်ရေးရအံ့ဆဲဆဲ အချိန်တွင်** အောက်မြန်မာနိုင်ငံ၊ ရေး၊ ဘိတ်၊ ခါးဝယ်၊ တနင်္သာရီနယ်မှစ၍၊ အထက်မြန်မာနိုင်ငံ၊ ဗန်းမော်၊ မြစ်ကြီးနားအထိ၊ မြန်မာနိုင်ငံတဝှမ်းလုံး၌၊ မန္တလေးမြို့ညောင်ရမ်းဆရာတော်အမှူးရှိသော၊ အထက်ပိုင်းသက်ကြီးဝါကြီး ဆရာတော်များ၊ သထုံမြို့ စန္ဒာရုံဆရာတော်အမှူးရှိသောအောက်မြန်မာနိုင်ငံ သက်ကြီးဝါကြီးဆရာတော်များ ဂိုဏ်းလုံးကျွတ် ပါဝင်တော်မူ၍၊ ၁၃၀၄-ခုနှစ်၊ စ၍ တည်ထောင်ခဲ့သော ရွှေကျင်။ သုဓမ္မာ၊ ဒွါရ၊ ဂိုဏ်းပေါင်းစုံ၊ မဟာသံဃအဖွဲ့ချုပ်ကြီး၏ ၄-ကြိမ်မြောက် နှစ်ပတ်လည် ပြည်လုံးကျွတ် မဟာသံဃအစည်းအဝေးတရပ်ကို ၁၃၀၈-ခုနှစ်၊ နယုန်လဆန်း ၁-ရက် သောကြာနေ့မှစ၍ ရန်ကုန်မြို့ခြောက်ထပ်ကြီး ဘုရားကြီး ကျောင်းတိုက်တွင်၊ ၆-ရက်တိုင်တိုင် စည်းဝေးကျင်းပတော်မူကြပါသည်။

အထက်ပါပြည်လုံးကျွတ်ဂိုဏ်းပေါင်းစုံမဟာသံဃအစည်းအဝေး၊ဆရာတော် သံဃာတော်များအား မြန်မာနိုင်ငံလုံးဆိုင်ရာ၊ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ဥက္ကဋ္ဌသူဌေးကြီး ဆာဦးသွင်က၊ တောင်တန်းသာသနာပြုရေးအတွက်၊ အောက်ပါစကားရပ်များဖြင့်လျှောက်ကြားခဲ့ပါသည်။

၁။ ရှမ်း၊ ချင်း၊ ကချင် စသော တောင်တန်းဒေသများ၌၊ ဗုဒ္ဓသာသနာတော် သေးသိမ်မှေးမှိန်လျက်၊ ဆုတ်ယုတ်ပျက်ပြားနေပုံများကို၊ **တောင်တန်းမြန် ပုသိမ် ဦးဝိမလ၊ အရှင်မြတ်၏** ပြောပြမိန့်ကြားချက်အရ၊ တောင်တန်းဒေသများသို့၊ သာသနာပြုရန် အတွက်၊ တပည့်တော်များနှင့်တကွ စက်သူဌေး ဦးဘိုးဗျော၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ ဗြိတိသျှဘားမား သူဌေးဦးညွန့်၊ အောင်ဇေယျတု ဦးဖိုးဘ၊ ပါဠိဆရာဝ၊ စသော ပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ သွင်စိန်မာရုံတွင် မြို့လုံးကျွတ် အစည်း အဝေးခေါ်၍၊ တောင်တန်းသာသနာပြု အဖွဲ့တခု ဖွဲ့စည်းခဲ့ဘူးပါကြောင်း။

၂။ သို့သော်၊ ထိုစဉ်အခါက (က) တောင်တန်းဒေသများသို့သွားလာရန်၊ မလွတ်လပ်သည့်တကြောင်း (ခ) သာသနာပြုကြွမည့်ရဟန်းတော်များမရခဲ့သည့်တကြောင်း (ဂ) ဒုတိယကမ္ဘာစစ်ကြီး၊ နီးကပ်လာသည့်တကြောင်း တို့ကြောင့်၊ အလုပ်မစနိုင်ဘဲ ရပ်ဆိုင်းထားခဲ့ကြရပါကြောင်း။

၃။ ယခုမြန်မာ့ လွတ်လပ်ရေး ရောင်ခြည်သန်းချိန်တွင် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်နီ၊ ကယား၊ လ၀၊ နာဂ စသော တောင်တန်းဒေသများသို့ သာသနာပြုလွှတ်နိုင်ကြပါက၊ **သာသနာတော်ပြန့်ပွါးရေး အတွက် သာမက မြန်မာပြည်မနှင့် ပြည်နယ်များ လူမျိုးချင်းစည်းလုံးရေးညီညွတ်ရေး ပေါင်းသင်းဆက်ဆံရေး** စသည်များပါ၊ အထူးကျေးဇူးများမည်ဖြစ်ပါကြောင်း။

၄။ ထိုသာသနာပြုလုပ်ငန်းအတွက် ကုန်ကျမည့် ငွေကြေးစရိတ်စခ စသည်များကို၊ တပည့်တော်များ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်က၊ တာ၀န်ယူ၍ လှူဒါန်းကြပါမည်။

၅။ သာသနာပြုသံဃာတော်ရရှိရေးအတွက် ဆရာတော် အရှင်မြတ်များက၊ ရွေးထုတ် ပေးတော်မူကြပါမည့်အကြောင်း၊ စသည်တို့ဖြင့် တောင်းပန်လျှောက်ထားခဲ့ပါသည်။

ထိုသို့ ဗုဒ္ဓဘာသာအဖွဲ့ချုပ်ဥက္ကဋ္ဌကြီးဆာဦးသွင်၏ အထက်ပါလျှောက်ထားတောင်းပန်ချက်အရ၊ ဒုတိယနေ့မဟာသံဃာအစည်းအဝေးကြီးတွင်၊ တောင်တန်းသာသနာပြုအဖွဲ့တခုဖွဲ့သင့်ကြောင်း၊ ဟူသော အဆိုတရပ်ကို၊ ပခုက္ကူမြို့ မင်္ဂလာမဟာဝိသုတာရာမတိုက်၊ အဂ္ဂမဟာပဏ္ဍိတ၊ ဆရာတော် ဦးပညာက၊တင်သွင်း၍ အများသဘောတူဆုံးဖြတ်တော်မူခဲ့ကြပါသည်။

အထက်ပါ ဆုံးဖြတ်ချက်ကို အကောင် အထည် ဖော်ထုတ်ရန် အတွက် နိုင်ငံတော်မဟာနာယက၊ ရန်ကုန်မြို့ ဘုရားကြီးတိုက် ဆရာတော်အမှူးရှိသော၊ အထူးသံဃာအမှုဆောင်အဖွဲ့အားတာ၀န်လွှဲအပ်တော်မူခဲ့ကြပါသည်။

ထိုသို့လွှဲအပ်တော်မူချက်အရ၊ ဂိုဏ်းပေါင်းစုံ မဟာသံဃာ အမှုဆောင် ဆရာတော်ကြီးများနှင့် ဒါယကာဘက်ဆိုင်ရာ၊ဗုဒ္ဓဘာသာအဖွဲ့ချုပ်အမှုဆောင်လူကြီးမင်းများပါ၊ ရန်ကုန်မြို့ ဘုရားကြီးကျောင်းတိုက်တွင်၊ ပူးပေါင်းစည်းဝေးတိုင်ပင်တော်မူကြပြီးလျှင်၊ ဂိုဏ်းပေါင်းစုံ မဟာသံဃာအဖွဲ့ချုပ်နှင့် ဗုဒ္ဓဘာသာ အဖွဲ့ချုပ်တို့မှ၊ ကြီးမှူး၍၊ ဆရာတကာပူးပေါင်း ပါ၀င်သော **(တောင်တန်းသာသနာပြု)** အဖွဲ့ကို၊ **၁၃၀၈-ခုနှစ် တော်သလင်းလပြည့်ကျော် ၇-ရက်နေ့ထွင်ဖွဲ့စည်းတည်ထောင်တော်မူခဲ့ကြပါသတည်း။**

တောင်တန်း သာသနာပြုလုပ်ငန်း ဆိုသည်မှာ၊ သာသနာပြု သံဃာရရှိရေး ကူညီထောက်ပံ့ရေးနယ်စွန်နယ်ဖျား ဆက်သွယ်ရေး စသည်၊ အလွန် ကြီးလေး ကျယ်ပြန့်လှသည် ဖြစ်ပါ၍၊ ဆိုင်ရာ တာဝန်အသီးသီး တို့ကို၊ လွယ်ကူစွာ ထမ်း ဆောင်တော်မူနိုင်ကြစေရန်အတွက် သံဃာတော်ဘက်ဆိုင်ရာမှ—

၁။ နာယက ဆရာတော်အဖွဲ့။

၂။ အမှုဆောင် ဆရာတော်အဖွဲ့ (ဟူ၍ငှင်း။)

ထို့အတူ ဒါယကာဘက်ဆိုင်ရာမှလည်း—

၁။ နာယကလူကြီးများအဖွဲ့။

၂။ အမှုဆောင်လူကြီးများအဖွဲ့ (ဟူ၍ငှင်း။)

အသီးသီး ဆရာတကာဖွဲ့စည်းထားကြသည်မှာ၊ နောင်လာ နောက် သားတို့၊ အစဉ်ကြည်ညိုလေးစားသတိရနိုင်ကြပါစေရန်၊ အစုံအလင် ဘော်ပြလိုက်ရပါသတည်း။

**တောင်တန်းသာသနာပြုအဖွဲ့၏အစစွာနာယကဆရာတော်များ**

(၁) ပုဇွန်တောင်ကျောင်းကြီးဆရာတော် ဦးဉာဏ၊
(၂) ဗဟန်းဝေဠုဝန်ဆရာတော် ဦးခေမာစာရ၊
(၃) ဗောဓိ ဆရာတော်၊
(၄) ကျောင်းသစ်ဆရာတော် ဦးပညာ၊
(၅) ဘုရားကြီးဆရာတော် ဦးကောဏ္ဍည၊
(၆) မူလသံယုတ်ဆရာတော်၊
(၇) ဓမ္မာလင်္ကာရဆရာတော်၊
(၈) အလယ်တောရ ဆရာတော်ဦးရေဝတ၊
(၉) ဆားလင်းဆရာတော်၊
(၁၀) စင်္ကာပူကျောင်း ဆရာတော်၊
(၁၁) ရှင်အာဒိစ္စဝံသကျောင်းတိုက် ဦးဇာဃရိယဆရာတော်၊
(၁၂) တောင်ဘီလူးဆရာတော် ဦးကေတုမာလာ၊
(၁၃) နှစ်ကျိပ်ရှစ်ဆူ ဆရာတော်။

## အမှုဆောင်ဆရာတော်များ

(၁) သရက်တောတိုက်သာသနာလင်္ကာရဆရာတော်ဦးနန္ဒသာမိ(ဥက္ကဋ္ဌ)
(၂) သုံးထပ်ကျောင်းတိုက်ဆရာတော် ဦးဝိမလ၊
(၃) ပန်းဆွဲဆရာတော် ဦးဝိလာသ၊
(၄) သွေးဆေးကန်ကျောင်းကလေးဆရာတော် ဦးပညာ၊
(၅) ဦးဓမ္မသာရ ဆရာတော်၊
(၆) ဦးစိန္တာမဏိသာရ ဆရာတော်၊
(၇) ပိဋကတ်တိုက် ဦးသူရိယ ဆရာတော်၊
(၈) ဦးသုန္ဒရဆရာတော်၊
(၉) ဦးဥတ္တမသာရ ဆရာတော်၊
(၁၀) ဦးပဏ္ဍဝဆရာတော်၊
(၁၁) နန္ဒဝန် ဦးဥတ္တမဆရာတော်၊
(၁၂) ဦးတေဇဝန္တ ဆရာတော်၊
(၁၃) ရတနာပုံ ဦးဇာဂရ(အကျိုးတော်ဆောင်)
(၁၄) ဆားလင်းကျောင်း ဦးပညာဝံသ ဆရာတော်၊
(၁၅) ဦးကုဏ္ဍလဆရာတော်၊
(၁၆) ဒလ ဦးကောဝိဒဆရာတော်၊

## ဒါယကာဘက်ဆိုင်ရာ နာယက လူကြီးမင်းများ

(၁) သူဌေးကြီး(ဆာ)ဦးသွင်။
(၂) တရားဝန်ကြီး ဦးသိမ်းမောင်။
(၃) မြိတ်သျှဘားမား သူဌေး ဦးညွန့်။
(၄) ဒေါက်တာ ဦးသိန်း။
(၅) ဦးဘိုးသောင်း။
(၆) ဦးလှသိန်း။
(၇) ဦးဘဟန်။
(၈) ဦးလှစိန်။
(၉) ဦးဆိုင်ကျော်။

(၁၀) ဖျာပုံသူဌေး ဦးအုန်းခင်။
(၁၁) ပဌမကျော် ဦးကြီးဖေ။
(၁၂) ဦးဘိုးချိ်။
(၁၃) ဆရာညွှ်။
(၁၄) ဦးတင်ရွှေ။
(၁၅) ဦးအုန်းမောင်။
(၁၆) ဦးခင်မောင်လင်း။
(၁၇) ဦးထွန်းလှ။
(၁၈) ဦးဘကျော်။
(၁၉) ဦးထွန်းဖေ။
(၂၀) ဦးဘရှင်။
(၂၁) ဦးသိန်းမောင်။
(၂၂) ဦးချစ်ဖေ။
(၂၃) ဦးအောင်သန်း။
(၂၄) ဦးအုန်းလွန်း။
(၂၅) ဦးကျော်ငြိမ်း။
(၂၆) ဦးပန်းမောင်။
(၂၇) ဦးလှအောင်။
(၂၈) ဦးမောင်ကလေး။
(၂၉) ဦးလူကလေး။
(၃၀) ဦးထွန်းရင်။
(၃၁) ဦးဘဖိုး။
(၃၂) ဦးအုန်းရွှေ။
(၃၃) သခင်အေး။
(၃၄) ဦးမောင်ကြီး။
(၃၅) ဦးစင်းရှိန်။
(၃၆) ဦးတင်မြင့်။

## အမှုဆောင်လူကြီးမင်းများ

(၁) ဒိုးဒုတ် ဦးဘချို (ပြန်ကြားရေးဝန်ကြီး) (ဥက္ကဋ္ဌ)။
(၂) ဦးဘိုးဗျော့ (ရွှေတိဂုံဘဏ္ဍာတော်ထိန်း)။
(၃) ဦးမောင်မောင်စိန္ဒ ကံထရိုက်တာ။
(၄) ပဌမကျော် ဦးကြီးဖေ။
(၅) ဦးဘတင် (ရွှေပြည်တော်)။
(၆) ဦးတင်လှ (လွှတ်တော်ရှေ့နေကြီး) (အကျိုးတော်ဆောင်)။
(၇) ဦးချစ်ဦး (တွဲဘက်)။
(၈) မြိတ်သျှဘားမား ဦးညွန့် (ငွေထိန်း)။
(၉) ဦးမောင်ကလေး (စာရင်းစစ်)။
(၁၀) ဆရာဖေ။
(၁၁) ဦးလှစိန်။

## အာသံပြည် သာသနာပြုအတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက ကူညီအားပေးပုံ

နိုင်ငံတော်အစိုးရ၏ တိုင်းရင်းသား သာသနာများပေါင်းစုံ၊ ထောက်ပံ့ရေး ငွေ ၅-သိန်းအနက်မှ ဗုဒ္ဓသာသနာတော်အား ထောက်ပံ့ရေးငွေ ၄-သိန်းကို—

| | | |
|---|---|---|
| ၁။ | တောင်တန်းနယ်များ သာသနာပြုရေးအတွက် | ၂၅၀၀၀၀ိ |
| ၂။ | ပြည်မကြီးအတွက် | ၁၀၀၀၀၀ိ |
| ၃။ | နိုင်ငံရပ်ခြားများအတွက် | ၅၀၀၀၀ိ |

ဟူ၍ အချိုးကျဝေပုံပြု၍ စိမံခန့်ခွဲထောက်ပံ့ရန်၊ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့၏ ၄-ကြိမ်မြောက် အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့ကြသည်။

**အာသံသာသနာ ထောက်ပံ့ကာ**

၆-ကြိမ်မြောက် အစည်းအဝေး၏ ဆုံးဖြတ်ချက် အမှတ် ၆-တွင်လည်း (အာသံပြည် သာသနာပြုရေး ကိစ္စနှင့်ပတ်သက်၍၊ တောင်တန်းသာသနာပြုအဖွဲ့ ကြီးမှ၊ ၁၃၁၀-ခုနှစ် ကဆုန်လဆန်း ၁၄-ရက်နေ့စွဲပါစာအရ မေတ္တာရပ်ခံသော စရိတ်ငွေ ၂၅၀ိ-လှူဒါန်းရန်ကိစ္စကို ဆွေးနွေးကြသည်။

ငင်းငွေ ၂၅၀ဝိ-ကို၊ ၎င်းတောင်တန်းသာသနာပြုအဖွဲ့ကြီးသို့ အဆိုပါ အာသံပြည် သာသနာပြုကိစ္စဆောင်ရွက်ရန် ပေးအပ်သင့်ကြောင်း ဆုံးဖြတ် ကြသည်။

ဆယ်ကြိမ်မြောက် အစည်းအဝေးတွင်လည်း—

အာသံ သာသနာပြုရေးကိစ္စနှင့်ပတ်သက်၍၊ တောင်တန်းသာသနာပြု အဖွဲ့မှ (၂၃-၉-၄၇)နေ့စွဲပါ စာရင်းအရ၊ တောင်းဆိုသော ထောက်ပံ့ကြေးငွေ (၆၇၅၀ဝိ)ကို ဆွေးနွေးကြသည်။ ယခင်က ၎င်းကိစ္စအတွက်၊ ငွေ ၂၅၀ဝိ- ထောက်ပံ့ပြီးဖြစ်ရာ၊ ယခုအခါ၌ ခန့်မှန်းခြေတောင်းဆိုသော ငွေပေါင်းအနက်မှ (၁၀၀၀ဝိ)ထောက်ပံ့ရန် သဘောတူဆုံးဖြတ်ကြသည်။ ကျန်ရှိသောလိုငွေများ ကို အခြားပုဂ္ဂိုလ်များနှင့် အဖွဲ့များထံမှ စေတနာအလျောက် ကောက်ခံရရှိနိုင် ပေမည်ဟု မြော်လင့်ကြပါသည်ဟူ၍ ဆုံးဖြတ်ခဲ့ကြပါသည်။

အထက်ပါ ဆုံးဖြတ်ချက်များအရ၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက၊ နိုင်ငံ ရပ်ခြားဖြစ်သော အာသံပြည် သာသနာပြုရေးအတွက်ကိုလည်း တောင်တန်း သာသနာပြုအဖွဲ့ကြီးမှတဆင့်၊ လူအား, ငွေအား, အကြံဉာဏ်အား အမျိုးမျိုး တို့ဖြင့်၊ တိုး၍တိုး၍ အကြိမ်ကြိမ်အားပေးကူညီလျက် ရှိနေကြပါသည်။

## အာသံသာသနာပြု မိတ်ဆက်အဖွဲ့
## ပေါ်ပေါက်လာပုံ

အာသံသာသနာပြု မိတ်ဆက်အဖွဲ့နှင့်ပတ်သက်၍ အာသံပြည်အကြောင်းနှင့် ထိုအာသံပြည်ရှိ အဟုံ ရှမ်းလူမျိုးများရာဇဝင်ကို အတန်ငယ် တင်ပြလိုပါသည်။ အာသံပြည်ဆိုသည်မှာ ပထဝီဝင် ရာဇဝင်များအရ မြန်မာပြည်နှင့် တောတောင်၊ ရေမြေ၊ အနေအထား တပြေးထည်း တစပ်ထည်း တည်ရှိနေ၍ လူမျိုးဘာသာ စာပေ ယဉ်ကျေးမှု စသည့် ဓလေ့ထုံးစံများပါ အားလုံး နီးစပ်လျက် ရှိနေကြ ပါသည်။

(ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီး၏ မြန်မာ အာသံ မိတ်ဆက်အဖွဲ့၏ အစီရင် ခံစာအရ)။

၎င်းအာသံပြည်၌ လူဦးရေပေါင်း (၁၀၂၅၁၀၀၀) ဆယ်သန်းကျော် ရှိကြသည့်အနက် ဗွန်ဂိုလီယံအနွယ် (၂၈၇၄၀၀၀) သုံးသန်းခန့် အိန္ဒိယ၊ ဟိန္ဒူ၊ မူဆလင်အနွယ် (၆၅၇၃၀၀၀) ခြောက်သန်းကျော်နှင့် မြန်မာအနွယ် ရှမ်း၊ ချင်း၊ ကချင်၊ နာဂ၊ အဟုံ (၆၉၄၀၀၀) ခုနစ်သိန်းခန့်တို့လည်း လူနည်းစု အဖြစ်ဖြင့် ပါဝင်လျက် ရှိနေကြပါသည်။

**အာသံပြည်ဝယ် မြန်မာ့အနွယ်**

အထက်ပါ ရှမ်း၊ ချင်း၊ ကချင်၊ အဟုံ စသော မြန်မာ့ အမျိုးအနွယ်တော်များ အာသံပြည်သို့ ရောက်ရှိ ပေါက်ဖွားနေထိုင် ရှိနေကြခြင်းမှာ (၁၁ဂ၃-ခုနှစ် ဘကြီးတော်) မင်း လက်ထက် စစ်သူကြီး မဟာဗန္ဓုလ ကြီးမှူးသော မြန်မာ့ စစ်သည်တော်များသည် မြန်မာပြည်၏ အနောက်မြောက် နယ်စပ်ဖြစ်သော အာသံ၊ မဏိပူရ၊ ကသဲ၊ ဘင်္ဂလား၊ ဒက္ကား စသော ဒေသဘက်သို့ ချီတက် တိုက်ခိုက် သွားကြစဉ် အာသံပြည်ကို အောင်နိုင်၍ မြို့ပြအုပ်ချုပ် မင်းလုပ်သူ အမှုထမ်း အရာထမ်းများ၊ တပ်မတော်သားများနှင့် စစ်လမ်းတိမ်းရှောင်ရင်း နယ်ကျွံရောက်ရှိသွားကြသော ရခိုင်၊ ရှမ်း၊ ချင်း၊ ကချင်၊ ခမ္ပတီး၊ နာဂ၊ အဟုံ စသော မြန်မာ့ အမျိုးအနွယ်တော်များဖြစ်ကြကြောင်း ရာဇဝင်အရ ထင်ရှားလျက် ရှိပေသည်။

**အမိမဲ့သား ရေနည်းငါး**

အထက်ပါ မြန်မာ့အနွယ်တော်များဖြစ်ကြကုန်သော အာသံပြည်ဘွား ရှမ်း၊ ချင်း၊ ကချင်၊ နာဂ၊ ရခိုင် စသော မြန်မာသွေးချင်းသားချင်းအပေါင်းတို့သည် မြန်မာလူမျိုးတို့၏ ကိုးကွယ်ရာ ဘာသာဓလေ့အားဖြင့် ဗုဒ္ဓဘာသာကို အစဉ် အဆက် ကိုးကွယ်ခဲ့ကြသူများပင်ဖြစ်ကြသော်လည်း တိုင်းရေး၊ ပြည်ရေး၊ နိုင်ငံ ရေး အပြောင်းအလဲ အခက်အခဲ အမျိုးမျိုးတို့ကြောင့် မြန်မာပြည်နှင့် ကူးလူး ဆက်ဆံ သွားလာရန် နှစ်ပေါင်းများစွာ အဆက်အသွယ်ပြတ်သကဲ့သို့ ရှိကြသဖြင့် ဗုဒ္ဓသာသနာတော်ကို အားပေးမည့် သာသနာပြု ဒါယကာများ တစစ ခေါင်း ပါး၍ အမိမဲ့သား ရေနည်းငါးကဲ့သို့ အင်းအားသေးသိမ် ညှိုးမှိန်နွမ်းလျစွာ ရှိနေကြရ ရှာပေသည်။

**ဆင်းရဲပင်ပန်း နွမ်းလျညှိုးနွဲ့**

သို့ပင် သာသနာပြုစုသူ ဒါယကာ အားသေး ခဲ့ကြသော်လည်း ထိုအာသံ ပြည်ဘွား ဘုရားသားတော် သံဃာတော်များမှာ အလွန်ဆင်းရဲပင်းပမ်းနွမ်းလျ စွာဖြင့် ဘုရား၏ သာသနာ စဉ်ဆက် မပျက်မပျောက်အောင် စောင့်ရှောက် ထိန်းသိမ်းတော်မူကြကာ သာသနာပြု ခေါင်းဆောင်များကို အာရုံမှန်းဆ တမ်းတတွေးခေါ်၍ ငေးမြော်လျက်သာ ရှိနေကြရ ရှာပေသည်။

**ကူညီမျှော်မှန်း ရော်ရမ်းကြွလာ**

ဒုတိယ ကမ္ဘာစစ်ကြီးပြီးဆုံး၍ မြန်မာနိုင်ငံတော် လွတ်လပ်ရေး ရပြီးစ အချိန်တွင် အထက်ပါ အာသံပြည် မာဂရေတာမြို့ မထင်းရွာမှ အဟုံ ရှမ်းလူမျိုး

အာသံပြည်ဘွားရဟန်းတော်တပါးဖြစ်သော အရှင်သီလဝံသ မထေရ်မြတ်သည် မြန်မာနိုင်ငံမှ သာသနာပြု အကူအညီများ တောင်းဆိုရန်အတွက် ဒီဃအဒ္ဓါန မဟာကန္တာရခရီးခဲဟု ဆိုအပ်သော လူသူမနီး တောကြီးမြက်မဲ၊ သစ်ရဲနှင့်ကျား ဆင်၊ တသွင်သွင်သောစိမ့်စမ်း၊ နက်ဝှမ်းသောလျှိုမြောင်၊ တောတောင်က အထပ်ထပ်၊ မြိုင်ရပ်ကအဖုံဖုံ၊ ရဂုံဟေမာ သေလာပဗ္ဗတတို့က အခန်းခန်း၊ ခရီး ကြမ်းလမ်းကြမ်းတို့မှ ဖြတ်သန်းကာ၊ မပန်းမညည်းဘဲ တကိုယ်တည်း တကိုယ် တော်ဖြင့် တလကျော်ကျော် ခြေကျင်လျှောက်၍၊ မြန်မာပြည်သို့ ကြွရောက်တော် မူလာခဲ့ပါသည်။

ရှေးဦးတိုင်ပင် ဆာဦးသွင်

ရှေးဦးစွာ တောင်တန်း သာသနာပြုအဖွဲ့ ဥက္ကဋ္ဌကြီး ဆာဦးသွင် (ယခု သတိုး သီရိသုဓမ္မ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌကြီး)ထံ ကြွရောက်တွေ့ဆုံပြီးလျှင် မိမိ အာသံပြည်မှ လာရောက်ရခြင်း အကြောင်းရင်းကို ရှင်းလင်းမိန့်ကြားရာ ဥက္ကဋ္ဌကြီးက အလွန်စိတ်ဝင်စားစွာဖြင့် အားပေးကူညီလိုကြောင်း အားပေး စကား လျှောက်ထားခဲ့ဘူးပါသည်။

မှတ်ချက်။ ။ထိုအာသံ ရဟန်းတော်သည် ဥက္ကဋ္ဌကြီး ဆာဦးသွင်ထံသို ရှေးဦးစွာ ကြွရောက် တွေ့ဆုံရခြင်းမှာ ထိုဥက္ကဋ္ဌကြီး၏ သာသနာပြု ဂုဏ်သတင်းတို့ကို အာသံပြည်မှ ကြားဘူးရုံမျှမက အာသံပြည် ဗုဒ္ဓဘာသာ အဆောက်အဦတခုတွင် အမြတ်တနိုးချိပ်ဆွဲထားသော ဆာဦးသွင်၏ပုံကိုပါ တွေမြင်ခဲ့ဘူး၍ ယခုကဲ့သို့ ဥက္ကဋ္ဌကြီး ဆာဦးသွင်ထံသို့ ရှေ့ဦးစွာ လာရောက်ရခြင်း ဖြစ်သည်ဟု ထိုအရှင်မြတ်က ပြောပြ၍ သိရပေသည်။

နောက်ထပ်တဖန် ကြွလာပြန်

နောက်မကြာမီထိုအာသံကိုယ်တော်သည်၊ကချင်ပြည်နယ်ဝန်ကြီးဆမားဒူးဝါး ဆင်ဝါနောင်နှင့် ထပ်မံတွေ့ရှိပြီး အာသံပြည်သို့ သာသနာပြု အကူအညီ အကြောင်းကို မိန့်ကြားပြန်ပါသည်။

ထိုအခါ ကချင်ဝန်ကြီး ဆမားဒူးဝါးဆင်ဝါနောင်က အာသံပြည်သို့ သာသ နာပြုလွှတ်ရန် အထူးသင့်လျော်ကြောင်း စသော အကြံဉာဏ် ထောက်ခံချက်များ နှင့်တကွ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုထံသို့ တောင်းပန်စာ ရေးသားပေးပို့ခဲ့ပါ သည်။

ဗုဒ္ဓသာသနာနုဂ္ဂဟ တိုင်ပင်ကြ

အထက်ပါ အကြောင်းအရာများနှင့်တကွ မြန်မာပြည်မှ သာသနာပြု ခေါင်း ဆောင် အကူအညီများကို အာသံပြည်မှ အထူးတောင့်တ မျှော်လင့်လျက် ရှိကြောင်း၊ စသည်များကို ထိုအာသံ ဦးသီလဝံသ ကိုယ်တော်တိုင် ဗုဒ္ဓဘာသာ

အဖွဲ့ချုပ်ကြီးသို့ ကြွရောက်၍ အကြောင်းစုံ အကျယ်တဝင့် ပြောပြမိန့်ကြားတော်မူပြန်ပါသည်။

ထိုအခါ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီးကလည်း နယ်မြေရပ်ခြား တိုင်းတပါးရှိ မြန်မာ့သွေးချင်းသားချင်းတို့၏ သာသနာရေးကို အထူးစိတ်ဝင်စားစွာ တိုင်ပင်ဆွေးနွေးကြပြီးလျှင် အာသံသာသနာပြု စုံစမ်းရေးအဖွဲ့ငယ်တခု ဖွဲ့စည်းစေလွှတ်ရန် တောင်တန်းသာသနာပြုအဖွဲ့သို့ တိုက်တွန်းညွှန်ကြားခဲ့ကြပါသည်။

**မြန်မာအာသံ မိတ်ဆက်ပြန်**

ဤကဲ့သို့ ဗုဒ္ဓဘာသာ အဖွဲ့ချုပ်ကြီး၏ ညွှန်ကြားချက်အရ အာသံပြည်သား အရှင်သီလဝံသ တောင်တန်းသာသနာပြုအဖွဲ့ ဥက္ကဋ္ဌဆောင် အရှင် ပညာဝံသနှင့် ရွှေပြည်ဦးဘတင်တို့ပါဝင်သော (မြန်မာ အာသံ ဗုဒ္ဓဘာသာ မိတ်ဆက်) အဖွဲ့ငယ်တခုကို တောင်တန်းသာသနာပြုအဖွဲ့မှ ကြီးမှူးဖွဲ့စည်း၍ ၁၃၁၀-ခုနှစ် ပဌမဝါဆိုလဆန်း ၁၄-ရက် (၁၉-၆-၄၈) နေ့တွင် ရန်ကုန်လေဆိပ်မှ လေကြောင်းခရီးဖြင့် ပဌမအကြိမ် အာသံပြည်သို့ စေလွှတ်ခဲ့ကြပြီးလျှင် သာသနာပြု ကျောင်းများ သံဃာတော်များ တည်ထောင်၍ ယနေ့တိုင် ထောက်ပံ့ပြုစု သာသနာပြုလျက်ရှိနေကြပါသည်။ အကျယ်ကိုလိုသော် မြန်မာ အာသံ ဗုဒ္ဓဘာသာ မိတ်ဆက်အဖွဲ့၏ အစီရင်ခံစာတွင် ကြည့်ရှုနိုင်ကြပါသည်။

**ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ငွေအား လူအား စသည်တို့ဖြင့် ကူညီအားပေးမှုကြောင့် တောင်တန်း ဒေသများနှင့် အာသံပြည်၌ သာသနာတော် အထူးတိုးတက်စည်ပင်လျက်ရှိခြင်း**

အထက်တွင် အသီးသီး ဖော်ပြခဲ့ပြီးသည့်အတိုင်း တောင်တန်း သာသနာပြုအဖွဲ့ကြီးနှင့် အာသံသာသနာပြု အဖွဲ့တို့၏ သာသနာပြုကိစ္စ အဝဝတို့ကို ဤဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီး၏ လူအား ငွေအား စသည်တို့ဖြင့် အဘက်ဘက်မှ အထူးတလည် ကူညီအားပေးမှုတို့ကြောင့်—

၁။ သာသနာတော်ကို သက်ဝင်ယုံကြည်သူများ ပေါ်များလာခြင်း။

၂။ သာသနာပြုကျောင်းများ အရေအတွက် တိုးတက်များပြားလာခြင်း။

၃။ သာသနာပြု ဆရာတော်များ တရားဟောဆရာ ကျောင်းဆရာ စသည်များ အထူးများပြား ကျယ်ပြန့်လာခြင်း—

စသည်တို့ဖြင့် တနှစ်ထက်တနှစ် တနယ်ထက်တနယ် ကျယ်ပြန့် စည်ကားကြီးပွါးတိုးတက်လာခဲ့ကြရာယခုအခါတွင် နိုင်ငံတော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးက

ဆက်လက်ထောက်ပံ့ အားပေးလျက် ရှိပြန်ရကား ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ လဝ၊ အာသံ စသောတောင်တန်းဒေသအသီးသီးတို့တွင် ဗုဒ္ဓသာသနာ အရောင်အဝါတို့သည် (တက်သစ်စနေဝန်း-ထွန်းသစ်စလ) ပမာဏကဲ့သို့ တနှစ် တခြား ပြန့်ပွါးစည်ပင်၍ အလွန်လျှင် ထူးခြားစွာ တိုးတက် တောက်ပလျက် ရှိလာကြပါတော့သတည်း။

# အခန်း – ၅

## ပြည်တွင်းပြည်ပ ပဋိပတ္တိသာသနာပြုလုပ်ငန်းများ

၁။ ပဋိပတ္တိသာသနာပြုရန် ဆုံးဖြတ်ချက်များ

၂။ စံပြကမ္မဋ္ဌာန်းကျောင်း

၃။ ကမ္မဋ္ဌာနာစရိယ ရှာမှီးစုဆောင်းပုံများ

၄။ မဟာစည်ဆရာတော်အဋ္ဌုပ္ပတ်

၅။ ယောဂီထောက်ပံ့ရေး

၆။ နိုင်ငံခြားများနှင့်ကမ္မဋ္ဌာနရိပ်သာများ

## ပဋိပတ္တိသာသနာပြုရန်ဆုံးဖြတ်ချက်များ

ပရိယတ္တိသာသနာတော်နှင့် ပဋိပတ္တိသာသနာတော်မြတ်ကြီး နှစ်ရပ်လုံးကို ရှေးရှေးသော ဓမ္မိကဓမ္မရာဇာသာသနာပြု မင်းကောင်းမင်းမြတ်တို့၏ ချီးမြှောက်သောထုံးကဲ့သို့ အစွမ်းကုန် ချီးမြှောက်ထောက်ပံ့ ပြုစုကြရန်ဟူ၍ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက အမြင့်မြတ်ဆုံးသော ရည်ရွယ်ချက်များကို ချမှတ် အတည်ပြုခဲ့ကြပါသည်။

ထိုမြင့်မြတ်လှသော ရည်ရွယ်ချက်များအရ၊ ပရိယတ္တိသာသနာတော်ကြီးကို ချီးမြှောက် အားပေးရန်အတွက်—

(၁) ဘာသာပေါင်းစုံ ပိဋကတ်တိုက်တော်ကြီး တည်ဆောက်ခြင်း။

(၂) ဆဋ္ဌသံဂါယနာသို့ ရှေးရှုသော တိပိဋကတ်ရွေးချယ်ပွဲကြီးကို အထူး အားပေးကြိုးပမ်းလျက် ရှိခြင်းဖြင့် ပရိယတ္တိသာသနာတော်မြတ်ကြီးကို တဘက်တွင် အစွမ်းကုန် ကြိုးပမ်းလျက် ရှိကြသကဲ့သို့။

တဘက်တွင်လည်း အရဟတ္တမဂ်၊ အရဟတ္တဖိုလ်သို့ ရှေးရှုသော ပဋိပတ္တိသာသနာတော်မြတ်ကြီးကို အစွမ်းကုန် အားပေး ချီးမြှင့်ရန်အတွက်၊ ၁၃၁၀-ခုနှစ်၊ နယုန်လပြည့်ကျော် တရက် (၂၃-၅-၄၇)နေ့၊ နေ့လည် ၂-နာရီအချိန် ဝန်ကြီးချုပ် ဦးနု၏ နေအိမ်တွင် ကျင်းပသော ဤ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့၏ ၆-ကြိမ်မြောက် အမှုဆောင် အစည်းအဝေးတွင် အောက်ပါအတိုင်း အများသဘောတူ ဆုံးဖြတ်ကြပါသည်။

၁။ ပဋိပတ္တိသာသနာတော် အားပေးရေးအတွက် ရန်ကုန်မြို့ အနီးအနား၌ ဝိပဿနာစံပြ ကမ္မဋ္ဌာန်းချောင်ကြီးတခု တည်ထောင်သင့်ကြောင်းနှင့်—

၂။ ထိုဝိပဿနာစံပြကမ္မဋ္ဌာန်းချောင် နေရာရှာဖွေရေးအတွက် ဦးဘခင်နှင့် ဦးစံသိန်းတို့အား လွှဲအပ်ရန်ဟူ၍ ဆုံးဖြတ်ခဲ့ကြပါသည်။

အထက်ပါ ဆုံးဖြတ်ချက်အရ ဆိုင်ရာအမှုဆောင်လူကြီးမင်းများ၏ ရှာဖွေတင်ပြချက်အရ အမျိုးမျိုး စဉ်းစား ဆွေးနွေးကြပြီး နောက်ဆုံးတွင် အသွားအလာလွယ်ကူခြင်း၊ ဆိတ်ငြိမ်ခြင်း၊ အန္တရာယ်ကင်းခြင်း စသော ဂုဏ်တို့နှင့် ပြည့်စုံသော ရန်ကုန်နေပြည်တော် ဟာမစ်တိတ်လမ်းရှိ အဖွဲ့ဥက္ကဋ္ဌကြီး၏ အိမ်ခြံမြေလှူဒါန်းခြင်းကို လက်ခံ အတည်ပြုခဲ့ကြပါသည်။ (ထိုခြံမြေ ရာဇဝင်အကျယ်

ကို ဤအဋ္ဌုပ္ပတ္တိ၏ သာသနာ့ရိပ်သာကြီး စတင်ထူထောင်ပုံ အခန်းတွင် အကျယ် ဖော်ပြထားပါသည်)။

## ဝိပဿနာ စံပြကမ္မဋ္ဌာန်းကျောင်း ဆောက်လုပ်ခြင်း

ထိုသို့ အဖွဲ့ဥက္ကဋ္ဌကြီးက ရက်ရောစွာ လှူဒါန်းအပ်သော မိမိပိုင် ကိုယ်တိုင်နေ ခြံမြေကြီးကို လက်ခံရရှိပြီးသည်နှင့် တပြိုင်နက်—

(၁) မြေယာများကို သုတ်သင်ရှင်းလင်းခြင်း၊

(၂) အာရာမဝတ္ထုဘူမိဝိသောဓနေခေါ် အန္တရာယ်ကင်းဘေးရှင်းရန်အတွက် ဆရာတော် သံဃာတော်များအား ပင့်ဘိတ်၍ ၄၉-ရက်တိုင်တိုင် ပရိတ်ပွဲတော်များ ရွတ်ဘတ်နာယူခြင်း—

ပြုကြပြီးလျှင် ဝိပဿနာစံပြကမ္မဋ္ဌာန်းကျောင်း စသည်များကို အထက်တွင် ဖော်ပြပြီးသည့် အတိုင်း တဆောင်ပြီး တဆောင်မရွေးမနှောင်း ဆက်လက် ဆောက်လုပ်တည်ထောင်ကြပါသည်။

## ကမ္မဋ္ဌာနာစရိယ ရှာမှီး ပင့်ဆောင်ခြင်း

အထက်တွင်ပြခဲ့သည့်အတိုင်းပဋိပတ္တိသာသနာတော်ကိုအစွမ်းကုန်ချီးမြှောက် ကြရန်အတွက် စံပြကမ္မဋ္ဌာန်းကျောင်းဆောင်များ အသီးသီး ဆောက်လုပ် ပြီးစီး ကြသောအခါတွင်၊ သမထဝိပဿနာ ဘာဝနာကမ္မဌာန်းတို့ကို စွမ်းစွမ်းတမန် ပြသပေးနိုင်သော ကမ္မဋ္ဌာနာစရိယ ဆရာတော်ကို စူးစမ်းရှာမှီးကြရာတွင် သာသနာတော်စောင့် နတ်များကဘဲ နတ်လမ်းညွှန်ပြု ပေးလာသည့်အလား မြော်လင့်တောင့်တသည်ထက် ပိုမိုလွန်ကဲသော ဂုဏ်အပေါင်းနှင့် ပြည့်စုံတော် မူသော ကမ္မဋ္ဌာနာစရိယ ဆရာတော်တပါးကို အံ့ဩဘွယ်ရာ ကိုးကွယ်ခွင့် ရလာ ကြသည်မှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

အခါတပါး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌကြီး ဆာဦးသွင်သည် သမီးများ ရှိရာ အထက်မြန်မာနိုင်ငံ စစ်ကိုင်းမြို့သို့ အလည်အပတ်ရောက်ရှိ၍၊ သမီးများထံ တည်းခိုနေခိုက်။

တနေ့တွင် သမီးများနှင့်အတူ စစ်ကိုင်းတောင် ချပ်သင်းချောင် သီလရှင် ဆရာကြီး ဒေါ်ဝိစာရီထံသို့ ရောက်ရှိသွားကြပါသည်။

ထိုအခါဆရာကြီးထံသို့ အရင်ရောက်ရှိနေသော ရွှေဘိုခရိုင် ရေဦးမြို့မှ ဆန်စက် သူဌေးတဦးနှင့် ဆရာကြီး ဒေါ်ဝိစာရီက မိတ်ဆက်ပေးရင်း သာသနာရေး ဆွေးနွေးစပ်မိကြရာ။

ဥက္ကဋ္ဌကြီး။ ။ဦးတို့ စစ်ကိုင်းကိုရောက်လာတာကတော့ ဘုရားဖူးရင်းသွီးများထံ အလည်လာရင်း ဦးတို့ရန်ကုန်မြို့ သာသနာ့ရိပ်သာအတွက် ကမ္မဋ္ဌာန်း နည်းပြဆရာတော်တပါးရရှိရန် စုံစမ်းရင်းဆိုပါတော့။

စက်သူဌေး။ ။ဒီလိုဆိုရင် ကျွန်တော် ညွှန်ကြားပါရစေ။ ယခု ကျွန်တော်များ လက်ရှိကိုးကွယ်ဆည်းကပ်နေတဲ့ ကျွန်တော်များနယ်က ဆရာတော်နဲ့ အထူးသင့်လျော်မယ်လို့ ထင်ပါတယ်။

ဥက္ကဋ္ဌကြီး။ ။ကြားရတာဝမ်းသာပါတယ်ဗျာ။ တကယ်တော်ရဲ့လား ခင်ဗျားနဲ့ ကော အတော်ရင်းချာပါရဲ့လား၊ ပင့်ရင်ကော ရပါ့မလား။

စက်သူဌေး။ ။ကျွန်တော်များနဲ့ အလွန်ရင်းချာပါတယ်၊ဆရာရင်းတကာရင်းဘဲ ဆိုပါတော့၊ ကမ္မဋ္ဌာန်း ပြတဲ့နေရာမှာ တော်တော့ကို တော်ပါတယ်၊ ကျွန်တော့်ကိုယ်တိုင်လဲ အမြဲချဉ်းကပ်အားထုတ်နေလို့ အသေအချာ သိပါတယ်၊ ပင့်ရင်လဲ ရနိုင်ပါလိမ့်မယ်။

ဥက္ကဋ္ဌကြီး။ ။ဒီလိုဆိုရင် ဦးတို့မပြန်ခင် တရားနာလိုပါတယ်၊၃-ရက်ခန့်ဝါပန်ပြီး ပင့်ပေးစေလိုပါတယ်။

စက်သူဌေး။ ။ကောင်းပါပြီ မနက်ဖန်ဘဲ ဆရာတော်ပင့်ပေးဘို့ ကျွန်တော် တာဝန်ယူပါတယ်။ ဤသို့တိုင်ပင် ပြောဆိုပြီးလျှင် တရားပွဲကျင်းပရန် နေရာထိုင်ခင်းကိစ္စအတွက်သမိဒ္ဓေါဒယချောင်ဆရာကြီးဒေါ်မာလာရီ နှင့် တိုင်ပင်ကြပြန်ရာ—

ဒေါ်မာလာရီ။ ။တရားပွဲကျင်းပဘို့ နေရာထိုင်ခင်းအတွက်က လွယ်ပါတယ်၊ တကာကြီးတို့ ပင့်မဲ့ဆရာတော်က ပရိယတ် ပဋိပတ်စုံရဲ့လား၊ ဆရာ ကြီးတို့ စစ်ကိုင်းဆိုတာလဲ တကာကြီးတို့သိတဲ့အတိုင်းဘဲ စာတတ်လဲ ပေါတယ်၊ ဝိပဿနာတတ်လဲ များတယ်၊ အမေးအမြန်းလဲ စုံတယ်၊ တကာကြီးတို့ရဲ့ ဆရာတော်က အမေးအမြန်း ခံနိုင်ပါ့မလား။

စက်သူဌေး။ ။ဆရာကြီး ဒါတော့စိတ်ချပါ၊အဲဒီဆရာတော်ဟာ ပဋိပတ်တဘက် သာမဟုတ်ပါဘူး၊ ပရိယတ်ဘက်တွင်လဲ အစိုးရ စာချတန်းကို သီရိပဝရ ဂုဏ်ထူးနဲ့ အောင်တယ်၊ စာတတ်ဆရာတော် တပါးလို့ အခြားသံဃာတော်ကြီးများကလဲ အသိအမှတ်ပြုခံရတယ်၊ ဒါကြောင့် စွယ်စုံဆရာတော်တပါးဖြစ်လို့ မေးချင်တဲ့ဘက်ကမေးနိုင်ပါတယ်။

ဥက္ကဋ္ဌကြီး။ ။ဒီလိုဆိုရင် မေးလိုတဲ့စာတတ် ကမ္မဋ္ဌာန်းတတ် ပုဂ္ဂိုလ်များကို ဆရာကြီးကပင့်ဘိတ်ထားရင် ကောင်းမယ်။

ဆရာကြီး။ ။ကောင်းပြီ တကယ်မေးနိုင်တဲ့ စာတတ် ကမ္မဋ္ဌာန်းတတ် ပုဂ္ဂိုလ်များကိုပင့်ဘိတ်ထားဘို့ ဆရာကြီးက စီမံထားပါ့မယ်။ ဤကဲ့သို့ ထိထိရောက်ရောက် ပြောဆိုတိုင်ပင်ကြပြီးလျှင် ရေးဦး စက်သူဌေးက ရွှေဘိုသို့ သွားရောက် ပင့်ဆောင်၍၊ နောက်တနေ့ ဆရာတော် ရောက်ရှိလာသောအခါတွင် ဆရာတော်အား မေးမြန်းလိုသောပုဂ္ဂိုလ်များသို့ အကြောင်းကြားရန် ဥက္ကဋ္ဌကြီးက ဒေါ်မာလာရီအား သတိပေးရာ တရားနာယူကြရန် ကျေနပ်ပါသဖြင့် မေးမြန်းဘွယ်မလိုတော့ကြောင်း ဒေါ်မာလာရီက ပြန်ပြောပါသည်။

ဤသို့သော စီမံတိုင်ပင်ခြင်းဖြင့် သမိဒ္ဓေါဒယချောင်တွင် ၃-ရက် တိုင်တိုင် တရားနာယူကြရာ ရဟန်းရှင်လူ ပရိသတ် ၃၀၀-ကျော်အနက်မှ စာတတ် ကျမ်းတတ်နှင့်တရားအခံရင့်ပြီး ပုဂ္ဂိုလ်ကြီး များကပို၍ နှစ်သက် သဘောကျကြသောကြောင့် ဆရာကြီး ဒေါ်မာလာရီ၏ ထပ်မံတောင်းပန်ချက်အရ နောက်ထပ် ၂-ရက် ဆက်လက်၍ နာယူကြပြန်ပါသည်။

**ဥက္ကဋ္ဌကြီးမှာလည်း အလွန်ထူးမြတ်သော ဝိပဿနာကျင့်စဉ် အလုပ်တရားများကို ကိုယ်တိုင်ကြားနာရပြီး ရန်ကုန်သို့ပြန်ရောက်ချင်းပင် ထိုဆရာတော်၏သတင်းကို ဝန်ကြီးချုပ် ဦးနုအား ပြောပြ၍ ထိုဆရာတော်အား သွားရောက်ဖူးတွေ့ပြီး ရန်ကုန်သို့ ပင့်စေလိုကြောင်းဖြင့် ဥက္ကဋ္ဌကြီးက ဝန်ကြီးချုပ်အားအကြံပေးပြောဆိုတိုက်တွန်းခဲ့ပါသည်။**

ဥက္ကဋ္ဌကြီး ရန်ကုန်သို့ ပြန်လာစဉ် သမိဒ္ဓေါဒယချောင်ဆရာကြီး ဒေါ်မာလာရီအမှူးရှိသော သီလရှင်ဆရာကြီး အချို့တို့သည်၊ထိုဆရာတော်နေရပ်သို့လိုက်သွားကြပြီး နှစ်လ သုံးလခန့် တရားအားထုတ်၍ **ကိုယ်တိုင်သိရှိရသောဝိပဿနာဉာဏ်စဉ် တရားထူးများကို ဥက္ကဋ္ဌကြီးထံသို့စာပေးပို့၍ အားရကျေနပ်ဘွယ်ကြားသိရသည့်အတိုင်း ဝမ်းမြောက်စွာဖြင့် ဥက္ကဋ္ဌကြီးက ဝန်ကြီးချုပ်အားထပ်မံပြောပြပြန်ပါသည်။**

နောက်များမကြာမီ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုသည် အထက်မြန်မာနိုင်ငံသို့ တိုင်းခန်းလှည့်လည်ရာမှ ၁၃၁၁-ခုနှစ် တန်ဆောင်မုန်းလဆန်း ၄-ရက် နေ့တွင် ရွှေဘိုမြို့သို့ ရောက်ရှိသွားပါသည်။

ထိုအခါ ဥက္ကဋ္ဌကြီးကမှာကြားလိုက်သော ဆရာတော်ကြီးမှာလည်း ရွှေဘိုမြို့ မော်ကွန်းမြင်သာ ခေါ် မြို့ထောင့် စေတီတော်၏ ခြေတော်ရင်းရှိ ကမ္မဋ္ဌာန်းကျောင်းတိုက်သို့ ကြွရောက်ခိုက်ကြုံကြိုက်နေပါသဖြင့် ဝန်ကြီးချုပ်ကိုယ်တိုင် သွားရောက်ဖူးမျှော်လျက် ရန်ကုန်မြို့သို့ တရားချီးမြှင့် ကြွရောက်တော်မူပါရန် ဝန်ကြီး

ချုပ်က လျှောက်ထားသောအခါ "ဆရာတော်တို့မှာ တရားဟော ဓမ္မကထိက မဟုတ်ကြောင်း ကျင့်စဉ်အလုပ် တရားများကိုသာ ပြသလေ့ရှိကြောင်း၊ တရားအားထုတ်လိုသူများရှိက ပြသရန် ဝန်မလေးကြောင်း'' မိန့်ကြားတော် မူသည်၊ ထိုအခါ ဝန်ကြီးချုပ်က ပရိယတ် ပဋိပတ် သာသနာတော်ကြီးအား အစွမ်းကုန်ချီးမြှောက်ထောက်ပံ့ရန် အတွက် ရန်ကုန်မြို့တွင် တပည့်တော်များက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း။

သာသနာ့ရိပ်သာကြီးတခု ဖွင့်လှစ်၍ ကမ္မဋ္ဌာန်း ကျောင်းများ ကိုလည်း ဆောက်လုပ်လျက်ရှိပါကြောင်း။

သာသနာ့ရိပ်သာသို့ လာရောက်၍ တရားအားထုတ်လိုသူ ရှင်လူ ရဟန်းယောဂီများလည်း များစွာအလားအလာ ရှိနေပါကြောင်း၊ သို့ပါ၍ ကမ္မဋ္ဌာန်း တရားအားထုတ်နည်း ပြသချီးမြှင့် သာသနာပြုကြွတော်မူပါရန် စသည်ဖြင့် စုံလင်စွာလျှောက်ထားသောအခါ ဆရာတော်ကြီးမှာ ခပ်မဆိတ် လက်ခံတော်မူပါသည်။

ထိုသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဦးနု၏ ပင့်ဘိတ်လျှောက်ထားချက်အရ ရှေးဦးစွာ သတင်းဆက်ပေးသူ ရေဦးမြို့ ဆန်စက်သူဌေး ဦးဘသင်တို့က တပည့် နောက်လိုက်ပြုလျက် ၁၃၁၁-ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့တွင် ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ဆရာတော်ကြီး ကြွရောက်တော်မူပါသတည်း။

ထိုဆရာတော် အရှင်မြတ်ကား အခြားမဟုတ် ယခုအခါ သာသနာ့ရိပ်သာစံကျောင်းတော်ကြီးတွင် အစဉ်သီတင်းသုံး နေထိုင်တော်မူလျက် ထိုထိုသော ဝိပဿနာ ယောဂီ၊ ရဟန်းပရိသတ်၊ လူပရိသတ်၊ ယောဂီပရိသတ် များစွာတို့အား ဝိပဿနာပွါးများနည်းတို့ကို လက်တွေ့၊ စာတွေ့၊ ဂဃ၊ ဏန၊ ပြသတော်မူလျက် ဆဋ္ဌသံဂါယနာ မဟာသဘင်ကြီးတွင် သံဂါယနာပုစ္ဆက ဝန်ဆောင်ဖြစ်တော်မူသော ရွှေဘိုမြို့ ဆိတ်ခွန်ရွာ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် ဘဒ္ဒန္တ အရှင်သောဘန မဟာထေရ်မြတ်ကြီးပင် ဖြစ်တော်မူပါသတည်း။

## မဟာစည် ဆရာတော်၏
## ထေရုပ္ပတ္တိ

ကျေးဇူးရှင် မဟာစည်ဆရာတော် ဘုရားကြီးသည် ရွှေဘိုမြို့ ဆိတ်ခွန်ရွာနေ ဦးကံထော်၊ ဒေါ်ရွှေအုပ်တို့မှ ၁၂၆၆-ခုနှစ် ဒုတိယ ဝါဆိုလပြည့်ကျော် ၃-ရက်နေ့နံနက် (၃)နာရီအချိန်တွင် ဖွားမြင်တော်မူခဲ့ပါသည်။

အသက် (၆) နှစ်သား အရွယ်တွင် ဆိတ်ခွန်ရွာ (ပျဉ်းမနား) ကျောင်း ဘုန်းတော်ကြီး ဦးပရမထံ၌ စတင်၍ ပညာသင်ကြားခဲ့ပါသည်။

အသက် (၁၂) နှစ်သား အရွယ်တွင် ၎င်းကျောင်း ဘုန်းတော်ကြီးအထံ၌ပင် ရှင်သာမဏေပြု၍ ပိဋကတ်အခြေခံ ပညာရပ်တို့ကိုသင်ကြားခဲ့ပါသည်။

အသက် (၂၀) အရွယ် (၁၂၇၅-ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်)နေ့တွင် ရဟန်းအဖြစ်သို့ရောက်၍အစိုးရပဌမငယ်၊ ပဌမလတ်၊ ပဌမကြီး တန်း စာမေးပွဲတို့ကို နှစ်စဉ် နှစ်ချင်းစွဲအောင်မြင်ခဲ့သည်။

ရဟန်းဝါ (၄) ဝါအရ (၁၂၇၉ ခုနှစ်) တွင် မန္တလေးမြို့ အနောက်ပြင် ခင်မကန်တိုက် ဘုရားတော်ကျောင်းတွင် သီတင်းသုံး၍ ထင်ရှားသော ဆရာတော်ကြီးများအထံတော်၌ ပိဋကတ်ကျမ်းစာတို့ကို သင်ယူခဲ့သည်။

ရဟန်းဝါ (၆) ဝါအရ (၁၂၈၁-ခုနှစ်) တွင် မော်လမြိုင်မြို့ တောင်ဝိုင်း ကလေးတိုက်ကျောင်းသို့ ပြောင်းရွှေ့၍ ပိဋကတ်စာပေများကို ပို့ချခဲ့သည်။

၎င်းနောက် သပိတ်တလုံး သင်္ကန်း ၃-ထည်ဖြင့် ပဋိပတ္တိ သာသနာပြုရန် နည်းဥပနိသျကောင်းကိုရှာခဲ့ရာ သထုံမြို့မင်းကွန်းဇေတဝန် ဆရာတော်ဘုရားကြီး၏ နည်းဥပနိသျကိုရရှိ၍ လက်တွေ့သတိပဋ္ဌာန်လုပ်ငန်းတို့ကို စမ်းသပ်အားထုတ်ခဲ့သည်။

ထိုမှတဖန် မော်လမြိုင်သို့ပြန်လည်သီတင်းသုံးကာ ပရိယတ္တိသာသနာပြုခဲ့ရာမှ ဒုတိယကမ္ဘာစစ်ဖြစ်သောအခါ ရဟန်းဝါ (၁၈) အရ (၁၃၀၃) ခုနှစ်တွင် မူလဇာတိဖြစ်သော ဆိတ်ခွန်ရွာသို့ပြန်လည်၍ မဟာစည်ကျောင်းတိုက်တွင် ပဋိပတ္တိ သာသနာကို ပြုစုသောအားဖြင့် လက်တွေ့သတိပဋ္ဌာန်တရားတော်ကို စတင်ပြသတော်မူခဲ့သည်။

ထိုအချိန်မှစ၍၊ မြန်မာနိုင်ငံအရပ်ရပ်၌ ကမ္မဌာန်းဋ္ဌာနခွဲ (၃၀)ခန့် တိုးတက်လာခဲ့လေသည်။ ထို့နောက် ဆရာတော်သည်၊ ဝိပဿနာဘက်ဆိုင်ရာ အောက်ပါကျမ်းတို့ကိုပြုစုခဲ့လေသည်။

၁။ ဝိပဿနာရှုနည်းကျမ်း။ ပဌမတွဲ၊ ဒုတိယတွဲ။
၂။ မဟာသတိပဋ္ဌာန်သုတ် အနက် အဓိပ္ပါယ်။
၃။ သဗ္ဗာသဝသုတ် အနက် အဓိပ္ပါယ်။
၄။ ဓမ္မဒါယာဒသုတ် အနက် အဓိပ္ပါယ်။
၅။ ဝတ္ထသုတ် အနက် အဓိပ္ပါယ်။

ရဟန်း၀၊ ၂၄-၀ါအရ (၁၃၀၉)ခုနှစ်တွင်၊ ရန်ကုန်မြို့ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့၏ အမှုဆောင်လူကြီးတဦးဖြစ်သော နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုသည်၊ သတိုးသီရိသုဓမ္မ သူဌေးကြီး (ဆာ)ဦးသွင် စသော လူကြီးမင်းများ၏ တိုက်တွန်းချက် အရ၊ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီးအား၊ ရွှေဘိုမြို့မှ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ ပင့်ဆောင်ခဲ့လေသည်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည်၊ ရန်ကုန်မြို့ သာသနာ့ ရိပ်သာ၌၊ ၁၃၁၁-ခုနှစ် နတ္တော် လပြည့်နေ့မှစ၍၊ ဝိပဿနာ တရားတော်ကို ပြသတော်မူခဲ့ရာ၊ (၁၃၁၉-ခုနှစ်)အထိ ယောဂီ ရဟန်း ရှင်လူ အစုစုပေါင်း ခြောက်သိန်းခန့်တို့သည် ကျေနပ်လောက်အောင် တရားအားထုတ် ပြီးခဲ့ကြပါသည်။

၁၃၁၃ခု-နှစ် လွတ်လပ်ရေးနေ့တွင် ဆရာတော် ဘုရားကြီးအား နိုင်ငံတော် သမတက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို လှူဒါန်းတော်မူခဲ့သည်။

ယခုအခါတွင် ဆရာတော်၏ နည်းဥပနိသျှအတိုင်း၊ မြန်မာ နိုင်ငံ နှင့် တကွ၊ ယိုးဒယား၊ သီဟိုဠ်ကျွန်းများ၌ ကမ္မဋ္ဌာန်းဌာနခွဲပေါင်း (၅၀၀)ခန့် ရှိလေပြီ။

ဆရာတော်ဘုရားကြီးသည်၊ ယခုအခါ၌ သာသနာ့ရိပ်သာတွင် ဝိပဿနာ တရားတော်ကို ဟောပြော ပြသတော်မူရင်း၊ ဆဋ္ဌသံဂါယနာဆိုင်ရာ ဩဝါဒါစရိယ သံဃအဖွဲ့ကြီး၌ရင်း၊ ဆဋ္ဌသံဂါယနာ ဝန်ဆောင်အဖွဲ့ကြီး၌ရင်း၊ ပိဋကတ်တော် မြန်မာပြန် ပဋိဝိသောဓက အဖွဲ့၌ရင်း ပါဝင်လျက် သာသနာတော်ရေး ဆိုင်ရာကိစ္စအဝဝတို့ကို ရှေ့တန်းမှ စွမ်းစွမ်းတမံ ဆောင်ရွက်လျက် ရှိနေတော်မူ ပါသည်။

**ကမ္မဋ္ဌာန်းတရားကို စ၍ ပြသတော်မူခြင်း**

ရန်ကုန်မြို့ ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီးသည်၊ ရန်ကုန်နေပြည်တော် သာသနာ့ရိပ်သာသို့ ရောက်ရှိတော်မူပြီး၍၊ ဥတုသပ္ပါယ၊ အာဝါသသပ္ပါယ၊ ဘောဇနသပ္ပါယ စသည်တို့ဖြင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ သီတင်း သုံး စမ္ပါယ်တော်မူပြီးနောက်၊ တ ရား နည်း ယူ ရန် ရောက် ရှိ နေ ကြ ကုန် သော ရဟန်းယောဂီ၊ လူယောဂီ အပေါင်းတို့အား၊ ၁၃၁၁-ခုနှစ် နတ္တော် လပြည့်နေ့ (၁၉-၁၂-၄၉)နေ့တွင်၊ ဝိပဿနာအလုပ်ပေးတရားတော်များကို စတင် ဟောကြား ပြသတော်မူပါသည်။

**ယောဂီများ တိုးတက် များပြားလာခြင်း**

ဤသို့ စံနစ်တကျ ဟောပြော ပြသတော်မူသော၊ ဆရာတော်၏ ဝိပဿနာ တရားတော်ကို ကြားနာအားထုတ်ကြရသူတိုင်း၊ အလွန် နှစ်ချိုက်တော်မူကြပါ

သဖြင့်၊ သာသနာ့ရိပ်သာသို့ တရားနာယူရန်နှင့် နေ့အိပ်ညနေ တရားအားထုတ်ရန် ကြွရောက်လာကြသော၊ ရဟန်းပရိသတ်၊ သီလရှင်ပရိသတ်၊ လူပရိသတ်၊ ယောဂီပရိသတ်တို့မှာ၊ တနေ့ထက်တနေ့၊ တလထက်တလ၊ နေ့စဉ်ရက်ဆက် တိုးတက်များပြားလာကြပါတော့သည်။ မြန်မာနိုင်ငံ အရပ်ရပ်အနယ်နယ်မှတွင် မကဘဲ၊ သီဟိုဠ်၊ ယိုးဒယား၊ ကမ္ဘောဒီးယား စသော၊ ရေမြေရပ်ခြား, နိုင်ငံခြား တိုင်းပြည်များမှပင် များစွာ ရောက်ရှိလာကြပါတော့သည်။

## ယောဂီထောက်ပံ့ရေးအဖွဲ့ခွဲ ဖွဲ့စည်းခြင်း

ထိုသို့ တရားအားထုတ်သူ လူရှင် ရဟန်းယောဂီများ တိုးတက် များပြားလာသဖြင့်၊ ထိုယောဂီပရိသတ်အပေါင်းတို့၏ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး စသည်တာဝန်များလည်း၊ များစွာ ကျယ်ပြန့်ကြီးလေး လာကြပါတော့သည်။

ထိုယောဂီအပေါင်းတို့အား၊ စားရေး, နေရေး, ကျန်းမာရေး စသော၊ ပလိဗောဓ ကြောင့်ကြမှု၊ တစုံတခုမျှ မရှိစေဘဲ၊ တရားတော်အာရုံ၌သာ ကြည်လင်စူးစိုက်စွာ ကြိုးစားအားထုတ်နိုင်ကြပါစေရန် တကြောင်း၊ ထို ပဋိပတ္တိသာသနာပြုလုပ်ငန်းကြီးသည် ခိုင်မြဲတည်တန့်ပါရန် တကြောင်းတို့ကို ရှေ့ရှုပြီး၊ ယောဂီထောက်ပံ့ရေး အဖွဲ့ငယ်တခုကို ဖွဲ့စည်းထားသင့်ကြောင်း၊ ဥက္ကဋ္ဌကြီး (ဆာ) ဦးသွင်၏ အကြံပေးချက်အရ—

၁၃၁၃-ခုနှစ် ဝါဆိုလနံ ၁၀-ရက်(၁၂-၇-၅၁)သောကြာနေ့ ညနေ ၄-နာရီအချိန် သာသနာ့ရိပ်သာ၌ ကျင်းပသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့၏ ၂၆-ကြိမ်မြောက် အမှုဆောင်အစည်းအဝေးတွင်၊ အောက်ပါ လူကြီးများ ပါဝင်သော ယောဂီထောက်ပံ့ရေးအဖွဲ့ခွဲကို အများသဘောတူ ဖွဲ့စည်းကြပါသည်။

၁။ (ဆာ)ဦးသွင် (ဥက္ကဋ္ဌ)။
၂။ ဝန်ကြီးချုပ် ဦးနု (ဒု-ဥက္ကဋ္ဌ)။
၃။ ဟသ်ာတ ဦးမြ (ဒု-ဥက္ကဋ္ဌ)။
၄။ ဦးစံသိမ်း (ယူ ဘီ အေ-ဥက္ကဋ္ဌ)၊ ငွေထိန်း။
၅။ မောင်လှည္ဟန့်(တွဲဘက်ငွေထိန်း)။
၆။ ဦးကိုကိုကြီး၊ (အငြိမ်းစား အကောက်တော်မင်းကြီး) စာရင်းစစ်။
၇။ မံဂ်လာ ဦးအောင်မြင့် (အကျိုးဆောင်)။
၈။ ပဋ္ဌမကျော် ဦးခင်မောင်ကြီး (ကျောင်းဆရာ) တွဲဘက်။

၉။ ဦးဘိုးသင် (ရိပ်သာ) စောင့်ရှောက်ရေးမှူး။
၁၀။ ဦးလှကျော် (မီးသတ် ညွှန်ကြားရေးဝန်) တို့ဘက်။

၎င်းပြင် ပင်မကော်မီတီ ၁၀-ဦးတို့ကိုလည်း ထည့်သွင်း ဖွဲ့စည်းကြပါသည်။

အထက်ပါ ယောဂီထောက်ပံ့ရေးအဖွဲ့ကြီးက၊ ဝိပဿနာ စံပြ ကမ္မဋ္ဌာန သိပ္ပံ၊ ဗဟိုကျောင်းတိုက်ကြီးဖြစ်သော ဤသာသနာ့ရိပ်သာသို့ ရောက် ရှိ လာ ကြကုန်သော၊ ရဟန်းယောဂီ၊ လူယောဂီအပေါင်းတို့အား—

၁။ ကျောင်းနေရာ ထိုင်ခင်းပေးခြင်း။

၂။ နေ့စဉ်မပြတ် နိဗဒ္ဓဝတ်ဖြင့်၊ ဆွမ်းခဲဘွယ် လောင်းလှူခြင်း။

၃။ ဝါဆိုသင်္ကန်း, ကထိန်သင်္ကန်း စသည်, သင်္ကန်း ပရိက္ခရာများ လှူဒါန်းခြင်း။

၄။ ကျန်း မာ ရေး အ တွက်၊ ဂိလာနာလယ ဆေးပေးတိုက်ကို သီးသန့် ဆောက်လုပ်၍၊ မြန်မာအင်္ဂလိပ်ဆေးဝါးအစုံတို့ဖြင့်၊ မြန်မာဆေးပညာတတ် သမားတော်နှင့် အင်္ဂလိပ်ဆေးပညာတတ်သမားတော်များက နေ့စဉ်အလှည့်ကျ ကုမ-စောင့်ရှောက်ခြင်း။

၅။ ဆရာသွား၏ ဂုဏ်ကျေးဇူးတော်များကို အစဉ်ပွါးများနိုင်ကြပါစေရန် နှင့် သာရဏီယ ဩဝါဒကထာများကို နာယူနိုင်ကြပါစေရန် အတွက် နှစ်စဉ် တနှစ် တကြိမ်ကျ၊ အာစရိယ ပူဇနိယ မင်္ဂလာပွဲများကို ဆင်နွှဲကျင်းပပူဇော်ကြခြင်း—

စသည် လိုလေသေးမရှိ၊ ပြည့်စုံလုံလောက်စွာ၊ ထောက်ပံ့လှူဒါန်းနေကြပါသဖြင့်၊ ထိုထိုသော ယောဂီအပေါင်းတို့သည်၊ သပ္ပါယ မျှတလျက်၊ ကြောင့်ကြမှု ပလိဗောဓ ကင်းစင်ပြီး၊ ကြံ့ခိုင်စွာသော သမာဓိဖြင့်၊ လိုအပ်သော ဝိပဿနာ ဉာဏ်စဉ် ရောက်အောင် ပွါးများ အားထုတ်နိုင်ခွင့် ရရှိကြပါသတည်း။

## မြန်မာတနိုင်ငံလုံးမှ ဝိပဿနာအားထုတ်လိုသူ ရှင်လူအပေါင်းတို့အား ဘိတ်ခေါ်ခြင်း

ဤသို့သော အစီအစဉ်ဖြင့် ဝိပဿနာစံပြ ဗဟိုဌာနဖြစ်သော သာသနာ့ ရိပ်သာကြီးတွင်၊ ဝိပဿနာသင်ပြသူ၊ အားထုတ်သူ၊ ထောက်ပံ့သူ စသည်တို့ဖြင့် အခြေကျနစွာ ထူထောင်မိကြသောအခါတွင်—

မြန်မာတနိုင်ငံလုံးသို့ ဝိပဿနာပြုလုပ်ငန်းကြီး ပြန့်နှံ့စေလိုသော ရည်ရွယ်ချက်ဖြင့်၊ ခရိုင်တခုလျှင် ရဟန်းတော်တပါးနှင့်လူဒါယကာ ၂-ယောက်၊ ပေါင်း ၃-ယောက် ၃-ယောက်စီ၊ ဆိုင်ရာခရိုင်ဝန်များက ရွေးချယ်စေလွှတ်ပေးရန် နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုက၊ ဆိုင်ရာဆိုင်ရာ ခရိုင်ဝန်များသို့ နိုးဆော်ခဲ့ကြပါသည်။

၎င်းတို့၏ ခရီးစရိတ်စသော ကုန်ကျငွေအရပ်ရပ်အတွက်၊ ယောဂီထောက်ပံ့ရေး သီးခြားရံပုံငွေတရပ်ကို၊ အဖွဲ့ကြီးတွင် ဖွင့်လှစ်ထားပြီးလျှင်၊ ဝန်ကြီးချုပ်ဦးနုက၊ တာဝန်ယူ၍ ကောက်ခံပေးပါသည်။

## အစိုးရ အမှုထမ်း အရာထမ်း စသည်တို့အား လစာမပျက် တရားအားထုတ်ခွင့် ဆောင်ရွက်ပေးခြင်း

ဝန်ကြီးချုပ်ဦးနု၏ အကြံပေးချက်အရ၊ အစိုးရဌာနစသည်များတွင် အမှုထမ်းလျက်ရှိကြကုန်သော ရာထမ်းမှုထမ်းကြီးငယ်တို့အား လူဝတ်ကြောင်နှင့်ဖြစ်စေ၊ ရဟန်းသာမဏေဝတ်၍ဖြစ်စေ၊ တရားအားထုတ်လိုကြပါက၊ မိမိတို့လစာမပျက်ဘဲ၊ တရားအားထုတ်ခွင့် ရကြပါစေရန်၊ ဤအဖွဲ့ကြီးက အထူးတလည် ကူညီစီမံဆောင်ရွက်ပေးခဲ့ကြပါသည်။

## အထက်မြန်မာနိုင်ငံအတွက် မန္တလေးမြို့တော်၌ သာသနာ့ရိပ်သာ ဌာနခွဲကြီးတခု သွားရောက်တည်ထောင်ပေးခြင်း

ဤသို့ ဝန်ကြီးချုပ်၏ ညွှန်ကြားပင့်ဘိတ်ချက်အရ၊ မြန်မာနိုင်ငံ ခရိုင်အသီးသီးမှ၊ ရန်ကုန်မြို့ သာသနာ့ရိပ်သာသို့ များစွာကြွရောက်လာကြပါသည်။

သို့သော် မြန်မာနိုင်ငံ အထက်ပိုင်း မြောက်ပိုင်းကျသောဒေသများမှ၊ ရန်ကုန်သို့ ကြွရောက်ရန် ခရီးဝေးလံလှသည်တကြောင်း၊ ရာသီဥတုသပ္ပါယ မျှ-မမျှစသည်တကြောင်းတို့ကြောင့်၊ မြန်မာနိုင်ငံ အထက်ပိုင်းမြောက်ပိုင်းစသော ဒေသများမှ ဝိပဿနာတရားအားထုတ်ရန်ကို လိုလားကြကုန်သောပုဂ္ဂိုလ်များအတွက်၊ သက်သာလွယ်ကူစွာ အားထုတ်နိုင်ကြပါစေရန်၊ အထက်မြန်မာနိုင်ငံအတွက် မန္တလေးမြို့တော်တွင် ကမ္မဋ္ဌာန်းဌာနခွဲတခု ထူထောင်သင့်ကြောင်း အကြံအစည်ရသဖြင့်-ဥက္ကဋ္ဌကြီး (ဆာ)ဦးသွင်နှင့်ဝန်ကြီးချုပ် ဦးနုကိုယ်တိုင်မန္တလေးသို့ ထွက်ခွါသွားကြပါသည်။ မန္တလေးမြို့ နန်းတော်မြို့ရိုးအတွင်း အစိုးရ အိမ်တော်၌ တည်းခိုကြလျက်၊ မြို့ပေါ်ရှိ ဘာသာရေး အသင်းအဖွဲ့များနှင့်ထင်ရှားသော ခေါင်းဆောင်ကြီးများကို ဘိတ်ခေါ်ပြီး၊ အထက်မြန်မာပြည် အတွက် မန္တလေးမြို့တော်တွင်

ပဋိပတ္တိသာသနာပြု ကမ္မဋ္ဌာန်းရိပ်သာကြီးတခု အမြန်ဆုံးတည်ထောင်သင့်ကြောင်း နှိုးဆော်တိုက်တွန်းချက်အရ၊ ရတနာပုံ သာသနာ့ရိပ်သာကြီးတခု တည်ထောင်ရန် မူအားဖြင့်လက်ခံကြောင်း ဆုံးဖြတ်ကြပြီးလျှင်၊ မန္တလေးမြို့ ရတနာပုံ ဝိပဿနာအဖွဲ့ကြီးတခုကို ဖွဲ့စည်းတည်ထောင်ထားကြပါသည်။

## ကမ္မဋ္ဌာန်းရိပ်သာများတနိုင်ငံလုံးတိုးချဲ့ခြင်း

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း။ မြန်မာနိုင်ငံတွင်အချက်အခြာ၊ရန်ကုန်မြို့တော်နှင့်မန္တလေးမြို့တော်ကြီးနှစ်မြို့တွင်၊ ပဋိပတ္တိလုပ်ငန်း၊ ကမ္မဋ္ဌာန်းရိပ်သာကြီးများကို၊ စံနစ်တကျဖွဲ့စည်းတည်ထောင်ကြပြီးနောက်၊ အခြားအခြားသော ခရိုင်မြို့နယ် အသီးသီးတို့တွင်လည်း အလားတူ ကမ္မဋ္ဌာန်းရိပ်သာများ တည်ထောင်ကြရန်၊ ဤအဖွဲ့ကြီးက၊ အထူးနှိုးဆော်စီမံခန့်ခွဲ၍၊ ခရိုင်မြို့နယ်တိုင်းတွင်လည်း၊ ကမ္မဋ္ဌာန်းရိပ်သာများစွာတို့ကို၊ တည်ထောင်ဖွင့်လှစ်ခဲ့ကြပါသည်။

#### လက်ထောက် ကမ္မဋ္ဌာနာစရိယများ အရပ်ရပ်သို့စေလွှတ်ခြင်း

အထက်ပါအတိုင်း၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးက၊ မြန်မာနိုင်ငံတနိုင်ငံလုံးရှိ ခရိုင်တိုင်းတွင်၊ ကမ္မဋ္ဌာန်းဌာနခွဲအသီးသီးဖွဲ့စည်းတည်ထောင်ကြလျက်၊ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင်နှင့် ဆရာတော်၏ လက်ရုံးတပည့်ကြီးဖြစ်ပေသော၊ ဆရာတော် အရှင်ဦးမုနိန္ဒ အရှင်မြတ်ကလည်း ယခင်ခရိုင်မြို့နယ် အသီးသီးမှ လာရောက်နည်းယူ အားထုတ်လျက်ရှိသော၊ ဆိုင်ရာ တပည့်များစွာမှ လက်တွေ့ ဝိပဿနာ အခြေခံ ဉာဏ်စဉ် လုံလောက်ပြီးသော လက်ထောက်တပည့် ဒကာသီးသီးတို့အား ဆိုင်ရာဆိုင်ရာ ခရိုင်မြို့နယ်၊ ကမ္မဋ္ဌာန်း ရိပ်သာအသီးသီးများသို့ စေလွှတ်၍၊ ဝိပဿနာ သာသနာပြုတိုးချဲ့ ပြန့်ပွါးစေတော်မူခဲ့ကြပါသည်။

#### ဝိပဿနာစံပြ သာသနသိပ္ပံတော်ကြီး

ထိုကဲ့သို့ စံနစ်တကျ ပြသ အားထုတ်လျက်ရှိသော၊ ဝိပဿနာ တရားတော်မြတ်၏ သန္ဒိဋ္ဌိကဂုဏ်၊ ဧဟိပဿိကဂုဏ်စသော ထူးမြတ် လွန်ကဲသော ဂုဏ်သတင်းတို့ကြောင့်၊ မြန်မာပြည်အမြို့မြို့အနယ်နယ်၊ အရပ်ရပ်များကသာ မကဘဲ၊ အိန္ဒိယ၊ ပါကစ္စတန်၊ သီဟိုဠ်၊ယိုးဒယား၊ ကမ္ဘောဒီးယား၊ လာအိုစ်၊ ဗီယက်နန်၊ အင်ဒိုနေရှား၊ အင်ဒိုချိုင်းနား၊ ဂျပန်၊ နီပေါ၊ ဩစတေးရီးယား၊ အင်္ဂလန်၊ အမေရိကန်၊ ဆူဒန်၊ ဂျာမဏီ စသော ကမ္ဘာ့အရပ်ရပ်မှ ဝိပဿနာတရား အားထုတ်နည်းယူရန် ရောက်ရှိ လာကြကုန်သော နိုင်ငံခြား ဧည့်သည်တော်

ယောဂီမျိုးစုံနှင့်တကွ၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့မှ တဆင့်ညွှန်ကြား ရောက်ရှိလာကြကုန်သော နိုင်ငံခြား ယောဂီ ဧည့်သည်တော် အမျိုးမျိုးတို့အားလည်း၊ နေရာထိုင်ခင်း ဆေးဝါးမှစ၍၊ အလုံးစုံတာဝန်ယူပြီး၊ လက်တွေ့ ဝိပဿနာဉာဏ်စဉ် အခြေခံရင့်သန်ပေါက်ရောက်သည့်အထိ၊ ပြသဆောင်ရွက်သင်တန်းပေးလျက်ရှိနေကြရာ၊ မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာက မပေါ်ပေါက်ခဲ့ဘူးသေးသော ဝိပဿနာ စံပြကမ္မဋ္ဌာန သိပ္ပံကျောင်းတိုက်တော်ကြီး ဖြစ်ပါတော့သတည်း။

## နိုင်ငံခြားများသို့ ကမ္မဋ္ဌာန်းရိပ်သာဌာနများတိုးချဲ့ခြင်း

ဤကဲ့သို့ ကမ္ဘာ့အရပ်ရပ်မှ လူမျိုးပေါင်းစုံတို့သည် ဗုဒ္ဓဝါဒတော် ဖြစ်သော ဝိပဿနာတရားထူးများကို ၎င်းတို့ကိုယ်တွေ့လေ့လာအားထုတ်ပြီးလျှင် အလွန်နှစ်ခြိုက်ကျေနပ်ကြပါသဖြင့်၊ ၎င်းတို့ဆိုင်ရာ နိုင်ငံများတွင်လည်း ဤမျှ ထူးမြတ်လှသော ဝိပဿနာ ကမ္မဋ္ဌာန်းမျိုးစေ့များကို တဆင့် ထူထောင် စိုက်ပျိုးလိုကြပြန်သဖြင့် သီဟိုဠ်၊ ယိုးဒယား၊ ဂျပန်၊ အင်္ဂလန်၊ အမေရိကန်၊ ဂျာမဏီ၊ ပြင်သစ်၊ စသော နိုင်ငံခြားများတွင်လည်း၊ ဝိပဿနာကမ္မဋ္ဌာန်းဌာနခွဲများကို ဤအဖွဲ့ကြီးက စံနစ်တကျ တိုးချဲ့တည်ထောင်ဖွင့်လှစ်လျက်ရှိနေကြပါသည်။

ထိုသို့ စံနစ်တကျ တည်ထောင် ဖွင့်လှစ်ပေးခဲ့သော၊ နိုင်ငံခြား ဝိပဿနာကမ္မဋ္ဌာန်းဌာနခွဲများသို့၊ ကမ္မဋ္ဌာနာစရိယ ဓမ္မဒူတ၊ သင်တန်းပြ ဆရာတော်များကိုလည်း၊ ပို့ပေးလျက်ရှိကြပါသည်။ ။ထိုသို့နိုင်ငံရပ်ခြားသို့ ကမ္မဋ္ဌာနာ စရိယ၊ စေလွှတ်ပို့ပေးရာတွင်လည်း၊ပရိယတ္တိစာပေပြည့်စုံရုံမျှနှင့်မလွှတ်သေးဘဲ၊ ခေတ်မှီ စီမံကိန်းများအရ၊ ပဋိပတ္တိလုပ်ငန်းကို၊ကိုယ်တွေ့သင်ယူပွါးများစေ၍၊ ဝိပဿနာဉာဏ်စဉ်အခြေခံလုံလောက်သော၊ ကမ္မဋ္ဌာနာစရိယဆရာတော်များကိုသာအထူးဝိသေသ ရွေးချယ်၍၊ အောက်တွင် ဖော်ပြထားသော စံပြ အစီအရင်ခံစာနှင့် ဇယားများအတိုင်းစီမံခန့်ခွဲ ဆောင်ရွက်ပေးလျက်ရှိနေကြပါသည်။

## ပြည်တွင်းပြည်ပ ဌာနအသီးသီးတို့မှ
## သာသနာပြုစံပြအစီရင်ခံစာ

ကျွန်ုပ်တို့မြတ်စွာဘုရား ထင်ရှားသက်တော် ရှိတော်မူစဉ်အခါက တပည့်သားသာဝကတို့သည် ဘုရားထံတော်မှ သင့်လျော်ရာ ကမ္မဋ္ဌာန်း တပါးပါးကို သင်ကြားနာယူကြပြီးလျှင် ဘုရားထံမှဖဲခွါကြ၍ မိမိတို့သပ္ပါယဖြစ်ရာ ဒေသတောတောင်သစ်ပင်မ ကမ္မဋ္ဌာန်း ရိပ်သာများသို့ အသီးသီး သွားရောက် နေထိုင်ပွါးများအားထုတ်ကြပါသည်။ ပါရမီအလျောက် ၇-ရက်၊ တလ၊ တနှစ် စသည်

ကြာ၍ တရားထူးတခုခု ထင်မြင်ပေါက်ရောက် ရရှိသောအခါတွင် ဘဘုရားကြီးထံ အမြန်ပြန်လည် ချဉ်းကပ်၍—

တပည့်တော်က မည်သည့်ဈာန်အထိ ရရှိပါပြီဘုရား။

တပည့်တော်ကလည်း မည်သည့်မဂ်အထိ ရောက်ရှိပါပြီဘုရား။ စသည်ဖြင့် ဓမ္မပီတိ ရွှင်အိကြည်နူး အထူးဝမ်းမြောက် ပြန်လျှောက်ကြားကြသော အစဉ်အလာ ရှိခဲ့ကြပါသည်။

ထို့အတူ ယခုပဋိပတ္တိသာသနာပြုလုပ်ငန်းကြီးတွင်လည်း အနယ်နယ်၊ အမြို့မြို့၊ အပြည်ပြည်မှ ယောဂီ၊ ရှင်၊ လူ အပေါင်းတို့သည် ကျေးဇူးရှင်မဟာစည် ဆရာတော်ကြီးထံမှ ဝိပဿနာပွါးနည်း နိသျည်းတို့ကို သိပ်သည်းကျနစွာ သင်ယူကြပြီးလျှင် အမြို့မြို့၊ အနယ်နယ်၊ အပြည်ပြည်၊ ပြည်တွင်းပြည်ပ ကမ္မဋ္ဌာန်းဌာနခွဲများသို့ အသီးသီး ကြွရောက်ကြ၍ ပဋိပတ္တိသာသနာပြုလုပ်ငန်း ကြိုးပမ်းအားထုတ်တော်မူကြလေသည်။

ထိုသို့အသီးသီး အသက အသက ကြွရောက်နေထိုင် အားထုတ်ကြရာတွင်။

၁။ ကမ္မဋ္ဌာနာစရိယဓမ္မဒူတဆရာတော်များထံမှမိမိတို့၏ပဋိပတ္တိသာသနာပြုလုပ်ငန်း မည်၍ မည်မျှ အောင်မြင်တိုးတက်လျက်ရှိကြောင်းများကိုငင်း။

၂။ ဝိပဿနာ ယောဂီ၊ ရှင် လူအပေါင်းတို့ထံမှ မိမိတို့၏ ထင်မြင်ပေါက်ရောက် မျက်မှောက်ပြုရသော ဝိပဿနာ အဆင့်အတန်းများကိုငင်း။

ရန်ကုန်နေပြည်တော် သာသနာ့ရိပ်သာရှိ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားထံသို့ စာတတန် လူတချို့ အမြို့မြို့ အပြည်ပြည်မှ အလီလီသော အစီရင်ခံစာများ နေ့စဉ် လစဉ် (အထူးသဖြင့်) နှစ်စဉ် ကျင်းပမြဲဖြစ်သော ဆရာတော်ပူဇော်ပွဲ ဩဝါဒခံယူပွဲ အခါများတွင် တသွင်သွင် ရောက်ရှိလျှောက်ကြားနေကြသည်မှာ သက်တော်ထင်ရှား ဘုရား၏ရွှေလက်ထက်တော်သို့ တ-မျှော်ရော်ရမ်းမျှော်မှန်းတမ်းညွတ်၍ လွမ်းဆွတ်ဘွယ်ကြီးအစစ် ဖြစ်နေပါတော့သတည်း။

အဆိုပါ ထိုထို ဤဤ အလီလီသော အစီရင်ခံစာများ အနက်မှ အားတက်မှတ်သားဘွယ် ကောင်းလှသော ယိုးဒယားပြည် ဘန်ကောက်မြို့တော် ဝပ်မဟာဓာတုကျောင်းတိုက် ကမ္မဋ္ဌာနာစရိယဓမ္မဒူတအရှင်ဇနဒ္ဓဝံသ၏ပဋိပတ္တိသာသနာပြု အစီရင်ခံစာတစောင်ကို စံပြအဖြစ်ဖြင့် တင်ပြအပ်ပါသည်။

## ယိုးဒယားပြည်နှင့် ပဋိပတ္တိလုပ်ငန်း

ရန်ကုန်မြို့ သာသနာ့ရိပ်သာတွင် ဝိပဿနာတရား စတင်ပြသည့် (၈) နှစ်မြောက်အထိမ်းအမှတ်။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရား ဩဝါဒခံယူပူဇော်ပွဲတွင် ယိုးဒယား ပြည်၌ ပဋိပတ္တိသာသနာပြုခဲ့ရပုံ အလုံးစုံကို အကျဉ်းချုပ်အားဖြင့် လျှောက်ထား အပ်ပါသည် ကျေးဇူးတော်ရှင် ဆရာတော်မြတ်ဘုရား။

လျှောက်ထားရန်မှာ ဘုရားတပည့်တော်သည် ယခုနှစ်ဩဝါဒခံယူပူဇော်ပွဲသို့ ကိုယ်တိုင်ရောက်ရှိလာပြီးကျေးဇူးတော်ရှင်ဆရာတော်ဘုရားကြီး၏သုပ္ပဋိပန္နတာ စသော ဂုဏ်တော် ကျေးဇူးတော်ကို ကြည်ညိုသောစိတ်ဖြင့် အာရုံပြုလျက် ဆရာတော်ဘုရားအား ဖူးမျှော် ကန်တော့ပြီးနောက် ယိုးဒယားပြည်တွင် ပြုခဲ့ သော ပဋိပတ္တိ သာသနာတော်၏ တိုးတက် ပြန့်ပွါးပုံများကို လျှောက်ထားခွင့် ရသဖြင့် များစွာ ဝမ်းမြောက်လှပါသည်ဘုရား။

ထို့ပြင် ယခုပူဇော်ပွဲသို့ အခြားမြို့ရွာများမှ ကြွရောက်လာကြသည့် ကမ္မဋ္ဌာနာ စရိယဆရာတော်များကို ဖူးမျှော်ခွင့်ရ၍ ဌာနတိုင်း၏ ပဋိပတ္တိသာသနာပြု လုပ် ငန်းအကြောင်းအရာ အလုံးစုံကိုသိရှိရသဖြင့်လည်း ဝမ်းမြောက်လှပါသည်ဘုရား။

**ယိုးဒယားပြည်တွင် ပဋိပတ္တိသာသနာစတင်ခဲ့ပုံ**

သာသနာတော်နှစ် ၂၄၉၆-ကောဇာသက္ကရာဇ် ၁၃၁၄-ခုနှစ် တပေါင်း လပြည့်ကျော် ၁-ရက် (ဖေဖော်ဝါရီလ ၂၀-ရက်) နေ့၌ ယိုးဒယားပြည် ဝပ် မဟာဓာတုတိုက် ဆရာတော် (အဂ္ဂမဟာပဏ္ဍိတ ကျောက်ခွန်း ဝိမလဓမ္မခေါ် ကျောက်ခွန်းဖိမ္မန်လဓမ္မထံ) မှ ယိုးဒယားသို့ ကမ္မဋ္ဌာနာစရိယများ စေလွှတ်ရန် လျှောက်ထား တောင်းဆိုချက်အရ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားက ဦးအာသဘ(ဓမ္မာစရိယ)နှင့် ဘုရားတပည့်တော်များကို ပဋိပတ္တိသာသနာပြုရန် ယိုးဒယားပြည့်သို့ စေလွှတ်လိုက်သည့်အတွက် ဝပ်မဟာဓာတုကျောင်းတိုက်ကြီး တွင် ၁၃၁၄-ခု တန်ခူးလဆန်း ၁-ရက်နေ့မှစတင်၍ ရဟန်း၊ ရှင်၊ လူ ယောဂီ အပေါင်းတို့အား ဝိပဿနာနည်းကို ဆရာတော်ဘုရား၏ ဩဝါဒအတိုင်း ပြသခဲ့ရာ ယခုဆိုလျှင် ငါးနှစ်ပြည့်မြောက်ပါပြီဘုရား။

ယခုအခါတွင် ကမ္မဋ္ဌာနခွဲပေါင်း (၃၀၀) ရှိသွားပြီဖြစ်၍ အားထုတ်ပြီးသော ရဟန်း၊ ရှင်၊ လူယောဂီဦးရေစုစုပေါင်း ၂၀၀၀၀၀-နှစ်သိန်းကျော်မျှ ရှိသွားပါပြီ ဘုရား။

**ယောဂီသစ်များတရားစတင်ပုံ**

ဝိပဿနာတရား အားထုတ်လိုသည့် ပုဂ္ဂိုလ်သည် အားမထုတ်မီ ရှေးဦးစွာ ဝိပဿနာအားထုတ်ရန် လျှောက်လွှာကို ဆိုင်ရာမှ တောင်းယူပြီးလျှင်။



နိုင်ငံခြားသားများအတွက် ကမ္မဋ္ဌာန်းကျောင်း



ယိုးဒယားပြည် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဓမ္မဝံသ
အရှင်ပြတ်ပု။

(၁) မိမိနာမည်၊
(၂) ဂုဏ်ထူး၊
(၃) နေရပ်၊
(၄) ဆိုင်ရာကမ္မဋ္ဌာနာစရိယဆရာတော်များ၏ သြဝါဒကိုရိုသေစွာ လိုက်နာပါမည် ဟူသော ဝန်ခံချက်၊
(၅) (ရင်းနှီးသော) အာမခံမည့်သူ၊

ဤအချက်ငါးမျိုးပါသော လျှောက်လွှာစာကို ဝပ်မဟာဓေတုဆရာတော်ကြီးထံသို့ ကိုယ်တိုင် ယူဆောင်၍ ဆက်ကပ်ရပါသည်။ ထိုအခါ ဆရာတော်ဘုရားကြီးက လျှောက်လွှာပါအချက်အလက်များကို စစ်ဆေးတော်မူ၍ ကြေနပ်လက်ခံကာ ဆရာတော်ကြီး ကိုယ်တိုင် လက်မှတ် ရေးထိုး ပေးလိုက်သောလျှောက်လွှာကို အခန်းမှူးရဟန်းတော်ထံ ယူဆောင်တင်ပြရပါသည်။

ထိုနောက် ထိုရဟန်းတော်က နေစရာအခန်း အသင့်ရှိနေပါမူ ချက်ချင်းနေထိုင်ခွင့်ပြုစေ၍ အသင့်မရှိပါမူ နေရာအားလပ်ခွင့်ရသည်အထိ စောင့်ဆိုင်းနေစေပါသည်ဘုရား။ ဤနည်းအားဖြင့် ယောဂီသစ်နေထိုင်ခွင့်ကိစ္စ ပြီးစီးသွားပါသည်ဘုရား။

ယိုးဒယားသာသနာတော် တိုးတက်ရေးနှင့် ပတ်သက်လာလျှင် ကျေးဇူးရှင်ဝပ်မဟာဓေတုဆရာတော် အကြောင်းကို ချန်လှပ်ထား၍ ပြည့်စုံမည် မဟုတ်ပါဘုရား။ သို့ပါ၍ အတန်ငယ်လျှောက်ပြလိုပါသည်ဘုရား။

ဘန်ကောက်မြို့ ဝပ်မဟာဓေတု ဆရာတော်ဆိုသည်မှာ ၎င်းကျောင်းတိုက်အပြင် အယုဒ္ဓယမြို့ ကျောက်ဂဏာကျမ်း ဝပ်ကျောင်းတိုက်ကြီး၏ ဦးစီးနာယကနှင့် ၎င်းအယုဒ္ဓယမြို့ သံဃဂိုဏ်းချုပ် ဆရာတော်ကြီးလည်း ဖြစ်ပါသည်ဘုရား။

**ပဋ္ဌိပတ်ကို သာ၍အလေးမူပုံ**

ယိုးဒယားပြည်၌ သာသနာတော် ပြန့်ပွါးရေးတွင် အထူးအရေးပါ အရာရောက်လှသော ဆရာတော်တပါးဖြစ်ပါ၍ (၁) ယိုးဒယားအစိုးရတို့က ဆက်ကပ်အပ်သော (က) **သံဃအုံဝရီဝကံ အုံကံ ပုဂ္ဂရောင်း**(သံဃအုပ်ချုပ်ရေးဂိုဏ်းချုပ်) ဟူသောဘွဲ့တော်နှင့် (ခ) **ကျောက်ခွန်းမိမွန်လခမ္မ** ဟူသော ဘွဲ့တော်။ ။ (၂) မြန်မာနိုင်ငံ အစိုးရတို့က ဆက်ကပ်အပ်သော **အဂ္ဂမဟာပဏ္ဍိတ** ဟူသောဘွဲ့တော် အဆင့်ဆင့် ဆင်မြန်းအပ်သော ယိုးဒယားပြည် သံဃအုပ်ချုပ်ရေးခေါင်းဆောင်ဆရာတော်ကြီးတပါးဖြစ်ပါသည်ဘုရား။ ထိုဆရာတော်၏ကျောင်းတိုက်တွင် ပရိယတ္တိရောပဋ္ဌိပတ္တိပါ ၂-မျိုးလုံးကို ပူးတွဲပြသရာ ဌာနကြီးတခု

ဖြစ်ရာ ထိုတိုက်၌ ပရိယတ္တိကို သင်ကြားရန် နေထိုင်ခွင့် တောင်းလာသော စာသင်သား ရဟန်းသာမဏေများအား ရွေးဦးစွာ ပဋိပတ္တိကို ဆရာတော်ကြီး အလိုတော်ကျအတိုင်း ကမ္မဋ္ဌာနာစရိယဆရာဟော် ကြေနပ် လောက်သည့် အထိ အားထုတ်စေပြီးမှသာ ပရိယတ္တိသင်ကြားရန် နေထိုင်စေခွင့် ပြုပါသည် ဘုရား။ ရည်ရွယ်ချက်မှာ တပည့်ရဟန်းတော်များအား အုပ်ချုပ်ရာတွင် လွယ်ကူ၍ ဗုဒ္ဓသာသနာတော်ကြီး အစဉ်ခိုင်မြဲတည်တန့်စေဘို့ပင် ဖြစ်ပါသည်ဘုရား။

**ကမ္မဋ္ဌာန်းဌာနခွဲပုံနှင့်အစိုးရအရာရှိများက လိုအပ်သောအကူအညီပေးကြပုံ**

အခြားမြို့ရွာတခုခုတွင် ကမ္မဋ္ဌာန်းဌာနခွဲ ဖွင့်လှစ်ရန်ကိစ္စမျိုး ပေါ်ပေါက်လာပါက ထိုဝပ်မဟာဓေတု ဆရာတော်ဘုရားကြီးက ဌာနခွဲဖွင့်လှစ်မည့် နေရာသို့ ကြွရောက်မည့်–လ–နေ့–ရက် အချိန်ကာလ အတိအကျကို ခရိုင်ဝန်စသော ဆိုင်ရာ အစိုးရအရာရှိများထံသို့၎င်း၊ ဆိုင်ရာဌာနအုပ်ချုပ်သည့်ဆရာတော်များထံသို့၎င်း၊ သံကြိုးဖြင့် အကြောင်းကြား သိစေလိုက်ပါသည်။ ဆိုင်ရာ အရာရှိများကလည်း ကြိုဆိုရန် အသင့်ပြင်ဆင် ထားရပါသည်။ ကြွရောက်လာချိန်၌လည်း ကြွလာတော်မူသည့် ဆရာတော်များအား ခရိုင်ဝန်စသော အစိုးရအရာရှိများ ဂုဏ်သရေရှိ လူကြီးလူကောင်းများ ကျောင်းသူ ကျောင်းသားများနှင့် ထိုနယ်ရှိ ကျောင်းပိုင် ကျောင်းထိုင်ဆရာတော်များ ပရိသတ်ပေါင်းများစွာတို့သည် ဆရာတော်များ ကြွလာမည့်လမ်း၏ ဝဲယာ ၂-ဘက်တွင် ပန်းများကို လက်စွဲကာ လက်အုပ်ချီလျက် စံနစ်တကျ ရပ်နေကြပြီး ခမ်းနားသိုက်မြိုက်စွာ လှိုက်လှိုက်လှဲလှဲ ရှိရှိသေသေ ကြိုကြပါသည်ဘုရား။

ကြွသွားရာတွင် ယာဉ်ရထား ဌာနဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ် များကလည်း ကြွသွားမည့်ဆရာတော်များအား အမြဲတမ်း အဆင်ပြေမှုရှိစေရန် အကူအညီပေးကြသည့်အတွက် ချမ်းသာမှုရှိပုံကလေးကို မှတ်သားဘွယ်ရာလျှောက်ထားလိုပါသေးသည်ဘုရား။

ကမ္မဋ္ဌာန်းဌာနခွဲ ဖွင့်လှစ်ရန် ကြွမည်ဖြစ်သော ဆရာတော်ကြီးနှင့် တကွ နောက်ပါ ရဟန်းတော်များ၏ စာရင်းကို ဆိုင်ရာ ကုန်း–ရေ–ယာဉ်ဌာနများသို့ ဖြစ်စေ၊ အခြားယာဉ်ရထား ကုမ္ပဏီတခုခုသို့ဖြစ်စေ၊ ဆရာတော်ကြီး ကိုယ်တိုင် လက်မှတ်ပါသော အကြောင်းကြားစာကို ပေးပို့လိုက်သည့်အခါ ဆိုင်ရာအရာရှိ များနှင့် တာဝန်ခံ ပုဂ္ဂိုလ်များက **ဒုတိယတန်းမှ အခမဲ့ စီးနင်းခွင့်လက်မှတ်ကို** လှူဒါန်းကြပါသည်၊ တခါတရံ သီးခြားစီမံထားသော ယာဉ် ရထား သဘော်များနှင့် အကူအညီပေးကြပါသေးသည်ဘုရား။

**ရဟန်းတော်များခရီးသွားလာရေး**

ထိုနောက် ယိုးဒယားပြည်တွင်း ရဟန်းတော်များ ခရီးသွားလာရေးနှင့် စပ်၍ ဆက်လက်လျှောက်ထားလိုပါသေးသည်ဘုရား။

ယိုးဒယားပြည်တွင်း ရဟန်းတော် များသည် **ဇာတ်ပွဲ အငြိမ့်ပွဲ ရုပ်ရှင်ပွဲနှင့် ဘောလုံးစသည့်ပွဲများ**သို့ သွားရောက်ကြည့်ရှုခြင်း မပြုကြပါဘုရား၊ အကြောင်း တစုံတရာရှိ၍ မြို့တွင်းသို့ကြွသွားရာတွင် အမြဲတန်း သက်နှင်းရုံလျက် ကြည်ညိုဘွယ် ရာ ကြွသွားကြပါသည်၊ ထိုရဟန်းတော်များအား မော်တော်ယာဥ်များက **အခမဲ့ စီးခွင့်**ကို လှူဒါန်းကြပါသည်။ ဒီနေရာတွင် အနည်းငယ်ဖြည့်စွက် လျှောက်ထားလိုသည်မှာ နေရပ် မြို့ရွာမှ အခြားမြို့ရွာတခုခုသို့ သာသနာပြုရေး ကိစ္စနှင့် ကြွသွားလိုသော ရဟန်းတော်သည် မိမိသီတင်းသုံးရာ ကျောင်းတိုက် အကြီးအကဲ ဆရာတော်၏ ထောက်ခံစာ လက်မှတ်ဖြင့် မီးရထား မီးသင်္ဘောများကို အခမဲ့ စီးနင်းခွင့်ရရှိပါသည်၊ ပကတိအားဖြင့် မိမိကိစ္စအတွက် ကြွသွားလိုလျှင်ကား ဆိုင်စုဒ္ဓိ ခေါ် ရဟန်းရက်ချုပ် စာအုပ်ကလေးကို ထုတ်ပြ၍ မိမိစီးလိုသော ယာဥ်ရထား၏ မည်သည့်အတန်းကမဆို တဝက်ခန့်နှုန်းဖြင့် လှူဒါန်းသော စီးနင်းခွင့်လက်မှတ်ကိုပင် ရရှိပါသေးသည်ဘုရား။

**ထောင်တွင်းပဋိပတ်သာသနာနှင့်ထောင်အရာရှိများက အားပေးကြပုံ**

ယခုအခါတွင် ယိုးဒယားပြည်၌ ပဋိပတ္တိသာသနာသည် တော်တော်များများ ပြန့်ပွါးတိုးတက် နေပါပြီဘုရား၊ သို့ဖြစ်ပါ၍ ယခုဆိုလျှင် အပြင်လွတ်လပ်သူများတွင်သာမက အကျဥ်းသားများတွင်လည်း ပြန့်ပွါးလျက် ရှိနေပါသည်ဘုရား။ တပည့်တော်များကိုယ်တိုင် ဘန်ကောက်မြို့အနီး နွန်ထပူရီ ခေါ်တဲ့ မြို့ရှိ အကျဥ်းထောင်သို့သွားရောက်ပြီး အကျဥ်းသားပေါင်း ၄၀၀၀-ကျော်တို့အား ဝိပဿနာ တရားများကို ပြသရာ ၃၀၀၀-ကျော်လောက်သော အကျဥ်းသား ယောဂီတို့မှာ ဝိပဿနာ တရားများကို ကျေနပ်လောက်အောင် အားထုတ်ပြီးကြပါပြီ ဘုရား၊ ဆိုင်ရာ ထောင်ပိုင် ထောင်မှူးများကလည်း ဝိပဿနာ တရားအားထုတ်လိုသည့် အကျဥ်းသား ယောဂီများအား ကြောင့်ကြမဲ့ အားထုတ်နိုင်စေရန် တလတိတိ ခွင့်ပေးကြပါသည်၊ တလစေ့၍ တရားမပြည့်စုံသေးသော ယောဂီအား တရားအတွက် အလားအလာ ရှိသေးပါမူ နောက်ထပ်ရက်တိုး၍ ခွင့်ပေးကြပါသေးသည်၊ အကျဥ်းသားယောဂီများအား နေ့စဥ်တရားစစ်ဆေးနိုင်စေရန် ကမ္မဋ္ဌာန်းဌာနမှ ကမ္မဋ္ဌာနာစရိယဆရာတော် ၁၂-ပါးတို့ကို မော်တော်ယာဥ်ဖြင့် အကျဥ်းထောင်သို့ပင့်ဆောင်စေ၍ လိုအပ်သော အကူအညီ ပေးကြပါသည်ဘုရား။

**အားထုတ်ပြီး ယောဂီအကျင့်သား၏ စိတ်ထားတိုးတက်လာပုံ**

ပြီးတော့ တရားသဘောကျဖြစ်ပြီးသော အချို့အကျဉ်းသား ယောဂီများရဲ့ စိတ်နေစိတ်ထားများမှာ အံ့ဩဘွယ်ရာ ကောင်းလောက်အောင် သိသိသာသာ ကြီးပြောင်းလဲကောင်းမွန် တိုးတက်သွားကြပါသည်၊ ဒီအကြောင်းကို အားထုတ်ပြီးသော မူလကအလွန်ဆိုးသွမ်းခဲ့သည့် အချို့အကျဉ်းသားယောဂီများကိုယ်တိုင်ကပင် ဝန်ခံချက်ပေး၍ ရဲရဲတင်းတင်းကြီး လျှောက်ထားလိုက်သည်ကို တပည့်များကိုယ်တိုင် သိရှိခဲ့ရပါသည်ဘုရား။

**ကမ္ဘောဒီးယားပြည်၌ ပဋိပတ်သာသနာစတင်ခဲ့ပုံ**

လွန်ခဲ့သော တန်ခူးလဆန်းက ကမ္ဘောဒီးယားပြည်မှ တပည့်ယောဂီရဟန်း တပါး၏ ပဋိပတ္တိသာသနာပြုရန် ပင့်လျှောက်ချက်အရ ဝပ်မဟာဓာတု ဆရာတော်ကြီးကိုယ်စား ဘုရားတပည့်များကိုယ်တိုင် နောက်ပါရဟန်းတော် ၄-၅-ပါး နှင့်အတူ ကမ္ဘောဒီးယားပြည်သို့ ကြွရောက်၍ ကမ္မဋ္ဌာန်းဌာနတခုကို ဖွင့်လှစ်ခဲ့ရပါသေးသည်၊ ၎င်းဌာနမှာ ကမ္ဘောဒီးယားပြည် ဗတ်တဘောင်မြို့ တဟတ်နန့်ခေါ် နိဂုံးရွာကြီးပင်ဖြစ်ပါသည်၊ ဌာနဖွင့်ပွဲကို ၃-ရက်ဆက်၍ကျင်းပကြရာ ထိုဖွင့်ပွဲ ၃-ရက်အတွင်းမှာပင် အားထုတ်သည့် ရဟန်းရှင်လူ ယောဂီပေါင်း (၄၅) ယောက်အား အမှတ်တရားများကို တပည့်များကိုယ်တိုင် ပေးခဲ့ရပါသေးသည်။

ထိုစဉ်အခါက ကမ္ဘောဒီးယားပြည်သူ ပြည်သားများဟာ ဝိပဿနာ တရားကို အားထုတ်ရန် များစွာစိတ်ပါဝင်စားကြပုံ ရသည်ကို တပည့်များ တွေ့ခဲ့ရပါသည်ဘုရား။ ကမ္ဘောဒီးယားပြည်တွင် ဝိပဿနာတရား အစပျိုးရုံသာ ဖြစ်သေးသော်လဲ နောင်တချိန်တွင် တိုးတက်ဖွံ့ဖြိုးလာမည်ကို ယုံကြည်ရပါသည်ဘုရား။

## နိဂုံးချုပ်

နိဂုံးချုပ်အားဖြင့် လျှောက်ထားလိုသည်မှာ၊ ငါးနှစ်ရာသီ ယိုဒယားပြည်တွင် ကျေးဇူးရှင်ဆရာတော်ဘုရားကြီး၏ ဩဝါဒအတိုင်း ပဋိပတ္တိသာသနာပြုလုပ်ငန်းကြီး ကြေနပ်ဘွယ် ကောင်းလောက်အောင် တိုးတက်ပြန့်ပွါးရေး အတွက် မနေမနား အပင်ပန်းခံ၍ ကြိုးပမ်းလာခဲ့ရာ အောင်မြင်အရာရောက်မှုကို အကြောင်းပြု၍ တပည့်တော်များမှာ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရသလို ဆရာတော်နှင့်တကွ တပည့်ရဟန်း ပရိသတ် သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင် အမှူးရှိသော တပည့်ပရိသတ် အပေါင်း သူတော်ကောင်းတို့အား နှစ်ထောင်းအားရ၍ သဒ္ဓါပွါးစေရန်၎င်း၊ တပည့်များပြုခဲ့သော ပဋိပတ္တိသာသနာပြု ကုသိုလ်အဘို့ကိုလည်း ဆရာတော်နှင့်တကွ တပည့်ပရိသတ်အပေါင်း သူတော်ကောင်းတို့အား အညီ

အမျှရစေ၍ ကောင်းချီးနှမော် သာဓုခေါ်စေရန်၎င်း ရည်ရွယ်၍ ရိုသေစွာအဆုံး သတ်လျှောက်ထားပါသည်၊ ကျေးဇူးရှင် ဆရာတော်မြတ်ဘုရား။

တပည့်ဇုန္နဝံသ
ဝင်မဟာဓာတုကျောင်းတိုက်
ဘန်ကောက်မြို့
ယိုးဒယားပြည်

## ပြည်တွင်းပြည်ပ ကမ္မဋ္ဌာန်းဌာန ကမ္မဋ္ဌာနာစရိယများနှင့် ကမ္မဋ္ဌာန်းယောဂီစာရင်းချုပ်

အထက်တွင် အသီးသီးဖော်ပြခဲ့ပြီးသည့်အတိုင်း အရဟတ္တဖိုလ်သို့ ရှေးရှုသော ဝိပဿနာ ခေတ်မှီစံပြပဋိပတ္တိ သာသနာပြုလုပ်ငန်းကြီးကို (၁၃၁၁) ခုနှစ် မှစ၍ ဖွင့်လှစ် တည်ထောင် ဆောင်ရွက် လာခဲ့ကြရာ (၁၃၁၉) နှစ် အထိ (၈) နှစ် အတွင်း အထမြောက်အောင်မြင်တိုးတက်ခဲ့သော—

၁။ ပြည်တွင်းနှင့်ပြည်ပအချို့ ကမ္မဋ္ဌာန်းဌာနများ၊
၂။ ကမ္မဋ္ဌာနာစရိယ-ဓမ္မဒူတ ဆရာတော်များ၊
၃။ တည်ထောင်သော သက္ကရာဇ်များ၊
၄။ ကြေနပ်လောက်အောင် အားထုတ်ပြီးသော ယောဂီများကို အောက်ပါ အတိုင်း အကျဉ်းချုပ်မျှဖော်ပြလိုက်ပါသည်၊

၁၃၁၉-ခုနှစ် နတ်တော်လပြည့်ကျော် (၂)ရက်နေ့ (၈)ကြိမ်မြောက်
ဩဝါဒခံယူပူဇော်ပွဲတွင် တင်ပြအပ်သော
ကမ္မဋ္ဌာန်းဌာန၊ကမ္မဋ္ဌာနာစရိယနှင့် ယောဂီ
စာရင်းပေါင်းချုပ်

| ဦးရေ | ကမ္မဋ္ဌာန်းဌာန | ကမ္မဋ္ဌာနာစရိယ | တည်ထောင်သည့် သက္ကရာဇ် | ယောဂီပေါင်း |
|---|---|---|---|---|
| ၁ | ရွှေဘိုမြို့ ဆိပ်ခွံရွာ မဟာစည်မူလကမ္မဋ္ဌာန | ဆရာကြီး ဆရာကြွယ် | ၁၃၀၀-ပြည့်နှစ် | ၁၀၃၀၆ |
| ၂ | မြိတ်ခရိုင် ပုလောမြို့ ရှပ်ပုံရွာကျောင်းကြီး သာသနာ့ရိပ်သာ | ဦးကုသလ | ၁၃၀၄-ခုနှစ် | ၆၉၃ |

| ဦးရေ | ကမ္မဋ္ဌာန်းဌာန | ကမ္မဋ္ဌာနာစရိယ | တည်ထောင်သည့် သက္ကရာဇ် | ယောဂီပေါင်း |
|---|---|---|---|---|
| ၃ | ရွှေဘိုခရိုင် ဆင်အင်း လှည်းပွဲတိုက် မဓူရကွိတရိပ်သာ | ဦးထွန်းစိန် | ၁၃၀၉-ခုနှစ် | ၁၄၆၃၀ |
| ၄ | မြောက်ပိုင်း ရှမ်းပြည် နမ်းခမ်းမြို့ သာသနာ့ရိပ်သာ | ဦးခမ်းဆွယ် | ၁၃၀၉-ခုနှစ် | ၆၇၄၃ |
| ၅ | ရွှေဘိုမြို့ မြို့ထောင့်စေတီတော် သာသနာ့ရိပ်သာ | ဦးမုနိန္ဒ ဦးဝဏ္ဏိတ | ၁၃၁၀-ခုနှစ် | ၀၅၀၂ |
| ၆ | ရန်ကုန်မြို့ ကုက္ကိုင်း သာသနာ့ရိပ်သာ | မဟာစည်ဆရာတော် ဦးဝဏ္ဏိတ ဦးသုဇာတ ဦးကောသလ္လ | ၁၃၁၁-ခုနှစ် | ၀၃၅၃ |
| ၇ | စစ်ကိုင်းမြို့ ဆင်များရှင် သတိပဋ္ဌာန်တိုက် | ဦးဝိသုတ | ၁၃၁၁-ခုနှစ် | ၂၀၉၅ |
| ၈ | ကြားရွာ သုံးဆူကုန်း ရိပ်သာ | ဦးပညာ | ၁၃၁၁-ခုနှစ် | ၉၁၇ |
| ၉ | မော်လမြိုင်မြို့ပေါက်ဝ | ဦးပဏ္ဍာဝံသ | ၁၃၁၁-ခုနှစ် | ၂၂၅ |
| ၁၀ | မန္တလေးမြို့ ဝါခင်ကုန်း သာသနာ့ရိပ်သာ | ဦးသံဝရ | ၁၃၁၂-ခုနှစ် | ၅၀၀၀ |
| ၁၁ | ချောက်မြို့ စိန်ပန်းပင်ကျောင်း သာသနာ့ရိပ်သာ | ဦးကုမာရ | ၁၃၁၂-ခုနှစ် | ၆၁၂ |
| ၁၂ | ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် သာသနာ့ရိပ်သာ | ဦးဇောတိက | ၁၃၁၂-ခုနှစ် | ၂၄၀၇ |
| ၁၃ | လှည်းကူးမြို့ သာသနာ့ရိပ်သာ | ဦးနန္ဒမာလာ | ၁၃၁၂-ခုနှစ် | ၀၂၀ |
| ၁၄ | ရွှေဘိုခရိုင် ဝက်လက်မြို့ ဘုရားကြီးကျောင်း အရိယာမဂ္ဂရိပ်သာ | ဦးဝါယာမိန္ဒ ဦးသာထွန်း ဦးဘိုးသီး | ၁၃၁၂-ခုနှစ် | ၅၉၁ |

| ဦးရေ | ကမ္မဋ္ဌာန်းဌာန | ကမ္မဋ္ဌာနာစရိယ | တည်ထောင်သည့်နှစ် သက္ကရာဇ် | ယောဂီပေါင်း |
|---|---|---|---|---|
| ၁၅ | ရှမ်းပြည်နယ် (Shan State) ဝက်လက်မြို့<br>ပင်ဆည်းရွာ<br>ရွှေဂူကျောင်းရိပ်သာ | ဦးအာစိဏ္ဏ<br>ဦးထွန်းတင် | ၁၃၁၂-ခုနှစ် | ၁၇၅၃ |
| ၁၆ | ဟင်္သာတမြို့<br>ပခန်းကျောင်းတိုက်<br>သာသနာ့ရိပ်သာ | ဦးစန္ဒာသီရိ<br>ဦးဇာဂရ<br>ဦးမာလာ | ၁၃၁၂-ခုနှစ် | ၄၉၂၀ |
| ၁၇ | မန္တလေးမြို့<br>စိန်ပန်းရပ်<br>ရတနာပုံရိပ်သာ | ဦးဇူန္ဒိယ<br>ဦးဇူလိသ | ၁၃၁၃-ခုနှစ် | ၉၂၆ |
| ၁၈ | ရှမ်းပြည်နယ်<br>ကျွန်းလှမြို့<br>ရုံးဦးကျောင်းရိပ်သာ | ဦးသြဘာသ<br>ဦးကောသလ္လ | ၁၃၁၃-ခုနှစ် | ၂၉၄၆ |
| ၁၉ | ပဲခူးမြို့<br>သာသနာ့ရိပ်သာ | ဦးပညာဝါ | ၁၃၁၃-ခုနှစ် | ၁၀၇၀ |
| ၂၀ | စစ်ကိုင်းခရိုင်<br>ဦးအိုင်ကျွန်း<br>သရက်တော<br>သတိပဋ္ဌာန်ရိပ်သာ | ဦးသောပါက | ၁၃၁၃-ခုနှစ် | ၃၅၁ |
| ၂၁ | မင်းဘူးမြို့<br>စကိန္ဒဲတောင်<br>မဟာစည်ရိပ်သာ | ဦးခေမိန္ဒ | ၁၃၁၃-ခုနှစ် | ၁၆၂၉ |
| ၂၂ | အင်းဝမြို့<br>မြို့ထောင့်<br>မဟာသတိပဋ္ဌာန်<br>ဝိပဿနာရိပ်သာ | ဦးဝိစိတ္တ | ၁၃၁၃-ခုနှစ် | ၁၆၉၃ |
| ၂၃ | ပုသိမ်မြို့<br>ပဋိပတ္တိရိပ်သာ | ဦးထေရာစာရ | ၁၃၁၃-ခုနှစ် | ၂၂၄၁ |
| ၂၄ | ပုသိမ်မြို့<br>သဒ္ဓမ္မသီတဂူ<br>သာသနာ့ရိပ်သာ | ဦးအာစိဏ္ဏ | ၁၃၁၃-ခုနှစ် | ၁၀၂၂ |
| ၂၅ | မန္တလေးမြို့<br>ကဠုနမဟီရပ်<br>မြေနီကျင်းရိပ်သာ | ဦးဥက္ကံသ<br>ဦးကုသလ | ၁၃၁၃-ခုနှစ် | ၄၀၂ |

| ဦးရေ | ကမ္မဋ္ဌာန်းဌာန | ကမ္မဋ္ဌာနာစရိယ | တည်ထောင်သည့် သက္ကရာဇ် | ယောဂီပေါင်း |
|---|---|---|---|---|
| ၂၆ | မြင်းခြံမြို့ မန်ကျည်းပင်စုရပ် မဟာစည်သာသနာ့ရိပ်သာ | ဦးသုန္ဒရ ဦးဇန္ဒာစက္က ဦးကောဝိဒ | ၁၃၁၃-ခုနှစ် | ၅၀၀ |
| ၂၇ | ခရမ်းမြို့ သခြေကုန်းကျောင်း သာသနာ့ရိပ်သာ | ဦးသုမန | ၁၃၁၃-ခုနှစ် | ၄၄၂ |
| ၂၈ | မြိတ်မြို့ ကန်ဖျားရပ် သာသနာ့ရိပ်သာ | ဦးအာသဘ | ၁၃၁၄-ခုနှစ် | ၄၉၇ |
| ၂၉ | မုံရွာခရိုင် ရင်းမာပင်မြို့နယ် ဖိုလ်ဝင်းတောင် လွမ်းစေတီကျောင်း သာသနာ့ရိပ်သာ | ဦးစန္ဒိမာ | ၁၃၁၄-ခုနှစ် | ၂၇၃၀ |
| ၃၀ | ပုသိမ်ခရိုင် ဆိပ်မြို့ကွင်း သာသနာ့ရိပ်သာ | ဦးခေမာပါရဂူ | ၁၃၁၄-ခုနှစ် | ၀၀၉ |
| ၃၁ | နတ္တလင်းမြို့ သာသနာ့ရိပ်သာ | ဦးကောသရ | ၁၃၁၄-ခုနှစ် | ၁၀၆၇ |
| ၃၂ | မြင်းခြံမြို့ နိဗ္ဗာယကမ္မဋ္ဌာန်းဌာန | ဦးကောသလ္လ ရှင်ဝဏ္ဏ | ၁၃၁၄-ခုနှစ် | ၃၀၂ |
| ၃၃ | မြိတ်ခရိုင် ပလောမြို့ တိုရွာသစ်ကျောင်း သာသနာ့ရိပ်သာ | ဦးပဏ္ဍိတ | ၁၃၁၄-ခုနှစ် | ၂၇၀ |
| ၃၄ | သရက်ခရိုင် ဆင်ပေါင်ဝဲမြို့ ငန်းပြားရွာ သာသနာ့ရိပ်သာ | ဦးတိလောက ဦးကောဝိဒ | ၁၃၁၄-ခုနှစ် | ၅၃၃ |
| ၃၅ | တွံတေးမြို့ သာသနာ့ရိပ်သာ | ဦးအာသဘ | ၁၃၁၄-ခုနှစ် | ၁၉၄ |
| ၃၆ | ဖျာပုံခရိုင် ကျုံတာရွာ သာသနာ့ရိပ်သာ | ဦးပုည | ၁၃၁၄-မှနှစ် | ၀၀၀ |
| ၃၇ | ရွှေတောင်မြို့ သာသနာ့ရိပ်သာ | ဦးပညာဇောတ | ၁၃၁၄-ခုနှစ် | ၀၅၀၄ |

| ဦးရေ | ကမ္မဋ္ဌာန်းဌာန | ကမ္မဋ္ဌာနာစရိယ | တည်ထောင်သည့် သက္ကရာဇ် | ယောဂီပေါင်း |
|---|---|---|---|---|
| ၃၈ | မအူပင်မြို့ ရန်အောင် သာသနာ့ရိပ်သာ | ဦးဇယာနန္ဒ | ၁၃၁၄-ခုနှစ် | ၈၃၂ |
| ၃၉ | အမရပူရမြို့ ဆီးချိုကုန်းရွာ သာသနာ့ဂုဏ်ရည် ရိပ်သာ | ဦးပဏ္ဍိတ | ၁၃၁၄-ခုနှစ် | ၁၄၇၇ |
| ၄၀ | ဝါးခယ်မမြို့ သာသနာ့ရိပ်သာ | ဦးဝိစာရ<br>ဦးနန္ဒဝံသ | ၁၃၁၄-ခုနှစ် | ၁၃၁၇ |
| ၄၁ | မြစ်ကြီးနားခရိုင် ဟိုပင်သာသနာ့ရိပ်သာ | ဦးဇာနေယျ<br>ဦးသိရိဓမ္မ | ၁၃၁၅-ခုနှစ် | ၆၅၂၁ |
| ၄၂ | ပဲခူးခရိုင် ဒိုက်ဦးမြို့ သာသနာ့ရိပ်သာ | ဦးပညာဇောတ<br>ဦးဉာဏ<br>ဦးသီလဝ | ၁၃၁၅-ခုနှစ် | ၆၃၈ |
| ၄၃ | တွံတေးမြို့ အောင်စေတီကျောင်း သာသနာ့ရိပ်သာ | ဦးဇ္ဇန္ဒာစာရ | ၁၃၁၅-ခုနှစ် | ၄၁၃ |
| ၄၄ | ရွှေဘိုခရိုင် ရေဦးမြို့နယ် ဖိန်းခါးရွာ သာသနာ့ရိပ်သာ | ဦးအဂ္ဂဓမ္မ<br>ဦးမြတ်သူ | ၁၃၁၅-ခုနှစ် | ၅၁၅ |
| ၄၅ | ပုသိမ်ခရိုင် ကညင်ချောင်း သာသနာ့ရိပ်သာ | မန္တလေးဆရာတော် | ၁၃၁၅-ခုနှစ် | ၃၅ |
| ၄၆ | ပုသိမ်ခရိုင် ဝိတောက်ပင် သာသနာ့ရိပ်သာ | ဦးဓမ္မဓရ | ၁၃၁၅-ခုနှစ် | ၁၅၃ |
| ၄၇ | ပုသိမ်ခရိုင်သာပေါင်းမြို့ တည်င်ချောင်း ကမ္မဋ္ဌာန်းရိပ်သာ | ဦးပညာဝံသ | ၁၃၁၅-ခုနှစ် | ၁၀၇ |
| ၄၈ | မြိတ်ခရိုင်တနင်္သာရီ မြို့သာသနာ့ရိပ်သာ | ဦးသာဂရ | ၁၃၁၅-ခုနှစ် | ၁၅၀၀ |
| ၄၉ | မြင်းခြံမြို့ မြို့မကမ္မဋ္ဌာန်းဌာန | ဦးညိပု<br>ဦးထွန်းလှ | ၁၃၁၅-ခုနှစ် | ၂၀၀ |
| ၅၀ | ပခုက္ကူမြို့ကျွဲတဲရွာ သာသနာ့ရိပ်သာ | ဦးတိက္ခ | ၁၃၁၅-ခုနှစ် | ၂၀၀ |

| ဦးရေ | ကမ္မဋ္ဌာန်းဌာန | ကမ္မဋ္ဌာနာစရိယ | တည်ထောင်သည့် သက္ကရာဇ် | ယောဂီပေါင်း |
|---|---|---|---|---|
| ၅၁ | ပုသိမ်ခရိုင်အသုတ်မြို့ ကျွန်းတောကျောင်းရိပ်သာ | ဦးသုနန္ဒ | ၁၃၁၅-ခုနှစ် | ၅၀၅ |
| ၅၂ | စစ်ကိုင်းခရိုင် မြင်းမူမြို့ အလွှကပ္ပရွာ နိဂြောဓာရုံရိပ်သာ | ဦးဇူန္ဒာစရိယ | ၁၃၁၅-ခုနှစ် | ၀၉၇ |
| ၅၃ | ပုသိမ်ခရိုင်ပိတောက်ပင် ကျောင်းသစ်ရိပ်သာ | ဦးမောင်မြိုင် ဦးမောင်သွင် ဦးစံချိန် | ၁၃၁၅-ခုနှစ် | ၁၅၆ |
| ၅၄ | မြိတ်ခရိုင်ပုလောမြို့ ရှပ်ပုံရွာ ဆီတောင်ရိပ်သာ | ဦးဝါယာမ | ၁၃၁၅-ခုနှစ် | ၉၁၀ |
| ၅၅ | ကျိုက်လပ်မြို့ သာသနာ့ရိပ်သာ | ဦးတေဇနိယ | ၁၃၁၅-ခုနှစ် | ၀၁၉ |
| ၅၆ | ညောင်ဦးမြို့ ရွားတောရတောင်ခြေ သာသနာ့ရိပ်သာ | ဦးကလျာဏ | ၁၃၁၆-ခုနှစ် | ၀၂၅ |
| ၅၇ | ပဲခူးခရိုင်ထုံးကြီးဘုတာ ဘုရားငှက်တိုရွာ ရေဝန်ကျောင်းရိပ်သာ | ဦးစန္ဒိမာ | ၁၃၁၆-ခုနှစ် | ၂၁၂ |
| ၅၈ | ပေါင်းတည်မြို့ဘဲ့ပင်ကန်ရပ် သာသနာ့ရိပ်သာ | ဦးဓမ္မပိယ | ၁၃၁၆-ခုနှစ် | ၉၅၇ |
| ၅၉ | ပခုက္ကူခရိုင်ပေါက်မြို့နယ် အင်းထိန်ရွာ မြစိမ်းတောင်ရိပ်သာ | ဦးသံဝရ | ၁၃၁၆-ခုနှစ် | ၁၀၇ |
| ၆၀ | ပခုက္ကူမြို့အောင်သာကန် ရပ်၊ ဓမ္မသကတိုက် သာသနာ့ရိပ်သာ | ဦးခေမိန္ဒ | ၁၃၁၆-ခုနှစ် | ၁၀၂ |
| ၆၁ | ဘီလူးကျွန်းချောင်းဆုံ မြို့၊ ရွာလွှဘ်ရွာ သတိပဋ္ဌာန်ကျောင်း | ဦးပညာ | ၁၃၁၆-ခုနှစ် | ၄၀၀ |
| ၆၂ | မိုးကုတ်မြို့ ဖေါင်တော်ဦး သာသနာ့ရိပ်သာ | ဦးတိလောက | ၁၃၁၆-ခုနှစ် | ၂၄၀၉ |

| ဦးရေ | ကမ္ဘဋ္ဌာနံဌာန | ကမ္ဘဋ္ဌာနာစရိယ | တည်ထောင်သည့် သက္ကရာဇ် | ယောဂီပေါင်း |
|---|---|---|---|---|
| ၆၃ | မေမြို့ သစ်တောလမ်း သာသနာ့ရိပ်သာ | ဦးအာစာရ | ၁၃၁၆-ခုနှစ် | ၆၁၇ |
| ၆၄ | ချောက်မြို့ သူဌေးကုန်းရပ် သာသနာ့ရိပ်သာ | ဦးဘရင် | ၁၃၁၆-ခုနှစ် | ၃၀၀ |
| ၆၅ | ကွမ်းခြံကုန်းမြို့ သာသနာ့ရိပ်သာ | ဦးဥတ္တမသာရ | ၁၃၁၆-ခုနှစ် | ၂၀၃ |
| ၆၆ | ပေါင်းတည်မြို့ ဝက်ပုတ်ကြို့ပင်သာ သာသနာ့ရိပ်သာ | ဦးသာဂရ | ၁၃၁၆-ခုနှစ် | ၃၇၂ |
| ၆၇ | အထက်ချင်းတွင်း ဟုမ္မလင်းမြို့ သာသနာ့ရိပ်သာ | ဦးဇာဂရ | ၁၃၁၆-ခုနှစ် * | ၂၆၇ |
| ၆၈ | မအူပင်မြို့ ရွှေတောင်မှော် သိမ်တောင်သာသနာ့ရိပ်သာ | ဦးကောသလ္လ | ၁၃၁၆-ခုနှစ် | ၄၅၀ |
| ၆၉ | ပန်းတနော်မြို့ ပြလင်းကျေးရွာ သုံးထပ်ကျောင်း | ဆရာတော် ဦးပညာ | ၁၃၁၆-ခုနှစ် | ၂၅၂ |
| ၇၀ | မြိတ်မြို့ကန်ဖျားရပ် ငါးဆူရိပ်သာ | ဦးပညောဘာသ | ၁၃၁၇-ခုနှစ် | ၄၀၀ |
| ၇၁ | ရေးမြို့အနန်းချောင်း ရန်ကင်းသာသနာ့ရိပ်သာ | ဦးဉာဏာလင်္ကာရ | ၁၃၁၇-ခုနှစ် | ၁၇၃ |
| ၇၂ | တွံတေးမြို့ကျွဲတလင်း ကျောက်ခလောက် သာသနာ့ရိပ်သာ | ဦးသုဇန | ၁၃၁၇-ခုနှစ် | ၆၀ |
| ၇၃ | ပုသိမ်မြို့ရွှေမြင်တင်ရွာ ပဋ္ဌိပတ္တိရိပ်သာ | ဦးပုညာစာရ | ၁၃၁၇-ခုနှစ် | ၁၉၀ |
| ၇၄ | လှောင်းရှည်ရွာ သိမ်ကျောင်းရိပ်သာ | ဦးပဏ္ဍိတ | ၁၃၁၇-ခုနှစ် | ၂၀၀ |

| ဦးရေ | ကမ္မဋ္ဌာန်းဌာန | ကမ္မဋ္ဌာနာစရိယ | တည်ထောင်သည့်နှစ် သက္ကရာဇ် | ယောဂီပေါင်း |
|---|---|---|---|---|
| ၇၅ | မြောင်းမြမြို့ သာသနာ့ရိပ်သာ | ဦးဂန္ဓသာရ | ၁၃၁၇-ခုနှစ် | ၃၃၄ |
| ၇၆ | ပခုက္ကူခရိုင်ဂန့်ဂေါ မြို့ ပျားရွာ ပဋိပတ္တိသာသနာ့ရိပ်သာ | ဦးဉာဏ | ၁၃၁၇-ခုနှစ် | ၄၁၀ |
| ၇၇ | မန္တလေးမြို့အနောက်ပြင် ဆင်များရှင်ကျောင်း တိုက် သာသနာ့ရိပ်သာ | ဦးဇာဂရ | ၁၃၁၈-ခုနှစ် * | ၂၆၀ |
| ၇၈ | တောင်တွင်းကြီးမြို့ ရန်အောင်မြင် သာသနာ့ရိပ်သာ | ဦးအရိယဝံသ ဦးသုဒဿန | ၁၃၁၈-ခုနှစ် * | ၃၀၀ |
| ၇၉ | ပုသိမ်ခရိုင်သာပေါင်း မြို့ထောက်ကြံ့ကုန်းရွာ ပဋိပတ္တိရိပ်သာ | ဦးဇဝန | ၁၃၁၈-ခုနှစ် * | ၁၂၅ |
| ၈၀ | ပြွန်တန်ဆာမြို့ သာသနာ့ရိပ်သာ | ဦးဇာနုတ္တရ | ၁၃၁၈-ခုနှစ် | ၇၃ |
| ၈၁ | မြင်းခြံခရိုင်ငါးဇွန်မြို့ သာကျင်ရွာ၊ ရွှေဘုံသာ ရိပ်သာ | ဦးစိန်ဘ ဦးဖန် | ၁၃၁၈-ခုနှစ် * | ၆၀ |
| ၈၂ | ဗိုလ်ကလေးမြို့မြင်းက ကုန်းရွာ၊ သာသနာ့ ရိပ်သာ | ဦးပဏ္ဍိတ ဦးစန္ဒာ | ၁၃၁၈-ခုနှစ် | ၁၄၄ |
| ၈၃ | မြင်းခြံမြို့ ကံမြကမ္မဋ္ဌာန်းဌာန | ဦးဖိုး ဦးညိုပု | ၁၃၁၉-ခုနှစ် * | ၇၀ |
| ၈၄ | မြင်းခြံမြို့ ကြီးကန်ကမ္မဋ္ဌာန်းဌာန | ဦးဗုဒ္ဓါစက္က ဦးဖိုး | ၁၃၁၉-ခုနှစ် * | ၃၀ |

## သီဟိုဠ်နိုင်ငံ ကမ္မဋ္ဌာန်းဌာနများ

၁။ အနုရာဓပူရရိပ်သာ။

၂။ အမ်ဗမ်ပီတိယရိပ်သာ။

၃။ ဘလန်ဂေါဒရိပ်သာ။

၄။ ခနောတန္တရိပ်သာ။
၅။ ဂန်ပဟာ ဝိုင်အမ်ဘီအေ။
၆။ ဝေါဒဝေဓရေ။
၇။ ကနုဗောခ။
၈။ ကေတုဝီလိဂါမ။
၉။ မက်လာဂလ။
၁၀။ မိနုဝံဝေါဒ။
၁၁။ မိန်ဆာကောလိပ်။
၁၂။ မသာဝေါဒ။
၁၃။ မာဓရေ။
၁၄။ မဟာရေ။
၁၅။ ပရာကာဒုဝ။
၁၆။ တာလာဂါမ။
၁၇။ တာလာဒုဝ။
၁၈။ ယမုနာ။
၁၉။ ဝိုင်-အမ်-ဘီ-အေ-ကိုလံဘို။
၂၀။ ဦးဒုသုသီရိမိတိယ။
၂၁။ ဝိသုဒ္ဓရမယ။
၂၂။ ဝေလိခါဒ။ ယောဂီပေါင်း (၃၀၀၀)

## ယိုးဒယားနိုင်ငံ

ကမ္မဋ္ဌာန်း ဌာနပေါင်း ၃၀၀-ကျော် နှင့် ယောဂီ ၂၀၀၀၀၀- ကျော်ရှိကြပါသည်။

## မြန်မာပြည်စာရင်း

| အစီရင်ခံစာ | ဌာနပေါင်း | ယောဂီပေါင်း |
|---|---|---|
| ယခင်နှစ်စာရင်း- | ၁၅၀ | ၁၉၁၀၀၀ |
| ယခုနှစ် အသစ်တိုး- | ၇ | |
| ယခုနှစ်စာရင်းအရ- | ၀၄ | ၂၀၀၀၀၀ |
| ယခုနှစ်စာရင်းအရောက်- | ၇၃ | |

ရှင်းလင်းချက်၊ အထက်ပါဇယားတွင် ယခင်နှစ် စာရင်းအရ ကမ္မဋ္ဌာန်းဌာန ပေါင်း (၁၅၀) ယခုနှစ်အသစ်တိုး(၇)ဌာန ဖြစ်၍၊ အစုစုဌာနပေါင်း (၁၅၇) ဌာနဖြစ်ပါသည်။

၎င်းတို့အနက်မှ၊ ယခုနှစ်တွင်အသစ်(၇)ဌာနနှင့် အဟောင်း (၇၇) ဌာနတို့မှသာ အစီရင်ခံစာရရှိ၍၊ ၎င်း အစီရင်ခံစာ ရသောစာရင်းကိုသာ ဘော်ပြလိုက်ရပါသည်။ ကျန် (၇၃) ဌာနမှ အချိန်မှီ စာရင်းမရ၍ ဘော်ပြခြင်း မပြုလိုက်ရပါကြောင်း။

ခရားပွင့်ပြထားသော ၇-ဌာနသည်၊ ဇယားပါ ခုနှစ်အတွင်းက စတင် တည်ထောင်ခဲ့ကြသော်လည်း ၁၃၁၉-ခုနှစ်မှ စာရင်းရရှိပါသဖြင့်၊ ၎င်း၇-ဌာနကို၊ ၁၃၁၉-ခုနှစ်အသစ်တိုး(၇)ဌာနဟူ၍၊ ခွဲခြားပြလိုက်ရခြင်း ဖြစ်ပါသည်။

အထက်တွင် အသီးသီး အသက အသက ဘော်ပြပြီးခဲ့သော၊ပြည်တွင်း ပြည်ပ ကမ္မဋ္ဌာန်းဌာန၊ ကမ္မဋ္ဌာနာစရိယ၊ စသည့် စာရင်း များသည်၊ ရန်ကုန် နေပြည် တော်တွင် (၁၃၁၁) ခုနှစ်မှစ၍၊ ဝိပဿနာ စံပြ ကမ္မဋ္ဌာန သာသနာ့ရိပ်သာကြီးကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးမှ အသစ်တည်ထောင် ဖွင့်လှစ်ခဲ့ကြသော ကျေးဇူးရှင်မဟာစည်ဆရာတော်ကြီး၏ သြဝါဒခံဌာနများမှသာ ဖြစ်ကြပါသည်။

အထက်ပါ မဟာစည် ဆရာတော်၏ တပည့် အဆက်အနွယ်များမှ တပါး၊ အခြားအခြားသော ဝိပဿနာ ဆောင်ပုဂ္ဂိုလ် တို့သည်လည်း၊ အထင်အရှား မြောက်မြားစွာ ရှိကြပါကုန်သေး၏၊ မြန်မာနိုင်ငံတော်တွင် ဈေးအထက်ကျော် ကာလ၊ သာသနာတော် ရောက်ချိန်မှစ၍၊ ပရိယတ်ပဋိပတ် နှစ်ရပ်အစုံ၊ ကုန်လုံ ထွန်းကားခဲ့ကြပါသည်။

အရှင်သောဏထေရ်၊အရှင်ဥတ္တရထေရ်၊အရှင်အရဟံထေရ်စသော သာသနာဝင် အစဉ်အဆက်မှဆင်းသက်၍ ဝိပဿနာဓုရဘက်တွင်လည်း အထူးကျော်စော ထင်ရှား ထွန်းကားခဲ့ကြပေသည်။

၁။ ပံသုကူကြီးထေရ်၊
၂။ ဆူးတွင်းပစ်ထေရ်၊
၃။ ဂဝမ္ပတိထေရ်၊
၄။ တောင်ဖီလာထေရ်၊
၅။ ရွှေဥမင်ထေရ် စသည်ဖြင့်ထင်ရှားခဲ့ကြ၏၊

၎င်းမဟာထေရ်များမှတခေတ်သို့ဆက်၍—

၁။ ထွတ်ခေါင်ဆရာတော်၊
၂။ သီးလုံးဆရာတော်၊
၃။ ဂူကိုးလုံးဆရာတော်၊
၄။ ရွှေမင်းဝံဆရာတော်၊
၅။ ပဌမဂန္ဓာရုံဆရာတော် စသည်များသို့တိုင် ထင်ရှားခဲ့ကြပါသည်၊

ထိုမှတဆင့်—

၁။ ဇရွှိဦးသီလ၊
၂။ လယ်တီဆရာတော်၊
၃။ မင်းကွန်းဆရာတော်၊
၄။ ပဌမ ကြောင်ပန်းဆရာတော်၊
၅။ သေကျွတောင်၊
၆။ ညောင်လွန့်တောရ၊
၇။ သိမ်တောင်တောရ၊
၈။ ပြည်နိဗ္ဗိန္ဒ၊
၉။ အင်ကြင်းမြောင်၊
၁၀။ စွန်းလွန်း၊
၁၁။ မိုးညှင်း၊
၁၂။ ဝေဘူ—

စသောအားဖြင့်၊ အရာမကသော ဝိပဿနာစုရ ကမ္မဋ္ဌာန်း ဌာနတို့ဖြင့်၎င်း၊ အသောင်း အသိန်း မကသော၊ ယောဂါဝစရ ယောဂီ အပေါင်းတို့ဖြင့်၎င်း၊ ကောင်းကင် အလယ်တွင် ကြယ်တာရာအပေါင်းတို့ဖြင့် ခြံရံအပ်သော လပြည့်ဝန်းကြီးတရထည်၊ စည်ပင်သန့်ရှင်း၊ ပပဝင်း၍၊ ထွန်းလင်းတောက်ပလျက် ရှိနေကြပါသတည်း။

ဤသို့ ဤသို့အားဖြင့် အထက်တွင် အကျယ်တဝင့်ဘော်ပြပြီးခဲ့သည့် အတိုင်း၊ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး၏ အဓွန့်ရှည်စွာ တည်တန့်ကြည်လင် စည်ပင်ပြန့်ပွါး ထွန်းကား တောက်ပပါစေခြင်း အကျိုး၄ါ။

၁။ ဆိုင်ရာဆိုင်ရာ ပြည်တွင်းပြည်ပ ဒေသမြို့နယ် ရပ်ရွာ အသင်း အဖွဲ့ ဒါယကာ ဒါယိကာမ အသီးသီးတို့၏ မြောက်မြားကော်ရော် ပူဇော်

လှူဒါန်းခြင်း တည်းဟူသော ရေကောင်းရေသန့်၊ ရေကြည် ရေစင်၊ ရေအယာဉ်တို့ဖြင့်၎င်း၊

၂။ ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ခြားသီးကော်ရော်ပူဇော်ထောက်ပံ့ခြင်းတည်းဟူသော မြေကောင်းမြေသန့်၊ မြေဆီ မြေလွှာ၊ မြေဩဇာတို့ဖြင့်၎င်း၊

၃။ ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ကိုယ်စား၊ သာသနာရေးကိစ္စ၊ ဟူသမျှတို့ကို အထူးဆောင်ရွက်လျက် ရှိနေသော၊ နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကြီး၏ ဦးစီးကွပ်ကဲ၊ ခန့်ခွဲစီမံ၊ အတန်တန်ပူဇော်လှူဒါန်းခြင်းတည်းဟူသော ဆည်-တာ-တမန်၊ ကန်ပေါင် ကန်ရိုး၊ ကန်သင်းမျိုးတို့ဖြင့်၎င်း—

အမြဲထာဝစဉ်၊ တသွင်သွင်တငြိမ့်ငြိမ့်၊ တစိမ့်စိမ့် တရှမ်းရှမ်း၊ ဆွတ်ဖြန်းသွန်းလောင်းလျက် ရှိနေကြသောကြောင့်၊ ဗုဒ္ဓသာသနာတော် တည်းဟူသော သင်းသင်းပြန့်ပြန့် ဝင်းဝင်းဖန့်ဖန့်နှင့်၊ ဆင်းရန့်ကြိုင်စွာ၊ ခိုင်မာလှာကြာကန်ကြီး အတွင်းဝယ်—

၁။ ပရိယတ္တိသာသနာတော် တည်းဟူသော ကြာမြစ်ကြာရင်း၊ ကြာခင်း ကြာရုံ၊ ကြာပဒုံတို့ဖြင့်၎င်း၊

၂။ ပဋိပတ္တိသာသနာတော် တည်းဟူသော ကြာရိုးကြာမြစ်၊ ကြာပင် ကြာဘက်၊ ကြာအရွက်တို့ဖြင့်၎င်း၊

၃။ ပဋိဝေဓသာသနာတော်တည်းဟူသော ကြာပန်း ကြာပွင့်၊ ကြာရင့် ကြာမုံ၊ ကြာဝတ်မှုံတို့ဖြင့်၎င်း၊

စုံစုံစေ့စေ့ တနေ့တခြား ဆင့်ဆင့်ပွါး၍၊ ငွါးငွါးစွင့်စွင့်၊ ကားကားပွင့်နေကြပြီဖြစ်ရာ—

ဤ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ မူလ ရည်ရွယ် ခန့်မှန်းချက်များထက်ပင်၊ အဆပေါင်းများစွာ ပိုမိုပြီးမြောက် ခရီးရောက် အောင်မြင်ခြင်းကို၊ မျက်ဝါးထင်ထင် တွေ့မြင်သိရှိကြရပြီဖြစ်ရကား—

ဤဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို တည်ထောင်ရန် စတင်နှိုးဆော်ဖွဲ့စည်းပေးပေသော—

၁။ နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊

၂။ ဤ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့၏ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ သူဌေးကြီး (ဆာ)ဦးသွင်၊

၃။ ဤအဖွဲ့ကြီး၏ အမှုဆောင်လူကြီးမင်းများ၊

၄။ ဤအဖွဲ့၏ အသင်းသူ အသင်းသားများနှင့်တကွ၊

၅။ ဗုဒ္ဓဘာသာ ကလျာဏနွယ်ဝင် သူတော်စင် ဟူဟူသမျှတို့သည်၊

သာသနာနုဂ္ဂဟ ဥတ္တမဟု ဗလဝကုသိုလ် ဖိန့်ဖိန့်ယိုမျှ ကြည်ညိုဝမ်းမြောက်၍ မဆုံးနိုင်လောက်အောင် ရွှင်ပြုံးပီတိ ဥမ်းဆီထိသို့ တအိအိ ဝမ်းသာအားရလျက် ရှိနေကြပါသတည်း။

## ဗုဒ္ဓသာသနာနုဂ္ဂဟသမိုင်းအဋ္ဌုပ္ပတ္တိ နိဂုံးသံပိုင်း

၁။ ရိုက်ချုံးအောင်စည်၊ ခြိမ့်ခြိမ့်မည်သား၊ စာဤဋ္ဌုပ္ပတ်၊ ပြီးဆုံးလတ်၍၊ ကမ္ပတ်နိဂုံး၊ အုပ်ကာဖုံးလျက်၊ သိကုံးပန်းသွင်၊ အောင်ပန်းဆင်ပိမ့်၊ နားတွင်စိုက်စိုက်၊ နှလုံးပိုက်လော့၊ ကိုက်စီကင်းငုံ၊ ဖူးပွင့်စုံသား၊ ရဂုံနက်ဟှမ်း၊ လိုဏ်ဂူနန်းမှ၊ နတ်ပန်းမဉ္ဇူ၊ သင်းကြူကြူသို့၊ ခင်းမူနှောကာ၊ သဘောဖြာသော်၊ ကောဇာဧကေ၊ တိသုညနှင့်၊ နဝဝဋ္ဌရာ၊ ရောက်သောခါဝယ်၊ မြန်မာမျိုးများ၊ တန်ခိုးကြွလို့၊ စိုးရသည့်ခေတ်၊ ပြည်ထောင်သစ်တွင်၊ ဖွဲ့လှစ်တည်ကြ၊ သမတ၏၊ အဂ္ဂမဟာ၊ အမဋ္ဌာဟု၊ လောင်းလျာမှူးပြု၊ အထူးဆုနှင့်၊ ဦးနုသမုတ်၊ ဝန်ကြီးချုပ်သည်၊ စိုးအုပ်နိုင်ငံ၊ ထူထောင်ရန်ဘို့၊ နည်းမှန်နက်လေး၊ စေ့စေ့တွေးလျက်၊ အေးအေးစိတ်ကြံ၊ အမိဋ္ဌာန်ဖြင့်၊ စန်းစန္ဒရာ၊ ကြတ္တိကာ၏၊ ပုဏ္ဏမာသေ့၊ လပြည့်နေ့ဝယ်၊ ဘုန်းဟေ့ပုတ္တာ၊ သောဏုတ္တရာတို့၊ မြန်းလာရိပ်မြုံ၊ မြေသထုံ၏၊ ရွှေဘုံဌာန၊ ကေလာသဟု၊ မြသပိတ်ခေါ်၊ စေတီတော်သို့၊ ဖူးမျှော်ကြွသွား၊ ခေတ္တနား၍၊ ကိုးပါးသီလ၊ နဝင်္ဂနှင့်၊ သမထဘာဝနာ၊ ထူးမေတ္တာတည့်၊ ပွါးကာကိုးရက်၊ ဥပုသ်ထွက်သော်၊ လက်လက်ရှိန်ရှိန်၊ အမျက်စိန်သို့၊ နက်ချိန်ပြောင်မြောက်၊ ဉာဏ်ရောင်တောက်ခဲ့၊ တည်ဆောက်ပြည်ရွာ၊ လိုရင်းမှာကား၊ သာသနာပြုပေး၊ မှုအရေးဟု၊ ရှုတွေးထင်ထင်၊ စုဝေးဆင်လျက်၊ ဆာသွင်ကစ၊ မြို့မိဘတို့၊ နဝဘာရာ၊ တင်မြှောက်ကာဖြင့်၊ ပြည်ရွာအေးမြ၊ ငြိမ်းချမ်းရဘို့၊ ဗုဒ္ဓသာသန၊ နုဂ္ဂဟဟု၊ ဗိဇထူးမြတ်၊ ဖွဲ့စည်းလတ်သည်။ ။စွဲမှတ်မိဋ္ဌာန် လှိုက်လှိုက်တည်း။

၂။ လှိုက်လှိုက်စိတ်ဓာတ်၊ မိဋ္ဌာန်မြတ်ဖြင့်၊ သုံးရပ်သာသနာ၊ သီးပွင့်ရာဟု၊ များစွာထိုထို၊ ပွါးကာခိုဘို့၊ ဗဟိုစံပြ၊ မြတ်ဌာနဟု၊ ပင်မရိပ်သာ၊ ပဒေသာသို့၊ ဝေဆာစိုက်ဆောက်၊ ပေါက်ကြီးပေါက်ခဲ့၊ တထောက်ထိုမှ၊ တိပိဋကဟု၊ ဓရဆင့်ကဲ၊

ရွေးချယ်ပွဲကို၊ ဆင်နွဲပွင့်လာ၊နှစ်စဉ်သာတည့်၊ ဆင့်ကာတဝ၊ ဝိသိဋ္ဌနှင့်၊ပိဋကဓရာ၊ မဟာကောဝိဒ၊သီးဖလဟု၊ကြီးလှဖုံဖုံ၊သီးကြကုန်လျက်၊သင်းထုံထိုမှ၊စွမ်းရည်ဆ၍၊ ဆဋ္ဌသံဂါ၊ ပွဲမဟာသို့၊ နွဲရာကြိုရာ၊ ဖန်ရာအစ၊ ပဘဝဟု၊ မူလအာဒိ၊ ဤတွင်ညှိခဲ့၊ ထိုပြီးတဝ၊ မြန်စိုးရ၏၊ စက္ကအာဏာ၊ ဉပဒေဖြင့်၊ နုဝေဝိဋ္ဋပ၊ ကိုင်းခက်စသား၊ ဗုဒ္ဓသာသနာ၊ ဖွံ့မဟာကို၊ ချဲ့ကာပျိုးထုတ်၊ ဝန်ကြီးချုပ်လျှင်၊ မွေးထုတ်ဖွံ့စေ၊ ခက်လက်ဝေခဲ့၊တထွေထိုမှ၊တင်ဆဋ္ဌဉ္ဈ၊ပုန္တကစွမ်းရည်၊မြတ်မထေရ်ကို၊ ပတ်လည်ဌာန၊ စူးစမ်းကြသော်၊ ပင်မရိပ်သာ၊ ကိုးကွယ်လာသည့်၊ ဝိပဿနာနည်းပြ၊ နာယကအား၊ ဉာဏထောက်ခံ၊ရွေးကောက်ပြန်ရှင့်၊တဖန်ထိုမှ၊ ဆင်ယင်ကြမည့်၊ ဆဋ္ဌသံဂါယနာ၊ မေးရာရာကို၊ ကောခြားသီး၊ တပါးတည်းဖြင့်၊ အပြီးတိုင်တိုင်၊ ဖြေစွမ်းပိုင်သည့်၊ပြန့်လှိုင်ဂန္ဓ၊ဝိသဇ္ဇကကြောင့်၊ဓမ္မဘဏ္ဍာ၊ ဂါရိကာဟု၊ရာဇာပူဇ၊ အဏ္ဍူတရှင့်၊ မရစဘူး၊ အရထူးခဲ့၊ အံ့ကျူးအုတ်အော်၊ သီးထုတ်ဖော်သည်။ ။ပင်တော် ပင်မ စိုက်စိုက်တည်း။

၃။ စိုက်စိုက်ပင်မ၊ ဤသည်မှလျှင်၊ ဖလကြီးစွာ၊ ပွဲဆဋ္ဌာကို၊ စွဲကာဖြစ်ရ၊ ပစ္စယကြောင့်၊ ဖလနိသံ၊ ကျိုးဆက်ပြန်သော်၊ အောင်လံချေတိတ်၊ ရဝေထိပ်သို့၊ ဝေရိက္ခယ၊ တိဂုမ္ဘ၏၊ဉတ္တရတည်ရှိ၊ ဘူပတိဟု၊ သီရိမင်္ဂလာ၊ကုန်းမြေသာဉ္ဈ၊ ဒေဝါဝိသု၊ ဖန်ဆင်းပြုသို့၊ ရှုရှုမခန်း၊ အံ့ဘနန်းမျှ၊ လှဆန်းကျယ်ကျယ်၊ မြပန်းခြယ်သား၊ ဇမ်းကျယ်မြင့်မောက်၊ ကျောက်တောင်ပေါက်သို့၊ မြေအောက်မြေပေါ်၊ လိုဏ်ဂူတော်နှင့်၊ ကျောင်းတော်လူလူ၊ ဇမ္ဗူဒီပ၊ အပရဂေါယာ၊ ပုဗ္ဗာဝိဒေဟ၊ ဉတ္တရကုရု၊ လေးကျွန်းစုလျက်၊ကြီးထုထပ်လွှာ၊ ဝိဟာဟာတည့်၊သိမာဆင့်ပွါး၊ မြင့်ဘုရားတို့၊ တင့်ကြွားလက်ဝင်း၊ ဘဝဂ်ချင်းမျှ၊ ဖက်ကင်းကမ္ဘာ၊ အံ့မဟာတည့်၊ ထေရာဝါဒ၊ ငါးရဋ္ဌမှ၊ဂဏစုံညီ၊မဟာထေရ်တို့၊သာကီသကျော၊ သမဂ္ဂေါတည့်၊ တပေါ်သုခါ၊ ကျင့်ချမ်းသာဖြင့်၊မဟာသမိတိ၊ အညီညှိလျက်၊ ကောဘူတ၊ စုစည်းရ၏၊ ရဋ္ဌမြန်မာ၊ အိန္ဒိယာနှင့်၊ သီဟဠာလဝ၊ ကမ္ဘောဇဟု၊ စသည်ချင်းချင်း၊ အမင်းမင်းလည်း၊ နှီးရင်းမေတ္တာ၊ သဟောဒရာသို့၊ မဟာစိတ္တ၊ တိုးခိုင်ကြ၏၊ ထိုမှတဖြာ၊ ကျမ်းထွေရာလည်း၊ ထေရာဝါဒ၊ ငါးမူမှလျှင်၊ ပဒပုဒ်ဗျည်း၊ စုံဖြတ်တည်း၍၊ စုစည်းလှစ်ထူ၊ ဖြစ်တမူတည့်၊ သစ်မူဆဋ္ဌ၊ ပိဋကဟု၊ ကမ္ဘာ့အလယ်၊ လစန်းနှယ်တည့်၊ ကျင့်ဘွယ်မြင့်မြတ်၊ ပဋိပတ်ဟု၊ ဝိပဿနာ၊ ဘာဝနာလည်း၊ နာနာကုလ၊ ပဗ္ဗဇနှင့်၊ များလှယောဂီ၊ အတည်တည်တို့၊ လျော်ညီမချွတ်၊ ဝတ်နိဗဒ်လျှင်၊ စားဝတ်နေရေး၊ ထောက်ပံ့ပေးလျက်၊ ဆေးဝါးကစ၊ သပ္ပါယတည့်၊ စိတ္တသုခါ၊ ကိုယ်ချမ်းသာဖြင့်၊ မှီကာပွါးကြ၊ အမှန်ရဘို့၊ စံပြသိပ္ပါ၊ မြတ်ဆရာနှင့်၊ ရိပ်သာကျယ်မြောက်၊ ဆောင်ဆောင်ဆောက်၍၊ ထက်အောက်ချီကာ၊ ပြည်မြန်မာနှင့်၊ ဒီပါရပ်ခြား၊ တိုင်းတပါးဟု၊ ဆင့်ပွါးဝန်းရံ၊ နိုင်ငံငံသို့၊ ပြိုင်စံတုလွတ်၊ တရားမြတ်ဟု၊ ဝိပဿနာ၊

ဉာဏ်ဆယ်ဖြာနှင့်၊ မဂ္ဂါဖလ၊ မျိုးဗီဇလည်း၊ ပျိုးချတန့်တန်၊ တိုးချဲ့ဖန်သည်။ ။
နိဗ္ဗာန်အမြိုက် ဆိုက်ဆိုက်တည်း။

## နိဂုံးပဏ္ဏနာ

၁။ ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေသဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။
၂။ ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက မနုပါယာသံ၊ နိဗ္ဗာန သုခမုတ္တမံ။
၃။ စိရံတိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။
၄။ ယထာ ယက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံပဇန္တိ။ ။

၁။ ယံ ကုသလံ၊ ဤဗုဒ္ဓသာသနာနုဂ္ဂဟ အဋ္ဌုပ္ပတ္တိ သမိုင်းကို ရေးသားပြုစုရသော အကြောင်ကောင်းမှုကို။ ပတ္တံ၊ ရအပ်ပြီ။ တဿ ကုသလဿ၊ ထိုကောင်းမှု၏။ အာနုဘာဝေန၊ အာနုဘော် အစွမ်းကြောင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ပါဏိနော၊ သတ္တဝါတို့သည်။ သဒ္ဓမ္မရာဇဿ၊ တရားမင်း ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သုခါဝဟံ၊ ချမ်းသာအပေါင်းကို ဆောင်တတ်သော။ ဓမ္မံ၊ တရားတော်မြတ်ကို။ ဉတွာ၊ သိကြကုန်၍။

၂။ ဝိသုဒ္ဓါယ၊ စင်ကြယ်သော။ သုခါယ၊ ချမ်းသာသော။ ပဋိပတ္တိယာ၊ အကျင့်ဖြင့်။ အသောကံ၊ စိုးရိမ်ခြင်းမရှိသော။ အနုပါယာသံ၊ ပင်ပန်းခြင်းကင်းသော။ ဥတ္တမံ၊ မြတ်လှစွာသော။ နိဗ္ဗာနသုခံ၊ နိဗ္ဗာန်ချမ်းသာသို့။ ပါပုဏန္တု၊ ရောက်ကြပါစေကုန်သတည်း။

၃။ သဒ္ဓမ္မော၊ သူတော်ကောင်းတို့၏ တရားသည်။ စိရံ၊ ကြာမြင့်စွာ။ တိဋ္ဌတု၊ တည်ပါစေသတည်း။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ဓမ္မေ၊ သူတော်ကောင်းတရား၌။ သဂါရဝါ၊ လေးစားလိုက်နာရှိသေကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။ ဒေဝေါ၊ မိုးသည်။ ကာလေန၊ လျောက်ပတ်သောအခါ၌။ သမ္မာ၊ ကောင်းစွာ။ ပဝဿတု၊ ရွာပါစေသတည်း။

၄။ ပေါရာဏာ၊ ရှေး၌ဖြစ်ကုန်သော။ သုရာဇာနော၊ မင်းကောင်းမင်းမြတ်တို့သည်။ ပဇံ၊ တိုင်းသားပြည်သူ ရှင်လူအပေါင်းကို။ အတ္တနော ပဇံဝ၊ မိမိ၏သားကဲ့သို့။ ဓမ္မေန၊ တရားဖြင့်။ ရက္ခိံသု ယထာ၊ စောင့်ရှောက်ကြလေကုန်၏သို့။ တထေဝ၊ ထိုနည်းအတူသာလျှင်။ ရာဇာ၊ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သောဘုရင်သည်။ ပဇံ၊ တိုင်းသားပြည်သူ ရှင်လူအပေါင်းကို။ အတ္တနော ပဇံဝ၊ မိမိ၏သားကဲ့သို့။ ဓမ္မေန၊ တရားဖြင့်။ ရက္ခတု၊ စောင့်ရှောက်ပါစေသတည်း။ ဣတိ၊ ဤသည်လျှင် နိဂုံးဆုတောင်းကို ဆိုရာ စကားတရပ် အပြီးသတ်သတည်း။

ဗုဒ္ဓသာသနာနုဂ္ဂဟ အဋ္ဌုပ္ပတ္တိသမိုင်းသည်
ဤတွင်ရွေ့ ပြီးပြည့်စုံသတည်း။

ထွန်းရွှေ (ဓမ္မာစရိယ)
(၂၀-၀-၅၇)
၁၃၁၉-ခုနှစ် တော်သလင်းလဆန်း ၅-ရက် ကြာသပတေးနေ့ပြီးသည်။

(နောက်ဆက်တွဲ)

# ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး နှင့် မူလသာသနာ့ရိပ်သာတည်ပုံ သံပိုင်းမော်ကွန်း

**တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသ အသျှင်မြတ် ရေးသားတော်မူသည်**

သိဒ္ဓမ်—

အနုဂ္ဂဏှန္တိ ဗုဒ္ဓဿ၊ သာသနံ သာဓုနန္ဒိတာ။
အနာကုလာ စိရံ ဌာတု၊ သံဟတီ သာဓုဗန္ဓိတာ။ ။

သာဓုဗန္ဓိတာ၊ အတ္တပရ ကျိုးနှစ်ဝကို၊ နိစ္စပြီးအောင် ထမ်းရွက်ဆောင်သား၊ ပြည်ထောင်ဖန်ပြု ဝန်ကြီးချုပ် ဦးနုနှင့်၊ ပြည်သူရွှေဆောင် ဂုဏ်ရောင်ထွန်းထင်၊ သတိုးသီရိသုဓမ္မ (ဆာ)ဦးသွင်တို့၊ ပုဗ္ဗင်္ဂမ လမ်းညွှန်ပြ၍၊ သမဂ္ဂရင်းနှီး ဖွဲ့စည်း တည်ထောင်အပ်သော။ ဝါ....ဖွဲ့စည်းတည်ထောင်အပ်သောကြောင့်။ သာဓုနန္ဒိတာ၊ သူတော်စင်ပေါင်း နှစ်ထောင်းလေးမြတ် ချီးမွမ်းအပ်သော။ သံဟတီ၊ ပြည်ထောင်စု၏ ဖွားဘက်တော် နိုင်ငံတော်၏၊ သိရိန္ဒရ ဗုဒ္ဓသာသနာနုဂ္ဂဟ အန္တတ္ထဘွဲ့ချီး အဖွဲ့ကြီးသည်။ ဗုဒ္ဓဿ၊ သုံးလောကထွတ်ထား မြတ်စွာဘုရား၏။ သာသနံ၊ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးကို။ အနုဂ္ဂဏှန္တိ၊ ဒြပ်နှင့်အမည် ထပ်ဆင့်ညီအောင် ဂုဏ်ရည်လျှံတောက် ပင့်ချီးမြှောက်နိုင်သည်ဖြစ်၍။ အနာကုလာ၊ နှောက်ရှက်ဝိတ်ပင် ရန်မထင်ပဲ။ စိရံဌာတု၊ ဘုရားဟူသည် အမည်နာမ ဤလောကဝယ်၊ ရှိသမျှပတ်လုံး မပျက်ပြုန်းပဲ နှလုံးစင်ဖြူ ဝေနေလူအား နိဗ္ဗူ လမ်းမ မှန်ချက်ပြ၍ ကာလမြင့်ရှည် တည်ပါစေသတည်း။ ။

အောင်သူတကာတို့၏ မဟာအဂ္ဂိန္ဒာဓိပတိ သိရိမကုဋ အတုလတုလာ အဒုတိယာဒိစ္စ သုံးလောကမှန်ကင်း တရားမင်း၏ ထားရင်းသြဝါ စက်သာသနာကို မဟန္တာနုဂ္ဂဟချီးမြှောက်လိုသောသမ္မာဆန္ဒဖြင့် သမဂ္ဂရင်းနှီး ဖွဲ့စည်းတည်ထောင် အပ်သော ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ကြီး၏ အဋ္ဌုပ္ပတ္တိ ဖော်ညွှန်း မော်ကွန်းသံပိုင်းအချုပ်ကား—

ရဋ္ဌုတ္တမကမ္ဘာ့မင်္ဂလာ၊ သေဥ္စမြေသြာဘ္ဘ လယ်ယာသစ်တော အံ့တသြလျှင် စိမ်းသောရောင်လျှံ အောက်ခြေခံ၍၊ သမန္တာရပ် ရှစ်နယ်စပ်အောင်၊ လျှပ်လျှပ် သိဂ်ိနိုက် ရွှေရည်ဖိတ်သကဲ့သို့ ဓမ္မိဿရ သာသနာ့တန်းဆောင် ခြည်ဝါရောင်တို့ ထိန်ပြောင်ယှက်ကာ ထွန်းလျက်ဖြာသော မြန်မာပြည်ထောင်စု စန်းဇုန္ဒုလျှင် ရာဟုဗြိတိသျှ ဂြိုဟ်ပါပ၏ လက်မှလွတ်ရန် အချိန်တန်ရကား နိုင်ငံလူထု မကြုံဘူး သော သွေးစည်းမှုဟု ဓမ္မပဒေသ စွမ်းအင်ပြု၍ မြန်မာ့ဆိမီး ဗိုလ်ချုပ်ကြီး ဦးအောင်ဆန်းသည်၊ နန်းအင်္ဂလန် ဗိမာန်ဘုံမြင့် ခံပလ္လင့်ထက် ကလီမင့် အက် တလီနှင့် သမဂ္ဂိလ္လာဘုတ် လွတ်လပ်ရေးစာချုပ်ကို (၁၉၄၆)ခုနှစ် ဒီဇင်ဘာလ (၂၀)ရက်နေ့တွင် ဘိလပ်သို့ သွားရောက်ချုပ်ဆိုခဲ့ပါသတည်း။

မြန်မာပြည်ထောင် လွတ်လပ်ရေး အရုဏ်ရောင်ဖြင့် တောင်ပေါ်နှင့် မြေပြန့် သား နောင်ညီအများတို့ အားရနှစ်ခြိုက် ဝမ်းမြောက်စဥ်အခိုက်ဝယ် ဗိုလ်လိုက် ရင်ဝ စက်ခိုးကြီးခသကဲ့သို့ မြန်မာ့လွတ်လပ်ရေးဗိသုကာ အာဇာနည်သွေး တွေးတွေးရည်လျှမ်း ဗိုလ်ချုပ်ကြီး အောင်ဆန်း အမှူးပြုသည့် ပြည်သူ့ ခေါင်း ဆောင်ကြီးများ ရှေးဝိပါက်ကံတရားကြောင့် သူတပါးလက်နက်ဖြင့် သက်ခန္ဓာ ကြွေ စုတေဖောက်လွဲ မြန်မာပြည်ကို မျက်နှာလွှဲကြ၍၊ ပြည်ထဲအရေး စိတ်မအေး အောင် ပူဆွေးနစ်မျော ရှိစဥ်မောဝယ် ဂေါသိတစန္ဒကူးဖြင့် ကြည်နူးစေကြောင်း ခဏချင်း သွန်းလောင်းသကဲ့သို့ ခေါင်းဆောင်ကြီး သခင်နုသည် လူထုကို ထိန်း အုပ်၍ မဟုတ်အတွင်း ထိုနေ့ချင်းပင် လင်းအရုဏ်ရည် လွတ်လပ်ရေး ရောင် ခြည်ကို သွေ့ဖိတိမ်းမှောက် မျက်ခြေမပျောက်ရအောင် နောက်ထပ်၍ အစိုးရ အဖွဲ့ကြီးကို ဖွဲ့စည်းထောင်တည် မြန်မာပြည်ကို အချိန်မှီထိန်းစောင့်ခဲ့ပါသတည်း။

ဝန်ကြီးချုပ်ဦးနု အမှူးပြုသည့် ပြည်ထောင်စုအစိုးရ ဖွဲ့ပြီးသောကာလဝယ်၊ ဒုတိယတဖန် အင်္ဂလန်ဝန်ကြီးချုပ် ကလီမင့်အက်တလီနှင့် မြန်မာပြည်ဝန်ကြီးချုပ် ဦးနုတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အား (၁၉၄၈)ခုနှစ် ဇန္နဝါရီလ(၄)ရက် တနင်္ဂနွေနေ့ နံနက်(၄)နာရီ၊ မိနစ်(၂၀) အချိန်တွင်၊ အချုပ်အခြာ အာဏာပိုင် လွတ်လပ်ရေးပေးရန် သန္နိဋ္ဌာန် ဆုံးဖြတ်မှု သဘောတူပြုကြသော နုအက်တလီ စာချုပ်ကို (၁၉၄၇)ခု၊ အောက်တိုဘာလ (၁၇)ရက်နေ့တွင်၊ ဝန်ကြီးချုပ် ဦးနု ခေါင်းဆောင်ပြု၍၊ ပြည်ထောင်စု၏ကိုယ်စားလှယ်ကြီးများ ဘိလပ်သို့သွား၍၊ လက်မှတ်ရေးထိုး ချုပ်ဆိုပြီးအပြန်၊ မြန်မာနိုင်ငံတော်သို့ အရောက်တွင် ဝန်ကြီး ချုပ် ဦးနု၏ စိတ်သန္တာန်၌ နိုင်ငံနှင့် သာသနာတော် ရွှေပေါ်မြတင် ပပလွင် သကဲ့သို့ စည်ပင်ရန်အရေး လေးနက်စွာ ကြံတွေး၍၊ ရှေးရှေးသော စက္ကဝတ် လောင်းတို့၏ လမ်းကြောင်းအစဥ် ဥပုသ်တော်အဆောင်ဝင်သည့် ဓမ္မဥ္စရ မြှူဆွ နှလုံး ကျင့်သုံးလိုသော သမ္မာဆန္ဒ ပြင်းထန်လှသဖြင့်၊ (၁၃၀၉)ခု၊ ရတုသရဒ

တန်ဆောင်မုန်း လပြည့်နေ့တွင် သုဝဏ္ဏဘူမိ ရွှေမြေအတွင်း ဘီးလင်းမြို့ ကေလာသတောင် ဘုန်းခေါင်မွေ့သရိ မြသပိတ်စေတီတော်မြတ် ဝိဝေက အရပ်သို့ ချဉ်းကပ်ခိုလှုံ၍ ဂုဏ်တော် ၉-ပါး ဘုရားအာရုံ နေ့ညဉ့်ထုံခြင်း မေတ္တာ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းပွါးများခြင်း၊ စရပ်တန်ဆောင်း ဟောင်းနွမ်းသည်တို့ကို အသစ်တဖန် မွန်းမံပြင်ဆင်ခြင်း စသော ကောင်းမှုကိစ္စအဝဝတို့နှင့်တကွ နဝင်္ဂဉပုသ်ကို ထိန်းချုပ်နှလုံး ၉-ရက်တိုင် စောင့်သုံး၍ တပြည်လုံးအေးမြရန် အဓိဋ္ဌာန် ရေးရှုအောင်ကြောင်းဆုဖြင့် တိုင်းပြုပြည်ပြု သာသနာပြုကိစ္စ အဝဝ၏ ပုဗ္ဗပရိကံ အခြေခံ မဟာကုသိုလ်ထူးကို ဆည်းပူးနှစ်လို ပစ္စည်းကြိုခဲ့ပါသတည်း။

ထိုသို့ ကေလာသတောင်မှ ဉပုသ်ဆောင်ဝင်၍အပြန် နိုင်ငံတော် ဝန်ကြီးချုပ်ဦးနုသည် သာသနာပြုကိစ္စကို ပုဗ္ဗင်္ဂမ ပဓာနအရင်းခံလျက်၊ နိုင်ငံတော်အသစ်ထူထောင်ရန် ရည်သန်ရင်းဆန္ဒရှိ၍၊ မိမိနေအိမ်၌ (၁၃၀၉)ခုနှစ်၊ နတ်တော်လဆန်း ၁-ရက်နေ့တွင် လောကလွှေသဒ္ဒါပဟုန် သာသနာ ပြုနိုင်လောက်သော သိက္ခာဂုဏ်နှင့် ပြည့်စုံသောလူကြီးများကို ဖိတ်ကြားတိုင်ပင် စိုင်းပြင်စည်းဝေး လေးနက်စွာဆွေးနွေး၍ သာသနာရေးကိစ္စဟူသမျှကို ရှေ့တန်းက ရွက်ဆောင်စောင့်ရှောက် ချီးမြှောက်လိုသော ရည်ရွယ်ချက်အကျဉ်းချုပ်ဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို (၁) ဥက္ကဋ္ဌသူဌေးကြီးဆာဦးသွင်၊ (၂) ဒု-ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီး မြန်မာ့အလင်းဦးတင်၊ (၃) အကျိုးတော်ဆောင် အမြတ်တော်မင်းကြီး ဦးစံသိန်း၊ (၄) ငွေထိန်းကုန်သည်ကြီး ဦးအုန်းဆိုင်၊ (၅) စာရင်းစစ် ငွေစာရင်းမင်းကြီးဦးဘခင်၊ အမှုဆောင်လူကြီးများအဖြစ် (က) ကျောင်းကုန်းမြို့စက်သူဌေး ဦးသာထက်၊ (ခ) ကူးသန်းရောင်းဝယ်ရေး ဝန်ကြီး ဟသ်ာတ သူဌေး ဦးမြ၊ (ဂ) ကုန်သည်ကြီး ဦးတင်ဘွားတို့ကို အများသဘောတူ တင်မြှောက်ရွေးချယ်ကြ၍ ပဌမအာဒိကံ စဖန်ဖွဲ့စည်းကြပါသတည်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး ဖွဲ့စည်းတည်ဆောက် အောင်မြောက်လတ်သောအခါ အဖွဲ့၏ တည်ရာဌာနကို ရွေးချယ်စဉ်းစားကြရာဝယ် ဌာနရွေးချယ်ရေးကော်မီတီလူကြီးများ ပဌမစဉ်းစားသည့်အင်းယားကန်အလယ်ကျွန်းနှင့် ဒုတိယစဉ်းစားသည့် ကန်တော်ကြီးစောင်းတို့မှာ အသံ ဆိတ်သော်လည်း အသွားမလွယ် အသွားအလာ လွယ်သော်လည်း ဆိတ်ငြိမ်မှုမရှိ လိုအပ်သော အင်္ဂါမပြည့်၍ တတိယပြဿနာသည့် ဦးဘထွန်း၏ ခြံမြေကွက်ကို နှစ်သက်ကြည်ရှင်အဖွဲ့ဝင်လူကြီးများ သဘောတူ စဉ်းစားကြသည်တွင်—

တပါးသော သူတို့အား ဒုတိယကမ္ဘာစစ်ကြီးသည် ပစ္စည်း အသုံးအဆောင်ကုန်အောင်နှိပ်စက်သဖြင့် မြေကွက်လပ်ကို ကြည့်ကာ ကြည့်ကာ မသက်သာသောစိတ် ဝိပ္ပဋိသာရ မကောင်းကျိုးကိုသာ ရစေသော်လည်း ပုဗ္ဗေစ ကတပုညတာ

မင်္ဂလာစက္ကို လက်လက်ငြိသော သတိုးသီရိသုဓမ္မဥက္ကဋ္ဌကြီး ဆာဦးသွင်အဖွဲ့မှာမူ အနာဂတဝင် တဥဒါန်း တွင်ရစ်အောင် စီရင်တိုက်တွန်း ကုသိုလ်ကံဆော်ညွှန်း သဖြင့်၎င်း၊ ဦးဘထွန်း၏ မြေကွက်နှင့် တဆက်တည်းတည်ရှိသော မိမိ၏ အိမ်မြေရာကို အသဒ္ဒါရိက် တိဟိတ်ဥက္ကဋ္ဌ စိတ္တုပ္ပါဒ်ဖြင့် လွတ်လွတ်ကြည်ဖြူ စွန့်လှူရန် အခွင့် အခါကောင်း သင့်ပြီဖြစ်ရကား ဥက္ကဋ္ဌကြီး ဆာဦးသွင်က အဖွဲ့ဝင်လူကြီးမင်းတို့အား ဦးဘထွန်း၏မြေကွက်ကို နှစ်သက်ကြည်ဖြူ လူကြီးမင်းများ သဘောတူပါလျှင် ထိုနေရာ၏ အနောက်ဘက် တဆက်တည်း တည်ရှိသော မိမိ၏ခြံမြေအိမ်နေရာကွက်မှာ (၁) မြို့နှင့်ခရီး မနီးမဝေး တည်ရှိခြင်း၊ (၂) သွားလမ်း လာလမ်းတို့နှင့် ပြည့်စုံခြင်း၊ (၃) ထို့ကြောင့် သွားရောက်လိုသူတို့ အလွယ်တကူ သွားရောက်နိုင်ခြင်း၊ (၄) နေ့ညဉ့်အခါလူသူအများနှင့်ရောပြွမ်းမှုမရှိခြင်း၊ (၅) သူတော်ကောင်းတို့ တကိုယ်တည်း ကိန်းအောင်းရန် လျော်ကန် သင့်မြတ်ခြင်း တည်းဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံသည့်ပြင် ထိုနေရာသည် အရိပ်၊ရေ၊စမ်းစိမ်းလန်း စုံလင်သဖြင့် သူတော်စင်များ တရားနှလုံး ကျင့်သုံးတော်မူကြပါက အာဝါသသပ္ပါယ အထောက်အပံ့ ရမည်ဖြစ်၍ လူကြီးမင်းတို့က သာသနာရေးအတွက် အသုံးပြုလိုကြပါလျှင် မိမိကဝမ်းမြောက်စွာ လှူဒါန်းလိုပါကြောင်းဖွင့်ဟ ပြောဆိုလိုက်ရာ အမှုဆောင်လူကြီးမင်းအားလုံးတို့ ရွှင်ပြုံးနှမော် အကြိမ်ကြိမ်သာဓုခေါ်၍ သဘောတူလက်ခံကြပါသတည်း။

သာသနာစောင့်နတ် နိုးဆော်လတ်သကဲ့သို့ လျောက်ပတ်သော နေရာကို လွယ်ကူစွာ ရရှိပြီးနောက် အဆောက်အဦများ မဆောက်လုပ်မီ ထိုနေရာ၏ အမည်ကို သူရဿတီနတ် ပူးကပ်၍ပြောသည့်ပမာ သာသနာ့ရိပ်သာဟု မင်္ဂလာ လျှံပြည့် အမည်ထူး မှည့်ရန်နှင့် ဘူမိဝိသောဓန အပြစ်ဒေါသ သန့်ရှင်းအောင် အန္တရာယ်ကင်းပရိတ်တော်များ ၇-ရက် ၇-လီ ရွတ်ဘတ်ပူဇော်ကြရန် ၁၉၄၈-ခု နိုဝင်ဘာလ ၁၄-ရက် ထိုမြေထက်ဝယ် အစစွာ ကျင်းပသော ၁၂-ကြိမ်မြောက် အမှုဆောင်အစည်းအဝေး၌ ဆုံးဖြတ် အတည်ပြုခဲ့ကြသည့် အတိုင်း—

၁၃၁၀-ခုနှစ်တန်ဆောင်မုန်းလပြည့်ကျော် ၁-ရက်နေ့မှအစပြု၍ဥဒယမင်္ဂလာ စကြာနေဝန်း ပေါ်ထွန်းထွက်ချိ နံနက် ၇-နာရီမှ ၈-နာရီခွဲအထိ အလှည့်ကျ နေ့စဉ် နေ့စဉ် နေပြည်တော်လေးပြင်မှ အရှင်ဆရာတော် ဆယ်ပါး ဆယ်ပါး ပင့်ဘိတ်၍ ပရိတ်တော်ရွတ်ဘတ်ပူဇော်ပွဲ ယင်နွဲကျင်းပစဉ် ဥက္ကဋ္ဌကြီး ဆာဦးသွင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုအမှူးပြုသော အမှုဆောင်လူကြီးများပရိတ်တရားနာယူ ပူဇော်စဉ်ရက်အတွင်းမှာပင် (၁) မင်္ဂလာ (ယာယီ) မဏ္ဍပ်တော်ကြီး၊ (၂) စံကျောင်းတော်၊ (၃)ကမ္မဋ္ဌာနာစရိယအနုနာယကကျောင်းတော်လေးဆောင်၊ (၄) ဆွမ်းစားကျောင်းဆောင်စသည်တို့အတွက် ပနက်တော်များအသီးသီးချ၍

လုံ့လအားသစ် ထိုနှစ်ကျင်းပမည့် တိပိဋကဓရရွေးချယ်ပွဲအမှီ စတင်တည်ဆောက်ကြလျက် ဘူမိဝိသောဓန အန္တရာယ်ကင်း ပရိတ်တော်ပွဲ ယင်နွှဲကျင်းပသည့် နဝတာလီ ရက်စဉ်စီပြည့်ရောက် ပြည်ထောင်စု တည်ဆောက်သည့် တနှစ်ပြည့်မြောက်သော ရက်တို့ကား အချိန်းအချက် ပြုထားသည့်ပမာ အံ့ဘွယ်ရာ ကြုံကြိုက် တိုက်ဆိုင်လျက် ရှိပါသတည်း။

အဘိတ္တရေထကလျာဏော—ဇျာရွှေတော်စက်ဘုရားရှင့်မိန့်မှာချက်ကိုဦးထိပ်ရွက်ပန်ဆင်၍ သမ္ဗဇဉ်ရှေး သာသနာကြီးပွါးရေးကို အလေးဂရု အရေးပြုလျက် ဥက္ကဋ္ဌကြီး ဆာဦးသွင်ကိုယ်တိုင် နေ့စဉ်ကြပ်မတ် သာသာနာ့ရိပ်သာ အောင်မြေရပ်ဝယ် ဆုံးဖြတ်ရာပါ သာသနာအဆောက်အဦတို့ကို သူမတူသောလုံ့လဖြင့် ထကြွစီမံလျှံ့ဖန်တည်ဆောက်ခဲ့ရာ မဂ်လာယာယီမဏ္ဍပ်တော်ကြီး—စံကျောင်းတော်၊ ကမ္မဋ္ဌာနာစရိအနုနာယက ကျောင်းဆောင် လေးဆောင်နှင့် ဆွမ်းစားကျောင်းဆောင်တို့မှာ မကြာမီပင်ထမြောက် မဟာပထဝီ မေဒနီမှ အစီအရီ ပေါက်သကဲ့သို့ အသုံးပြုနိုင်သောအခြေသို့ ရောက်ပြီဖြစ်၍ သက္ကရာဇ် ၁၃၁၀-ခု တပို့တွဲလဆန်း ဖ-ရက်နေ့၌ အထက်ဖော်ပြရာပါ မင်္ဂလာယာယီ မဏ္ဍပ်တော်ကြီး အတွင်းဝယ် မင်းထိုက်စိုးတန် မြတ်မွန်သော အခမ်းအနားတို့ဖြင့် အပါး (၁၀၀) ကျော် ဆရာတော် သံဃာတော်တို့ မျက်မှောက် နိုင်ငံတော်၏ အစစ္စာသော သမတကြီး (စပ်ရွှေသိုက်)ကိုယ်တိုင် ကြွရောက်ဖွင့်လှစ်၍ များမြောက်လှစွာသော သာသနာပြုဒါယကာ ဒါယိကာမတို့ အစုံအညီဝယ် မဟိယင်ဏာ သွက်သွက် ခါမျှ မြွက်သာဓုဂီ နတ်လူတို့ချီစေလျက် မည်သူမျှ စိတ်မလုံ သူပုန်ရန်ဘေးကရင့်အရေးကြောင့် ပြေးရမလောက် ကြောက်လန့်ရခြင်းအစရှိသော အခက်အခဲအမျိုးမျိုးကို နှိမ်ချိုး ထွင်းဖောက်ကြ၍ အစစ္စာသော တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ပြီးစီးထမြောက်အောင် ရွက်ဆောင်ကျင်းပကြပါသတည်း။

ဆဋ္ဌသံဂါယနာတင်ရန် ရည်သန်ချက်အဓိကဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို ဖွဲ့စည်းတည်ထောင်ကြ၍ တိပိဋကဓရရွေးချယ်ပွဲကို ယင်နွှဲကျင်းပသည့်အတိုင်း ဤဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးမှပင် (၁) ဆဋ္ဌသံဂါယနာအတွက် အဖက်ဖက်မှ ရွက်ဆောင်ရသည့် နိုင်ငံ့တော် ဗုဒ္ဓသာသနာ အဖွဲ့ကြီးကိုဎင်း၊ (၂) ဆဋ္ဌသံဂါယနာဝယ် ကမ္မာက လေးခံ့အောင် သက်စွန့်အားသွန် ပေးသမျှ တာဝန်ကို မငြင်းဆန်မသွေဖီ အောင်မြင်သည်အထိ ကိုယ်ရေးဟုသိလျက် အဓိပတိစိတ် ပြဋ္ဌာန်း ဆောင်ရွက်တော်မူကြသည့် ဓမ္မပုစ္ဆက ဆရာတော်နှင့် တိပိဋကဓရ ဓမ္မဝိသဇ္ဇက ဆရာတော်တို့ကိုဎင်း၊ အံ့ဩဘနန်း ရှင်လူတိုင်း ချီးမွမ်းရအောင် နိဗ္ဗာန်လမ်းရှုမြော် အချိန်မှီထုတ်ဖော်မွေးဖွားပေးခဲ့ပါသတည်း။

သာသနာ့ရိပ်သာ ဤနေရာကို ပဌမာဒိက ဖန်တီးစဉ် ကာလကပင်····(၁) ဓမ္မသာလာ၊ (၂) မင်္ဂလာသိမ်မြတ်၊ (၃) ပိဋကတ်ရွှေတိုက်၊ (၄) သိုက်မော် ကွန်းရုံ၊ (၅) ရွှေဘုံစံကျောင်း၊ (၆) မြေညွတ်စောင်းမျှ အပေါင်းကမ္မဋ္ဌာန်း ကျောင်းသခ်မ်းနှင့်၊ (၇) ထောက်လှမ်းပြည့်ပ ဗာဟိရမှ ဓမ္မဖွေမှီ သုတေသီတို့ ယောဂီရွှေဘုံ၊ ခုနစ်ပုံသော ဌာနတို့ဖြင့် နေရာကျ တည်ဆောက်ရန် ရည်သန် ဆုံးဖြတ်ပြဋ္ဌာန်းအပ်သည့်အတိုင်း—

ဥက္ကဋ္ဌစေတနာ သဒ္ဓါနဲ့ လက်လက်ငြိသော အဖွဲ့၏ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင်၊ သူဌေးကတော်ကြီး ဒေါ်ဒေါ်သိန်းနှင့် (သား) တရား လွှတ်တော် တရားဝန်ကြီး ဦးစန်မောင် (သမီး) တရားဝန်ကြီးကတော် ဒေါ် ခင်ခင်ကြီးတို့က ဆုသီးမွှက်ပန် ဗောဓိဉာဏ်ကို လျှင်မြန်စွာ မျက်မှောက်ပြုလို ကြသဖြင့်—

၁။ (၁၃၁၁) ခုနှစ်ဦး တန်ခူးလပြည့်ကျော် (၅) ရက်နေ့နံနက် (၉) နာရီ (၅) မိနစ်အချိန်အပြီး "သာသနမလဝိသောဓနီ" ဘွဲ့မည်လျှံပ သာသနာတော် ၏စံပြ ဝိနယာနုရူပသိမ်ဘော်ကြီး သမုတ်ရာဝယ် ဒါယကာအဖြစ် နှစ်သက်ကြည် ဖြူ ခံယူကြ၍ (၁၃၁၂)ခုနှစ် ကဆုန်လအပြီး သိမ်တိုက်ကြီး တည်ဆောက်ကာ အသပြာ ကျပ်ပေါင်း (၅၃၄၅၀) ငါးသောင်း သုံးထောင် လေးရာ ငါးဆယ့် တစ်ကျပ် ကုန်စေ၍ သာသနာလယ်မြေ၌ မဟာကုသိုလ်မျိုး စိုက်ပျိုးကြချကြပါ သတည်း။

၂။ ဤမျှဖြင့်လည်း မရောင့်ရဲ ဆင့်ကဲတဖန် (ရေချိုးခန်း ဝစ္စကုဋိတို့နှင့်တကွ) မင်္ဂလာ စံကျောင်းတော်····အဖိုးငွေကျပ် (၂၁၀၀၃၄-၀၆) တန် ကမ္မဋ္ဌာန စရိယ အနနာယကကျောင်းဆောင် လေးဆောင်တို့နှင့်တကွ ဓမ္မနှလုံး ကျင့်သုံး စွဲမှီ ရဟန်းရှင်လူ ယောဂီတို့ သဓိရဝဋ္ဋဒုက္ခ ကိုယ်လက်သုတ်သင်ခြင်းကိစ္စကို အေး မြချမ်းသာစွာ ပြုလုပ်နိုင်ကြရန် အဖိုးငွေကျပ် (၁၄၀၉၁-၇၅) တန်ရေချိုးခန်း နှင့်ဝစ္စကုဋီ (၄) လုံးတို့ကိုလည်း (၄၅၂၆-၂၅)တန် တည်ဆောက် လှူဒါန်း ကြပါသတည်း။

၃။ တိပိဋကဓရ ရွေးချယ်ပွဲကျင်းပ၍ ဆဋ္ဌသံဂါယနာနှင့် နိုင်ငံတော်ဗုဒ္ဓသာ သနာအဖွဲ့ကြီး ဖွဲ့စည်းရန် မျိုးစေ့ချခဲ့သည့် မူလအိမ်ဟောင်းနေရာ မင်္ဂလာယာယီ မဏ္ဍပ်တော်ကြီး တည်ဆောက်ရာဌာန၌ ထာဝရခွန့်ရှည် သာသနာတော် အညွန့် စီအောင် နှစ်မည်သော ဖ-မိ ကျေးဇူးဂုဏ်စွဲသတိဖြင့် ပဟောဠိ၄က်ငုံ "ဖလ်ယဉ်" ဓမ္မာရုံကြီးကိုလည်း အဖိုးကျပ်ငွေ (၁၈၁၀၇၀-၆၃) တန် တည်ဆောက်

လှူကြပါသည့်ပြင် လောကုတ္တရာသား ရဟန်းတော်ဖြစ်သည့် အရှင်ဝိစိတ္တသာရာဘိဝံသ ဆဋ္ဌသံဂါယနာအမှီ တိပိဋကဓရ အောင်ပန်းကို ဆွတ်လှမ်းတော်မူသည့်နေ့ အထိမ်းအမှတ်ဖြင့် ကျပ်ငွေ (၃၀၀၀၀) တန် "ဝိစိတ္တာရုံ ကမ္မဋ္ဌာန်းတိုက်"ကိုလည်း နှစ်ခြိုက်ကြည်ဖြူ တည်လှူကြပါသတည်း။

သာသနာ့ရိပ်သာ ခေမာဆိပ်ကြီး ဖန်တီးရန်မူလ စိုင်းပြင်းစဉ် ကာလကပင် ခုနစ်ဌာနအဝင်အပါ ပညာကောသ ဗဟုသုတဘဏ်သမိုက်ပိဋကတ်တိုက်ကြီးကို မြန်မာနိုင်ငံတော် လွတ်လပ်ရေးရရှိသော အထိမ်းအမှတ်ဖြင့် တောင်ငူခရိုင် ဇေယျဝတီမြို့ သကြားစက်သူဌေးကြီး "ဟာရိဂျီ"က နိုင်ငံတော်ဝန်ကြီးချုပ် ဦးနုအား အသိုရှိရာသုံးစွဲရန် လှူဒါန်းအပ်သော ကျပ်ငွေ (၁၀၀၀၀၀) တသိန်း နှင့် တကျပ်ကို အရင်းမူလတည်၍ "ဇေယျဝတီ ဟာရိဂျီ ပိဋကတ်တိုက်တော်ကြီး" ဟူသောအမည်ဖြင့် အဖိုးကျပ်ငွေ (၁၂၂၄၉၅-၁၃) ကုန် သားနား သပ်ယပ်စွာ ၁၃၁၁-ခုနှစ်၊ ဝါဆိုလအပြီး တည်ဆောက်အပ်ပါသည့်ပြင် ပိဋကတ်တိုက်တော်ကြီး၏ အသုံးအဆောင် ပရိဘောဂများအတွက် ထိုသူဌေးကြီးကပင် ပွါးစည်းသောစေတနာ သဒ္ဓါဇောထက်သန်စွာဖြင့် အသပြာပေါင်းကျပ်(၅၀၀၀၀) ငါးသောင်းတို့ကို ထပ်လောင်း၍လှူဒါန်းပြန်ပါသတည်း။

ထိုမှတပါး ရာထားရင်းမူလ ခုနစ်ဌာနအဝင်အပါ ပဋိပတ္တိသာသနာကို သဒ္ဓါလုလု ချီးမြှောက်ပြုစုရာ၌ ဗဟုပကာရ ကျေးဇူးများလှသော ပဓာနဃရခေါ် ညောင်း ကမ္မဋ္ဌာန်းကျောင်းဆောင်တို့အနက် အခန်းပေါင်း(၁၀)ခန်းစီတွဲလျက် အလယ်ချက်၌ စင်္ကြံပါ လူဒါယကာနှင့် ရဟန်းယောဂီများ တရားလုပ်ငန်း ကြိုးပမ်းအားထုတ်တော်မူကြရန် ကမ္မဋ္ဌာန်းတိုက်ကျောင်း နှစ်ဆောင် (၁၆၀၀၀) တသောင်း ခြောက်ထောင်ကျော်စီ တန်တို့ကို ရန်ကုန်မြို့ ကုန်ဈေးတန်း သူဌေး ဟသ်ာတ ဦးမြနှင့်ဒေါ်ဒေါ်ပု သားသမီး တစုတို့ကရင်း၊ ရန်ကုန်မြို့ ဆင်းဒဝတ်လမ်း ကုန်သည်ကြီး ဦးချစ်မောင်၊ ဒေါ်သန်းမြင့် သားသမီး တစုတို့ကရင်း၊ တကျောင်းစီ ဒါယကာခံယူကြပါသည့်ပြင်—

မြဟ္မစာရိနီ အမျိုးသမီးယောဂီများ တရားလုပ်ငန်း အားထုတ် ကြိုးပမ်းကြရန် (၈)ခန်းတွဲကမ္မဋ္ဌာန်းတိုက်တန်းလျား (၁၀)ခန်းတွဲအုဋ္ဌ်ဂူပိုင်းကြီးနှင့် (၁၀) ခန်းတွဲအုဋ္ဌ်တန်းလျား ကမ္မဋ္ဌာန်းတိုက်များအပြင် နိုင်ငံခြားသားများ တရားအားထုတ်ရန် ကမ္မဋ္ဌာန်းတိုက်စသည်တို့ကိုလည်း ဟသ်ာတဦးမြနှင့် သားများကုမ္ပဏီ၊ ဦးဆင် ဒေါ်ဌေးကုမ္ပဏီ၊ ဦးမြရင်ကုမ္ပဏီ၊ ဦးဘိုးငြိမ်းကုမ္ပဏီ၊ ချပ်သင်း သူဌေး ဦးဘတင် ဒေါ်ဒေါ်သိန်း စသော သာသနဥပကာရီ ဗုဒ္ဓဝါဒီနွယ်ဝင် သူတော်စင်အပေါင်းတို့က ကောင်းမှုဒါယကာခံကြပါသတည်း။

ပရိယတ်ပဋိပတ်နှစ်ရပ်သော သာသနာကိုသဥ္စါတော့ကဲလျှံ ချီးမြှောက်ရန်ဟု ရည်သန်ချက်ပဏိဓိ အရင်းခံရှိကြသဖြင့် ပဋိပတ္တိသာသနာအတွက်ပဓာနာစရိယ နာယက ဆရာတော်သီတင်းသုံးရန် မင်္ဂလာစံကျောင်းတော်….အနုနာယက ကျောင်းဆောင်များ တည်ထား ဆောက်လုပ် ပြီးပြေရှိလတ်သော်….ဥက္ကဋ္ဌ ဆာဦးသွင်ကိုယ်တိုင် စစ်ကိုင်းမြို့သို့ရောက်ရှိပြီး ရှိသေစွာပင့်ဘိတ်၍ တရားနာယူ စူစမ်း ထောက်လှမ်း အားရမ်းနှစ်သက်ရှိလှသဖြင့် စစ်ကိုင်းမှအပြန် ရန်ကုန်သို့ အရောက် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနုအား အကြောင်းအကျိုး ပြောပြ ပင့်ဆောင် ရန် အကြံပေးချက်အရဖြင့်——

(၁၃၁၁) ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့တွင် နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု ကိုယ်တိုင်ရိုသေစွာသွားရောက်လျှောက်ထား၍ ရွှေဘိုခရိုင်ဆိပ်ခွန်ရွာ ကမ္မဋ္ဌာနာ စရိယ နာယကအကျော် မဟာစည်ဆရာတော်ကို ရွေးဖော်ပြရာပါ သာသနာ့ ရိပ်သာ မင်္ဂလာစံကျောင်းသို့လေကြောင်းမှပင့်ဆောင်ပြီးလျှင် ပဋိပတ္တိသာသနာ တော်ကို အစွမ်းကုန်ရှိသမျှ ပြုစုတော်မူပါရန် တောင်းပန်စကား လျှောက်ထား ကြ၍ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ကြီးကပင် တာဝန်ယူဆောင်ရွက်လျက် အဖက်ဖက် မှ ပစ္စယလေး လိုလေသေး မရှိရအောင် ပဋိပတ္တိသာသနာပြု လုပ်ငန်းကို ကြိုး ပမ်းအားထုတ်ကြပါသတည်း။

မဟာစည် ဆရာတော်ဘုရားလည်း လက်သား တပည့် ကြီးများနှင့် တကွ သာသနာ့ရိပ်သာဝယ် လေးဖြာယာပထ မျှတရွှင်ပြုံး သီတင်းသုံး နေထိုင်ရန် ခတ်မဆိတ်သည်းခံ၍ ထိုသည့်(၁၃၁၁) ခုနှစ်၊ နတ်တော်လပြည့်နေ့မှ အစပြု၍ စတုဒိသာ မှာမှာအရပ်တို့မှ ဆည်းကပ်ခညောင်း တရားတောင်းကြသော ဓမ္မဂ ဝေသီ ယောဂီနွယ်ဝင် လူရှင်ရဟန်းတို့အား ကြိုးပမ်းနိစ္စနေ့ညမအားတရားပြသ၍ ပဋိပတ္တိသာသနာကို အားသွန်စောင့်ရှောက်ချီးမြှောက်ပြုစုတော်မူခဲ့ရာ… တနေ့ ထက်တနေ့ တလထက်တလ တနှစ်ထက်တနှစ် တရားအားထုတ်လိုသူတို့ တိုးတက် စည်ကား များ၍များ၍ လာသဖြင့်….ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင် လူကြီးမင်းတို့ စိုင်းပြင်းစုံလင် သဘောတူတိုင်ပင်ကြ၍ (၁၃၁၃) ခုနှစ်၊ ဝါဆိုလဆန်း(၁၀)ရက် နေ့တွင် သတိုးသီရိသုဓမ္မ ဆာဦးသွင် (ပဌမဥက္ကဋ္ဌ)၊ ဝန်ကြီးချုပ်ဦးနု (ဒုတိယ ဥက္ကဋ္ဌ)၊ မဟာသီရိသုဓမ္မ ဟသ်ာတ သူဌေးဦးမြ (ဒုတိယ ဥက္ကဋ္ဌ) အစရှိသော ယောဂီ ထောက်ပံ့ရေး အဖွဲ့ခွဲကို တိုးချဲ့ဖွဲ့စည်းကာ ပဓာနာစရိယ နာယက ဆရာ တော်၊ အနုနာယကဆရာတော်များနှင့်တကွ ဓမ္မဂဝေသီ ပြည်တွင်းပြည်ပ ယောဂီ ရဟန်း ရှင်လူတို့အား စားသောက်နေရေး ကျန်းမာရေးတို့ကိုပါ လိုလေသေးမရှိ ရအောင်အဖက်ဖက်ကတာဝန်ယူကူညီစောင့်ရှောက်ချီးမြှောက်ပြုစုကြသဖြင့်တေ ရဟိ ယနေ့ထိအောင် ပြည်တွင်းပြည်ပ ရဟန်းရှင်လူယောဂီအပေါင်း (၈၃၇၅)

ဦးရှိ၍ ကမ္မဋ္ဌာန်းဌာနခွဲပေါင်း (ပြည်ထောင်စုမြန်မာနိုင်ငံ)(၁၁၆)ဌာန၊ သီဟိုဠ်ကျွန်း (၂၂)ဌာန၊ ယိုးဒယားနိုင်ငံ (၃၀၀) ဌာန၊ အစုစုပေါင်း (၄၃၈)ဌာနရှိသည့်တိုင်၊ ပဋိပတ္တိသာသနာပင်စီ ခိုင်ကျည်ကြီးထွား စည်ကားပြန့်ပြောခြင်းသို့ ရောက်ခဲ့ပါသတည်း။

ယင်းသို့ ပဋိပတ္တိစံပြ ပဓာနသိပ္ပံ ဂုဏ်ရည်လျှံသဖြင့်၊ နိုင်ငံတော် အစိုးရကနာယကအကျော် မဟာစည်ဆရာတော်အား (၁၃၁၃)ခု ပြည်ထောင်စု လွတ်လပ်ရေးနေ့တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်ကို ခပ်နိုပ်ကြေညာ သဒ္ဒါပြဋ္ဌာန်း လှူဒါန်းဆက်ကပ်ပါသည့်ပြင်၊ ဆရာတော်ကိုယ်တိုင်လည်း သာသနာရေး ကိစ္စ အဝဝတို့၌ ဆန္ဒဝီရိယ စိတ္တဝီမံသ လေးဖြာသော အဓိပတိဇွဲတို့ အလဲအလှယ် ကိန်းဝပ်သူဗိဗိ မြန်မာပြည်က ဒါယကာခံ၍၊ ထေရဝါဒ ငါးနိုင်ငံ သံဃာတော် အရှင်မြတ်တို့ တသီတည့်တွတ်ထည်း တိုင်ပင်ဆင်ယင်ကျင်းပအပ်သော ထေရဝါဒ ဆဋ္ဌသံဂါယနာ၌ ဩဝါဒါစရိယ ဆရာတော်အဖြစ် ဝန်ဆောင်ဆရာတော်အဖြစ် မြန်မာပြန် ပိဋကပါဠိပိဋကတို့ကို ဩသာနသောဓက ဆရာတော်အဖြစ်၊ အစ အဆုံး ဓမ္မပုစ္ဆက ဆရာတော် အဖြစ်ဖြင့် အားသစ်ကြည်ဖြူ ရွက်ဆောင်တော်မူခြင်းဖြင့် လူမင်းမြတ်စွာ သာသနာကို နေဝါတန်ဆောင် ကဲ့အရောင်သို့ ထွန်း ပြောင်ထိန်တောက်အောင် ချီးမြှောက်ပြုစုတော်မူပေသတည်း။

ဤသို့လျှင်တည့်—

အသခ်ယ ဂဏန်းမပြနိုင်အောင် သာသနအစီးအပွါးတို့ ကြီးထွားပြည့်စုံ ပြန့်ပြောပုံကို အာရုံနိစ္စ ကိုယ်တိုင်ပင် ဆောင်ရွက်တွေ့မြင်နေရသော မူလ သာ သနာ့ရိပ်သာ ဒါယကာ ဒါယိကာမ ဖြစ်ကြသည့် ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ သူဌေးကြီး ဆာဦးသွင် သူဌေးကတော်ကြီး ဒေါ်ဒေါ်သိန်းတို့သည် အေးကိန်း အမြိုက် ဆုထူးပိုက်လျက်၊ မိမိတို့၌ ထင်ရှားရှိသော လောကီဘွယ်ရာ စည်းစိမ် ဥစ္စာ အဖျာဖျာတို့ကို သာသနာရေးအတွက် အဆက်ဆက် နောက်ကာလဝယ် ပြုစုလှူဒါန်းရစ်ကြရန် သာသနရံပုံ အလှူတော်ရံပုံအဖြစ် လွတ်လွတ် လှူဒါန်းရ သည်ကို အားရရောင့်ရဲခြင်း မရှိကြပဲ ဆင့်ကဲ၍တဖန် ဥက္ကဋ္ဌကြီး၏စိတ်သန္တာန်၌ ဘုံပျံရိပ်သာ ဤနေရာနှင့်တကွ သာသနာ့နဂ္ဂဟအဖွဲ့ကြီး ဖန်တည်းတည်ဆောက်၍ ထည့်ရောက်လှစွာ သာသနာပြုလုပ်ငန်း ကြီးပမ်းကြပုံ အကြောင်းအရာ အလုံးစုံ ကို ယုန်စန္ဒာရိပ် လဝယ်နှိပ်သကဲ့သို့ မဆိတ်ဥဒါန်း သိစေညွှန်းလျက်၊ မော်ကွန်း စိုက်ထူရသော နှောင်းလူများစွာ သာသနာပြုပုံ နည်းကောင်းအကြောင်း အထောက်အပံ့ရ၍၊ ဟိတကျေးဇူး ပွါးလူးဆက်စည် ကျိုးရှိမည်ဟု မြော်ရည် စဉ်းစား သတိဉာဏ်ထားမိသဖြင့် များပြားလှစွာ အသပြာကျပ်ပေါင်း(၄၀၀၀၀)

ကျပ်လေးသောင်းကျော်ခန့်ကုန်၍ **မော်ကွန်းတင်ဓမ္မာရုံကို** ဝိသုကြိုနတ် စီမံလတ်သကဲ့သို့ သတ်ရပ်စွာတည်ဆောက်၍၊ နောက်အနာဂတဝင် တဥဒါန်းတွင်ရစ်အောင် မြော်မြင်ကြံနိုင်း ဉာဏ်ကသိဏ်းဖြင့် ဤသံပိုင်းမော်ကွန်းကို ဖော်ညွှန်းစိုက်ထူအပ်ပါသတည်း။

## သံပိုင်းလက်ာ

ကြားလေ့ရှင်လူ။ ။မော်ကွန်းထူပိမ့်၊ ဇမ္ဗူကြောက်မြက်၊ မြန်ဘုံစက်လျှင်၊ သူ့လက်တွင်းမှ၊ လွတ်ချိန်ကျသော်၊ မြန်မာ့လူထု၊ စည်းလုံးမှုဖြင့်၊ နအက်တလီ၊ စာချုပ်သီလျက်၊ သသီယုန်နတ်၊ ဘုံပြာသာဒ်သို့၊ လွတ်အံ့ရေ-င်ခြည်၊ ကွန့်ကွန့်လည်က၊ မြန်ပြည်စိုးအုပ်၊ ဝန်ကြီးချုပ်လျှင်၊ ဥပုသ်တော်ယှဉ်၊ မေတ္တာညဉ်ဖြင့်၊ ဓမ္မဥစ္စရ၊ကျင့်ပြီးစဝယ်၊ ''ဗုဒ္ဓသာသနာ …နုဂ္ဂဟာ''ဟု၊ သညာလျှံညီး၊ အဖွဲ့ကြီးကို၊ ဖန်တီးမူလ၊ မျိုးစေ့ချခဲ့…၊ ဆနာယကံ၊ ဂုဏ်လောက်င်၍၊ သမ္မောဓိမျိုး၊ ဆုပန်ပျိုးသား၊ ''သတိုးသီရိသုဓမ္မ'' ဘွဲ့ရကျော်ထင်၊ဆာဦးသွင်တို့၊ ပုဗ္ဗင်္ဂမ၊ ရွှေဆောင်ကြလျက်၊ မောရဂီဝါ၊ ကုန်းမြေချာ၌၊ ရိပ်သာကွန်းပြောက်၊ ဖန်တည်ဆောက်၍၊ ဘုန်းတောက်မြတ်စွာ၊ သာသနာကို၊ ဓမ္မာသောက၊ နရိန္ဒသို့၊ ပြည်ပပြည်တွင်း၊ ရှစ်နယ်လင်းအောင်၊ သန့်ရှင်းသဒ္ဓါ၊ ရွက်ဆောင်ပါသော၊ ခြင်းရာကျယ်လှ၊ ဝိတ္ထာရကို၊ နယတဆူ၊ နောက်နောင်လူတို့၊ စွဲယူနှလုံး၊ ကျင့်ဆောက်သုံးအောင်၊ ကျဉ်းရုံးဖော်ပြ၊ သံခိပ်မျှဖြင့်၊ တိပိဋကခိုရ်၊ ထေရ်ပုဂ္ဂိုလ်လျှင်၊ မပိုစေထ၊ မယုတ်ရပဲ၊ ဒေါသမစွန်း၊ ဌပြုတ်ညွှန်းသည်။ ။မော်ကွန်းရွှေစာ သံပိုင်းတည်း။ ။

**(ပုံ) တိပိဋကဓရဆရာတော်**

**(၁၃-၁၂-၁၉)**

# ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သမိုင်း–အလှူရှင်များ

၁။ ဥက္ကဋ္ဌကြီး သတိုးသီရိသုဓမ္မ ဆာဦးသွင်
ဒေါ်ဒေါ်သိန်း — စာအုပ်ရေ········၁၀၀၀


၂။ ဝိသာခါအမျိုးသမီးအဖွဲ့ — စာအုပ်ရေ········၁၀၀၀

၃။ ရေဦးဆန်စက်ပိုင် ဦးဘသင်နှင့်သားများ — စာအုပ်ရေ········ ၁၀၀

၄။ ကုန်သည်ကြီး ဦးအုန်းဆိုင် — စာအုပ်ရေ········ ၅၀

၅။ ပဲခူးဦးဘမောင် ···· ···· ····

၆။


ရန်ကုန်မြို့ ကညွှတ်ကွင်းရပ် တာမွေတတ်လမ်း
ကမ္ဘာအေး လမ်းမကြီးနှဲ့
မြေတိုင်းရပ်ကွက်အမှတ် ၃၅-အီး
ဦးပိုင်မြေကွက်အမှတ် ၅၅
ပြည်ထောင်စုမြန်မာနိုင်ငံတော်
ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်ကြီးတည်ရာဌာန
သာသနာ့ပိုင်သာမြေပုံ
စကေး ၁" လက္ခ = ၅၀' ပေ
ရေကန်